
မငြေိမ်း
မုန်တိုင်း ၏ ကျောရိုး
နှင့်
အခြား ဝတ္ထုတိုများ

# မာတိကာ


| | |
|---|---|
| ထွက်ပြေးတဲ့အခါ | ၃ |
| ခင်နန်းငယ်၏ မေမေ | ၉ |
| ခရီးသွားဝတ္ထု | ၁၇ |
| မုန်တိုင်းရဲ့ ကျောရိုး | ၂၄ |
| သန့်ရှဲ့ပျိုးခင်း | ၄၁ |
| တူနှစ်ကိုယ် | ၄၇ |
| မောင်ထူးမြတ် ဖတ်ဖို့ ရေးတဲ့စာ | ၅၇ |
| လွမ်းတတ်သူ | ၆၉ |
| လွမ်းစာ | ၇၆ |
| အလင်းပန်းတစ်ပွင့်သို့ချစ်ခြင်း | ၈၁ |
| တစ်နေ့ရာစာ | ၉၀ |
| ကြွေနေတဲ့ကြယ် | ၉၈ |
| အမေတစ်ယောက်ရဲ့ အနာ | ၁၀၅ |
| ရင်ကွဲနာ | ၁၁၆ |
| မြို့သူ | ၁၃၄ |
| တောသူ | ၁၄၂ |
| ပိတောက်တွေ မျောနေတဲ့အလွမ်း | ၁၅၀ |
| အဖေ | ၁၅၆ |

# ထွက်ပြေးတဲ့အခါ



ထွက်ပြေးတဲ့အခါ....
ပိတ်ဆို့လမ်းတွေ ကျယ်ပြော
သဲဆူးတောတွေ ဖြတ်နင်းရင်း
ဟင်းလင်းပွင့်ရင်ကတောင်
လေးလံရှဲ။

အိပ်မရတဲ့မျက်လုံးတွေကို ဘယ်သူစီးမိုးထားတာလဲ။ မျက်ခွံကိုပင် မပိတ်ရဲလောက်အောင် ခြောက်ချား လာသည်။ "ကိုယ့်မှာ အိပ်ချိန်လေးတစ်ချိန်ပဲ မင်းဆီက လွတ်လပ်ခွင့်ရတာပါ အချစ်ရယ်" ဟု သူ့ကို ရည်ရွယ်တိုင်တည်မိတာ အကြိမ်ပေါင်းများစွာ..။ ဒါတောင်မရ၊ အိပ်ပျော်ခိုက်လေးမှာတောင် သူက အိပ်မက်မှတဆင့် ကျမထံ လာခဲ့သည်။ အိပ်မက်ထဲမှာလည်း သူပဲ အနိုင်ရသည်။ သူ့မျက်လုံးတွေအောက်မှာ ကျမ ကြေကွဲ နာကျင်စွာ အကြိမ်ကြိမ် ကြေကွဲရသတဲ့။ ဘယ်လောက်များ ရှုံးနိမ့်လိုက်ပါသလဲ။ တကယ့်တကယ် ပြင်ပမှာတော့ ကျမက သူ့ကွယ်ရာမှာသာ တိတ်တိတ် ငိုကြွေးရသူ။ သူ့ထံမှအချစ်ကို မျက်ရည်နှင့် သွေးဆောင်ယူရာကျမှာ ကျမ ကြောက်သည်။ ကျမကြောင့်တော့ဖြင့် သူ မပူလောင်စေရ။

ချို့ယွင်းချက်ကြီးကြီး တစ်ခုမကရှိသော မိန်းမတစ်ယောက်အနေဖြင့် ကျမသည် အချစ်အတွက် ငိုကြွေး ခွင့်မရှိ။ ပိုင်ဆိုင်လိုစိတ် ဖြစ်ပေါ်ခွင့် မရှိ။ သူနှင့်အတူ ချစ်ခွင့် မရှိ။ ကျမမှာ ဒဏ်ရာတွေကိုသာ သယ်ပိုးရမည်။ ပြီးတော့... သူ့ကို စွန့်လွှတ်ရမည်။ ဘယ်လောက်များ အရက်စက်ခံရသလဲကွယ်။ ချစ်သူကို ချစ်ခွင့်မရှိတဲ့ ဘဝ။ သူ့အချစ်ကိုလည်း ပြန်လည်ခံစားခွင့်မရှိတဲ့ ဘဝ။ အဲဒီဘဝကို ထားခဲ့ပြီး ထွက်ပြေးလို့ရမလားဟင်....။ ဒါမှမဟုတ်၊ သူ့ဆီက... ပြီးတော့ အချစ်တွေဆီက.. ပြီးတော့ အိပ်မက်တွေဆီက.. .ပြီးတော့ အအိပ်တွေဆီ ကနေ... ဟိုးအဝေးဆုံး အဝေးကြီးကို ရောက် အောင် ပြေးပါရစေ။ ဘယ်လောက်ဝေးဝေး ပြေးနိုင်မလဲဟင်...။

ပြေးမယ်လို့ဟန်ပြင်ကာမှ အာရုံထဲမှာ သူ့မျက်လုံးတွေက ကျမကို ဖမ်းချုပ်၏။ အဲသည် မျက်လုံးတွေပေါ့..၊ ကျမကို အကြိမ်ကြိမ် လဲကျ သေဆုံးစေခဲ့တာ။ လူငယ်လေးတစ်ယောက်ရဲ့ မျက်လုံးတွေက မိန်းမတစ်ယောက်ရဲ့ နှလုံးကို ကြေမွအောင် ချေမွနိုင်တာ သေချာခဲ့ပြီ။ ရင်မှာ နာကျင်မောပန်း။ မေ့ဖို့ ကြိုးစားနေတာကိုက မေ့မရတာ ။ ထွက်ပြေးသူအတွက် ရှေ့မှာ....

'ပိတ်ဆို့လမ်းတွေ ကျယ်ပြော

သဲဆူးတောတွေ ဖြတ်နင်းရင်း

ဟင်းလင်းပွင့်ရင်တောင်

လေးလံ..'။

•••

'ထွက်ပြေးတဲ့အခါ

မျက်လုံးများစွာကြား

ပြားပြားဝပ် အကျဉ်းကျ

ပါးစပ်ပေါက်တွေက

ကာဆီးတောင်တန်း

ကျရတဲ့မျက်ရည်တွေက

ပင်လယ်...'

အင်မတန် ကံဆိုးတဲ့ မိန်းမတစ်ယောက်ရဲ့ သောကမီးအတွက် ပတ်ဝန်းကျင်ဟာ လောင်စာသာ ဖြစ်တယ်။ အဲဒီ ပတ်ဝန်းကျင်ဆိုတာကို ကားစင်တင်ပြီး မီးရှို့သတ်ရရင် သိပ်အရသာရှိမှာပဲ။ အဲဒီ တခုလပ်မိန်းမက ကိုယ်ဟာ အားအင်ချိနဲ့သူပါလို့ တိုးလျှိုးရင် အဲဒီ ပတ်ဝန်းကျင်က အဲဒီတောင်းပန်စကားကို အာသာပြင်းပြင်းနဲ့ မြည်းကြ မယ်... ဘယ်လောက်ဆိုးရွားတဲ့ ပတ်ဝန်းကျင်လဲ... တွေ့လား။ အဲဒီ ပတ်ဝန်းကျင်ထဲမှာ ကျမ ရှိတယ်။ မိန်းမတစ်ယောက်ဟာ 'ပြစ်ဒဏ်ခံရသော သတ္တဝါ ဖြစ်စေ'လို့ ဘယ်အစဉ်အလာ ယဉ်ကျေးမှုက ဖန်ဆင်းခဲ့ သလဲ။ ကျမ ဆဲရေးစမ်းပါရစေ။ အိမ်ထောင်ကွဲမိန်းမဟာ ကံအဆိုးဆုံးသတ္တဝါပေပဲ။ ဘယ်မိန်းမမှ မလိုချင်တဲ့ အဲဒီ ကံဆိုးမှုကို ခံယူရပြီး ယောကျ်ားမကောင်းလို့ ဒီလိုဖြစ်ရလည်း 'ဒီမိန်းမကိုက ညံ့တာကိုး' လို့ ပြစ်ဒဏ်ခံရတဲ့ သတ္တဝါလေ။ ပတ်ဝန်းကျင်ရဲ့ မျက်လုံးတွေထဲမှာ အဲဒီတခုလပ်မိန်းမ-ဟာ သိပ်ထင်ရှားနေလိမ့်မယ်၊ ကဲ့ရဲ့စရာဖြစ်နေလိမ့်မယ်..။ ရယ်ရင်လည်း ဟဟမရယ်ရဘူးဆိုပဲ။ ဘယ်သူချမှတ်တဲ့ ဘောင်တွေလဲကွယ်။ ရင်ထဲမှာ ငိုရလွန်းတဲ့အခါ ပြင်ပမှာ ရယ်မောရင်း ဖြေဖျောက်ချင်တဲ့ မိန်းမအတွက်တော့ အဲဒီဘောင်တွေဟာ ကာဆီးထားတဲ့ တောင်တန်းတွေပဲ။ ထွက်ပြေး မရ။ အဲဒီ ပတ်ဝန်းကျင်ထဲမှာပဲ သူရောက်လာတယ်။

ကြေကွဲစရာကောင်းလိုက်ပုံများ..... သူဟာ ချစ်ခြင်းတွေကို ပွေ့ပိုက်လို့ ကျမဆီ ရောက်လာတယ်။ ကံဆိုးလိုက် ပုံများ... ကျမခမျာ သူ့ခြေသံကိုတောင် ကြိုမကြားခဲ့ရလို့မို့ ရှောင်ရှားချိန်မရ။ အချစ်မှာ မျက်ရည်ပါတယ်။ သောက ပါတယ်။ ဒါကို ကျမ သိတယ်၊ ဒါ့ထက်ပိုဆိုးတာက ကျမ တွေ့ ရတဲ့ဒီအချစ်မှာ 'အရှုံး'ဆိုတဲ့ အဖြေက ပါပြီး ဖြစ်နေတာပဲ။

တန်ဖိုးဆိုတာကို တခါတရံမှာ မရယူလိုက်ခြင်းနဲ့ ပေးချေရတယ်။ အဲဒါဟာ အဲဒီတန်ဖိုးရဲ့ မြင့်မြတ်ကြီးကျယ်မှုကို သတ်မှတ်ပေးခြင်းပဲ ဖြစ်တယ်။ သူဟာ... အခုမှ ဘဝ ဆိုတာ အပေါ် လှမ်းတက်ဖို့ ဟန်ပြင်နေတဲ့သူ..။ ပြီးတော့ ကြိုးစားတက်ကြွခြင်းတွေနဲ့ ဘဝခရီးကို ဖြတ်မယ့်သူ။ ကျမအမြင်မှာတော့ သူက မင်းသားလေးတပါးလို ခမ်းနားပြည့်စုံသူလည်း ဖြစ်တယ်။ သူ့ရဲ့တန်ဖိုးအတွက် ပေးချေစရာ ဆတူတန်ဖိုး ကျမမှာ ရှိမနေတဲ့အခါ၊ သူ့ကို ရယူဖို့ မကြိုးစားခြင်းသာ ထိုက်တန်သောပေးချေမှု ဖြစ်လိမ့်မယ်။ ကျမရလိုက်တဲ့ အရှုံးဟာ သူ့အတွက်တော့ လှပတဲ့ အနာဂတ် ဖြစ်မယ်။ အဲဒီအခါ သူနဲ့ ကျမရဲ့ အကြားမှာ မျက်ရည်ပင်လယ် ခြားတော့တယ်။ ဒီမိန်းမဟာ အစဉ်အလာ အကျဉ်းထောင်ထဲမှာ တသက်စာ အကျဉ်းကျခံရသူ။ မိန်းမတစ်ယောက်အတွက် တခုလပ်ဆိုတဲ့ ဝေါဟာရဟာ ကြိုးမိန့်တစ်မျိုးပါပဲ။

•••

'ထွက်ပြေးတဲ့အခါ<br>
နာကျင်ခြင်း မြွေတွေက<br>
ခန္ဓာကို လိမ်ပတ်<br>
ညှစ်သတ်တော့<br>
ခပ်လျော့လျော့အသက်က<br>
မျက်လုံးပြူး မျက်လုံးပြူးနဲ့<br>
ရှန်းထ<br>
သူ့ဘဝကို<br>
ပိုရှုပ်ကြွလာစေပြန်တယ်'။

ဘယ်ကိုပြေးရမှာလဲ... နောက်မှာ အရိပ်လို ထပ်ချပ်မကွာ လိုက်လာတာ ကိုယ့်ရဲ့ အတိတ်ပဲ။ အတိတ်ဆိုတာ ခွာချထားခဲ့လို့ မရတဲ့အရိပ်။ ကျမက အတိတ်နဲ့၊ ပစ္စုပ္ပန်နဲ့၊ ဖြစ်နိုင်ရင် အနာဂတ်နဲ့ပါ ဝေးအောင် ထွက်ပြေးချင်လိုက်တာ မဖြစ်နိုင်ဘူးဆိုတဲ့ အခြေအနေဆိုက ကျမကို တသက်လုံး ကြေမွအောင် ညှစ်သတ်မယ့် မြွေဆိုးတွေပဲ။ မုန်းတယ်... ဘဝဆိုတာကို မုန်းတယ်။ ဟိုးမှာ လိမ့်လာတဲ့ လှိုင်းလုံးတွေသာ ကမ်းကို ပြန်မကပ်ဘူးဆိုရင် အဲဒီလှိုင်းလုံးတွေနဲ့ ကျမ လိုက်ပါရစေ။ ကြေကွဲစရာ ကောင်းလိုက်ပုံများ၊ ကျမကို တားဆီးခေါ်မယ့်သူမရှိဘဲ တစ်ယောက်တည်း

ခွဲထွက်ရမယ့်ဘဝလေ...၊ ဒီတော့လည်း သည်းသည်းမည်းမည်း ဟားတိုက်ရယ်လို့ ကံကြမ္မာ ဆိုတာကိုလည်း နာခဲ့ပြီ။

တကယ်တော့ အဲဒီအတိတ်ကိုလည်း ကိုယ်တိုင်ပဲ နစ်နစ်ခြိုက်ခြိုက် ဖန်တီးခဲ့တာပဲ။ မျှော်လင့်ချက်တွေ.. အားမာန်တွေ အများကြီးနဲ့.. ချစ်ခဲ့တဲ့သူနဲ့အတူ အိမ်ကလေးတစ်လုံး ဆောက်ကြမယ်ပေါ့။ ဘယ်သူက လိုချင်မှာလဲကွယ်... ကိုယ်တပင်ပန်း ဆောက်ခဲ့ရတဲ့ အိမ်ကလေး ပြိုကွဲပျောက်ပျက်သွားမှာကို။ ဘယ်လောက် ပြုပြင် ဖန်တီးခဲ့သလဲ။ ဘယ်လောက် ကျားကန်ခဲ့သလဲ။ မိန်းမတစ်ယောက်အနေနဲ့ ဘဝပျက်တာကို ဘယ်သူက လက်ခံချင်ပါ့မလဲ။ ဒါပေမဲ့ ဘယ်လိုမှ ကျားကန်မရ။ မွမ်းမံ မရ။ ဒါနဲ့ပဲ အားလုံးကို လက်လျှော့။ ခြေကုန်လက်ပန်းကျ။ အဲဒါ တခုလပ်မတဲ့။ "သူ့နှယ်... ယောက်ျားကို နိုင်အောင်မှ မထိန်းဘဲ။ တနေ့တနေ့ ကလေးကိုပဲ အလုပ်တခုလုပ်နေတာ.. ငွေနောက်ပဲ လိုက်နေတာ... အလုပ်နောက်ပဲ လိုက်နေတာ... ဖြစ်တာတောင်နည်းသေး" သတဲ့။ ဘယ်လောက် ပျို့အန်ချင်စရာကောင်းတဲ့ စကားသံတွေလဲ...၊ ကျမရဲ့ချွေးစက်တွေ... ဂုဏ်သိက္ခာတွေ၊ မိခင်မေတ္တာတွေ... လုပ်အားတွေ... စေတနာတွေ အားလုံးကို တခုလပ်ဆိုတဲ့ စကားလုံးနဲ့ လဲပစ်လိုက်ရတာ ဘယ်သူ့ကြောင့်လဲ...၊ မုန်းတယ်.. အတိတ်ကို မုန်းတယ်။ မီးရှို့ပစ်လိုက်လို့ ပြာဖြစ်သွားမယ်ဆိုရင်တောင် အဲဒီ အတိတ်ပြာတွေကို ရေမှာမျောပြီး အစ ဖျောက်ပစ်ချင်တာ၊ အဲလို တွေးကာမှ အတိတ်ထဲက ဇာတ်ကောင်တွေက ရုပ်လုံး ကြွကြွလာပြီး ကျမကို ခြောက်လှန့်လာပြန်တယ်။ ဟင့်အင်း... ကျမအတွက် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဆိုတဲ့ ကာလ တွေကို မေ့ပါရစေ။

•••

'ထွက်ပြေးတဲ့အခါ<br>
အရိပ်တွေဟာ<br>
နဂိုထက် မြန်မြန်ပိုလိုက်<br>
ဒါနဲ့ပဲ<br>
မိုက်မဲတဲ့ အသည်းက<br>
မေ့ထားသမျှကို ပိုပိုသတိရ<br>
အဲဒီအခါ<br>
'နင်ဟာ အနာတရနဲ့သာ<br>
ထိုက်တန်တဲ့ကောင်' လို့<br>
ကိုယ့်ကိုယ်ကို ဆဲရေးရ....'

တခါတုန်းက တောင့်တခဲ့ဖူးသမျှ လတ်ဆတ်သစ်လွင်တဲ့ ချစ်ခြင်းတွေ...။ မျှော်လင့်ရင်းနဲ့ အတိတ်တစ်ခုကို ဖြတ်ခဲ့ဖူး။ ဒါပေမဲ့ အပေးသာရှိပြီး အယူမရှိခဲ့ရတဲ့ဘဝဟာ ကျမရဲ့

အားလျော့စရာကောင်းတဲ့ အတိတ်ပေါ့။ ခုကျတော့ အချစ်ဆိုတာ အသစ်ဖြစ်ပေါ်တယ် ဆိုတဲ့ ခပ်ညံ့ညံ့ဆင်ခြေတစ်ခုကို ကိုးကားလို့ ရှူးသွပ်ရတော့မယ်။ ဘယ်လောက် မိုက်မဲ လိုက်တဲ့ မိန်းမ..ပါလိမ့်ကွယ်။ အချစ်ကြောင့်ပဲ ပြိုလဲခဲ့ပြီးပြီ၊ ပြီးတော့ အချစ်ကြောင့်ပဲ.. ရှင်သန်ထမြောက်လို့။ အချစ်ထဲမှာ နစ်မြုတ် ပင်ပန်းဖူးပြီ။ ခုလည်း မေ့ထားကာမှ အချစ်ဆိုတာကို ပြန်ပြန်သတိရ ရ။ မလာခဲ့ပါနဲ့တော့လို့ တားမြစ်လည်း ချည့်နဲ့နေတဲ့ အသည်းက ရနိုင်သမျှကို တောင့်တ တတ်နေခဲ့ပြီ။ ပစ္စုပ္ပန်ထဲမှာ သူ့မျက်လုံးတွေပဲ ကျမ သိတော့သည်။

"ငါဟာ
ငါပျောက်ဆုံးခဲ့တဲ့ ကဗျာ
မာရ်နတ် ခိုးယူသွားခဲ့
'အရွယ်'နဲ့အတူ။
ဘုရားသခင် သိမ်းယူသွားခဲ့
'နာကျည်းမှု'နဲ့အတူ။
ငလျင်တို့ ထုပြောတဲ့
ဘဝထဲ
ခဏလေးပဲ အငြိမ်.."

ဘဝထဲမှာ.. နလုံးထဲမှာ... ဘာမှမရှိတော့၊ ဘာကိုမှ မလိုတော့၊ ဘာကိုမှ ခံစားမရတော့ဘူး... လို့ ထင်ထားခဲ့တဲ့ ကာလမှာပဲ သူက ကျမဆီ တိုးဝင်လာတာ။ ဘယ်သူ ရက်စက်တာလဲကွယ်။ 'ကိုယ့်ဆီမှာ ဘာမှမရှိတော့ဘူး အချစ်ကလေးရဲ့' လို့ မြည်တမ်းညည်းညူရင်းပဲ၊ သူကလေးရဲ့ ဖျော့တော့တော့အပြုံးမှာ ကျမရဲ့ ကုန်ခန်းသွားပြီလို့ ယူဆထားခဲ့တဲ့ အားအင်တွေ ပြန် သစ်လာတယ်။ မျက်လုံးတွေ ပြန်လည် တောက်ပ။ နှုတ်ခမ်းခြောက်သွေ့တွေ ပြန်လည် စိုစွတ်။ နလုံးသွေးတို့ ပူနွေး...

"ဟောဒီမှာ မင်းနှုတ်ခမ်းက
မျိုးယူပျိုး၊ လှူတဲ့ပန်း...
သစ္စာတွေ
ငါမြတ်နိုးတဲ့ အကြည့်တစ်စုံ
မဆုံချင်လိုက်နဲ့ ကလေးရေ..."

ဒါဟာ ရက်စက်တဲ့ စီရင်ချက်တစ်ခုပဲ။ ကိုယ်မှာ မင်းနဲ့ ဆုံဆည်းခွင့်မရှိ။ ချစ်ခွင့်မရှိ။ တခုလပ်မိန်းမ တစ်ယောက်ဟာ ဘဝရဲ့အရသာတွေကို တပျော်တပါး ဆက်လက် စားသုံးခွင့် မရှိ။ "အားလုံးပြန်ယူသွားပါ... ဟေး... ကြင်နာသူလေးရေ... အဝေးဆုံး ကမ္ဘာ့အပြင်ဘက် ကိုယ့်ရဲ့ဘဝ..." အဲလို သီချင်းအော်ဆိုပြီး ပေါ့ပါး လိုက်နိုင်ရင် ဘယ်လောက် ကောင်းလိုက်မလဲနော်။ မင်းလိုသမျှ အင်အား.. အချစ်.. သာယာမှု.. ကြင်နာခြင်း တွေ ကိုယ် အပြည့်အဝ ပေးနိုင်ပါရဲ့ကွယ်။ ဒါပေမဲ့ ပေးခွင့်မရှိ။

မင်းဖို့အိမ်ကလေးဆောက်ခဲ့
ပြုံခဲ့ရှာ
စိမ်းသစ်စွာသော ခေါင်မိုးများ
နံရံများ ကြမ်းခင်းများ
အရောင်မဲ့သစ်ပင်တို့ ကြားမှာ။

•••

တကယ်တမ်းကျ
'ထွက်ပြေး'ရတာကိုက
"ထွက်ပြေးမရ"တာ…။

သေမိန့်ကျပြီးသား လူတစ်ယောက်ဟာ… သူ့ရဲ့နောက်ဆုံးချိန်တွေကို ဘယ်လို ကျော်ဖြတ်မလဲ။ သေနေ့ကို စောင့်ရင်း ထိတ်လန့် တုန်လှုပ်ကြေကွဲနေမလား။ ဒါမှမဟုတ် နေ့ရက်တွေကို တပျော်တပါး စားသုံးမလား။ ကျမကတော့ ကိုယ်ရနိုင်သရွေ့ကို အဲဒီ ဘဝထဲကနေ ယူယူပြီး နောက်ဆုံးအချိန်တွေကို အားပါးတရ စားသုံးချင်ပါတယ်။ ဒါဟာ ကျမ စွမ်းနိုင်သလောက် ဘဝကို အနိုင်နဲ့ပိုင်းခွင့် မဟုတ်လား..ဟင်။ ဒါဖြင့် ကျမ ဘာလုပ်ရမလဲ။ သူ့ကို အိပ်မက်… စိတ်ကူးယဉ်.. ကြည်နူးသာယာ..။ နေ့တွေဟာ အငွေ့တွေနှင့်ပင် ချိုမြိန်။ ပြီးရင်တော့ ရင်ကွဲခံဖို့ရက်တွေ၊ မသေမချင်း လွမ်းဆွတ်ခြင်းများ နဲ့ ဖိသတ်ခံရမတဲ့။ ပြစ်ဒဏ်က မကြီးလွန်းဘူးလားကွယ်။ ကြောက်ရပြန်ပြီ။ ဒါနဲ့ပဲ…

ဟော… ဟိုမှာ။ မျက်ခုံးထူထူအောက်က တောက်ပတဲ့ မျက်လုံးတွေ.. ပြေးလာနေကြပြီ။ ကျမ ရင်ဆိုင် ကြိုဆိုရမလား.. ထွက်ပြေးရမလား… ဟင်၊ ကျောခိုင်းလှည့်ပြေး။ ဘုရားရေ… ဟိုးရှေ့မှာ မြားတစ်စင်း အရှိန်ဟုန်ပြင်းပြင်းနဲ့ ဝင်လာ။ ရင်ထဲကို စူးစူးရဲရဲ ထိုးဖောက် သွားခဲ့ပြီ။ အခိုင်အမာ။ အသေခံ နုတ်မှ ရတော့မလို စွဲမြဲလို့။ နာကျင်ပြင်းပြတဲ့ ဝေဒနာနဲ့ ငုံကြည့်လိုက်တော့… မြားတံရဲ့အဆုံးမှာ ပြုံးနေတဲ့ မျက်လုံးတစ်စုံက ကျမကို လှောင်ပြောင်လို့။

"တကယ်တမ်းကျ
'ထွက်ပြေး'ရတာကိုက
'ထွက်ပြေးမရ'တာ…"

++++++++

မေငြိမ်း
ရွှေအမြုတေမဂ္ဂဇင်း။
ဖေဖော်ဝါရီ၊ ၁၉၉၆။

# ခင်နန်းငယ်၏ မေမေ



(၁)

ပြီးခဲ့သောနှစ်နှစ်က သမင်ပျိုမတစ်ကောင်လို ရှက်ရွံ့ပျိုမျစ်ဟန် အပြည့်ရှိခဲ့သည့် သမီးကလေးက ခုတော့ မြိုင့်ရှေ့မှာ ခြင်္သေ့ပျို တစ်ကောင်လို မာန်ထည် ဝင့်ကြွားနေသည်။ သမီးမျက်လုံးတွေက စူးရဲစွာ တဖျတ်ဖျတ် တောက်လက်လို့။ နှုတ်ခမ်းကို တင်းနေအောင်စေ့ပိတ် ထားရင်း မြိုင့်စကားတွေ နားထောင်နေသော သမီးက တိုက်ပွဲဝင်သူရဲကောင်း၏ ဟန်ပန်မျိုးနှင့်လည်း ရဲပ နေပြန်သည်။

"မေမေပြောတာသမီး လက်ခံတယ်မဟုတ်လား"

သမီးက တချက်တော့ ငေးသွားသည်။ ပြီးတော့မှ

"ရပါတယ်မေမေ၊ သမီးက မေမေများ အတူနေဖို့ ခေါ်ထားချင်မလားလို့ပါ။ တကယ်လည်း မေမေပြောသလိုပဲ အိမ်ထောင်သည်ဘဝမှာ အခြေအနေပေးရင် နှစ်ယောက်သီးသန့်နေတာကိုပဲ သဘောကျတာပါ။ ခုလည်း သူက သမီးကို ခေါ်သွားချင်တာပဲ မဟုတ်လား"

သမီးက လေသံအေးနှင့် ပြောသည်။ ခဏကြာမှ

"သမီးက မေမေ့ခွဲနိုင်လိမ့်မယ်မထင်ခဲ့ဘူး။"

ဟု တိုးညှံ့ညှံ့ ရေရွတ်သည်။ ထိုစကားသံတွင် ကြေကွဲရိပ်တချို့ပါမည်လားဟု မြိုင် တွေးမကြည့် ချင်တော့ပါ။

သမီးမျက်လုံးထဲမှာတော့ မျက်ရည်ကြည်တွေက စိုလက်နေကြသည်။ သမီးက စိတ်များ ထိခိုက် နေတာလား။ မြိုင်သည် သမီးအတွက်တော့ သမီး မကြာခဏ ဖွင့်ပြောဖူးသလို အစားထိုး မရနိုင်သည့်အမေ ဖြစ်ခဲ့တာ မဟုတ်လား။ ခုလည်း မိခင်ကို ချစ်သည့်သမီး ပီသစွာ သမီးကတော့ 'မေမေ့ခမျာ ငါ့ စိတ်မကောင်း ဖြစ်မှာစိုးလို့သာ အလွယ်တကူလိုက်လျောရတာပဲ' ဟု တွေးကာ ဝမ်းနည်းနေခြင်းမျိုး ဖြစ်နိုင်သည်။

သို့ဆိုလျှင်တော့၊ မြိုင်ကပဲ စိတ်မကောင်းဖြစ်စွာ သမီးကို အားနာရပါမည်။ တကယ်တော့၊ မြိုင်သည် သမီး၏ ဘဝကို မပိုင်တော့သော ဆိုင်ရုံမျှသာဆိုင်သော မိန်းမတစ်ဦးဖြစ်ကြောင်း၊ ကိုယ့်ကိုယ်ကို ဆုံးဖြတ်ခဲ့ခြင်းကသာ သမီးကို ခွဲထွက်ခွင့်ပြုလွယ်သည့် မေမေ ဖြစ်ခဲ့ရခြင်းသာပင်။

ကျောခိုင်းထွက်သွားသော သမီး၏ ညာဘက်ဘေးမှာ မြိုင်အလွန်သဘောတူသည့် သမီး၏ ချစ်သူ ခင်ပွန်းလောင်း "ခိုင်သန့်"၏အရိပ်ကို မြင်ယောင်နေမိသည်။ သမီးက သိပ်တော်တာပဲ။ အင်မတန် နစ်လိုဖွယ် အရည်အချင်းရှိသော (ရည်မွန်အေးချမ်းပြီး အလုပ်ကြိုးစားကာ သမီးကို သိပ်ချစ်မှန်းသိသာသည့် မျက်ဝန်းများရှိသော) ယောကျ်ားတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရခဲ့တာ မဟုတ်လား။

ဒီနေရာမှာ သမီးက မြိုင့်ထက် ကံကောင်းခဲ့သည်မို့ပင် မြိုင်ဆက်နေမည့် တဘဝစာလုံးမှာ စိတ်အေးချမ်းသာ ရှိနိုင်မှာ မဟုတ်လား။ ထိုသို့သော ချစ်ရသူတစ်ယောက်ကို တခါက မြိုင် လိုချင်ခဲ့ဖူးသည်လေ။ ကျေနပ် သာယာစွာ မျက်လွှာကိုဖိပိတ်စဉ်မှာ နှုတ်ခမ်းတို့မှ ပြုံးနေလျက်နှင့် မျက်ရည်နွေးတွေက စီးကျ လာသည်။ လွန်ခဲ့သောနစ်ဆယ့်လေးနစ်က အသက်နစ်ဆယ်အရွယ် မြိုင်နှင့် ခုမြိုင့်ရဲ့ အသက်နစ်ဆယ် အရွယ်သမီး ခင်နန်းငယ်တို့ကတော့ အခြေအနေချင်း သိပ် ကွာခြားသည်ပဲနော်။

(၂)

ထိုစဉ်က ခင်နန်းမြိုင် အသက်နစ်ဆယ်ဖြစ်သည်။ ထိုနေ့တနေ့မှာ၊ ဖေဖေနှင့်မေမေ့ရှေ့၌ မြိုင်က အလွန် ရှက်ရွံ့တုန်လှုပ်နေသည်။ ထိုနေ့ကတော့၊ မြိုင်၏ခင်ပွန်းဖြစ်လာမည့် သမီးဖေဖေ ကိုဇော်က မြိုင့်ကို လူကြီးစုံရာနှင့် လာရောက်တောင်းရမ်းသောနေ့ပဲ ဖြစ်သည်။ ပြီးတော့ဖြင့် ခင်နန်းမြိုင် ကလေးက အပျံသင်စငှက်ကလေးလို ပျော်လို့၊ ဒါပေမယ့်၊ ရှက်စနိုးဖြစ်နေပြန်သည်။ ထို ရှက်ရွံ့သိမ်မွေ့တတ်မှုတို့ကို ရဲဝံ့ရင်ဆိုင်နိုင်သော အစွမ်းသတ္တိအဖြစ် ပြောင်းပစ်လိုက်သည်ကတော့ သမီးဖြစ်လာမည့်သနေ့ပဲ ဖြစ်သည်။

+++++

ကိုဇော်ကို တွေ့ဖူးရစဉ်တုန်းက မြိုင့်အသက်က ဆယ့်ရှစ်နှစ်အရွယ်၊ တက္ကသိုလ်မှာ တတိယနှစ်ကျောင်းသူ ဖြစ်သည်။ အရာရှိ ဖေဖေနှင့် သူဌေးမျိုး မေမေတို့၏ သားသမီးငါးယောက်အနက် တစ်ဦးတည်းသော သမီးဘဝမှာ မြိုင်က စာရေးကဗျာရေး၊ ပန်းချီတွေရေးဖြင့် ထက်မြက်ချင်လှသူဖြစ်သည်။ မေမေက နူးညံ့သိမ်မွေ့ကာ ရှက်ရွံ့အားငယ်မှ မိန်းမပီသသည်ဟု ယူဆစဉ်မှာ မြိုင်ကတော့ အချုပ်အနှောင်ဘဝအတွင်းရှိ ကျားသစ်မကလေးလို တစုံတရာကို ရင်ဆိုင်ဖို့ အမြဲ ပြင်ဆင်နေတတ်သည်။ ထို့ကြောင့်ပဲ၊ ကိုဇော့်ကို မျော်လင့်ဖြစ်ခဲ့သည် ထင်၏။ ပြီးတော့၊ အစ်ကိုတွေက မြိုင့်ကို ချုပ်ချယ်လှသည်။ နောက်ဆုံး၊ ကိုဇော်နှင့် လက်ထပ်ခွင့်ရခဲ့သည်ကပင်လျှင် ဖေဖေ၏ခေတ်မီသော အမြင်ရှိခြင်းကြောင့်သာ။ ကိုဇော့်နောက်ကို လိုက်ရသောနေ့က မြိုင်က သိသိသာသာပဲ ပျော်နေခဲ့သည်။ လှောင်အိမ်ထဲက ကျားသစ်ပျိုမလေး လွတ်လာပြီ။ ကိုဇော့်ကိုလည်း သိပ်ချစ်ခင်နေခဲ့သည်။ ကိုဇော်က မြိုင့်ထက် အသက်သုံးနှစ်သာ ကြီးသော်လည်း အများကြီး လူကြီးဆန်သည်။ စီပွားရှာရခြင်းကို သိပ်စုံမက်သည်။ ပြီးတော့၊ အရေးကြီးဆုံး အရည်အချင်းက မြိုင့်ကို အလိုလိုက်သည်။

မှတ်မိသေးသည်။ ကိုဇော်နှင့်ယူပြီးခါစမှာ ပျော်ရွှင်လွတ်လပ်နေသော မြိုင်က တသက်လုံးက လွတ်လွတ် လပ်လပ် သွားချင်နေခဲ့သည့် ခရီးတွေကို ကားတစ်စီးနှင့် လျောက်သွားတော့သည်။ ပြီးတော့၊ သိပ်ကျေနပ်စရာကောင်းစွာ တက္ကသိုလ်မှာ နည်းပြဆရာမ အလုပ်ရတော့ မြိုင်သည် လောကတွင် ကံအကောင်းဆုံး၊ စိတ်ကျေနပ်မှုကို အပိုင်နိုင်ရဆုံးမိန်းမအဖြစ် ကိုယ့်ကိုယ်ကို ဂုဏ်ယူတော့သည်။ ထိုစဉ်က၊ ကိုဇော့်ကို ခေါင်းညိတ်ဖြစ်ခဲ့သည်ကပင် အချစ်စစ်ရဲ့လားဟု တခါတခါ တွေးမိဖူးသည်။ ဘာကြောင့်ဆို၊ မြိုင်က ကိုဇော့်အတွက် အိမ်ရှင်မ-ကောင်း မဖြစ်ခဲ့ရသောကြောင့်ပါပဲ။

ကြော့ရှင်းလှပသည့်ဆရာမဟူသည့် ဂုဏ်ပုဒ်ကို ဖက်တွယ်ကာ စာသင်ရခြင်း၌သာ စိတ်ဝင်စားခဲ့သည်။ ကိုဇော်ကလည်း ထိုစဉ်က တော့ ကျေနပ်လို့။ နောက်မှ၊ အိမ်ထောင်သက် သုံးနှစ်အကြာမှာ ကလေးယူကြစို့ ဟု ကိုဇော်က ပြောလာတော့တာ။ မြိုင်က အလွန်အမင်း တုန်လှုပ်သွားရတော့သည်။ သားသမီးတစ်ယောက်ကို မြိုင်ဆက်ဆံဖို့ မတတ်နိုင်သေး။ ပြီးတော့၊ မေ့မေ့လို သိပ်ချုပ်ချယ်သောအမေမျိုး မဖြစ်ချင်သလို၊ အလိုလိုက်မိ၍ သားသမီးဆိုးမှာကိုလည်း စိုးရိမ်လှသည်။ အို.. မြိုင် လွတ်လပ်၍လည်း မဝသေးဘဲနော်။ ခုမှ လွတ်လပ်ဖူးခါစ ရှိသေးတာ။ ဒါပေမဲ့၊ သည်တကြိမ်မှာတော့ဖြင့် ‘မြိုင် ကလေး မမွေးချင်သေးပါဘူး ကိုဇော်ရယ်’ ဟု နွဲ့ပေမယ့်လည်း ကိုဇော်က မသာယာတော့ပြန်။

ပြီးတော့၊ မြိုင်မြင်ခဲ့ရဖူးသော ဗိုက်ကျောပြတ်ဒဏ်ရာတွေ၊ ပွယောင်းယောင်း ဒါမှမဟုတ် ပြားပိန်ပိန် ခန္ဓာကိုယ်တွေ၊ ပြင်းထန်သော နာကျင်ကိုက်ခဲရမှုတွေ၊ ပြီးတော့ ကလေးတစ်ယောက်ကို ထိန်းသိမ်း ပျိုးထောင်ရသော ဒုက္ခတို့ကို အတွေး၌ပင်

ဇောချွေးပြန်ကာ ရက်ပေါင်းများစွာ စိတ်ဆင်းရဲ နေခဲ့ရသည်။ ကလေးမယူ၍ ကိုဇော်စိတ်ငြိုငြင်မှာကိုတော့လည်း ကြောက်သေးသည်။ မြိုင်က တစ်ယောက်တည်းဘဝမှာတော့လည်း နေတတ်မည်မထင်။ ပြီးတော့၊ မေမေတို့နှင့်လည်း မနေနိုင်တော့။ ကိုဇော့်အရိပ်အောက်မှ လွတ်လပ်နေရသောမြိုင် ဘဝကိုပဲ မြိုင်တပ်မက်လှသည်။

သို့နှင့်ပင်၊ "မြိုင်မလှတော့ရင်လည်း ချစ်ရမှာနော်" ဟု ကိုဇော့်ကို ချွဲနွဲ့သလိုလိုနှင့် အတည်ပြောပြီး သားသမီးယူဖို့ ဆုံးဖြတ်လိုက်ခဲ့ကြသည်။ သန္ဓေအဖြစ် သမီး စတင်ခိုတွယ်လာစဉ်မှာ ကိုဇော့်ကို အသိပေးသော မြိုင့်အသံကပင် အေးအေးသက်သာ နိုင်လွန်းနေခဲ့ပြီ။ မြိုင့်ငယ်ဘဝမှာ အပြည့်အဝ မခံစားခဲ့ရသော လွတ်လပ်မှုအရသာကို မြိုင့်ကိုယ်ပွားရင်သွေးကို ပေးအပ်နိုင်မည် ဟူသော အတွေးကပဲ မြိုင့်ကို တည်ငြိမ်အေးဆေးစေခဲ့သည် ထင်၏။

သမီးကို မွေးဖွားချိန်မှာတော့ မြိုင်အလုပ်က ထွက်ခဲ့သည်။ သမီးဖေဖေကပင် အံ့သြတုန်လှုပ်ခဲ့သေး၏။ သူကတော့ အဲသလောက်ထိ မလိုအပ်လှဟု ထင်လိမ့်မည်။ ဒါပေမဲ့၊ မြိုင့်အတွက် ကတော့ သမီးကို အချိန်ပြည့် ပြုစုပျိုးထောင်နိုင်ရေးက ဘဝ၏ အရေးပါဆုံးတာဝန်သာ ဖြစ်လာပြီ။ သမီးဖေဖေကတော့ မြိုင်က သမီးကို ပုံသွင်းနေတာတဲ့။

သမီးကို မွေးခဲ့ပြီး တစ်နှစ်အတွင်း ကဗျာတစ်ပုဒ် မဖွဲ့ဖြစ်။ ဝါသနာပါရာ ပန်းချီတစ်ကြောင်းမှ မခြစ်ဖြစ်သည်ကို ပထမတော့ မြိုင် သိပ်စိတ်ထိခိုက်ရသည်။ သမီးက မြိုင့်ကို တူလှသည်။ ခြေဆံလက်ဆံ ရှည်ရှည်၊ အသားညိုလဲ့လဲ့၊ ဆံပင်ထူထူနက်နက်တွေနှင့်။ နောက်တော့၊ မြိုင်သည် သမီးထံမှာ ကဗျာများစွာ ပန်းချီများစွာ ဆက်တိုက်ဖန်တီးတော့သည်။

သမီး၏မျက်ခုံးတွေကို ကွမ်းရိုးတွေနှင့် ရိပ်ရိပ် ပုံဖော်၊ နှာတံဖွဖွ ဆွဲထင်စေ၊ ခြေဆံလက်ဆံတွေကို ပြပြင် ဖြောင့်စင်းပေးနှင့် သမီးပန်းချီတွေ။ သမီးကို စကားသင်၊ အကသင်နှင့် သမီးကဗျာတွေ အများကြီး ဖန်တီးနိုင်ခဲ့သည်မဟုတ်လား။ သမီးက မြိုင်ရဲ့ ဖန်တီးမှုတခု။

မြိုင်မရခဲ့သော တောင့်တခဲ့ဖူးသမျှကို သမီး ရရမည်။ သမီးက လွတ်လပ်ပေါ့ပါးစွာ၊ ရှင်သန်ကြီးပြင်းခဲ့ရသူ ဖြစ်ခဲ့တော့သည်။ မြိုင်ကတော့ တစတစနှင့် ရုပ်လုံးပေါ်လာသော မြိုင့်လက်ရာ ပန်ချီးကားတချပ်ကို အားရကျေနပ်စွာ တမက်တမော ဖက်တွယ်ဖြစ်ခဲ့တော့သည်။

မြိုင်အတွက် မြိုင်သည်လည်းကောင်း၊ သမီးဖေဖေသည်လည်းကောင်း သမီးဖေဖေအလိုရှိသော နောက်ထပ် ပွားစီးမည့် ရင်သွေးများသည်လည်းကောင်း သိမြင်နေစရာ မလိုတော့။ တကယ်တော့ "ခင်နန်းငယ်"ဟာ "ခင်နန်းမြိုင်"အသစ်ကလေးသာ ဖြစ်ရမည်။

ခင်နန်းငယ်ကို မွေးဖွားသည့် ပြာသိုလဆန်းတစ်ရက်နေ့မှာ ခင်နန်းမြိုင်ရဲ့ဘဝတစ်ခု လုံးလုံး လျားလျား သေဆုံးသွားခဲ့သည်ပဲ။ ဒါ သေချာသည်။ ပြီးတော့ ထိုသေဆုံးခြင်းက တချိန်မှာ ပြန်လည် ရှင်သန်နိုင်သော သေဆုံးခြင်းမျိုးဖြစ်ပြီး သေဆုံးသူကိုယ်တိုင်က နှစ်မြို့က်စွာ ဖန်တီး လိုက်သော အဖြစ်အပျက်တစ်ခုလည်း ဖြစ်ပြန်သည်။ ဖြစ်နိုင်လျှင် ၊ သမီးကို "ခင်နန်းမြိုင်"ဟုပင် အမည်ပေးချင်တာ ဖြစ်သည်။

အိမ်ထောင်သည်ဘဝမှာမှ သွက်လက်ရှင်သန်ရသော ခင်နန်းမြိုင်က သမီးတစ်ယောက်ရဲ့ အမေဘဝမှာ သေဆုံးပစ်လိုက်ရတာ စဉ်းစားကြည့်လျှင် မြိုင့်အတွက်တော့ ကြေကွဲစရာ ကောင်းလှ သည်။ ဒါပေမယ့်၊ သမီး၏ရှင်သန်ဖွံ့ဖြိုးမှုက မြိုင့်ကို ဖမ်းစားခဲ့သည်။ သမီးဟာ ခင်နန်းမြိုင်ပါပဲဟု တခါတရံ တီးတိုးရေရွတ်မိတော့ တခါမှာ သမီးဖေဖေကြားသွားပြီး စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်း နေခဲ့ဖူးသည်။

သမီးကို မွေးအပြီးမှာ အသက်နှစ်ဆယ့်လေးနှစ်သာရှိသေးသော မြိုင်က အဖွားကြီးတစ်ယောက်လို အိုစာသွား ကာ တဖြည်းဖြည်း အရွယ်ရောက်လာသည့် သမီးကတော့ အသက်ငါးနှစ် အရွယ်မှစ၍ပင် မြိုင့်အတွက် သိပ်ပြည့်စုံသော အနုပညာလက်ရာတစ်ခု ဖြစ်နိုင်ခဲ့တာ ဘယ်လောက် အားရ ကျေနပ်စရာကောင်းသလဲ...။

အသက်လေးနှစ်မပြည့်တပြည့်မှာ သမီးကို မူကြိုကျောင်း စထားတော့ ထိုအရွယ်မှာတုန်းက ကြောက်ရွံ့ နေတတ်သော ပါးကွက်ကျားကလေးနှင့် ခင်နန်းမြိုင်၏ ငယ်ဘဝနှင့် ဆန့်ကျင်စွာ၊ ဂါဝန် ဖြူလွလွ ဖါးဖါးနှင့် ဆံပင်နှစ်ဖက်ခွဲစည်း လုံးလုံးကလေးနှင့် နှုတ်ခမ်းနီပါးနီ ဆေးခြယ်သော ကော်ပတ်ရုပ်ကလေးလို သမီး ခင်နန်းငယ်ကို လှပ ပျော်ရွှင်ခွင့်ရစေခဲ့သည်။ ပြီးတော့၊ နှစ်စဉ် ကျောင်းကပွဲတွေမှာ သမီးက သူမ၏စိတ်ကို နေရာတော်ခင်းအက၊ ဆီမီးခွက်အက၊ ကဗျာလွတ်အက၊ ယိုးဒယားကန်တော့ခန်းအကများဖြင့် ကျေနပ်စေခဲ့သည်။ မြိုင်ငယ်ငယ်က အဲလို သိပ် က ချင်နေခဲ့သူမဟုတ်လား။ (မြိုင့်မေမေက မကြိုက်လို့ ကခွင့်မရဖူးခဲ့တာ)။ ထိုအခါ၊ သမီး၏အားကိုးချစ်ခင်ခြင်းကို အပြည့်အဝ ပိုင်ဆိုင်ရခြင်း၌လည်း မြိုင်က စုံမက်သာယာခဲ့သည်။

ဒါပေမဲ့၊ မြိုင်ဖြစ်စေချင်သလို သမီးက ပန်းချီနှင့်ကဗျာကို စိတ်မဝင်စားစဉ်ကတော့ မြိုင်သည် ရက်အတော်ကြာ အောင် စိတ်ခြောက်ချားနေခဲ့ရသည်။ နောက်တော့၊ သမီးက စောင်းတီးပြီး သီချင်းဆိုရာ၌ ကျွမ်းကျင်သူ ဖြစ်လာမှပင် မြိုင့်ရဲ့ ခြောက်ချားအိပ်မက်ညတို့ ကုန်ဆုံးခဲ့ရသည် ကိုတော့ မြိုင် ခုထိ သတိတရ ရှိဆဲပင်ဖြစ်၏။ တက္ကသိုလ်မှာ ကျော်ကြားသောသမီးသည် မြိုင်အလိုချင်ဆုံး ဆန္ဒတစ်ခုကိုပါ သယ်ဆောင် လာခဲ့သည်။ ခိုင်သန့်ကို သမီးခေါ်လာသော နေ့မှာပင် သမီးနှင့်ပတ်သက်သည့် မြိုင့် အလိုဆန္ဒတို့က

နိဂုံးချုပ်နိုင်တော့တာ ဖြစ်၏။ မြိုင်ငယ်စဉ်က စိတ်ကူးယဉ်ခဲ့ဖူးသော အသားဖြူဖြူ အရပ်မြင့်မြင့် ညိုမှောင်သော မျက်လုံးများနှင့် ယောက်ျားပျိုတစ်ယောက်ကို သမီးက ချစ်ခွင့်ရသတဲ့။ ထိုကောင်လေးကလည်း သမီးကို ချစ်ခင် စုံမက်စွာ ပေါင်းသင်းလိုသတဲ့။

ထိုညက မြိုင်ငိုသည်။ ပြီးတော့၊ အားရပါးရ ရယ်သည်။'သမီးခင်နန်းငယ်ကို တွေ့ရင် ဒါ... မြိုင်ပါပဲလို့ပဲ ထင်မိတယ်။ မြိုင်ရယ်... သမီးကတော့ တကယ့်ကို မင်းပါပဲ။ သမီးတစ်ယောက်ဟာ အမေတစ်ယောက်နဲ့ ခုလောက်တူနိုင်လိမ့်မယ်လို့ ကိုယ်တို့ မထင်ခဲ့ဖူးဘူး' ဟူသော အမိပွါယ်တူ စကားများစွာ ကြားခဲ့ဖူးတာ သတိရသည်။ ထိုအခါ...

ဟင့်အင်း..မတူပါဘူး။ ခင်နန်းငယ်ဟာ မြိုင့်ထက် ပြည့်စုံရမယ်၊ ပြီးတော့ ခင်နန်းမြိုင်ရဲ့ ဘဝအသစ် ဖြစ်တယ်...
ဟု မြိုင် အမြဲ ငြင်းဆန်ဖြစ်ရသည်။ ခုရော.. တကယ့်ကို ကျေနပ်အားရဖွယ် (မြိုင်ကိုယ်တိုင်လိုချင်ခဲ့ဖူးသော) ဘဝကို သမီးက အရယူနိုင်ခဲ့တာပဲ မဟုတ်လား။ မြိုင်တုန်းက စိတ်ကူးယဉ်ရုံထက် ပိုသာခွင့်မရခဲ့သော အခြေအနေတစ်ရပ်ကို မြိုင်အသက်သွင်းပေးခဲ့တဲ့ ကိုယ်ပွားရုပ်ကလေးက ပိုင်သွားရတာ။ လိုဘပြည့်စွာ မြိုင် ရယ်မောမိတော့သည်။

(၄)

ခိုင်သန့်နှင့် ယှဉ်တွဲထိုင်ကာ ကန်တော့နေသော သမီးက မျက်လုံးအိမ်မှာ မျက်ရည်တို့ ဝိုင်းနေသည်။ မြိုင်ကတော့ "မေမေ သမီးကို ခွဲနိုင်တာ သမီးသိပ်ဝမ်းနည်းတာပဲ" ဟု အနားလာကာ ပြောသွားသော မကြာသေးခင်က သမီးစကားကို ပြန်သတိရကာ စိတ်မကောင်းတော့ ဖြစ်နေမိသည်။ သမီးဖေဖေကတော့ သိသိသာသာပင် မျက်နှာပျက်လို့။ မျက်နှာပျက်စရာ မဟုတ်ဘဲနဲ့ကွယ်။ သမီးဟာ အကောင်းဆုံးလမ်းကို လျှောက်နိုင်ခဲ့တာပဲ။ ပြီးတော့၊ ကိုဇော်ကလည်း အဖေတစ်ယောက်ရဲ့တာဝန်ကို ကျေနိုင်ခဲ့တာပဲမဟုတ်လား။ သမီးကို တိုက်ခန်းတစ်ခန်းနဲ့ ကားတစ်စီးလက်ဖွဲ့နိုင်တာ ခုခေတ်ရဲ့ မိဘတွေအတွက်တော့ သိပ်ကျေနပ် စရာကောင်းတာပါ.. လို့ ကိုဇော့်ကို နှစ်သိမ့်ရဦးမည်။

သမီးကို ကားတံခါးဝထိလိုက်ပို့တော့ လက်ဖဝါးတွေကိုဆုပ်ကိုင်ထားသော သမီးလက်ဖျားတွေက အေးစက်နေသည်။ "သမီး အားငယ်လိုက်တာ မေမေ"တဲ့။ မြိုင့်ရင်တွေ ဆူပွက်လာသည်။ မဟုတ်ဘူး... သမီးပျော်ရမှာ ။ မြိုင့်သမီးဟာ ရဲရင့်ရမယ်။ "သမီး.. ပျော်ရမှာလေ" ဟု မြိုင်တင်တင်းမာမာပဲ ပြန်ပြောဖြစ်သည်။ သမီးက တစုံတရာကို အားတင်းသလို မြိုင့်လက်ကို တချက် တင်းတင်း ညှစ်လာသည်။ ကားစက်နှိုးသံအဆူမှာ "သမီး မေ့မေ့ကို လွမ်းနေနော်" ဟူသော မြိုင်အသံက လွင်နေပြန်၏။ သည်တော့၊ သမီးက ယဲ့ယဲ့ ပြုံးပြသည်။ မြိုင့်တုန်းက မေ့မေ့ကိုလွမ်းသည်ထက် ဘဝသစ်၌ ပျော်ချင်သည်က

များနေခဲ့သည်ကို သတိရသည်။ ဒါကြောင့်ပဲ၊ သမီးကိုကျတော့ မြိုင့်ကို လွမ်းနေစေချင်ပြန်၏။ သမီး၏ တွယ်တာမှုကို ပိုင်ရသော အမေဘဝကိုတော့ မြိုင်က ရလိုသေးသည်လေ။

+++++

သမီးတို့ကားလေးပျောက်အသွားမှာ ရုတ်တရက် သမီး၏မေမေ ခင်နန်းမြိုင်ဆိုသော နာမ်တရားက ဖုန်းကနဲ လဲကျသွားသည် ထင်၏။ မိုက်ကနဲ တစ်ချက်မူးဝေသွားပြီး ခဏချင်းမှာပင် ဖျတ်ကနဲ ထင်လင်းလာသော လျှပ်ရောင်ကို မြင်ရ၏။ အနှစ်နှစ်ဆယ်ကျော်ကြာ သေဆုံးနေသော ခင်နန်းမြိုင်၏ဘဝ ပြန်လည် ရှင်သန်လာခဲ့ပြီ။ ချက်ချင်းပဲ၊ မြိုင့်ကိုယ်လက်တို့ ပေါ့ပါးလာသည်။ ကြည့်မှန်ထဲတွင် အိုမင်းရင့်ရော်ရိပ်တို့ဖြင့် ဒေါ်ခင်နန်းမြိုင်ကို တွေ့ရသည်။ တကယ်တော့၊ အဲဒီ ဒေါ်ခင်နန်းမြိုင်က တစုံတယောက်အတွက်သာ အမြဲ အသက်ရှင်ခဲ့ရသူဖြစ်သည်။ ပထမဆုံး.. ဖေဖေနဲ့မေမေအတွက်၊ နောက်တော့ သမီးဖေဖေအတွက်.. ပြီးတော့... သမီးအတွက်။ ခုတော့၊ ခင်နန်းမြိုင်ထင်သလို ဆက်ဆံ၍ ရသော သမီးဖေဖေ၏အရိပ်အောက်မှာ ခင်နန်းမြိုင်က ပြန်လည်လွတ်မြောက်သူဘဝ ရပြန်ပြီ။ သမီးအတွက် ခင်နန်းမြိုင်မလိုတော့ဘူးလေ။ ပြီးတော့၊ ခင်နန်းမြိုင်လိုချင်သမျှကို သမီးက စားသုံးခွင့် ရသွားခဲ့ပြီလေ။

+++++

ထုံးဖွဲ့ထားသောဆံပင်တို့ကိုဖြေချလိုက်တော့ ခင်နန်းမြိုင်က လွန်ခဲ့သော အနှစ်နှစ်ဆယ်ကလိုပဲ နပျိုသွားပြန်သည် ထင်၏။ 'မြိုင်ကသိပ်အတ္တကြီးတယ်'ဟု သမီးဖေဖေပြောတာ ဟုတ်ပါလိမ့်မည်။ ခုတော့ဖြင့်၊ မြိုင်မျက်လုံးတွေက တဖိတ်ဖိတ်လက်လို့။ ခရီးဆောင်အိတ်ထဲက အဝတ်အစား သုံးစုံခန့်နှင့် ကင်မရာတစ်လုံး၊ ဆေးဝါးပစ္စည်းအပြည့်အစုံတို့ကို ရွှင်ရွှင်မြူးမြူးပဲ ထပ်မံ စစ်ဆေးဖြစ်သည်။ မြိုင်တစ်ဦးတည်း မြန်မာပြည်အနှံ့ လျှောက်သွားမည်။ သမီးဖေဖေကို ကန်တော့တော့၊ သမီးဖေဖေက စိတ်မသက်သာဟန်ဖြင့်ကြည့်ကာ မြိုင် သိပ်ကြာကြာ မနေနဲ့နော်... တဲ့။

မြိုင်က တကယ့်သပြေခက်အရွယ်ကလေးလို ခစ်ခစ်ပါအောင်ရယ်ကာ "ခင်နန်းမြိုင်က သူ့ရဲ့ ကြိုးရှည်ရှည်နဲ့ ချည်တိုင်ကိုတော့ ပြန်လာမှာပါ ကိုဇော်ရယ်။ ခုခရီးကလည်း ကိုယ့်ဘာသာကိုယ် ကျင်းပတဲ့ ပြန်လည် ရှင်သန်ခြင်း အထိမ်းအမှတ် သက်သက်ပါ" ဟုပြန်ဖြေမိသည်။ တကယ်လည်း ရင်ထဲမှာ ပျော်ရွှင်လှသည်။ သည်နေ့ သည်ရက် သည်အချိန်ကို ရောက်ရဖို့အတွက် မြိုင် အနှစ်နှစ်ဆယ်လုံးလုံး စောင့်ဆိုင်းခဲ့ရသည် ကိုတော့ မြိုင်ကပဲ အသိဆုံးဖြစ်သည်မဟုတ်လား။

ပြီးတော့၊ သမီးဖေဖေမရှိသည့် အကာကွယ်မဲ့ဘဝမှာ လွတ်လပ်စွာ ရှင်သန်ပျော်ရွှင်နိုင်ခွင့် မရနိုင်သည် ကိုလည်း သမီးဖေဖေအပြောအရ အတွေ့ကြီးလှသည်ဆိုသော မြိုင်က သိပ်နားလည်သည်ပဲလေ။

+++++

မေငြိမ်း
ရင်ခုန်ပွင့်မဂ္ဂဇင်း၊အောက်တိုဘာ၊ ၁၉၉၀။

# ခရီးသွားဝတ္ထု



(၁)

တွယ်ရာမဲ့လွင့်မျောသူလို ခံစားရသည်။ အစက်အပေါက်များစွာ စွန်းထင်းပေကျံနေသော ကြမ်းပြင်ပေါ်သို့ နေခြည်အလင်းတန်းပါးပါးလေးများ ဖြာကျနေသည်။ မှောင်အုံ့အုံ့ရှိနေသော အခန်းကျယ်ကြီးအတွင်းမှာတော့ ထိုနေခြည်တန်းကလေးများက စူးရဲစွာ တောက်ပ လင်းလက်နေကြသည်။ တင်းကျပ်စွာ (ကြာမြင့်စွာ) ပိတ်ထား ခဲ့သော တံခါးချပ်များ၏အကြားမှ လာရသည့် အလင်းရောင်ပင်။ သူမ၏ဘဝသည်လည်း မှောင်အုံ့ပျပျ ရှိလှသော သူမ၏အခန်းကျယ်ကဲ့သို့ပင် ညစ်ထေးစွာ၊ သာယာမှုကင်းမဲ့စွာ၊ မှောင်မိုက် လှောင်ပိတ်စွာ ရှိနေ သည်ကို သတိရသည်။ သို့သော်... သူမ၏ဘဝ အခန်းကျယ်ကြီးအတွင်းတွင်မူ နေခြည်တချို့ ဖြာကျမနေပေ။

(၂)

အခန်းကျယ်ကြီးအတွင်းတွင် ဟောင်းနွမ်းနေသော ပက်လက်ကုလားထိုင်ကြီးတစ်လုံး ရှိနေသည်။ ပိုးမျှင် ပင့်ကူအိမ်တို့ ယှက်ဖြာနေသော နံရံ၏တစ်နေရာတွင် ပြက္ခဒိန်တထပ်ကို ချိတ်ဆွဲလျက် တွေ့ရမည်။ နှစ်တစ်နှစ် အကူးအပြောင်းတိုင်းတွင် အကြောင်းအမျိုးမျိုးဖြင့် အချိန်မှန် ရလာတတ်သော ပြက္ခဒိန်တို့ကို တစ်နှစ်ပေါ် တစ်နှစ် ထပ်လျက်သာ ချိတ်ဆွဲခဲ့ ဖြစ်သည်။ လောကဝန်းကျင်နှင့် ရာသီခွင်တို့ကိုပင် ဂရုမမူအားစွာ သူမ၏ နှောင်းချိန်တို့ကို ဖြတ်ကျော်နေရသည်။ ယခု၊ သူမပိုင်ဆိုင်လျက်ရှိသော ညစ်ထေးပေကျံအခန်းကျယ်ကြီးကို တချိန်က သူမနှင့်အတူ သူမ၏အခန်းဖော်နှစ်ဦးတို့က ပိုင်ဆိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး ရက်များစွာ ကွဲကွာလေ့ရှိကြသော အခန်းဖော်များအဖြစ် သူမတို့သုံးဦး နှစ်ပေါင်းများစွာ

ကြာအောင် အတူတကွ နေထိုင်ခဲ့ကြသည်။ သူမတစ်ဦးတည်း သို့မဟုတ် သူမ၏ အခန်းဖော်များနှင့်အတူ နေထိုင်ရသောအချိန် ဟူ၍လည်း ထိုစဉ်က သူမ၏ဘဝတွင် ရှိမနေခဲ့ပေ။ ခုတော့ ကာလတစ်ခုပင်ဟောင်းလုမျှ သူမတစ်ဦးတည်း ရှိနေခဲ့သည်။

(၃)

တိတ်ဆိတ်ငြိမ်သက်သော အရုဏ်ချိန်၊ ဆည်းဆာချိန်များစွာ၊ ညများစွာကို ယခုကဲ့သို့ သူမတဦးတည်း ပျင်းရိငြီးငွေ့စွာ ဖြတ်သန်းခဲ့ရပေါင်းလည်း များပြီဖြစ်သည်။ ခြောက်ခြားဖွယ် တိတ်ဆိတ်နေသော ညှော်ခန်းကျယ် ကြီးအတွင်းတွင် ရွှေထီးဆောင်းခဲ့ရသော အတိတ်ကိုပြန်လည်ခံစားကာ သူမရှိနေတတ်သည်။ ဟောင်းနွမ်းနေ သော ပက်လက် ကုလားထိုင်မှ ဖျင်ထည်သည် သူမအတွက် နွေးထွေးမှုကို ပေးသည်။ လှုပ်ရှားနိုင်ခြင်း မရှိတော့သူ၊ လှုပ်ရှားတက်ကြွနေလိုသူ၊ သူမအတွက်တော့ နာကျင်နေရသော ရက်များစွာတွင် ဤအခန်းကြီး သည်သာ အဖော်ဖြစ်သည်။ သူမ၏ ရောင်စုံမီးများ ပြိုးပြက် တောက်ပခဲ့သော အတိတ်ကာလများသို့ သူမ ပြန်လည် ခရီးသွားသည့်အခါတွင်လည်း အတွေးခရီးစဉ်တွင် အခန်းကျယ်ကြီးသည် မပါမဖြစ်သော အဖော် ဖြစ်ပြန်သည်။

(၄)

လှပခမ်းနားသည်ဟု သူမယုံကြည်ခဲ့သော ဘဝတခုရှိခဲ့ဖူးသည်။ ထိုဘဝတွင် ဆန့်ကျင်ဘက်လိင်တို့၏ နှုတ်ဖျား များစွာ၌ သူမလိုပင် ဆွေမျိုးမဲ့၊ အအုံအကျင်းမဲ့ ဘဝတွင် ရှင်သန်ရပြီး သူမလိုလှပသော၊ သူမကဲ့သို့ပင် တင့်တယ်သော (သူမလောက် တော့ ငွေကြေးမပြည့်စုံသော) အဖော်မနစ်ဦးနှင့်အတူ ဘဝကို အလျားလိုက် ဖြတ်ရန် ဝါသနာရင်းစွဲဖြင့် ပျော်ရွှင်စွာ နေထိုင်ဖြစ်ခဲ့သည်။ သူမ၏မိဘများ ချန်ထားရစ်ခဲ့သော ငွေကြေးများစွာ ကို မက်မောသော်လည်း နွေးထွေးသော မေတ္တာကိုပေးရန် စိတ်ထားမျိုး မရှိကြသည့် ဦးလေးနှင့် အဒေါ်တို့၏ အိမ်သည် သူမအတွက် ဘဝတစ်ခု ဖြစ်မလာခဲ့ပေ။

အလှအပနှင့် ငွေကြေးသာရှိပြီး ပညာမပြည့်စုံခဲ့သည့် သူမသည် အလှအပနှင့် တင့်တယ်ခြင်းကို အယူအဆ လွဲမှားစွာ အသုံးပြုနေခဲ့ပြီး ထိုဘဝ၌လည်း၊ နစ်မြှိုက် ပျော်ပိုက်နေခဲ့ပြန်သည်။ "သိပ်လှတာပဲသွယ်ရယ်" ဟူသော ပူလောင်မောပန်းသံများ အကြားတွင် ကျေနပ်စွာ ယည်ပါးနေခဲ့သည်။ ငွေစတချို့နှင့် နစ်မြှိုက်ဖွယ် အဆင်းရှိသည့် ယောကျ်ားများ၏ ရင်ခွင်များစွာအတွင်းတွင် သူမ၏ဘဝ၊ အချိန်တို့ကို ကုန်ဆုံးစေခဲ့သည်။ ယောကျ်ားတချို့၏ "သွယ့်ကို သိပ်ချစ်တယ်"ဟူသော ပေါ့ပျက်ပျက် စကားသံများအကြား သာယာနေစဉ်တွင် သူမ၏ဘဝကို စက်ဆုပ်ရကောင်းမှန်း သူမမသိခဲ့ပေ။ ထို့အပြင်၊ မိန်းမလှတစ်ဦးအနေဖြင့် ဘဝတစ်ခုအတွက် အားကိုးစရာ လင်ယောကျ်ားတစ်ဦးကိုသာ ရှာဖွေသင့်ကြောင်းနှင့် ရှာဖွေ၍ ရနိုင်ကြောင်းကိုလည်း သူမ မတွေးမိခဲ့ပါ။ ထိုဘဝကို

ဖြတ်သန်းစဉ်က သူမ၏ရင်တွင်းတွင် အလှမာန်မာန၊ ယောကျ်ားများစွာတို့၏ နှုတ်ဖျား အချစ်နှင့် အထိအတွေ့များ၌ သာယာခြင်းတို့ကသာ မင်းမူနေခဲ့သည်။ သူမ၏ ယူဆချက်အရ ထိုစဉ်က ဘဝသည် ရွှေထီးဆောင်းကာ ဖျပ်စောင်းသံများအကြား ခရီးသွားနေရသော ဘဝဖြစ်သည်။

(၅)

ထိုစဉ်က၊ သူမတို့ ဧည့်ခန်းကျယ်ကြီးအတွင်းတွင် သူမ၏ဧည့်သည်များ မပြတ်မလပ်စွာ ရှိနေခဲ့သည်။ သာယာ သော သီချင်းသံတို့ငြိမ့်ငြောင်းကာ သူမ၏ချိုလွင်သော ရယ်သံညင်းများ လွင့်ပျံ့ကာ၊ နင်းဆီရေမွှေးနံ့များ ဝေ့ဝဲကာ၊ တချက်တချက် ရောစွက်ပါလာသော အရက်နံ့စူးစူးများဖုံးလွှမ်းကာဖြင့် အခန်းကျယ်ကြီးမှာ စိုပြေ နေခဲ့သည်။ မဟော်ဂနီရောင် တောက်ပသော စားပွဲ၊ ကုလားထိုင်များမှာ ခမ်းနားစွာဖြင့် နေရာယူခဲ့ဖူးသည်။ (ထိုအချိန်က သူမ ယခုလို အတွေးခရီးမသွားဖြစ်ခဲ့ပါ။ ပက်လက် ကုလားထိုင်၌လည်း မထိုင်ခဲ့ပါ) (ပက်လက် ကုလားထိုင်မှာလည်း သူမ သက်သောင့်သက်သာ ထိုင်၍ အနားယူရန်၊ သူမ၏ ညမိတ်ဆွေ ယောကျ်ားတဦးက မျက်နှာလို၊မျက်နှာရ ပေးထားခဲ့ခြင်းဖြစ်သည်)။

ထိုသို့ဖြင့်၊ အတန်အသင့် တောက်ပနေခဲ့သော အခန်းကျယ်ကြီး အတွင်းတွင် သူမသည် ဘဝကျင်လည်ရာ ပတ်ဝန်းကျင်တူသူ အဖော်မနစ်ဦးထက်ပင်ပို၍ နာမည်ကျော်ကြားခြင်းဖြင့် လိပ်ပြာတစ်ကောင်ကဲ့သို့ လှုပ်ရှား မြူးတူးလျက် ရှိနေခဲ့ပါသည်။ တံခါးချပ်များ အစဉ် ပိတ်ထားလေ့ရှိသည့် အခန်းကျယ်ကြီး အတွင်းတွင် လျှပ်စစ် မီးရောင်များ အစဉ် ထွန်းလင်းဝင်းပကာ အမွှေးရနံ့နှင့်သာယာမှုများ ထုံလွှမ်းကာ ရှိနေခဲ့သည်။ သူမသည် ကြားဖူးနားဝရှိခဲ့သော စိတ္တရလေခါ၊ သီရိမာ စသူတို့ကို အိပ်မက်မက်ကာ ပျော်ရွှင်မြူးကြွ နေခဲ့ပါသည်။ ငွေကြေးအဓိကမှ သာယာမှုအဓိကပင် ဖြစ်လာခဲ့သော သူမသည် သူမ၏ အဖော်မနစ်ဦးကို ဤအခန်းကျယ် ကြီးမှ ခွဲထွက်စေလျက် သူမသာ တစ်ဦးတည်းသော ဘုရင်မအဖြစ် မင်းမူနေခဲ့တော့သည်။ ထိုအခန်းတွင် 'သိပ်လှတယ် သွယ်ရယ်'...၊ 'သိပ်ချစ်တယ် သွယ်ရယ်'... ဟူသော ပူလောင်မောဟိုက် စကားသံများ၊ အသက်ရှူ သံ ပြင်းပြင်းများကို ဖုံးလွှမ်းစေခဲ့သည်။ "သွယ့်ကို ကယ်တင်ချင်တယ်"ဟူသော စကားမျိုး တစ်ခွန်းစ နှစ်ခွန်းစ ကို ကြားရဖူးစဉ်ကတော့ သူမစိတ်ကူးအိပ်မက် မက်ခဲ့ဖူးသေးသည်။ ထိုသူနှင့်အတူ သာယာချမ်းမြေ့သော အိမ်ထောင်သည်ဘဝဟူသည်ကို စိတ်ကူး၍ ကောင်းဆဲမှာပင် ထိုသူသည် အလိုဆန္ဒပြည့်ဝကာ ပြန်လည်နိုးထ သတိရသွားခဲ့သည်။ ထိုအခါ၊ သူမ၏ အိပ်မက်ကို ပြက်ရယ်ပြုကာ သူမဖြစ်လျက်နှင့် အိပ်မက် မက်ရန်ကောဟု ရယ်ဟဟ ဆိုလေသည်။ ထိုအခါမှစကာ၊ သူမသည် ဘဝကို.. ယောကျ်ားတွေကို.. နာကျင် ကြေကွဲတတ်လာ ခဲ့သည်။

သို့နှင့်ပင်၊ ဘဝကိုမကျေနပ်လှစွာ "ပြည့်တန်ဆာ"ဟူသောနာမအတွင်း ပို၍ နစ်မြုပ်နေဖြစ်ခဲ့သည်။ ထိုအချိန် များကမူ သူမသည် အသက်ရှင်သန်ခြင်းမဲ့စွာ လှုပ်ရှားနေသူလိုသာ ဖြစ်နေခဲ့သည်။ သို့သော်၊ ယိုယွင်းစ ပြုနေသော အလှကိုပင် တမက်တမော ထိန်းသိမ်းတတ်သည့် သူမသည် ဘဝကို၊ ယောကျ်ားပူတို့ကို အနိုင်ယူနိုင်သေးသည်ဟု ယူဆကာလည်း သာယာနေမြဲဖြစ်သည်။ ခယခြင်းနှင့် မောက်မာပြင်းထန်ခြင်း ကင်းသော ယောကျ်ားတို့ကို သူမတို့သာတွေ့နိုင်သည်ဟု လွဲမှားစွာခံယူခဲ့သော သူမသည် တည်ငြိမ်သော အိမ်ထောင်သည်ဘဝ ဟူသည် ရှန်းကန်ပင်ပန်း ဆင်းရဲရသော ဒုက္ခတွင်းသာ ဖြစ်သည်ဟုလည်း မှတ်ထင်ခဲ့ပြန်သည်။ မိန်းမပျိုတို့၏ ချစ်သူများ၊ မိန်းမကောင်းတချို့၏ လင်ယောကျ်ားများနှင့် ပူလောင် ပြင်းပြသော ဆန္ဒရှင်ယောကျ်ားများတို့၏ သွေးသားကို သိမ်းပိုက်နိုင်သူဟုလည်း ကြွေးကြော်တတ်ပြန်သည်။ ဘဝခရီးတဝက်ဟာ ဘာသာတော့ ကျေနပ်ပျော်ရွှင်ရတာပဲဟု ရေရွတ်ကာ သူမ လှည့်လည်မြဲ နေခဲ့သည်သာ ဖြစ်သည်။

(၇)

ထိုစဉ်က၊ ယခုလို အရက်သစ်စအချိန်မျိုးတွင် သူမသည် ပင်ပန်းနွမ်းလျစွာ အိပ်ရာမှနိုးထလာခဲ့မြဲဖြစ်သည်။ သူမအနီးတွင် နစ်ချိုက်စွာ အိပ်မောကျနေသူ ယောကျ်ားတဦး(တခါတရံ အမည်ပင်မသိရ)လည်း ရှိနေမြဲ ဖြစ်နေသည်။ ထို့နောက် ၊သူမ ခန္ဓာကို သူမ သန့်ရှင်းစင်ကြယ်စေကာ (သန့်ရှင်းသွားသည်ဟုသူမယူဆသည်။) လှပထည်ဝါဟန် အပြည့်ရှိသော ရုပ်ခန္ဓာကို ပြင်ဆင်သည်။ အမွှေးရနံ့တို့ဖြင့် ခန္ဓာကို ထုံမွှမ်းစေကာ လှပသော မျက်နှာပြင်တွင် အခြယ်အသတို့ဖြင့် တင့်တယ်စေကာ နေ့လယ်လာမည့် ဧည့်သည်ကို မျှော်သည်။ မကြာခဏ လာတတ်သော ဧည့်သည်ကိုပင် ဖြစ်စေ၊ ဧည့်စိမ်းကိုပင်ဖြစ်စေ သူမက အကဲခတ်ကာ ကြိုမြဲဖြစ်သည်။ အလှမာန်ယစ်မူးသူပီသစွာပင် သူမသည် လူတချို့ကိုတော့ ငြင်းဆိုတတ်သည်။ ခေါင်းကိုလှပစွာ ခါယမ်းငြင်းဆန်ပြီး စီးကရက်ငွေ့များမှုတ်ထုတ်ကာ ရယ်ဟဟ ပြုံးရသည်ကိုလည်း သူမမက်မောသည်။ ထို့အတူ၊ လက်ခံ ကျေနပ်ပြန်လျှင်တော့လည်း ချိုလွင်သော ရယ်သံညင်းဖြင့် ကြင်နာဖွယ်အကြည့်တို့ကို သူမက ကျွမ်းကျင်စွာ ဖန်တီးတတ်ပြန်သည်။ သူမ၏ ဘဝနံရံတွင် "သွယ်ဟာ ယောကျ်ားများစွာကို စိုးမိုးနိုင်သူ" ဟူသော အတွေးလွဲက ပဲ့တင်ပြန်ကာ သူမသည် ထိုပဲ့တင်ကိုပင် သာယာသော တေးဂီတသံသဖွယ် နာယူနေတတ်သူလည်းဖြစ်သည်။

(၈)

တခါတရံ သူမ တွေးမိတတ်သည်။ "ငါ မလှတော့တဲ့အခါ..."ဟူသော အတွေးဖြစ်သည်။ ကိုယ့်ကိုယ်ကို ဂရုစိုက်သောသူမသည် ပျက်စီးယိုယွင်းချိန်ကို မေ့ပျောက်နေခဲ့သည်သာများသည်။ "ငါ မလှတော့ရင်"ဟူသော အတွေးဖြင့် အပေါ်ယံ အလှအပကိုသာ

ထိန်းသိမ်းပြုပြင်နေခဲ့သည်။ သူမခိုဝင်ခဲ့သောရင်ခွင်တို့မှ သူမကို အတ္တရာယ်ရောဂါဆိုးပေးနိုင်သည် ဖြစ်သော်လည်း သူမ မေ့ပျောက်နေခဲ့သည်။ ထို့ကြောင့်၊ သူမနှင့်ဘဝ အခြေအနေတူသူတို့ စိုးထိတ်ကြောက်လန့်လေ့ရှိတတ်သော ရောဂါဝေဒနာကိုပင် သူမ မသိကျိုးကျွံပြု နေမြဲခဲ့သည်။ သို့နှင့်ပင်၊ လုပနေလေ့ရှိတတ်သော အရွယ်ကို ကျော်ဖြတ်ခဲ့ပြီးသည့်တိုင် အလှအပ မလျော့ပါးခဲ့သော သူမသည် ထိုဘဝကို တွယ်ဖက်ကာ ပတ်ဝန်းကျင်ကျဉ်းထဲ၌ အချိန်ခရီးများစွာကို အဓိပ္ပါယ်မဲ့ ကုန်ဆုံးစေခဲ့ တော့သည်။

(၉)

သိသိသာသာ ထင်ရှားလာသော ပျက်စီးယိုယွင်းမှုကို စတင်ရင်ဆိုင်ရချိန်တွင်မူ သူမ များစွာ ထိတ်လန့် တော့သည်။ မိမိ တပ်မက်ဖက်တွယ်သော အလှဂုဏ်ကို မစွန့်ပစ်လိုမှု၊ ပိုင်ဆိုင်နေရသော စည်းစိမ်ဥစ္စာတို့ကို တိုးပွားစေလိုသော ဆန္ဒဇောများနှင့်ပင် သူမ၏ ရောဂါဝေဒနာကို ကုသရန် အခန်းတွင်းမှသည် အပြင် လောကသို့ ခဏ ထွက်ခဲ့ရတော့သည်။ ဆေးလုံးပေါင်းများစွာ ဖြတ်သန်းခဲ့ဖူးသော သူမ၏ လည်ချောင်းပြွန် အတွင်းသို့ ပိုမို အစွမ်းထက်သန်သော ဆေးလုံးများစွာတို့ ဆက်တိုက် ဝင်ရောက်ကြရပြန်သည်။ ပိန်လှီ လျော့ရဲစ ပြုလာသော ခါးအောက်ပိုင်းသည် ဆေးထိုးအပ်၏ဒဏ်ကိုပင် မခံမရပ်နိုင် ဖြစ်လာသည်။ သူမ၏ဘဝ မှိန်ဖျော့ချိန်သည် သူမ၏ အခန်းကျယ်ကြီးအတွင်းသို့ ခြေသံပေးကာ ချဉ်းနင်းဝင်ရောက်လာခဲ့သည်။

အခန်းကျယ်ကြီးတွင် ခန်းနားထည်ဝါမှုတို့ မှိန်ဖျော့သည်နှင့်အတူ လျပ်စစ်မီးပွင့်တို့လည်း ပါးလျစ ပြုလာသည်။ ဝေစည်ခဲ့သော အသံဗလံတို့ တိုးသက်ကာ တံခါးခေါက်သံဖွဖွတို့ ကျဲပါးလာသည်။ အခန်းတွင်းမှ ပရိဘောဂတို့နှင့်အတူ သူမ၏ပျော်ပါးဖေါ်တို့ တစတစ ပျောက်ကွယ်သွားကြသည်။ အဖေါ်ဟူ၍ သူမ၏ အလုပ်သမားတစ်ယောက်ပင် မရှိတော့သော အချိန်တွင်မူ သူမသည် ဆေးလုံးများစွာနှင့် အပ်ချွန်ဒဏ်ချက် တို့ကို လုံးဝ ကျောခိုင်းလိုက်တော့သည်။ သက်ဆိုင်လိုသူ မဲ့သွားသော အိမ်ကြီးနှင့် ငွေကြေးအနည်းငယ်ကို အဖေါ်ပြုကာ သူမ၏နေဝင်ချိန်ကို စောင့်ရတော့သည်။ နောင်တ ဟူသည်ကို သူမ စတင် တွေ့ဖူးလာခြင်းလည်း ဖြစ်သည်။

(၁၀)

ယခုတော့လည်း၊ ပက်လက်ကုလားထိုင် အိုနွမ်းနွမ်းနှင့် ဖုန်ထူသော ညှော်ခန်းကျယ်ကြီးသည်သာ သူမ၏ အဖေါ်မွန်များ ဖြစ်နေခဲ့သည်။ နံနက်ဟူ၍၊ ညဟူ၍ ခွဲခြားမရှိသယောင်ဖြစ်သော အခန်းအမှောင်ကြီး အတွင်းတွင် လှုပ်ရှားမှု မဲ့လွန်းစွာ၊ သူမ နေနေရသည်။ ယခင်က ညှော်သည်မျှော်ခဲ့သော သူမသည် ယခုမူ ငြိမ်းချမ်းရာဒေသကိုသာ မျှော်ရတော့သည်။ နေ့နေ့ညညတို့တွင်လည်း အိပ်သောအိပ်မက်များနှင့် မအိပ်သော

အိပ်မက်များမြင်မက်ကာ အိပ်မက်အတွင်းမှာသာ ခရီးသွားနေရသူလည်း ဖြစ်တတ်ပြန်ပါသည်။ မွန်းကျပ်စွာ အသက်ရှူနေရသည့်အကြားမှပင် သူမသည် အောင်မြင်သော ဘဝဟူသည်ကို အိပ်မက်နေတတ် ပြန်သေး သည်။ "လိမ်လိမ်မာမာ ဆင်ဆင်ခြင်ခြင် နေလိုက်ရင် အန်တီ လုံးဝ နေကောင်းသွားမှာပါ" ဟူသော ဆရာဝန် လူငယ်လေး၏ ကြင်နာစွာသော အားပေးချွေးသိပ်စကားသံကို ယုံကြည်ဟန်ဆောင်ကာ သူမသည် အိပ်မက် များစွာကို ဖန်တီးနေတတ်ပြန်သည်။ ထိုသို့ပင် အိပ်မက်များစွာ.. စိတ်ကူးယဉ် အတွေးများစွာထဲတွင် နစ်မျော ကာ၊ သူမ၏ဘဝပျက်ချိန်ကို ဖြတ်ကျော်နေရသူလည်း ဖြစ်ပါသည်။

(၁၁)

နေ့စဉ်ပင်၊ သူမသည် ရောက်လာမည်ဟု မရေရာသော အနာဂတ်ခရီးကိုလည်း စိတ်ကူးယဉ် ဖြတ်သန်း ကြည့် တတ်ပါသည်။ အနာဂတ်အိပ်မက်တွင် ရောဂါတို့ကင်းပ၍ ပြန်လည် လှပစိုပြေလာသော ဘဝရှိပါသည်။ ထိုဘဝတွင် သူမသည် အခန်းကျယ်ကြီးကို စွန့်ကာ (သူမ၏ပြီးဆုံးခဲ့သော ဘဝညစ်ကို ဖျောက်နိုင်သည် ဟုလည်း မှတ်ယူကာ) ဘဝသစ်တစ်ခုဆီသို့ သွားမည်။ ထိုဘဝတွင် ငြိမ်းချမ်းသာယာမှုရှိမည်။ ခင်ပွန်းသည် ကောင်းတစ်ဦး မရှိလျှင်သော်မှ နစ်လိုဖွယ်မိတ်ဆွေ တစ်ဦးနှစ်ဦးရှိလျှင် ပြည့်စုံနိုင်ပါသည်။ ထိုကာလတွင် သူမဘဝ၌ နေခြည်သာတို့ လင်းလက်ဖိတ်ပြက်သော ဧည့်ခန်းကျဉ်းကလေးပါရှိသည့် အိမ်ကလေးတစ်လုံး ရှိပါမည်။ ထိုအခန်းကျဉ်းထဲတွင် တရားဓမ္မသံတို့ကို ဝေစည်စေမည်။ ယခင်က အပူပြုံးများ၊ အပူနံ့များ၊ အပူသံ များသာ လွှမ်းခဲ့ရသောသူမ၏ ညများတွင် အမွှေးတိုင်ရနံ့များ ဆီမီးရောင်နှင့် ဘုရားရှင်ကို ကပ်လှူပူဇော်သည့် ပန်းရနံ့သာ ဖုံးလွှမ်းစေမည်။ "ပူပြင်းသော အလှရှင်သွယ်" ဘဝကို မှောင်မိုက်ပျောက်ကွယ်စေကာ "အေးချမ်းသော တရားရှင်သွယ်" ဘဝကို ပြုစုမည်။ သို့နှင့်ပင် သွက်လက်ရှင်သန်မည့် ဘဝတစ်ခုကို အိပ်မက် မက်မိပြန်လေသည်။

(၁၂)

ခင်ပွန်းကောင်းတစ်ဦးနှင့်လည်း ရှေ့ခရီးကို သွားလိုမိပြန်သည်။ လှပခဲ့သော သွယ်သည် ပြန်လည် ကျန်းမာလာ သောအခါတွင်လည်း လှပနေနိုင်သေးသည်ဖြစ်ရာ လှပလိမ္မာသည့် အိမ်ထောင်ရှင်မဟူသောဘဝကို တပ်မက် မိပြန်သည်။ ခင်ပွန်းသည်၏ လက်ကိုတွဲကာ ပတ်ဝန်းကျင်ကြီးကြီးတစ်ခုအတွင်းသို့ ဝင်ရောက်လိုသေးသည်။ ဘဝ အတွေ့အကြုံများကြောင့် ရင့်ကျက်လိမ္မာခဲ့ပြီဖြစ်သော သူမသည် လောကသစ်တွင်လည်း မင်းမူနိုင်လိမ့် မည်ဟု ယူဆပြန်သည်။ ခင်ပွန်းသည်အတွက် သားသမီးများစွာ ပေးဆက်ကာ မိခင်ကောင်းတစ်ယောက် ဖြစ်လိုပါသေးသည်။ ကုန်လွန်ခဲ့သော ဘဝညစ်မှ သွယ်၏အရိပ်ကို ဖုံးလွှမ်းပစ်နိုင်သော 'သွယ်' ဖြစ်စေရမည် ဟုလည်း

ကြွေးကျော်မိပြန်သည်။ သို့နှင့်ပင်၊ မက်မောဖွယ်ဘဝတစ်ခုကို အိပ်မက်ကာလည်း ကျေနပ်နေ တတ်သည်။

(၁၃)

အခန်းကျယ်မှောင်အုံ့အုံ့သည် သူမ၏ဘဝနှင့် ထပ်တူပင်ဖြစ်သည်ဟု သူမ တွေးနေဖြစ်သည်။ အခန်းကျယ် အတွင်းသို့ ထိုးထွင်းဝင်ရောက်လာသော နေခြည်သာတို့ကို ကြည့်ငေးကာ နေရောင်ခြည်တချို့ကဲ့သို့ အလင်းရောင်ဖြာသည့် ဘဝတစ်ခုကို သူမ မျှော်လင့်နေခဲ့သည်။ ပြည့်တန်ဆာဟူသော ပညတ်ချက်ကို တံခါးအဖြစ် ပိတ်ကာ နေခဲ့သော သူမ၏ဘဝအတွင်းသို့ နေခြည်နှင့် သာယာမှုတစုံတရာ ဝင်ရောက်လာမည့်အချိန်ကို ရူးသွပ်မိုက်မဲစွာ မျှော်လင့်နေခြင်းလည်း ဖြစ် သည်။ ယခုတိုင် လွတ်မြောက်အေးချမ်းသော ဘဝကိုမရနိုင်သေးသည့် သူမ သည် ကျော်ဖြတ်ခဲ့ရသော ဘဝကို ငြီးငွေ့စွာ၊ ကျော်ဖြတ်ရမည်ဟု မသေချာ သော ဘဝကို မျှော်လင့်စွာ၊ အခန်းကျယ်ကြီးအတွင်းတွင် ငြိမ်သက်စွာ လွင့်မျောလျက် ရှိနေလေသည်။

မေငြိမ်း (ပေဖူးလွှာမဂ္ဂဇင်း၊ ၁၉၈၇-အောက်တိုဘာ)



## မုန်တိုင်းရဲ့ ကျောရိုး



ယောက်ျားအများစုဟာ သိပ်ရယ်စရာကောင်းတယ်လို့ ကျမပြောရင် ရှင်က မျက်လုံးပြူးတွေနဲ့ ကျမကို မကျေမနပ် ကြည့်ဦးမှာပါပဲ။ ပြီးခဲ့တဲ့ တစ်နှစ်ကျော်လောက်က ဆိုရင်တော့ ကျမကို မကျေမနပ်နဲ့ ရှင့်ရဲ့ ကြီးကျယ်ခမ်းနားတဲ့ စကားလုံးပြင်းတွေနဲ့ ကျမကို ပစ်ပေါက်မှာပေါ့။ ခုတော့ မကျေမနပ်နဲ့ ကြည့်ပြီး ရှင် အခန်းထဲက လှည့်ထွက်မယ်။ တံခါးကို အပြင်းထန်ဆုံး တွန်းပိတ်မယ်။ နောက်ဆုံး ကားကို အရှိန်အမြင့်ဆုံးနဲ့ မောင်းပြီး ကျမနဲ့ဝေးရာ အရက်ဆိုင်တစ်ခုခု ဒါမှမဟုတ် မိန်းမငယ်တစ်ယောက်ယောက်ဆီ ရှင်သွားမယ်.. ဒါပဲမဟုတ်လား.. ကိုအောင်ရဲ။ နှစ်နှစ်ကျော်ပေါင်းခဲ့တဲ့ ယောက်ျား တစ်ယောက်အကြောင်း သူ့မိန်းမသိတာ မဆန်းပါဘူးနော်။ ဒါပေမဲ့ ရှင် စိတ်မဆိုးပါနဲ့ ကိုအောင်ရဲ။ ရှင်တို့ယောက်ျားအများစုဟာ တကယ့်ကို ရယ်စရာကောင်း တာပါ။

ကြည့်လေ၊ ရှင်ဆို ကိုယ်တိုင်က ထက်မြက်မာကျောတဲ့ မိန်းမကို သဘောကျတယ်ဆိုပြီး ကျမကို ပိုင်ဆိုင်ဖို့ ကြိုးစားခဲ့တယ်။ ဟော... ဒီကနေ့ကျတော့ "မင်းဟာ မာနကြီးလွန်း၊ မာကျောလွန်းတယ် ထရီဇာ၊ ကိုယ်ဟာ ယောက်ျား၊ အိမ်ထောင်ဦးစီး၊ ပြီးတော့ မင်းရဲ့ရှေ့က ရပ်တည်ဖို့ အရည်အချင်း အပြည့် ရှိတယ်။ နေရာတကာ ကိုယ့်ကိုလွှမ်းမိုးတာ ကိုယ်မခံယူနိုင်ဘူး ထရီဇာ"လို့ ပြောလာပြန်တယ်။ ကျမကို ရှင် အဲဒီလို ပြောတိုင်း ကျမ စဉ်းစားတယ်။ ကိုယ့်ကိုယ်ကို ပြန်ကြည့်တယ်။ ကျမကတော့ နဂို 'ထရီဇာဘဦး' ကနေ 'ထရီဇာအောင်ရဲ' ဖြစ်လာတာသာ ရှိမယ်။ ကျမရဲ့ စရိုက်၊ ဗီဇ၊ အမူအယာ၊ အပြင်အဆင်တွေကတော့ ဘယ်လိုမှ မပြောင်းလဲခဲ့ဘူး ထင်တာပဲ။ ထင်တယ်ဆိုတာထက် ယုံကြည်တယ်။ ထရီဇာဆိုတဲ့ မိန်းမက နဂိုကတည်းက ထုံထိုင်းတဲ့ မိန်းမမှ မဟုတ်ဘဲ ကိုအောင်ရဲ။ ရှင်နဲ့ရင်ပေါင်တန်းပြီး နိုင်ငံတကာရေးရာတွေ၊ နိုင်ငံတကာစာပေယဉ်ကျေးမှု တွေ၊ ဆွေးနွေးနေခဲ့တဲ့ မိန်းမလေ။ ရှင် အင်မတန် မက်မော မြတ်နိုးတယ်ဆိုတဲ့ အရည်အချင်းတွေရှိပါတယ်ဆိုတဲ့ ရှင့်ရဲ့မိန်းမပဲ။ ပိုပြီး တိတိကျကျ ပြောရရင် ရည်းစားတွေ

အများကြီးထဲက ရှင် ဆန်ကာတင်ရွေးခဲ့တဲ့ မိန်းမပဲ။ ခုတော့ ရှင်မြတ်နိုးပါတယ်လို့ ပြောခဲ့တဲ့ ထက်မြက်မာကျောမှုကိုပဲ ရှင်က မကြိုက်ပြန်ဘူးတဲ့။ ရှင်ကသာ စိတ်မှုမမှန်ခဲ့တာပဲ။ ဖေါက်ပြန်ခဲ့တာပဲ ကိုအောင်ရဲရယ်။ ကဲ.. ရှင် ရယ်စရာကောင်းမနေဘူးလား... ကိုအောင်ရဲ ။ ကျမကတော့ ကိုယ်က မှန်ပါလျက်နဲ့မှ ယောက်ျားက အပြစ်မြင်ရက်တယ်ဆိုပြီး ထိခိုက် ကြေကွဲနေမယ့် မိန်းမမျိုးမဟုတ်လေတော့ ရယ်ချင်တာပဲ သိတာပေါ့ ကိုအောင်ရဲရယ် နော ... ။

+++++

ကျမဟာ စကားတစ်ခွန်းကို ဘယ်တော့မှ လက်လွတ်စပယ် မပြောတတ်ဘူးလေ ကိုအောင်ရဲ။ ပြီးတော့ ကျမစကားကို သူများလက်ခံအောင် အမြဲတမ်းအချက်အလက်ပိုင်မှ ပြောတတ်တယ်မဟုတ်လား။ (ကျမ သတိရသေးတယ်၊ အဲဒီလို ကျမ စကားပြော ကျွမ်းကျင်တာကိုလည်း ရှင်သဘောကျတယ်လို့ ဆိုခဲ့တာကိုး)။ ကျမရင်ထဲမှာလေ ရှင့်ကိုပြောချင်တဲ့စကားတွေ အများကြီးပဲ ကိုအောင်ရဲရယ်။ ခုလို စကားမှ ဟဟ မပြောကြ တော့တဲ့ အခြေအနေ ကြာလာလေ ပိုပြောချင်လာလေပဲ။ မပြောရတော့လည်း အဲဒီနာကျင် စကားလုံးတွေက ကျမရင်ထဲမှာ ပေါက်ကွဲနေပြန်ရော။

ကိုဝေလင်းကို ရှင်မှတ်မိတယ်မဟုတ်လား ကိုအောင်ရဲ။ ရှင်နဲ့ကျမ အိမ်ထောင်သက် တစ်နှစ်ကျော် ကာလ၊ တိတိကျကျပြောရရင် ရှင်နဲ့ ကျမရဲ့ ပဋိပက္ခဘဝ စနေပြီဖြစ်တဲ့ အချိန်မှာ (ရှင့်ကိုရွဲ့ပြီး) ကျမ ပထမဦးဆုံး တွဲခဲ့တဲ့ အမျိုးသားလေ။ ရှင် ကျမကို ကမ်းလှမ်းမလာခင်ကတည်းက သူက ကျမကို ပရိုပို့စ်လုပ်ဖူးခဲ့တာ။ နောက်ကျမှ ပြန်တွေ့ တွဲဖြစ်ခဲ့ကြတာ။ ကျမက သိပ်လှတယ်လို့ ကျော်ကြားတယ်မဟုတ်လား။ သူက အလုကိုးကွယ်သူလေ။ ဆိုပါတော့... သူက ကျမကိုချစ်နေတုန်းပါပဲလို့ ပြောလာတော့ ကျမကလည်း ရှင်နဲ့အဆင်မပြေလို့ စိတ်ရှုပ်နေတဲ့အချိန်။ ကိုဝေလင်းနဲ့ ကျမ မွေးနေ့ပွဲတွေ၊ ညှော်ခံပွဲတွေ၊ ရုပ်ရှင်တွေ၊ ပစ်ကနစ်တွေမှာ တွဲဖြစ်ခဲ့တယ်။ တွဲလာခဲ့ပြီး သုံးလ မပြည့်တပြည့်မှာ ရှင့်ကိုကွာရှင်းပြီး သူ့ကိုလက်ထပ်ဖို့ တောင်းဆိုလာတယ်။ ကျမ စဉ်းစားမယ်လို့ ပြန်ပြောဖြစ်ခဲ့တယ်။ အဲဒီနောက်ပိုင်း သူ ကျမအပေါ် နည်းနည်း ပိုင်စိုးပိုင်နင်း ဆန်လာတယ်။ (ရှင်တို့ယောက်ျားအများစုရဲ့ ထုံးစံအတိုင်းပေါ့ ကိုအောင်ရဲ)။ ကျမဟာ ထူးပြီး ယိုယွင်း လျော့ရဲစရာမရှိတော့တဲ့ မိန်းမပဲလို့ သူယူဆပြီး ကျမခန္ဓာကို ထိပါးဖို့ ကြိုးစားလာတယ်။ ဒီတုန်းက ကျမ တော်တော် ရှက်သွားတယ်။ ပြီးတော့ ရှင့်ကို သတိရနေခဲ့တယ်။ ကျမ အပြင်းအထန် ငြင်းပစ်လိုက်တယ်။ သူလည်း ရှက်သွားပုံရတယ်။

နောက်ပိုင်းကျတော့ ကျမ အလှပြင်တာကို သူမကြိုက်ဘူး။ ယောက်ျားတွေနဲ့ စကားမပြောစေချင်ဘူး ဆိုတာတွေ ဖြစ်လာတဲ့အချိန်မှာတော့ ကျမ ရယ်ချင်စ ပြုလာခဲ့တယ်။ နောက်ဆုံး "ထရီဇာ့ကို ဘယ်သူ ကြည့်တာမှ မကြိုက်ဘူးကွယ်" လို့ တတွတ်တွတ် (နားငြီးလောက်အောင်)ပြောလာတဲ့အခါလည်းကျရော... ကျမ

သိပ်ရယ်ချင်သွားရော။ ကြည့်ပါဦး ကိုအောင်ရဲရယ်၊ သူတောင် အပျိုဘဝမှာရော၊ အိမ်ထောင်သည် ဘဝမှာပါ မက်မောခဲ့ပါတယ်ဆိုတဲ့ ကျမရဲ့အလှအပကို သူပဲ ဖျက်လိုဖျက်ဆီး လုပ်လာတယ်။ ကျမ မွမ်းမံ ထိန်းသိမ်းခဲ့လို့ပဲ သူ့အပါအဝင် လူအတော်များများကို လွှမ်းမိုးလွှန်းတဲ့ သိပ်လှတဲ့ မိန်းမလို့ နာမည်ကျော်ခဲ့တာပဲ ဟာ။ နာမည်ရင်း အေးအေးဦးထက် သီချင်းဆိုတဲ့၊ ကဗျာရေးတဲ့ (ငယ်နာမည်လည်းဖြစ်တဲ့) ထရီဇာဆိုတဲ့ နာမည်ကသာ ပိုပြီး ထင်ရှားခဲ့ တာရော… ကျမကိုယ်ကျမ အရောင်တင်နိုင်လွန်းလို့ပဲ မဟုတ်လား။ ကျမကိုယ် ကျမ ဘယ်လောက်မြတ်နိုးတယ်ဆိုတာ ကျမ အသိဆုံးပဲလေ။ အဲဒီမှာတင် ကျမ ကိုဝေလင်းကို ပြတ်ပြတ် သားသား ခွဲခွာဖြစ်ခဲ့တယ်။ ကျမ ထင်ပါတယ်၊ အဲဒီတုန်းက ရှင်ကသာ ယမင်းနဲ့ တွဲမနေခဲ့ရင် ကျမလည်း ကိုဝေလင်းနဲ့ ပတ်သက်ဖြစ်မှာ မဟုတ်ဘူးလို့။

+++++



ထရီဇာဆိုတဲ့ နာမည်ဟာ တက္ကသိုလ်ဝန်းကျင်မှာ သိပ်လွှမ်းမိုးဖူးခဲ့တယ်နော်။ ကျောင်းသူဘဝမှာ အလှဘုရင်မ လို့ ကျော်ကြားခဲ့တဲ့ ကျမဟာ လှတယ်၊ ထက်တယ်၊ ချမ်းသာတယ် ဆိုပြီး လူစိတ်ဝင်စားတာကို ခံယူရရုံနဲ့ အားမရ၊ မကျေနပ်နိုင်လေတော့ ဖိုင်နယ်ရီးယားမှာ စာအပြင်းအထန်ကျက်ပြီး ဂုဏ်ထူးတန်း တက်ခွင့်ရအောင် ရယူနိုင်ခဲ့တယ်။ ပြီးကျတော့ ကျူတာဝင်ဖြေပြီး အောင်ခဲ့ပြန်ရော။

ဆရာမဘဝမှာလည်းထရီဇာက နာမည်ကျော်ပြန်တာပေါ့။ တက္ကသိုလ်ရဲ့ ကဗျာလောကထဲမှာလည်း ထရီဇာဟာ မှတ်တိုင်လေးတစ်ခု ဖြစ်နိုင်ခဲ့တာပဲ။ ကဗျာလောကထဲမှာ ကဗျာသမားပုံစံနဲ့ နည်းနည်းလေးမှ မတူတဲ့ ကျမဟာ ထူးခြားနေခဲ့တယ်။ ရှိတဲ့မိန်းကလေး ကဗျာသည်တွေကလည်း ဆံပင်ရှည်ကြီးတွေနဲ့၊ သနပ်ခါး မလိမ်း၊ နှုတ်ခမ်းပါးနီမဆိုး၊ ရုပ်အကျႌခပ်နွမ်းနွမ်းတွေနဲ့။ အဲဒီအထဲမှာ ကမ ထင်ပေါ်ခဲ့တာ မဆန်းပါဘူး။ ဒါပေမဲ့ ဒါကိုပဲ ထူးဆန်းသလို လူတွေက ကြည့်ကြတယ်။ တကယ်ထူးဆန်းတာက ဒီလောက် အလှအပ ကြိုက်ပြီး ချမ်းသာတဲ့ ထရီဇာဆိုတဲ့ မိန်းမရဲ့

အသည်းနှလုံးနဲ့ ဦးနှောက်ထဲမှာ ယောက်ျားတွေနဲ့ ရင်ဘောင်တန်းနိုင်တဲ့ ကဗျာဗီဇတွေ ရှိနေတာ။ ပြီး ရှင်တို့အဆိုအရ အင်မတန် ထက်မြက်မာကျောတဲ့၊ သွက်လက်တောက်ပတဲ့ ထရီဇာမှာ အင်မတန် သိမ်မွေ့နက်ရှိုင်းတဲ့ အနုသဉ္စေတွေ ရှိနေတာကမှ ထူးခြားသင့်တယ်လို့ ကျမ ထင်တယ်၊ ပြီးတော့ ကျမက အဲလိုပဲ ဖြစ်စေချင်တယ်။ အဲသလို ထူးထူးခြားခြား မိန်းမတစ်ယောက် ဖြစ်အောင် ကျမက ကိုယ့်ကိုယ်ကို ပုံသွင်း မွေးမြူခဲ့တာကြောင့်လည်း ကျမရဲ့ အရည်အချင်းတွေကို ဘယ်အရာနဲ့မှ မလဲနိုင်အောင် (ရှင်နဲ့တောင် မလဲနိုင်အောင်) ကျမ မြတ်နိုးတွယ်ဖက်ထားတာပေါ့... ကိုအောင်ရဲရယ်။

+++++

ရှင်နဲ့ မိန်းမတစ်ယောက်တွဲနေတယ်လို့ သတင်းထွက်လာပြန်တယ်။ ထွေးထွေး...တဲ့။ ဟိုးအရင်ကတည်းက ရှိခဲ့တဲ့ ရှင့်သတင်းမျိုးမို့ ကျမ သိပ်တော့ မစိုးရိမ်ခဲ့ဘူး။ အဲဒီတလောမှာ လက်ကမ်းကဗျာစာအုပ်တအုပ် ထုတ်ဖို့ ပြင်နေရတဲ့ ကိစ္စတွေထဲမှာ နစ်နေခဲ့တယ်။ ကိုယ်တိုင် ကားမောင်းကျောင်းတက်နိုင်တဲ့ ကျမဟာ တစ်ကျပ် ပြည့်အောင် အရင်းမရှိတဲ့ လက်ကမ်းကဗျာတစ်ရွက်ကို အင်မတန်မြတ်နိုးတာကိုတော့ ရှင်ခုထိ သဘော ကျဦးမယ်ထင်တာပဲ ကိုအောင်ရဲ။ ဘာလို့ဆို ဒီလိုမြတ်နိုးတတ်လို့လည်း ဘယ်ယောက်ျားကိုမှ ရင်မခုန် သဘောမကျခဲ့တဲ့ ကျမက ရှင့်ကို ရှင့်ကဗျာတွေကြောင့်သာ (သိပ်ရင်မခုန်ပေမဲ့) သဘောကျခဲ့ရတာ မဟုတ် လား။ ရှင့်ရဲ့ ကဗျာစိတ်ကိုတော့ ကျမ တကယ် မြတ်နိုးတာပါ ကိုအောင်ရဲ။ ရှင့်ရဲ့ ကဗျာအယူအဆ၊ ကဗျာ အပေါ်အမြင်နဲ့ ရှင်ကြိုးစားဆန်းသစ်နေတဲ့ ကဗျာ ရေစီးကြောင်းတွေကို ကျမသိပ်ကြိုက်ခဲ့တာပဲ။

ရှင်နောက်တစ်ယောက် ပြောင်းသွားပြန်တယ်။ မေမီတဲ့။ ကျမစိတ်ထဲ နည်းနည်း ရှိုးသွားတယ်။ အဲဒီ ကာလမှာ ကျမတွေးတယ်၊ ရှင်နဲ့ ကွာရှင်းလိုက်ရင်ရင် ကောင်းမယ်ပေါ့။ လွတ်လပ်တဲ့ ဘဝမှာ ကျမရဲ့ သရဖူကို ပိုပြီး အရောင်တင်လို့ကောင်းမယ်လို့ ယူဆတယ်။ ဒါပေမဲ့ နှစ်ဘက်မိဘများကို ငဲ့ကြည့်မိပြန်တယ်။ နှစ်ယောက် စလုံးက ကိုယ့်သဘောနဲ့ကိုယ် လက်ထပ်မယ်လို့ ဆုံးဖြတ်တာကို လိုက်လျောညီထွေရှိတယ်လို့ အလွယ်တကူ ခွင့်ပြုခဲ့တဲ့ မိဘတွေမို့ ကျမ ငဲ့သင့်တယ်လေ။ ဒါပေမဲ့ ရှင် အဲဒီလို တွဲနေတာကြောင့် ကျမရဲ့ သိက္ခာ ပွန်းရတာ ကိုလည်း စိတ်က သိပ်လက်မခံချင်ပြန်ဘူး။ အဲဒီမှာတင် ကဗျာသမားတွေထဲက ကျော်ကျော်ဆိုတဲ့ ချာတိတ်နဲ့ တွေ့တယ်။ ကဗျာရူးကလေးကလည်းဖြစ်တော့ ကျမရဲ့ အလှအပကို ကိုးကွယ်ချင်ပြန်သတဲ့။ ဒီလိုနဲ့ ကျမအတွက် ကျော်ကျော်ဟာ အဖော်ကောင်း ဖြစ်လာတယ်။ ကျမလည်း ရှင့်ကို တုံ့ပြန်ရလို့ ကျေနပ်။ သူလည်း မမကဗျာ တွေ တစ်လှေကြီး ရပေါ့။

ကြာတော့ ယောက်ျားတွေရဲ့အားနည်းချက်ဟာ အသက်ကြီးတာ ငယ်တာနဲ့ မဆိုင်မှန်း သိလာတယ်။ နှစ်ဆယ့် သုံးနှစ်သာ ရှိသေးတဲ့ ကျော်ကျော်ဟာ ကျမလို အသက်၂၇နှစ်ရှိနေပြီဖြစ်တဲ့ အိမ်ထောင်သည်မိန်းမကို သူနဲ့ လက်ထပ်ရမယ်လို့

ခြိမ်းခြောက်လာရဲ့။ အသည်းကွဲသံတွေနဲ့ ကျမကို အရေးဆိုတာပေါ့။ အရက်တွေ မူးပြီး သူ ကျမရှေ့မှာ လာငိုတဲ့တစ်နေ့ကျတော့ ကျမ သူ့ကို အပြီးသတ် နှုတ်ဆက် ဖြစ်လိုက်တော့တယ်။ ယောကျ်ား ဆိုတာကို တော်တော် စိတ်ပျက်သွားခဲ့တယ် ကိုအောင်ရဲ့။

ကျမရဲ့စိတ် ဟိုးနက်နက်တစ်နေရာမှာတော့ သိမ်းထားတဲ့ အကြောင်းအရာတစ်ခု ရှိနေတယ်။ အဲဒါဟာ တကယ် တော့ ရှင့်ကိုပြောလို့ မဖြစ်ဘူး။ ဒါပေမဲ့ ရင်ထဲမှာလည်း ရှိနေတယ်။ ဘာလဲဆိုတော့ သေချာတာကပေါ့လေ၊ ကျမဘဝမှာ ရှင့်လောက် သဘောကျရတဲ့ ယောကျ်ား မတွေ့ဖူးသေးဘူး ဆိုတာပါပဲ။ အဲဒါကြောင့် ရှင်သိလို့ မဖြစ်ဘူးလို့ ပြောတာပဲ။ ဘာလို့ဆို ရှင့်ကို ကျမ အတိုင်းအတာတစ်ခုထိ ရင်ထဲမှာထားခဲ့တယ်ဆိုတာ ရှင်သိရင် စိတ်ပိုင်းဆိုင်ရာအရ ကျမ ရှင့်ကိုရှုံးမှာပေါ့။ ထရီဇာဟာ ဘယ်တော့မှ မရှုံးရဘူး ကိုအောင်ရဲ ... သိလား။ ကျမ အရှုံးမခံနိုင်ဘူး... ။

+++++

ရှင် နဲ့ မေမီ၊ ကျမ နဲ့ ကျော်ကျော်တို့ရဲ့ ကာလမှာပဲ ရှင် နဲ့ ကျမ လုံးဝစကားမပြောတော့ဘဲ တစ်ယောက်မျက်နှာ တစ်ယောက် မကြည့်ကြတော့တဲ့ အိမ်ထောင်ဖက်တွေ ဖြစ်သွားကြ တယ်နော်။ တကယ်ဆို ဘာကြောင့်ရယ်လို့ ရေရေလည်လည် ပြောပြလို့မရတဲ့ ကိစ္စ ကလေးတွေပါ။ ကျမ အံ့ဩမိတယ်။ ရှင်နဲ့ ကျမ ပစ္စည်းရှိတဲ့ ပမာဏလည်း အတူတူပဲ၊ မိဘအရှိန်အဝါလည်း တန်းတူပဲ။ ပညာအရည်အချင်းနဲ့ အလုပ်အကိုင်တောင် အတူတူပဲ။ နောက်ဆုံး ကလေးဆန်ဆန်ပြောရရင် ပေါ်ပြူလာဖြစ်တာချင်းတောင် အတူတူပဲ မဟုတ်လား။ လူတိုင်းက ကျမတို့နှစ်ယောက်ကို အားကျ ကျေနပ်ခဲ့ကြတာလည်း ရှင်အသိပဲ။ ရှင်နဲ့ကျမ ဝါသနာတူ၊ ဗီဇတူ၊ ဘာလိုသေးလဲ ကိုအောင်ရဲ့။ ဩော်... နောက်ဆုံးအကြိမ် ပြဿနာဖြစ်ကြတုန်းက ရှင်ပြောသလို "မာနပါတူတာ ခက်တယ် ထရီဇာ" ဆိုတာပဲ ဖြစ်မယ်နော်။

"မင်းဟာ မိန်းမ၊ မိန်းမဟာ ယောကျ်ားရဲ့ နောက်လိုက်ပဲ၊ မင်းကို ကိုယ် အင်မတန် ချစ်ခဲ့၊ မြတ်နိုးခဲ့တယ်၊ ဒါနဲ့တပြိုင်တည်းပဲ ကိုယ်မင်းကို ယောကျ်ားပီပီ ဦးဆောင်ချင်တယ်၊ တစ်ယောက် က ဗိုလ်ဆိုရင် တစ်ယောက်က နောက်လိုက်ပဲ ဖြစ်ရမယ်၊ ဒီတော့ ပြောပါ ... ထရီဇာ မင်း ဗိုလ်လုပ်မလား၊ နောက်လိုက်လုပ်မလား"

အဲဒီလို ရှင်ပြောလာတော့ ကျမ သိပ်တုန်လှုပ်သွားတယ်။ ကျမဘဝမှာ ရှင့်ကို အိမ်ဦးနတ် အရာထားခဲ့တာ ကျမအသိဆုံးပေါ့။ ကိုယ့်ယောကျ်ားကို "မိုင်ပက်တ်(My pet)"လို့ ပြောတတ်တဲ့ မိန်းမစားတွေ၊ "တို့ယောကျ်ားက တို့သေဆို သေ၊ ရှင်ဆို ရှင်ပဲ" လို့ ပြောတတ်တဲ့ မိန်းမတွေကို အင်မတန် စက်ဆုပ်တဲ့ မိန်းမပဲ။ ခု ရှင်က ဒီလို ပြောလာတော့

ကျမအံ့သြမှုကြောင့်တုန်လှုပ်သွားတာပေါ့။

"နေပါဦး ဒါလင်၊ ခုချိန်ထိ ထရီဇာ ဒါလင့်ကို မတိုင်ပင်ဘဲ အိမ်ဖော်ခန့်တာက အစ၊ ကဗျာစာအုပ် ထုတ်တာအထိ လုပ်ဖူးလား၊ ပြီးတော့ ဒါလင့်ကို မစောင့်ဘဲ ထမင်းတောင် စားဖူးရဲ့လား၊ စိတ်ဆိုးပြီးတော့ အော်ဖူးလား၊ ယူတွေ အိုင်တွေနဲ့တောင် မပြောခဲ့ပါဘူး ဒါလင်...၊ တစ်ယောက်နဲ့ တစ်ယောက် ဘဝအဖော်တွေအဖြစ် လက်ခံခဲ့ပြီးကတည်းက ထရီဇာ ဒါလင့်ကို အိမ်ဦးနတ်အနေနဲ့ ရှိသေခဲ့တယ်လို့ ယုံကြည်တာပဲ"
လို့ ကျမ ပြန်ပြော တော့ ရှင်က ကျမကို မျက်လုံးပြူးပြီး ကြည့်လာပြန်ရော။ ပြီးတော့...
"မသိဘူးလား ထရီဇာ၊ မင်းကိုယ့်ကို ခွင့်တောင်းတာမဟုတ်ဘူး၊ တိုင်ပင်တာမဟုတ်ဘူး၊ အသိပေးတာ သက်သက်ပဲဆိုတာ၊ ကဗျာစာအုပ်ထုတ်ရမလားလို့ ပြောတာမှ မဟုတ်ဘဲ၊ ကဗျာစာအုပ်ထုတ်မလို့-လို့ အသိပေးတာပဲ။ ပြောတာကတော့ လေအေးအေးနဲ့ပါပဲ၊ ဒါပေမဲ့ ခံရတဲ့ကောင်က မသက်သာဘူး ထရီဇာ၊ ဒီမှာ ကိုယ် လိုချင်တာက ရက်စ် အော် နီး၊ ဘလက် အန် ဝှိုက်တ် ပဲ။ ကဲ... ပြောပါ၊ ခင်ဗျား မိုလ်လုပ်မလား၊ နောက်လိုက်လုပ်မှာလား"

ရှင်အဲလိုပြောရင် ကျမရဲ့ မခံချင်စိတ်တွေ ရောက်လာရော။ အဲလောက်တောင် နားမလည်ချက် ဆိုးလှချည် ကောလို့ တွေးမိရင်း...

"ဒါလင်ပြောတာကို ထရီဇာ လက်မခံနိုင်သေးတာ ခက်တယ်၊ တစ်ယောက်နဲ့ တစ်ယောက် အပေး အယူမျှရမယ့် လင်မယားဘဝပါ ဒါလင်ရဲ့။ တပ်ဖွဲ့တစ်ဖွဲ့မဟုတ်ပါဘူး၊ မိုလ်တွေ၊ ရဲဘော်တွေ မလိုပါဘူး၊ ထရီဇာ့ကို စိတ်ညစ်အောင် မလုပ်ပါနဲ့"
လို့ပဲ ပြန်ပြောခဲ့တယ်။

ရှင်ကတော့ ဒေါသမပြေပါဘူး၊ နီရဲခက်ထန်တဲ့ မျက်လုံးတွေနဲ့ ကျမကို စိုက်ကြည့်ပြီး....

"ပြီးတာပါပဲ ထရီဇာ၊ ကိုယ်နဲ့မင်း ညှိမရပါဘူး၊ ဒီတော့ အကောင်းဆုံးကို စဉ်းစားထားပါ၊ တို့တစ်ခုခု ရင်ဆိုင်ပစ်လိုက်တာ ကောင်းပါတယ်၊ ဟုတ်လား"

လို့ပြောပြီး ရှင် ထွက်သွားခဲ့တယ်။ နောက် တစ်လနဲ့ငါးရက်တိတိကြာမှ အိမ်ကို ပြန်လာခဲ့တယ်နော်။ ခရီး မထွက်၊ အလုပ်သွားမပျက်ပါဘဲနဲ့ ရှင် ကျမနဲ့ အဝေးမှာ နေခဲ့တယ်။ ခင်ပွန်းသည်ကို မျက်နှာချင်းဆိုင်တွေ့ရလို့မှ ပြုံးပြမရ၊ နှုတ်ဆက်မရတဲ့ မိန်းမတစ်ယောက်အနေနဲ့ ကျမ ရှင်ပြန်အလာကို စောင့်နေခဲ့တယ်။ သိပ်လည်း သတိရနေခဲ့တယ် ကိုအောင်ရဲ၊ (ရှင်ကတော့ မယုံဘူးလို့ ပြောဦးမှာပါပဲ)။

အဲဒီပြဿနာဟာ ကျမတို့နှစ်ယောက်ရဲ့ အပြင်းထန်ဆုံး ပေါက်ကွဲမှုဖြစ်ခဲ့တယ်။ အဲဒီနေ့မှာ စတင်ခဲ့တဲ့ တိတ်ဆိတ် ခြောက်သွေ့မှုဟာ ရှင်နဲ့ ကျမကြားမှာ ဒီနေ့ထက်ထိ တည်မြဲနေဆဲပဲနော် ကိုအောင်ရဲ။

+++++

ကျမ ခဏခဏ စဉ်းစားဖြစ်တယ်။ ကျမတို့နှစ်ယောက်ဟာ သမားရိုးကျ မဟုတ်တာတွေကို သဘောကျတဲ့ နေရာမှာလည်း တူကြတယ်မဟုတ်လား။ အဲဒါကြောင့်ပဲ ကျမတို့ စိတ်သောက ရောက်နေကြရတာလားလို့ တွေးမိတယ်။

ကြည့်လေ၊ သမားရိုးကျအနေနဲ့ဆို ယောက်ျားနဲ့ မိန်းမ တစ်ယောက်ကို တစ်ယောက် သဘောကျမယ်၊ ပြီးရင် ပရိုပို့စ်လုပ်မယ်၊ ချစ်သူတွေဖြစ်မယ်၊ မိဘသဘောတူတူ၊ မတူတူ လက်ထပ်ကြမယ်။ ဒါက တစ်မျိုး၊ နောက် တစ်မျိုးက တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုသဘောထားရမှန်းတောင် မသိခင်မှာ မိဘတွေကြောင့် စေ့စပ်လိုက်မယ်၊ နောက် လက်ထပ်ကြမယ်။ လင်မယားဘဝရောက်တော့ ချစ်သွားကြရော။ အဲဒီ နှစ်မျိုး စလုံး ဟာ တစ်နည်းနည်းနဲ့တော့ အဆင်ပြေကြတယ်။ ရှင်နဲ့ ကျမကတော့ တစ်ယောက်နဲ့ တစ်ယောက် သဘောကျ နေတုန်း ရှင်က လက်ထပ်ခွင့်တောင်း၊ ကျမက ခေါင်းညိတ်၊ အိမ်ကို ဖွင့်ပြောပြ၊ သဘောတူတော့ လက်ထပ်၊ အင်းလျားလိတ်မှာ ညှော့ခံပွဲလုပ်၊ နှစ်ဖက်မိဘလက်ဖွဲ့တဲ့ ခြံနဲ့အိမ်နဲ့ ကားတစ်စင်းစီနဲ့။ ဒါပေမဲ့ အဆင်မပြေ ဖြစ်ခဲ့ရတယ်။

တကယ်ဆို ရှင်ကလည်း ကျမကို ပရိုပို့စ်လုပ်ကတည်းက "ကိုယ်ထရီဇာ့ကို သဘောကျတယ်၊ လက်ထပ် ချင်တယ်"လို့ ပြောမယ့်အစား "ထရီဇာ့ကို သိပ်ချစ်တယ်"လို့ မွတ်မွတ်သိပ်သိပ် ပြောခဲ့ဖို့ ကောင်းတယ်။ အဲလိုသာပြောခဲ့ရင် ကျမလည်း ရင်ခုန်မိချင်ရင် ခုန်မိခဲ့မှာပဲ။ ဆိုရင်... ကျမတို့နှစ်ယောက် သမားရိုးကျ ချစ်သူတွေလို သိပ် ပျော်စရာ ကောင်းမှာပဲလို့ အခု ကျမ ယူဆနေတယ်။ ခုတော့ လက်ထပ်သက် အတော်ကြာမှ "ကိုယ်ထရီဇာ့ကို ချစ်ပါတယ်ကွာ"ဆိုတဲ့ အောင့်သက်သက် စကားသံကြောင့်သာ၊ သြော်... သူ ငါ့ကို ချစ်တော့ ချစ်သားပဲလို့ လက်ခံနိုင်ခဲ့ရတာမဟုတ်လား။ ဒါမှမဟုတ်လည်း ရှင် ကျမကို ပရိုပို့စ်လုပ်တဲ့နေ့နဲ့ ကျမတို့လက်ထပ်နေ့ဟာ ခြောက်လလောက်ပဲ ကွာခဲ့တာကြောင့်များ ကျမတို့ အဆင်မပြေဖြစ်ခဲ့ရတာလား လို့လည်း တွေးမိသေးတယ်။ မဟုတ်ရင်လည်း ရှင်နဲ့ ကျမ ချစ်သူလို မနေခဲ့ဖူးလို့၊ ဒါမှမဟုတ် ပြေပြစ်ချောမွေ့တဲ့ အိမ်ထောင်ရေးကို အလွယ်တကူရခဲ့လို့၊ ဒါတွေကြောင့်ပဲလား ကျမ တွေးတယ်။ ဘာကြောင့်ပဲဖြစ်ဖြစ်ပါလေ၊ ခုအခြေအနေလောက်ထိတော့ မဆိုးရွားသင့်ဘူးလို့ ကျမထင်တယ် ကိုအောင်ရဲ ရယ်.. နော်။

+++++

သားသမီး မယူခဲ့ကြတာကတော့ နှစ်ဦးလုံးသဘောကျ ဆုံးဖြတ်နေခဲ့တာမို့ ပြဿနာတည်ရာ ဖြစ်မယ်မထင်ပါ ဘူး။ နှစ်ယောက်စလုံးကလည်း မဟာဝိဇ္ဇာကျမ်းပြု မပြီးကြသေးတော့ ကျောင်းကိစ္စတွေအားလုံးပြီးမှ သားသမီး ယူမယ်လို့ ဆုံးဖြတ်ခဲ့ကြတာ မဟုတ်လား။ တစ်ယောက် ကားတစ်စီးစီ၊ ကျောင်းစာတွေလုပ်၊ ကိုယ့်ဝါသနာတွေ

အကောင်အထည်ဖော်၊ ကဗျာရေး၊ ပန်းချီဆွဲနဲ့။ ကျမ ကျေနပ်သလို ရှင်လည်း ကျမနည်းတူ စာဖတ်၊ ကဗျာရေး၊ အရက်သောက်ပြီး သူငယ်ချင်းတွေနဲ့ ပျော်သလိုနေနေခဲ့ရတာပဲ မဟုတ်လား။ လွတ်လပ်တဲ့ ဘဝကို ရှင် နှစ်သက်တယ်ဆို…။ ကျမ ချုပ်နှောင် ထိန်းသိမ်း မထားခဲ့တာ သေချာပါတယ်။

+++++

ရှေ့ပြောနောက်ပြော မညီတဲ့နေရာမှာလည်း ရှင်က စံပြပါပဲ။ (တကယ်တော့လည်း ယောကျ်ားတိုင်းလိုလိုပါပဲ)။ ရှင်ကိုယ်တိုင် ကျမရဲ့ ယောကျ်ားလေးမိတ်ဆွေထဲက တစ်ယောက် ဖြစ်ခဲ့လျက်နဲ့ ကျမ ယောကျ်ားမိတ်ဆွေ များတာကို ခုမှ သဘောမကျပြန်ဘူး တဲ့။ ကျမက…

"အဲလိုတွေ မပြောပါနဲ့ ဒါလင်ရယ်၊ ထရီဇာ့ကို ဒါလင့်မိန်းမမှန်း ပတ်ဝန်းကျင်တစ်ခုလုံးက သိသားပဲဟာ။ ပြီးတော့ ထရီဇာ့အပေါင်းအသင်းတွေကလည်း အသစ်တွေမှမဟုတ်တာ၊ ဒါလင်နဲ့ ထရီဇာ သူငယ်ချင်းဘဝ ကတည်းက အတူဆက်ဆံခဲ့တဲ့ လူတွေပဲဟာ"
လို့သာ လေသံအေးနဲ့ ချော့ပြောပြော တုံ့ပြန်ခဲ့တဲ့ မိန်းမပါ။ ရှင်ပြောသလိုသာ ကျမဟာ တကယ် မာနကြီး၊ မာကျောတဲ့ မိန်းမဆိုရင်…
"ယူစကားပြောတာ ကြည့်ပြောနော်၊ အိုင်တို့က ကိုယ့်အဆင့်နဲ့ကိုယ် နေတာ၊ မစော်ကားနဲ့။ ဟိုးအရင် ကတည်းက အိုင် ဒီလိုနေလာခဲ့တာ၊ ခုမှ ဖောက်ပြန်တာမဟုတ်ဘူး၊ မှန်တာလုပ်တာ"
ဆိုတဲ့ စကားလုံး မျိုးတွေ နဲ့ ရှင့်ကိုပြန်အော်မှာပေါ့ ဒါလင်ရယ်။ အခု ရှင်၊ ကျမလို့ သုံးနေရတာတောင် ကျမစိတ်ထဲမှာ တော်တော် ထိခိုက်ရပါတယ်။ ဒါပေမဲ့ အရင်ကလို ဒါလင်လို့ သုံးရမှာကိုတော့လည်း ရှက်နေ တယ် လေ။

ယောကျ်ားလေးမိတ်ဆွေတွေနဲ့ လက်ဖက်ရည်ဆိုင်ထိုင်တာ၊ မဂ္ဂဇင်းတိုက်က လူတွေနဲ့ စကားပွဲတွေ ဖွဲ့တာ၊ ထရီဇာရယ်လို့ နာမည်ကျော်လွန်းတာတွေကို ရှင်မကြိုက်ဘူးတဲ့။ 'ယောကျ်ားကို ထမင်းဟင်း သေချာချက် ကျွေးတဲ့…၊ ယောကျ်ားရဲ့ အဝတ်တွေကို ကိုယ်တိုင်လျှော်ဖွတ်၊ မီးပူတိုက်ပေးတဲ့၊ ယောကျ်ားလုပ်သမျှ အထင်ကြီး ခေါင်းညိတ်တတ်တဲ့…၊ ထုံထုံထိုင်းထိုင်းမိန်းမတစ်ယောက်ကို ဇနီးမယားအဖြစ် ရွေးချယ်မိခဲ့ရင်တောင် ငါ စိတ် ချမ်းသာရဦးမှာ' တဲ့။ အရက်မူးလာတဲ့ တစ်ညမှာ ရှင်ပြောခဲ့တာလေ။ ကျမ သွေးဆူခဲ့ရတဲ့ စကားပေါ့။ အဲဒီညက စလို့ ရှင့်နဲ့ကျမ ပဋိပက္ခတွေ စခဲ့တာနော်။ မှတ်မှတ်ရရ အိမ်ထောင်သက်တစ်နှစ် မပြည့်တပြည့်မှာနော်။

ကျမက ပြောတယ်။

"ကျမ ဖြည့်ဆည်းပေးမှ ပြည့်စုံမယ့်ကိစ္စမှန်သမျှမှာ ဒါလင် ဘယ်တုန်းက လိုအပ်နေရဖူးလဲ၊ ဒါလင့်ဝေယျာဝစ္စအသေးအဖွဲတွေကို လုပ်ပေးမယ့်သူတွေ ရှိနေတာပဲ။ အမေစိုးဆိုရင်

ထရီဇာ ငယ်ငယ်ကတည်းက ထမင်းဟင်းချက်ကျွေးလာတာ၊ နီနီဆိုလည်း အဝတ်စင်အောင်လျှော်၊ မီးပူပြန့်အောင် တိုက်နိုင်တာပဲ။ ထရီဇာမပါလည်း ဖြစ်နေတာပဲ၊ ပြီး ဒါလင့်အတွက် ထရီဇာ လုပ်ပေးမှ ဖြစ်မှာမှလည်း မဟုတ်တာ”
လို့ ပြန်ပြောတော့ ရှင် လက်မခံပြန်ဘူး။ ရှင်လုပ်သမျှ ခေါင်းညိတ်ထောက်ခံဖို့ ဆိုပြန်တော့လည်း ကျမကို အလုပ်ထွက်ခိုင်းတာ၊ ကလေးတွေမွေးပြီး ရှင့်ဝတ်ကြီးဝတ်ငယ်တွေ ပြုစုဖို့သာ လုပ်ခိုင်းတာကျတော့လည်း ကျမ ဘယ်လိုခေါင်းညိတ်နိုင်မလဲ ကိုအောင်ရဲရယ်။ အဓိပ္ပါယ်လည်း မရှိလှဘူးလေရှင်။ အဲဒါတွေက ရှင်နဲ့ ကျမရဲ့ လင်မယားဘဝအတွက် မရှိမဖြစ် လိုအပ်ချက်လား ပြောလေ။

တကယ်တော့ ဘာမှ မပြောပလောက်တဲ့ ကိစ္စလေးတွေကိုပဲ ရှင်က ရေးကြီးခွင်ကျယ် လုပ်ပြီး ခံစားယူနေတာ လို့ ကျမ ထင်တယ်။ ကျမ စိတ်ပျက်မိခဲ့တာ အမှန်ပါပဲ။

+++++

နောက်ပိုင်းကျတော့ ရှင့်သတင်းတွေ ပိုစိပ်လာတယ်။ တပည့်မတွေနဲ့တောင် တွဲနေသတဲ့။ အိမ်ထောင်သည် ယောကျာ်းတစ်ယောက်ဖြစ်ပြီး ပျက်စီးနေတဲ့ မိန်းမတွေဆီမှာလည်း အိပ်သတဲ့။ ကျမ ရှင့်ကို ရွံလာတယ်။ ရှင့်သတင်းအားလုံးကို နားပိတ်နေလိုက်တော့တယ်။

နားပိတ်နေခဲ့တာ အကြာကြီးကြာပြီးမှ နားပိတ်ဆန့်ကျင်နေလို့ မရတော့လောက်အောင် ကျယ်လောင်တဲ့ သတင်းတစ်ခု ကျမ ကြားရတယ်။ ရှင် အခု ကောင်မလေး တစ်ယောက်တည်းနဲ့ပဲ တွဲတော့တယ်တဲ့။ အဲဒီ မိန်းကလေးနဲ့ တွဲနေခဲ့တာ ခြောက်လကျော်လောက် ရှိပြီတဲ့။

ကျမ နည်းနည်း အံ့သြသွားတယ်။ ဘာလို့ဆို ဘယ်သူနဲ့မဆို ရှင်အကြာဆုံးတွဲတာ တစ်လပဲ မဟုတ်လား။ ကျမ အဲဒီမိန်းကလေးကို မြင်ဖူးအောင် ကြည့်ခဲ့တယ်။ ကြားရအောင် စုံစမ်းခဲ့တယ်။ “ဖြူလွဲ့ကျော်”တဲ့။

တကယ်လည်း ဖြူဖြူလွဲ့လွဲ့ကလေး။ ခါးလောက်ရှည်တဲ့ ဆံပင်ညိုညိုတွေနဲ့၊ လှပါတယ်။ ဒါပေမဲ့ ကျမထက် သာနိုင်တာတော့ မရှိပါဘူး။ သူက ငယ်ဂုဏ်သာတယ်ဆိုတောင် ကျမက ပကာသနဂုဏ်၊ သဏ္ဍာဂုဏ် သာတာပဲ မဟုတ်လား။ ပြီးတော့ ငယ်လှတယ်တော့ မဟုတ်ပါဘူး။ နှစ်ဆယ့်တစ်၊ နှစ်ဆယ့်နှစ်လောက်ပါပဲ၊ သူနဲ့ရှင် တော်တော်တွဲနေကြတယ်တဲ့။ ရှင်တို့တွဲနေကြတာ ကိုးလကျော်ကြာသွားတဲ့ အချိန်မှာတော့ ကျမ စောင့်ကြည့် နေလို့ မရတော့ဘူး။ ပတ်ဝန်းကျင်က ကျမကို လှုံ့ဆော်လာတယ်။ ပတ်ဝန်းကျင်ရဲ့ အသံတွေထဲမှာ ထရီဇာ့ကို သနားတဲ့ အသံတွေပါလာရင်တော့ ကျမ စိတ်ထဲမှာ အနာကျင်ရဆုံးပါပဲ။ ကျမ မာနက ကျမကို ပြန်သရော် တယ်။ အရင်အခြေအနေလို ကိုဝေလင်း၊ ကျော်ကျော်တို့ကို ခုတုံးလုပ်ပြီး ရှင့်ကို ပညာပြနေခဲ့တဲ့ ထရီဇာ ဆိုရင်တော့ ခုချိန်မှာ ထရီဇာလည်း အဆိုးပေ့ါ။ ခုတော့

ထရီဇာကလည်း ကိုယ့်အလုပ် ကိုယ်လုပ်ပြီး အေးအေးဆေးဆေး နေလေတော့ လူတွေက ရှင့်အဆိုးသက်သက်ပေါ့။

ရှင့်ကိုယုဉ်ပြိုင်တာမဟုတ်ပါဘူး ကိုအောင်ရဲ။ ကျမကိုယ်ကျမ ရှင့်ထက် ပို ချစ်တယ် ထင်တာမို့ ကျမ အနိုင်ယူ ရပါမယ်။ ကျမ ရှင့်ကို ပြောဖို့ ဆုံးဖြတ်လိုက်တယ်။

"ကိုအောင် ခုတွဲနေတဲ့ ဖြူလဲ့ကျော်ကို ဖြတ်လိုက်ပါ၊ ထရီဇာလည်း သည်းမခံနိုင်ဘူး၊ ပတ်ဝန်းကျင်မှာ ထရီဇာ သိက္ခာကျပါတယ်"

ရှင်က ကျမကို တည်ငြိမ်တဲ့ မျက်လုံးတွေနဲ့ ပြန်ကြည့်တယ်။ ကျမ အံ့သြသွားတယ်။ ရှင် ကျမကို ဒေါသနဲ့ တုံ့ပြန်မယ် ထင်ထားတာကိုး။

"ကိုယ်လည်း ထရီဇာကိုပြောဖို့ပါပဲ။ အခြေအနေကြည့်နေတာ… ကိုယ် ဖြူလဲ့ကို လက်ထပ်ဖို့အထိ ရည်ရွယ် ပါတယ်။ အဲဒါ .. ထရီဇာနဲ့… ကွာရှင်းဖို့…"

ကျမရင်ထဲ မီးတောင်တစ်ခု ပေါက်ကွဲသွားတယ်။ တကယ်ပဲ ပူပြင်း လောင်မြိုက်သွားတယ်။ ရှင်က ဖြူလဲ့ကျော် ကို ကျမထက် မက်မောတယ်လား။ ဒါဆို ကျမက ဖြူလဲ့ကျော်ကို ရှုံးရမယ်ပေါ့။ ခေါင်းထဲမှာ ဦးနှောက်က အလုပ်လုပ်လွန်းနေတယ်။ ကျမ ရှင့်ကို လှလှပပ ပြုံးပြလိုက်တယ်။

"ဘယ်ဖြစ်မလဲ ကိုအောင်ရဲရယ်၊ ကျမက လူ့အရိုသေတန် တစ်ခုလပ် အဖြစ်ခံရမယ်လား၊ ဘာမဟုတ်တဲ့ မိန်းမငယ် တစ်ယောက်အတွက် ရှင့်ဘေးက ကျမရဲ့ နေရာကို ဖယ်ပေးရမယ်လား၊ ကျမ ကွာရှင်းခွင့် မပေးနိုင် ပါဘူး"

လေသံအေးနဲ့ တုံ့ပြန်လိုက်တယ်။ ရှင့်ဒေါသမျက်လုံးတွေကို ခဏ တွေ့လိုက်ရတယ်၊ ပြီးတော့ ထုံးစံအတိုင်း ရှင်ထွက်သွားတယ်။

+++++

ကျမရှေ့မှာ ဖြူလဲ့ကျော် ထိုင်နေတယ်။ သူ့ကို တစ်ခုခုသောက်ပါလို့ပြောပေမဲ့ သူ မသောက်ဘူး။ "မမ ပြောစရာရှိတာ ပြောပါ" တဲ့။ ကျမကလည်း ပြောလိုက်ပါတယ်။

"ကိုယ် ဘာပြောမယ် ဆိုတာ မင်းသိပြီးသား ဖြစ်မှာပါ"

ထူးထူးခြားခြားပဲ ကောင်မလေးက တုန်လှုပ်မနေဘူး သိလား… ကိုအောင်ရဲ။ ပြီးတော့ ကျမကို ပြန်ပြောတယ် ။

"သိတာတော့သိပါတယ် မမ၊ ဒါပေမဲ့ စကားလုံးအတိအကျနဲ့တော့ ဘယ်သိပ့်မလဲ၊ လေသံချင်း၊ ပြောတဲ့ အဓိပ္ပါယ်ချင်း ကွာနိုင်ပါတယ်" တဲ့။

လေသံတိုးတိုးလေးက ပြတ်သားနေတယ်။ ကျမရင်ထဲမှာ ခုန်သွားသလိုပဲ သိလား.. ကိုအောင်ရဲ။ ကျမ ပြောရ တော့တယ်။

"ကိုအောင်ရဲနဲ့ မင်းကိစ္စ ပြီးဆုံးပစ်လိုက်ဖို့ပါပဲ"

သူ့မျက်နှာကလေးက ပိုတည်သွားတယ်။ မျက်ရည်ကြည်တွေ ဝေ့လာတယ်။ မျက်လုံးတွေက တောက်ပ လာတယ်။

"ဆရာက မေတ္တာဝေနေတယ်၊ ဖြူလဲ့ကလည်း မေတ္တာဝေနေတယ်၊ ဖြူလဲ့တို့နှစ်ယောက် ရိုးရိုးကလေးပဲ တွေ့ကြပါတယ်။ ဖြူလဲ့က ဆရာ့တပည့်မဟုတ်ဘူးဆိုတာလည်း မမ သိပြီး ဖြစ်မှာပါ၊ ဆရာအလုပ်လုပ်တဲ့ လူမို့ရော၊ မမရှေ့မှာမို့ရော ဆရာလို့ သုံးတာပါ၊ ဖြူလဲ့က သူ့ကို ကိုကိုလို့ခေါ်ပါတယ် မမ"

ကျမ မငိုဖူးသေးဘူး ကိုအောင်ရဲ။ ဒါပေမဲ့ ဆို့နစ်ဖူးတယ်။ ခံစားတတ်တယ်။ ရှင်သိတယ်မဟုတ်လား... ကျမရဲ့ အနသန္တေကို။ အခု ကျမ သိပ် စိတ်လှုပ်ရှားသွားတယ်။ "ထရီဇာ့ နာမည်ကလေးက သိပ်အေးတာ၊ အေးအေးဦးဆိုတဲ့ နာမည်ကလေးကို စိတ်ဝင်စားခဲ့တာ။ ဒါပေမဲ့ ထရီဇာကိုယ်တိုင်က 'အေး'လို့ ပြင်ပြောမှ ကိုယ်လည်း ပြောလို့ ကောင်းမှာပေါ့၊ ပြီးတော့ ကိုယ့်ကိုလည်း 'ကိုကို'လို့ခေါ်လေ၊ ဒါမှမဟုတ် 'မောင်'လို့ပဲ ဖြစ်ဖြစ်ပေါ့"တဲ့။ ရှင်ပြောခဲ့ဖူးတဲ့စကားကို သတိရတယ်။ "ရှက်လို့ပါ ကိုအောင်"လို့ ကျမတုံ့ပြန်တော့ "ကိုအောင်..လို့ကတော့ ဘယ်သူမဆို လူတိုင်းက ကိုယ့်ကို ခေါ်တာပဲ၊ အေးက ကိုယ့်ရဲ့ သာမန်လူမှ မဟုတ်ဘဲ" ဆိုတော့ ကျမ တော်တော်အားယူပြီး 'ဒါလင်'လို့ ခေါ်ဖြစ်ခဲ့တာလေ။ ကျမက သိပ်ချစ်တယ်လို့ ပြောရမှာကိုတောင် ရှက်လို့ ဒီနေ့ထိ ပြောမှ မပြောဖြစ်ခဲ့တာပဲ။

"အမြဲတမ်း 'ကိုကို'လို့ ရည်ညွှန်းပြောနေကျမို့ မှားပြောမိရင် မမ ထရီဇာမကြိုက်မှာစိုးလို့ ကြိုပြောထားတာပါ။ ဖြစ်နိုင်ရင် ဖြူလဲ့နဲ့ ကိုကို့အကြောင်း တော်တော်များများ ပြောပြချင်ပါတယ်။ ဘာလို့ဆို မမထရီဇာဟာ ဖြူလဲ့လေးစားတဲ့ သဘောကျတဲ့ အတုယူချင်ခဲ့တဲ့ ဆရာမတစ်ယောက် ဖြစ်နေလို့ပါပဲ"

ကျမ ခေါင်းညိတ်ပြလိုက်တော့မှ သူ စကားဆက်ပါတယ်။

"ကိုကိုက သိပ်နနယ်ပါတယ်မမ၊ သူ့ကဗျာတွေကို ဖြူလဲ့ သိပ်ကြိုက်ခဲ့တာပါ။ မမ ကဗျာတွေကိုလည်း ဖြူလဲ့ သိပ်ကြိုက်ပါတယ်၊ မမတို့နှစ်ယောက်ဟာ ဖြူလဲ့အတွက် အိပ်မက်တစ်ခုပါပဲ။ အဲဒီအိပ်မက်ကလေးကို ဖြူလဲ့ ထိုင်ကြည့်နေခဲ့တာ မမ လက်ခံလား

မသိဘူး။ အဖြစ်အပျက်က ကိုယ့်အဖြစ်အပျက်ပေမဲ့ ဘေးလူကသာ ပိုမြင်နိုင်တယ် ဆိုတာကို၊ ဒါပေမဲ့ အဲဒီဘေးလူက အတ္တတော့ ကင်းရမှာပေါ့လေ။ ဖြူလွဲ တစ်ခုတော့ မှားခဲ့တယ်၊ မမနဲ့တော့ နီးစပ်အောင် မကြိုးစားခဲ့တာ တစ်ခုပေါ့။ မမရဲ့ အရှိန်အဝါကို ဖြူလွဲ့လန့်နေခဲ့တာကြောင့်ပါပဲ။ ဖြူလွဲ့ ကိုကိုနဲ့ အနီးစပ်ခံခဲ့တာပါ၊ ကိုကို မိန်းကလေးတွေ၊ ပြီးတော့ ခပ်ပေါ့ပေါ့ မိန်းကလေးတွေနဲ့ပေါ့လေ၊ သိပ်တွဲလွန်းလာတာနဲ့ ကိုကို့ကို ဖြူလွဲ့ ငြိတွယ်ဖို့ ကြိုးစားခဲ့တာ။ ချစ်သူအဖြစ် မရည်ရွယ်ခဲ့ဘူး မမ၊ မိန်းကလေး တစ်ယောက်ရဲ့ စိတ်သဘောကို နားလည်အောင် ပြောပြ၊ နေပြဖို့သာ ရည်ရွယ်ခဲ့တာပါ။ ဖြူလွဲ့ မမကို ကဗျာတွေကတဆင့် နားလည်တယ်လို့ ထင်ခဲ့တာကိုး”

ကျမ ငြိမ်ပြီး နားထောင်နေမိတယ်။ သူကလည်း စိတ်ပါလက်ပါပဲ ပြောပြတယ်။ ကျမကို ရှင်နားလည်အောင် သူကြိုးစားရှင်းပြခဲ့တယ် ဆိုတဲ့အကြောင်းတွေပေါ့။ ဒါပေမဲ့ ရှင်က လက်မခံခဲ့ဘူး ဆိုတာရောပေါ့။

“နောက်ဆုံးတော့ မမရယ်၊ စိတ်လေနေတဲ့ ကိုကို့ကို ထိန်းပေးရင်း ကိုကိုက ဖြူလွဲ့ကို သိပ်တွယ်တာလာတယ်၊ ဖြူလွဲ့လည်း ကိုကို့ကို ချစ်သွားတယ်။ ကိုကိုနဲ့ ဖြူလွဲ့ ဘဝထဲမှာတော့ မာနမရှိပါဘူး မမ”

ကျမဟာ စားပွဲပေါ်မှာရှိတဲ့ စပတ်ကလင်ခွက်ထဲက ရေခဲတုံးကလေးတွေလို အရည်ပျော်သွားချင်စိတ် ပေါ်မိ တယ်။ သူ့ရဲ့ နောက်ဆုံးစကားမှာ ကျမ ဒဏ်ရာရသွားသလား။ ရင်ထဲမှာ နာကျင်သွားတယ်။ သူ စကားပြောနေ တဲ့ တလျှောက်လုံး သူ့အပေါ် ကရုဏာရှိနေခဲ့တဲ့ ကျမရင်ထဲကို နောက်ဆုံးစကားက အမုန်းအနေနဲ့ ဝင်လာ တယ်။ ကျမ သူ့ကို စိမ်းစိမ်း ကြည့်ပစ်လိုက်တယ်။ သူကလည်း ကျမကို မျက်လုံးဝိုင်းတွေနဲ့ ပြန်ကြည့်နေတယ်။ သူ့မျက်လုံးတွေထဲမှာ အံ့သြရိပ်တွေ တွေ့တယ်။ ကျမကိုယ်ကျမ သတိမထားမိချိန်မှာပဲ ကျမ ဖြူလွဲ့ကို စကားတွေ အများကြီး ပြောဖြစ်လိုက်တယ်။

“မိန်းမတစ်ယောက်မှာ သည်းခံနိုင်စွမ်း အတိုင်းအတာတစ်ခုတော့ ရှိတယ်၊ မင်းမှာလည်း ရှိမှာပါပဲ။ အဲဒီ အတိုင်းအတာဟာ အဲဒီမိန်းမရဲ့ ပိုင်ဆိုင်မှုရလဒ်အပေါ်မှာ မူတည်တယ်။ ပိုင်ဆိုင်မှု ပမာဏ များတဲ့ မိန်းမတစ်ယောက်ရဲ့ သည်းခံနိုင်စွမ်းအတိုင်းအတာဟာ သာမန် မိန်းမတစ်ယောက် ထက်တော့ နိမ့်မှာပဲ။ အင်မတန် လှတယ်၊ ထက်တယ်၊ ပြည့်စုံတယ်ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ဘယ်လောက်မာနကြီးမယ်၊ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိမယ်ဆိုတာ အင်မတန်တော်ပါတယ်ဆိုတဲ့ ကိုအောင်ရဲ့ သိဖို့ကောင်းတယ်။ ပြီးတော့ မင်းလည်း သိဖို့ ကောင်းတယ်။ အထူးသဖြင့် ကိုယ့်လို မိန်းမတစ်ယောက်ကို ပိုင်ဆိုင်ချင်တဲ့ ယောကျ်ားတစ်ယောက်ဟာ ‘မာန’ ကိုတော့ ရင်ဆိုင်ရမယ် ဆိုတာကိုပေါ့၊ ကိုယ်ပြောချင်တာ၊ ဒါပါပဲ”

ကျမ လှည့်ထွက်လာခဲ့တယ်။ ထူးဆန်းစွာပဲ ဒီစကားဝိုင်းမှာ ဘယ်သူနိုင်တယ်၊ ဘယ်သူရှုံးတယ်ကို ဆုံးဖြတ် တတ်တဲ့ ကျမရဲ့ဗီဇကို ကျမ မေ့နေခဲ့တယ်။ အဲဒီနေ့က အိမ်ပြန်ရောက်တော့ ကျမ ငိုတယ် ကိုအောင်ရဲ့။ သည်းသည်းထန်ထန် ငိုတယ်၊ နားထဲမှာ "ဖြူလဲ့လည်း ကိုကို့ကို ချစ်သွားတယ်"ဆိုတဲ့ ဖြူလဲ့ကျော်ရဲ့ အသံက ပဲ့တင်ထပ်နေတယ်။ ငိုလို့အားရတော့မှ ကျမ ဘယ်သူမှ မကြားအောင် တိုးဖွဖွကလေး ပြောလိုက်တယ်။

"ကိုယ်ရှုံးပါတယ် ဖြူလဲ့ရယ်"....လို့။

(ဟုတ်တယ်လေ၊ ကျမ ရရမယ့် အချစ်ကို သူပိုင်ဆိုင်ရပြီဆိုကတည်းက ကျမ ရှုံးခဲ့တာ မဟုတ်လား။ ပြီးတော့ သူက မှားပါတယ်လို့ ဝန်မခံခဲ့ဘူးလေ)

+++++

နောက်နေ့မှာတော့ ရှင် ကျမဆီ လာခဲ့တယ်။ (တစ်အိမ်တည်း အတူနေပေမဲ့ မျက်နှာချင်းမဆိုင်ဖြစ်ကြဘူး မဟုတ်လား)ကျမကို တည့်တည့်ကြည့်ပြီး

"ခင်ဗျား ဖြူလဲ့ကို ဘာတွေပြောသလဲ"
"ဟင့်အင်း၊ ကျမပြောတဲ့အထဲမှာ မိုက်မိုက်ရိုင်းရိုင်း မပါဘူး၊ ပြီးတော့ သူက အများဆုံး ပြောတာ၊ စကားဝိုင်းကလည်း အေးအေးဆေးဆေးပဲ ပြီးသွားတာပါ"

ရှင်က ကျမကို စိုက်ကြည့်မြဲ ကြည့်နေခဲ့တယ်။ ပြီးတော့မှ "အင်း... ခင်ဗျား လိမ်တော့ မလိမ်တတ်ပါဘူးလေ"လို့ ရေရွတ်တယ်။ ရှင်မှတ်မိတယ် မဟုတ်လား။ ပြီးတော့ ရှင်ထွက်သွားတယ်။ နောက်မှ ကျမသိရတယ်။ အဲဒီနေ့မှာ ဖြူလဲ့က ရှင့်ကို ကျမကို နားလည်အောင် ကြိုးစားပါ... ပြီးတော့ သူ့ကို မေ့ပစ်လိုက်ပါတော့လို့ ပြောလိုက်တယ် တဲ့။

အဲဒီနောက်ပိုင်း ရှင်အိမ်ပြန်မလာတော့ဘဲ နေပြန်တယ်။ ကျမရင်ထဲမှာ အဲဒီ ကာလတွေတုန်းက စိတ်လှုပ်ရှား နေခဲ့တယ်။ ရှင်ပြန်လာခဲ့ရင် ကျမ ကွာရှင်းခွင့်ပေးလိုက်ရ ကောင်းမလား။ ဒါမှမဟုတ် ကျမဘက်ကို ပါအောင် ပြန်ခေါ်ယူရကောင်းမလား ဆိုတာမျိုးတွေ တွေးနေတယ်။ အတွေ့ဇာတ်ကားထဲက သီသီကို သတိရနေတတ် တယ်။ ကျမ စိတ်တွေ ငြိမ်ဝပ်နေသလိုလည်း ဖြစ်နေခဲ့တယ်။ ရှင် ကျမကို သဘောကျခဲ့တာပဲလေ လို့လည်း ကိုယ့်ဘာသာ အားပေးသလို တွေးနေမိပြန်တယ်။ အိမ်ထောင်ဦးဘဝတုန်းက ရှင်နဲ့ ကျမ ဆက်ဆံရေး နွေးထွေးခဲ့ဖူးတာကို သတိရတယ်။ ရုတ်တရက် ကျမ တစ်ခု သွားတွေးမိတယ်။ နွေးထွေးခဲ့ပေမဲ့ ပျော့ပျော့ ပျောင်းပျောင်းမှ ရှိခဲ့ရဲ့လားလို့။ ဖြူလဲ့ကို သတိရတယ်။ သူကလည်း ကျမကို ပညာပေးသွားခဲ့တာပဲ။ "ထမင်းလက်ဆုံစားရုံ၊ ဝါသနာပါရာ ဆွေးနွေးကြရုံနဲ့ အိမ်ထောင်သည်ဘဝ ပြည့်စုံသွားတာမှ မဟုတ်ဘဲ မမ၊ ကိုကိုက ယုယတာ ကြိုက်တယ်၊ ယောကျ်ားတိုင်း၊ ပြီးတော့ လူတိုင်းပါပဲ မမရယ်"တဲ့။ ဖြူလဲ့က လာ လာ ပြောနေသလိုပဲ။ ဟုတ်မှာပေါ့၊ ကဗျာအယူအဆတွေ

နှစ်ယောက်ပြောကြရင်း တစ်ကြိမ်မှာ နှစ်ယောက် အယူအဆ တူသွားဖူးတုန်းက ကျမ ရှင့်ကိုလှတ်ကနဲ နမ်းမိသွားတယ်။ ပြီးတော့ ရှက်တက်တက်နဲ့ "ဒါလင်က သိပ်တော်တာပဲကွယ်၊ အဲဒါတွေကို ထရီဇာသဘောကျခဲ့တာ သိလား"လို့ ပြောဖြစ်ခဲ့တာလေ၊ ရှင်မှတ်မိလား။ မှတ်မိမှာပါ။ အဲဒီတုန်းက ရှင်တောင် ကျမကို စူးစူးစိုက်စိုက်ကြည့်ရင်းနဲ့ "ကိုယ်ထရီဇာ့ကို ချစ်ပါတယ်ကွာ" လို့ ပြန်ပြောခဲ့တာလေ။ ရှင့်အသံတွေ တုန်ယင်လို့၊ ကျမတောင် ရင်ထဲ နွေးထွေးသွားခဲ့ သေးတယ်။

သေချာတာကတော့ ကိုအောင်ရဲရယ်၊ သိက္ခာကြောင့်ပဲဖြစ်ဖြစ်၊ ဘဝကို မစွန့်ရဲလို့ပဲဖြစ်ဖြစ် ရှင်နဲ့ ကျမရဲ့ အိမ်ထောင်ရေးဘဝကိုတော့ မပြိုပျက်စေချင်တာ အမှန်ပါပဲ။ ကျမ ရှင့်ကို မျှော်စောင့်နေခဲ့တယ်။ မျှော်နေခဲ့တဲ့ နေ့ကလည်း ရောက်လာခဲ့တာပါပဲ။

+++++

ကျမ စာဖတ်နေတုန်း ကားရပ်သံကြားလိုက်တယ်။ ရှင့်ကားရပ်သံမှန်း ကျမ မှတ်မိလိုက်တယ်။ ကျမ ပြင်ဆင် နေမိတယ်။ "ထရီဇာတို့ အေးအေးဆေးဆေး ဆွေးနွေးကြရအောင်လား ကိုအောင်" လို့ စကားစရင် ကောင်းမယ်လို့ တွေးတယ်။ အဲသည်တုန်း ရှင်အခန်းထဲ ဝင်လာတယ်။ ရှင့်မျက်နှာက တင်းမာမနေဘူး။ နောက်ပြီး ဒေါသရိပ်လည်း မတွေ့ရဘူး။ ကျမစိတ် နည်းနည်းပေါ့သွားတယ်။ အဲဒီအချိန်လေးမှာပဲ ရှင် စကားစ တယ်။

"ဖြူလွဲ့နဲ့ ကိုယ် ဘယ်လိုမှ ရှေ့ဆက်လို့ မရတော့ဘူး။ ဖြူလွဲ့ ကိုယ့်ကို ငြင်းတယ်၊ ခင်ဗျား သဘောကျတယ် မဟုတ်လား"

ကျမ ခါးခါးသီးသီး ခေါင်းကို သွက်သွက်ခါနေမိတယ်။

"မဟုတ်ဘူး ကိုအောင်၊ မဟုတ်ဘူး ထရီဇာပြောမယ်"

လေသံကို ပျော့ပျောင်းအောင် ဂရုစိုက်ပြီး ကျမ စကားစလိုက်တယ်။

"တော်ပါ ထရီဇာ၊ ကျနော်စိတ်မဝင်စားပါဘူး"

အင်မတန်ရိုသဲ့သဲ့ နိုင်တဲ့အသံပါပဲ။ ကျမ စိတ်တိုသလိုဖြစ်သွားတယ်။ ဒါပေမဲ့ ကျမ ထိန်းတယ်။ နာကျင်တဲ့ရင်က ခုန်နေတယ်၊ မာနက ပြန်ပြီး ခေါင်းထောင်လာတယ်။

"ဖြူလွဲ့ကို ပြန်ခေါ်ပါ၊ ကျမ ရှင့်ကို ကွာပေးမယ်"

ရင်ထဲမှာ သေသေချာချာကြီးကို လှိုက်ခုန်နေတယ်။ ရှင်က အော်ရယ်တယ်။ ဟားတိုက်ပြီးတော့ ရယ်တယ်။ ပြီးတော့...

"ဖြူလွဲ့က ကလေးပေါက်စန မဟုတ်သလို ခင်ဗျားလိုပဲ မာနရှိတယ် မထရီဇာရဲ့ သိလား၊ အမှတ်သညာလည်း ကြီးတယ်"

ပြီးတော့ ဆက်ပြောပြန်တယ်။

"ဒါက ကျုပ်တို့အပိုင်းပါ၊ ခုလိုအပ်တာက ခင်ဗျား ကွာရှင်းလက်မှတ်ထိုးပေးမယ့်နေ့ကို ကျုပ် စောင့်နေတယ် ဆိုတာပဲ"

ကိုအောင်ရဲရယ်၊ ကျမ ဘယ်ဘက်ရင်အုံရဲ့ ဟိုးအထက် နက်နက်တစ်နေရာမှာ စူးကနဲ အောင့်သွားတယ်။ ခန္ဓာကိုယ်တောင် ယိုင်လဲတော့မလို ဖြစ်သွားတယ်၊ ရှင့်မျက်နှာ အေးစက်စက်ကကျမကိုခြောက်လှန့်လာတယ်။

"စောင့်စရာမလိုပါဘူး၊ ခု ကွာဆိုလည်း ရပါတယ်"

လို့ ကျမ ပြန်ပြောတော့ ရှင့်မျက်လုံးတွေ တစ်မျိုး အရောင်တောက်လာတယ်။ ကျမ နားမလည်နိုင်တဲ့ အရောင်တွေပါပဲ။ ပြီးတော့ ကျမကို စိုက်ကြည့်ပြီး...

"ဖြူလွဲ့နဲ့ ကျုပ်ပြတ်စဲကြရင် ကျုပ်ခင်ဗျားဘက် ပြန်ရောက်လာလိမ့်မယ်လို့ ခင်ဗျား ယူဆရင် မှားတာပဲ မထရီဇာ၊ ခင်ဗျားဘယ်နေရာမှာ ဘယ်လောက်တော်တော် ကျုပ်ကိုတော့ ခင်ဗျားတွက်ကိန်းချလို့ မရဘူးဆိုတာ ခင်ဗျား ခုလောက်ဆို သိလောက်ရောပေါ့၊ ခင်ဗျားကို ဦးစားပေးလက်စနဲ့ ဆက်ပြီး တစ်ခု ဦးစားပေးမယ်၊ ခင်ဗျား စဉ်းစားပါဦး၊ ပြီးလို့ ဆုံးဖြတ်နိုင်ပြီဆိုတာနဲ့ ကျုပ်ကို ခေါ်လိုက်ပါ၊ ကွာရှင်းစာချုပ်နဲ့ အတူ ကျုပ်လာခဲ့ မယ်"

စကားလည်းအဆုံး လှည့်လည်း အထွက်ပါပဲ၊ ကျမထင်တယ်။ ကျမဟာ ရုပ်ဝတ္ထု အနေနဲ့တောင် ရှိသေးရဲ့လားလို့။ အသွေးအသားတွေ တစစီ ပေါက်ကွဲကုန်သလိုပါပဲ။ ဘယ်သူ အထင်သေးတာကိုမှ မခံခဲ့ရဖူး သေးတဲ့ ကျမ၊ ခံမယ့်ခံရတော့ ကိုယ်တိုင်ရွေးချယ် ကြည်ဖြူခဲ့တဲ့ ယောကျ်ားရဲ့ အထင်သေးတာကိုမှ ခံရတယ်လို့ ကျမ နာနာကျင်ကျင် တွေးတယ်။ ရှင် ခဏခဏပြောဖူးတဲ့ "မင်းက လူသာသေမယ်၊ မာနကျန်မယ့် မိန်းမပဲ" ဆိုတာကို ဖျတ်ကနဲ သတိအရမှာ ကားထဲရောက်သွားပြီဖြစ်တဲ့ ရှင့်ကို အော်ပြောဖြစ် လိုက်တယ်။

"ကိုအောင်ရဲ... စာချုပ်ဝယ်ခဲ့ပါ၊ ကျမတို့ ဒီကနေ့ပဲ ကွာရှင်းလိုက်တာပေါ့"

ရှင်တစ်ချက်ပြုံးတယ်။ သတိထားလိုက်မိရဲ့လား၊ ကျမကတော့ သတိထားလိုက်မိတယ်။ ရှင့်အပြုံးက မဲ့နေတာကိုး။

+++++

ကိုယ့်ကိုယ်ကို သပ်သပ်ရပ်ရပ်ဖြစ်အောင် ပြုပြင်ပြီး ကျမ ရှင့်ကို စောင့်နေခဲ့တယ်။ ဘာကိုမှ မတွေးမိအောင် သီးမွေးထိုးရင်း စိတ်လှုပ်ရှားမှုကို ထိန်းနေခဲ့တယ်။ ကားရပ်သံကြားတယ်၊ ရှင်ဝင်လာတယ်၊ ကျမရဲ့ ရှေ့မှာ ထိုင်တယ်။ ကျမကို စိုက်ကြည့်နေတယ်ဆိုတာ ကျမ သိနေတယ်။ ကျမ မျက်လွှာလှန်ကြည့်လိုက်တယ်၊ ရှင့်နှုတ်ခမ်းတွေ လှုပ်သွားတယ်။

"တကယ် ဆုံးဖြတ်လိုက်ပြီလား ထရီဇာ"

ကျမ အံကြိတ်လိုက်တယ်။ ပြီး ခေါင်းညိတ်လိုက်တယ်။ ရှင်က စိုက်ကြည့်နေပြန်တယ်။ ကျမ မတ်တတ်ရပ် တယ်။ လှည့်ထွက်တယ်။ ကျမကားပေါ်အရောက်မှာ ရှင့်ကားဆီ လှမ်းကြည့်ဖြစ်တယ်။ ရှင့်မျက်နှာက ဖြူလျော် နေတယ်။ ကျမ ပြုံးမိတယ်။ ခုတော့လည်း တုန်လှုပ်နေပြန်ပြီလား ကိုအောင်ရဲရယ်လို့ တွေးပြီး ကားမောင်း ထွက်ဖြစ်ခဲ့တယ်။ ဒီတစ်ခါတော့ နစ်ဖက်မိဘမပါ၊ သူငယ်ချင်းသက်သေမပါဘဲ ရှင်နဲ့ ကျမ နှစ်ဦးတည်း လက်မှတ်ထိုးရမှာပေါ့။

စားပွဲပေါ်ကို စာချုပ်တစ်စုံ ရောက်လာတယ်။ တရားသူကြီးရဲ့ မျက်လုံးတွေက မှုန်မှိုင်းနေသလိုပဲ။ ကျမ ဘောပင် ကိုင်တယ်။ လက်တွေတုန်နေတာ ပတ်ဝန်းကျင် (အထူးသဖြင့် ရှင်)သတိထားမိသွားမှာ စိုးနေမိတယ်။ ရှင် တစ်စုံ ကောက်ယူတယ်။ လက်မှတ်ထိုးအပြီးမှာ ကျမကို လှမ်းပေးတယ်။ ရှင့်လက်ဖျားတွေကလည်း တုန်ယင် နေသလိုပဲ၊ ကျမ နည်းနည်း ကျေနပ်သွားတယ်။

+++++

ကားသော့ကို ဖြုတ်ပြီး အိမ်ထဲလှမ်းအဝင်မှာ ရှင် ကျမလက်မောင်းကို လှမ်းကိုင်တယ်။ ကျမ ရှင့်ကို မော့ကြည့်မိတယ်။ ကျမမျက်လုံးတွေကတော့ မာနကြောင့် တောက်ပြောင် နေဦးမှာပါပဲ။ ရှင်ကပြောလာတယ်။

"မင်းဟာ သိပ်ကို ခေါင်းမာတာပဲနော်၊ ထရီဇာရယ် ယောကျ်ားက ပစ်ချင်လောက်အောင် ဘာဖြစ်လို့ မာနကြီးချင်ရတာလဲ၊ ကိုယ်မင်းကို တကယ်ချစ်ခဲ့တာပါ"

ကျမ ရင်တစ်ချက် ခုန်သွားတယ်။ ရင်ခုန်သံကို ကျမ ထိန်းချင်တယ်။ ထရီဇာပဲ အလျှော့မပေးရပါဘူးလို့ တွေးပြီး ခံစားချက်ကို ပြောင်းယူတယ်။ ရှင်ပဲ ကျမကို မုန်းတယ်ဆိုတဲ့ စကားမျိုးတွေပြောခဲ့ပြီး ဘယ်လောက်မှ မကြာ ဘူး... ချစ်တယ်လို့ ပြောပြန်တယ်လို့ ကျမ တွေးယူတယ်။ အဲဒီအခါ ရယ်ပစ်ချင်လာဖို့ သတိရတယ်။ ရယ်စရာ ကောင်းတယ်လို့မှ မတွေးနိုင်ရင်လည်း ရှင့်ရဲ့အလှည့်အပတ်ထဲမှာ ကျမ ကျွံဝင် သွားမှာ ကြောက်တယ်။

ရှင်က ကျမ ပခုံးကို ကိုင်ပြန်တယ်။ ပြီး တစ်ချက် ဖျစ်တယ်။ နောက် လှည့်ထွက်တယ်။ ကျမကို တစ်ချက် ပြန်လှည့်ကြည့်တယ်။ ကျမ သွေးခုန်နှုန်းတွေ မြန်လာတယ်။ လည်ချောင်းထဲမှာ တစုံတခု လာဆို့တယ်။ လက်တွေထဲမှာ အားယုတ်သွားတယ်။ တံခါးနံရံကို လက်နဲ့ အားပြုပြီး ပြုံးပြနိုင်အောင် ကြိုးစားတယ်။ ကျမ ပြုံးပြတာကို တွေ့မှ ရှင် တကယ် ကျောခိုင်းသွားတော့တယ်။

ကျမမျက်လုံးတွေ ဝါးလာသလိုပဲ။ လက်ထဲက ကွာရှင်းစာချုပ်က လေမတိုက်ပါဘဲ တဖျတ်ဖျတ် တုန်နေတယ်။ ခုတင်ဘေး စားပွဲပေါ်ကို စာချုပ် လှမ်းတင်လိုက်တယ်။ နှစ်ယောက်အိပ် ကုတင်ဆီ မျက်လုံးအရောက်မှာ ပါးပြင် နွေးကနဲ ဖြစ်သွားတယ်။ အမလေး… ကျမ မျက်ရည်ကျတယ်။ မငိုရဘူး… မငိုရဘူး၊ ထရီဇာဟာ ကိုယ်မမှားတဲ့ အဖြစ်အပျက်တစ်ခုအတွက် ဘယ်တော့မှ မျက်ရည်မကျရဘူး။ မျက်ခွံတွေကို လက်ဖဝါးနဲ့ ပွတ်သုတ်ပစ် လိုက်တယ်။ ခေါင်းကို ဆတ်ကနဲ မော့ပစ်တယ်။ မျက်တောင်တွေကို ခဏခဏ ခတ်ပြီး စိတ်ကို တင်းတယ်။ "ရှင်တို့ ယောကျ်ားတွေဟာ သိပ်ကိုရယ်ရတာပဲ"လို့ တတွတ်တွတ်ရွတ်ရင်း မျက်ရည်ကို ထိန်းတယ်။ ခဏကြာ တော့ ဆောက်တည်ရာရပြီလို့ ယူဆတယ်။ အားပါးတရ အော်ရယ်နိုင်ရင် သိပ်ကောင်းမှာပဲလို့တွေးပြီး ရယ်ဖို့ ကြိုးစားတယ်။ မရဘူး။ ပြုံးကြည့်တယ်၊ ခါတိုင်းပြုံးနေကျ ထရီဇာရဲ့ နာမည်ကျော် ယုံကြည်ပြုံးလေ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိလွန်းတဲ့ အပြုံးပေါ့။ ပြုံးပြီး စာချုပ်ကို ထပ်ကြည့်မိတယ်။ 'အောင်ရဲ'တဲ့။ တဘက်မှာ 'အေးအေးဦး' ဘယ်ဘက်ရင်အုံထဲမှာ စူးကနဲ အောင့်တယ်။ မျက်လုံးအကြည့်မှာ… အေးအေးဦး… ဆိုတဲ့ စာလုံးတွေက မှုန်ဝါးသွား တယ်။

မေငြိမ်း
ဇူလိုင်လ၊၁၉၈၉-ခုနှစ်
မဂ္ဂဇင်းဝတ္ထုရှည်စ-ဆုံး
ရွှေအမြုတေ အတွဲ-၁၊ အမှတ်(၁)

## သန့်ရဲ့ပျိုးခင်း



(၁)

အိပ်ခန်းတံခါးကို ဆွဲအပိတ်အပြီးမှာ လွတ်လပ်ပေါ့ပါးမှုအရသာကို အပြည့်အဝ ခံစား လိုက်ရသည်။ ကြည့်မှန်ကို အကြည့်မှာ ကျောခိုင်းသွားသော သူ့ပုံသဏ္ဍာန်ကို ပြန် မြင်ယောင်မိ၏။ ခုတော့လည်း မှန်ရိပ်ထဲမှာ သန့် တစ်ယောက်တည်းပဲလေ။ သုံးနှစ်ကျော်ကျော်လောက် ယှဉ်တွဲနေခဲ့ဖူးသည့် သူ့အရိပ်မရှိတော့။ ပေါ့ပေါ့ပါးပါး တော့ မပြုံးရက်ပါ။ ပြီးတော့ ဘာကိုမျှလည်း မတွေးချင်တော့ပါ။ ဘေးအနားမှာ အမြဲ အတူရှိနေတတ်သော အရိပ်လို သူ့အစား ကွာရှင်းပြတ်စဲစာချုပ်ကလေးကမှ သန့်ကို ပိုလို့ လွတ်လပ် ပေါ့ပါး စေနိုင်သည် မဟုတ် လား။

+++++

"သားသမီးမရနိုင်တဲ့ မိန်းမတစ်ယောက်ကို ကိုအောင် ဆက်မပေါင်းစေချင်ပါဘူး။ သန့် ကိုယ်တိုင်က ဆက်မပေါင်းချင်တော့တာပါ ကိုအောင်၊ ကိုအောင်စဉ်းစားပါ" ဆိုသော စကားမျိုးကို ပထမဆုံးအကြိမ် ပြောစဉ်က မျက်နှာပျက်ချင်နေခဲ့သော သူသည် ကွာရှင်းလက်မှတ် ထိုးစဉ်ကမူ တည်ငြိမ်လျက်ရှိနေခဲ့သည်။ ပျော်တောင် ပျော်နေမည် ထင်၏။ သူလိုချင်သော သားတွေ၊ သမီးတွေ၊ မွေးဖွားပေးနိုင်သည့် နောက်ထပ် တရားဝင် ဇနီးမယားတစ်ယောက် ရှာဖွေတွေ့ဖို့ တွေးပြီးပျော်နေလိမ့်မည်။ သန့် စိတ်ထဲ ကျိတ်ပြုံးမိ၏။ ပြီးတော့ "တခုလပ် ဘဝကမှ သန့်ကို ပိုပြီး စိတ်လုံခြုံစေတယ်" ဟု မေ့မေ့ကို သန့်ပြောရဦးမည်။

+++++

(၂)

မေ့မေ့သဘောကျ ကိုအောင်သူ့ကို သန့် ခေါင်းညိတ်နိုင်ခဲ့သည်။ အစ်ကို၊ အစ်မများပင် ချစ်သူရှိသည့်ကြားမှ မေမေစီစဉ်သူကိုသာ လက်ခံခဲ့ကြသည့် အစဉ်အလာရှိခဲ့၍ သန့်ကလည်း သမားရိုးကျစွာပဲ ခေါင်းညိတ်ခဲ့ရ သည်။ ငြင်းဆန်မည်ဆိုလျှင်လည်း သန့်၌ အားကိုး မှီတွယ်ရာ ရည်ရွယ်သူမရှိခဲ့။ တကယ်လို့သာ အခုလို မျက်နှာပြားပြား၊ နှုတ်ခမ်းပါးပါး၊ ပါးရိုးကြီးကြီး၊ သေးသေးညှက်ညှက်နှင့် အသားညိုညို မိန်းကလေး မဟုတ်ခဲ့ဘဲ အစ်မတွေလို ကြည့်ကောင်းခဲ့လျှင်တော့ ယခုလို လွယ်လင့်တကူ ခေါင်းညိတ်နိုင်ခဲ့မည် မထင်ပါ။

မေမေက သမီးထွေးနောင်ရေးကို စိတ်မချဟု အစချီကာ နေ့နံအရပါ ကိုက်ညီလှသော ဒေါက်တာအောင်သူနှင့် စီစဉ်ရပါသည်ဟု အဆုံးသတ်သောအခါမှာ သန့် ခေါင်းညိတ်မိရပြီး ဖြစ်ခဲ့သည်။ မေမေစီစဉ်သမျှကို တည်ငြိမ်အေးဆေးစွာပင် သန့် နာယူနိုင်ခဲ့သည်။ "မေမေ စိတ်ချမ်းသာလိုက်တာ သမီးလေးရယ်" ဟူသော စကားတစ်ခွန်း၏ အင်အားနှင့်ပင် စကားဟဟမျှ မပြောခဲ့ရဖူးသည့် ဒေါက်တာအောင်သူ၏ ရင်ခွင်သို့ မျက်စိစုံမှိတ် ဝင်ရောက်ခဲ့ရသည်။ ဒါပေမဲ့ သက်သောင့်သာယာ နွေးထွေးပျူငှာတော့ မရှိခဲ့ပါ။

+++++

လိမ္မာသော သမီးပီသသည့် သန့်သည် ဇနီးကောင်းပီသအောင်လည်း ကြိုးပမ်းခဲ့သည်။ "ဖေဖေနဲ့ မေမေ့ကို ချစ်လို့သာ ရှင့်ကို လက်ခံတာ…သိလား" ဆိုသော စကားသံတို့ ရင်၌ပေါက်ကွဲနေသော အမုန်းကို ခင်ပွန်းသည် မသိမမြင်စေခဲ့။ ပြစ်ချက်အကြီးအမားဟူ၍ မရှိသော်လည်း ဖေဖေမေမေတို့သဘောကျသူ ဖြစ်နေခြင်း တစ်ခုတည်းနှင့်ပင် သန့်ရင်ထဲ၌ သူ့ကို မုန်းခဲ့မိသည် ထင်၏။ ဒါပေမဲ့ သန့်ကိုသန့် ပျိုးထောင်ခဲ့သည်။ မေမေ့ ခြေရာကို ဖဝါးထပ်နင်းကာ ခင်ပွန်းသည်ကို ထမင်းပွဲရှေ့ရောက်ပြုစုသော၊ ခင်ပွန်းသည်လက်ကို ကြည်ကြည်နူးနူး တွဲချိတ်ကာညှော့ခံတတ်သော၊ ခင်ပွန်းသည်အပေါ် ရိုးကျိုးသော ဇနီးကောင်းဖြစ်အောင် ကြိုးပမ်းနိုင်ခဲ့ပါသည်။

+++++

မင်္ဂလာဦးည၏ မီးလုံးပြာလဲ့လဲ့အောက်တွင်မှ တဘဝလုံးအတူနေသွားရမည့် ခင်ပွန်းသည်၏ မျက်နှာကို အသေအချာမှတ်မိခဲ့ရခြင်းအတွက် သန့်ရင်၌ နာကျင်ခဲ့ရသည်။ ရမ္မက်လွှမ်းနေသော မျက်နှာ။ အမျိုးသမီး တိုင်း၏ မင်္ဂလာဦးညတိုင်းမှာ တွေ့ရတတ်သော ခင်ပွန်းသည်တိုင်း၏ ရမ္မက်မျက်နှာဆိုပေမဲ့ ဤအချိန်တွင်မှ ဤမျက်နှာကို မှတ်မိ သိရှိရခြင်းသည် သန့်၏ စိတ်ငရဲ မဟုတ်လား။ ဤညဉ့်၌ပင် ကိုအောင်သူနှင့် ပတ်သက်၍ ဘဝ၌ ပထမဆုံးနှင့် နောက်ဆုံးအကြိမ်အဖြစ် သန့်မျက်ရည်ကျခဲ့ရသည်။

နောက်တနေ့ မနက်အလင်းမှာ သန့် မေမေ့ကို သတိရနေခဲ့ကြောင်း မှတ်မိနေသည်။ သန့်ကို သမီးထွေးဖြစ်၍ မခွဲနိုင်ဟု အကြောင်းပြကာ အိမ်ခွဲနေခွင့်မပြုခဲ့၍ သန့်ဘဝသည် သူစိမ်းယောကျ်ားတစ်ဦးကို ခင်ပွန်းတော်ကာ အတူအိပ်လိုက်ရသည်က လွဲ၍ ဘာတစ်ခုမှ မပြောင်းလဲခဲ့ခြင်းကို တွေး၍ မေမေ့ကိုမကျေမနပ် သတိရ နေခြင်းပါပဲ။

အပျိုဘဝ သန့်အိပ်ခန်းမှာ နှစ်ယောက်ကုတင်တိုးလာခြင်းနှင့် ဗီရိုတစ်လုံးတိုးလာခြင်းမှ လွဲ၍ တခြား အပြောင်း အလဲ တိုးတက်မှုဆိုတာကို သန့်မရခဲ့။ သို့သော် ထိုစဉ်က ဘာတစ်ခုမျှ ထူးခြားမလာသည်ကို သိလျက်နှင့်ပင် အိမ်ထောင်သည်ဘဝဆိုသည်ကိုတော့ သန့်တိတ်တခိုး မျှော်စောင့် ကြည့်နေခဲ့သေးသည်။

+++++

အိမ်ထောင်သက် တစ်လတာ ငြီးငွေ့စွာကုန်ဆုံးသွားရ၏။ မေမေ့အစီအမံအရ ခင်ပွန်းနှင့် ထမင်းအတူစား၊ အတူသွားလာ၊ ဆေးခန်း ကူထိုင်ရသည်ကလွဲ၍ သန့်၌ ဘာတစ်ခုမှ ပြောင်းလဲမလာ။ တိုးတက်မှုမဲ့၊ ဆုတ်ယုတ်မှုမဲ့။ လိုက်လျောညီထွေဖြစ်သော ဟင်းလျာများကိုသော်မှ သန့်မစီမံတတ်သေးသည်ကို မေမေမေ့နေသလားဟု သန့်မေးဖြစ်ခဲ့သည်။ မေမေကပြုံး၍ "ဒါက အရေးမကြီးပါဘူး သမီးရယ်" ဟု ဖြေသည်။ သန့်၌ စိန်နားကပ်တစ်ရံ တိုးလာ၏။ မေ့မေ့မျက်နှာပေါ်မှာ တိုးလာသော စိတ်ချမ်းသာရိပ်တွေ သန့်မြင်နေရသည်။ မျက်မှန်ထူထူတပ်ပြီး စာအုပ်ထူထူဖတ်နေတတ်တဲ့ ခင်ပွန်းသည် ကတော့ သန့်အမြင်မှာ စက်ရုပ်တစ် ရုပ်လိုပါပဲ။

ခင်ပွန်းသည်နှင့်အတူ ကိုယ်ပိုင်ဘဝတခုကို သေသေချာချာ ဖန်တီး တည်ဆောက်လိုသော သန့်သည် မေမေ့ လောင်းရိပ်အောက်မှ စက်ရုပ်ခင်ပွန်းကို စက်ဆုပ်သည်။ သန့်ကိုယ်တိုင်တော့ စက်ရုပ်တစ်ရုပ် အဖြစ် မခံနိုင်။

+++++

ကိုအောင်က ကလေးလိုချင်သည်တဲ့။ သန့်ပြုံးမိသည်။ အာရုံမှာ စက်ရုပ်ကိုယ်ပွား ကလေးတွေကို မြင်ယောင် လာ၏။ မနက် ၅ နာရီ က စာကျက်၊ ၇ နာရီမနက်စာစား၊ ၉ နာရီကျောင်းသွား၊ ညနေကျောင်းအပြန် ၄ နာရီ ကိုယ်လက်လေ့ကျင့်ခန်းလုပ်၊ ညနေ ၆ နာရီ ထမင်းစား၊ ရုပ်မြင်သံကြား ကြည့်၊ ကျောင်းသခ်န်းစာ ကြည့်၊ ၈ နာရီ စာကျက်၊ ညနေ ၁၀ ရီ အိပ် ဆိုသော ပုံသေနည်းတွေထဲက သန့် သားသမီးတွေကို မြင်ယောင် ကြည့်သည်။ အတွေးထဲမှာပင် ခေါင်းကို သွက်သွက်ခါယမ်း ငြင်းဆန်မိတော့၏။ သားသမီးတွေရဲ့ ပညာရည်တိုးတက်မှုမှတ်တမ်းထဲ အဆင့် ၁ မရတဲ့အခါ ဆူပူအော်ငေါက်မယ့် အဖေမျိုးမှာ သူလည်းပါမှာပါပဲ။ သန့် ခိုင်မာ ဆုံးဖြတ် ပြုံးမိသည်။ သန့်ရင်သွေးတွေကို ဘယ်တော့မှ သူ့လို စက်ရုပ် အဖြစ် မခံနိုင်။

+++++

သန့်ရင်တွင်းက အေးစက်အငွေ့အသက်တို့ကို အိမ်ထောင်သက် တစ်နှစ်ကျော်မှ သူ သတိထား လာမိဟန်တူသည်။ မကြည်လင်တော့သော သူ့မျက်နှာကို မြင်အရမှာ သန့်ရဲ့ မျှော်လင့်အငူက အာရုံထဲမှာ ပြိုးပြက် တောက်ပလာသည်။ သားသမီးမရနိုင်သေး သည်ကိုလည်း သူချောက်ချားနေသည်ဟု သန့်ထင်သည်။ သားသမီးရနိုင်ဖို့ ဆရာဝန် ပီသစွာ စီမံကိန်းချ၊ ကြိုးစားပြင်ဆင်၊ စဉ်းစားတွေးယူနေခြင်းများဖြင့် သူ၏ မျက်နှာ ရိပ် မှုန်မှိုင်းနေခဲ့သည်မှာလည်း သန့်၏ကျေနပ်မှုတစ်ခုပင် ဖြစ်သည်။ ရင်ထဲကအေးစက်သော အပြုံးကို ဘယ်သူကမျှ မမြင်။ သန့်ကိုယ်တိုင်ကသာ ကိုယ်နှစ်လိုသော၊ ပြီးတော့ အေးစက်သော၊ အပြုံးကို သိနေခဲ့သည်။ သားသမီးမရနိုင်ခြင်းအတွက် အစစ်ဆေးခံရန် ရှက်သည်ဟု သန့်က ခါးသီးစွာ ငြင်းဆန်တော့ သူက သူ့မှာ ချွတ်ယွင်းချက်မရှိ။ သန့်ကသာ ချွတ်ယွင်းသူဖြစ်မည်ဟု တုန်တုန်ယင်ယင် ပြောလာသည်။ သန့်ကတော့ မည်သူကပင် တိုက်တွန်းပါစေ ကလေးရနိုင်၊ မရနိုင်စစ်ဆေးခံရန်မှ အပြင်းအထန် ငြင်းဆန် ဖြစ်ခဲ့သည်။

ကြည်နူးဖွယ်(ထင်ရသော)စကားသံများ၊ အပြုံးများ အိပ်ခန်း၌ တစတစ ပါးလှပ်လာခဲ့ သည်နှင့်အမျှ သန့်ရဲ့ ပေ့ါပါးသွက်လက်လာမှုကလည်း တစတစ ထူထပ် သိပ်သည်း လာခဲ့ပါသည်။ ကောင်းမည်ဆိုးမည်ဟု မသေချာ သော အခြေအနေတစ်ရပ်စီကို မျှော်စောင့် နေဖြစ်ခဲ့ကြသော အချိန်များပါပဲ။

+++++

သည်လိုနှင့်ပါပဲ သမီးဖြစ်သူ၏ ဘဏ်စာရင်းတိုးပွားခြင်း၊ လက်ဝတ်ရတနာ များပြားလာခြင်းတို့၌ မေမေကျေနပ်နေပြီဖြစ်သောအချိန်၊ သန့်အထင်အရ ကိုအောင်သူကိုယ်တိုင်လည်း များစွာ စိတ်ပင်ပန်း နေလောက်ပြီဖြစ်သော အချိန်တွင် သန့်ကွာရှင်းခွင့်တောင်းဖြစ်ခဲ့သည်။ ထိုစဉ်က တစ်ခုလပ်ဟူသော ဝေါဟာရ ကို ကြောက်ရွံ့ ၍ပဲလား... သန့်ကိုပဲ နမြောစုံမက်၍လား... အံ့သြနေ၍ပဲလားတော့ မသိ။ သူ တုန်လှုပ် သွားဟန် ရှိနေခဲ့သည်။ သူ့အမြင်မှာတော့ သန့်ဟာ အေးချမ်းတည်ငြိမ်သူ၊ ခင်ပွန်းသည် အပေါ် ယုံကြည်တွယ်တာသူ ဖြစ်နေနိုင်သည်လေ။ သန့်ကိုယ်တိုင်လည်း သုံးနှစ်ကျော် ပေါင်းသင်းလို့ အတူနေထိုင်ခဲ့ရသူမို့ သံယောဇဉ် အငွေ့အသက်ရဲ့ ဒဏ်ကိုတော့ ခံစားခဲ့ရသည်။ ဒါပေမဲ့ စိတ်အကျဉ်းကျ ဘဝကိုတော့ သန့်က ငြီးငွေ့ စိတ်ပျက် နေခဲ့ပါပြီ။

+++++

မှန်ကြည့်သောအခါတိုင်း ကြည့်မှန်ထဲက မပြောင်းလဲသော သန့်ပုံသဏ္ဍာန်ကို သန့် ကြည်နူးစွာ ကြည့်ဖြစ်မြဲ ဖြစ်သည်။ အပျိုစင်သန့် နှင့် အိမ်ထောင်သည်သန့်ကို ကွဲပြား ခြားနားသွားအောင် မည်သည့်အရာကမှ မပြုပြင်နိုင်ခဲ့သည်ကို တွေးကာ ကျေနပ်သည်။

ထိုသို့ ကျေနပ်နေမိစဉ်မှာပင် စက်ရုပ်တစ်ရုပ်မျက်နှာနှင့် ခင်ပွန်းသည်၏အရိပ်က သန့်၏ပုံရိပ်နှင့် ယှဉ်တွဲ၍ပေါ်လာတတ်သည်ကို သန့်သဘောမကျ။ အိပ်ရာဝင်တိုင်း မြင်ရသော မျက်နှာပူကိုလည်း ရင်မဆိုင်လို။ သန့်ကို သူ့ဆေးစာအုပ်များလို ဖတ်ရှုလေ့လာသော၊ သူပိုင် လူနာတစ်ယောက်လို ဂရုတစိုက် ရောဂါရှာဖွေနေတတ်သော သူနှင့် သန့်အတူ မနေလို။ သူ၏အေးချမ်းမှုသည် သန့်အဖို့ ဘဝ တစပြင်။

+++++

ချစ်ဇနီး၏ သနပ်ခါးဖွေးဖွေးကို ခံစားသော ပင်ပန်းချွေးနံ့ကို ခုံမင်တတ်သော ပြုံးရယ်ရွှင်ပြ ညကို လိုလားသော ယောက်ျား တစ်ယောက်အဖြစ် သူ့ကို အိမ်ထောင်သက် နှစ်လခန့်အထိ မျှော်လင့်ခဲ့ပါသေးသည်။ အလုပ်သွားခါနီး အင်္ကျီကြယ်သီးတပ်ပေး၍မှ ဇနီးသည်၏နဖူးကို ငုံ့နမ်းနှစ်သိမ့် မတတ်သည့် ယောက်ျားကို သန့်စိတ်ပျက်မိခဲ့သည်မှာ သန့်၏အပြစ်ဟု မထင်ပါ။ အတူအိပ်ရုံဖြင့် လင်မယားဘဝ ပြီးပြည့်စုံသည်ဟု ယူဆတတ်သော သူ့ကို သန့်ရွံရှာသည်။ အိမ်ထောင်ရေးဘဝနွေးထွေးမှုကို မသိတတ်သည့်အတွက်လည်း သူသည် သန့်၏ တစ်သက်တာ ဘဝအဖော်မဖြစ်ထိုက်ဟု သန့်ယူဆခဲ့သည်ကလည်း သူနှင့် ခွဲခွာရလိုမှုတစ်ခု ဖြစ်ခဲ့သည်။ အိမ်ထောင်သက် သုံးလခန့်မှ စခဲ့သော စစ်အေးတိုက်ပွဲတစ်ခုဖြစ်သည်။ ခုတော့ တိုက်ပွဲ အဆုံးသတ်ခဲ့ပါပြီ။ သန့်ကျေနပ်ပါသည်။ တိုက်ပွဲမှာ သန့်မနိုင်ပါ။ သူလည်း မရှုံးပါ။ သိပ်ကို တရားမျှတတဲ့ တိုက်ပွဲပါပဲ။ သုံးနှစ်ကျော်ကာလအထိ သားသမီးမရနိုင်ခဲ့ခြင်းသည် ကွာရှင့်ခွင့်တောင်းရန်အတွက် လုံလောက်သော အကြောင်း ပြချက်ပဲ မဟုတ်လား။

+++++

(၃)

မေ့မေ့ကို အားပေးနှစ်သိမ့်ရပါမည်။ ဖေဖေကတော့ အားလုံးကိုရင်ဆိုင်နိုင်မည့်သူပါ။ မေမေ့အလိုကျ လိမ္မာ ခဲ့သော သမီးသန့်မှာ ဘာမှ စိတ်ပူစရာ မရှိတော့ကြောင်း၊ တစ်သက်စာအတွက် လုံလောက်နိုင်သော စည်းစိမ်နှင့်တကွ တည်ငြိမ်ရင့်ကျက်သည့် ဘဝအတွေ့အကြုံများလည်း ရှိနေပြီဖြစ်ကြောင်းတွေ ပြောပြရပါမည်။ အပျိုစင်တစ်ယောက်၏ ဘဝထက်စာလျှင် တစ်ခုလပ်တစ်ယောက်၏ဘဝက ပို၍လုံခြုံနိုင်မည်ဖြစ် ကြောင်းကိုလည်း မေမေစိတ်ချမ်းသာအောင် လက်ခံနိုင်အောင်ပြောမည်။

+++++

လောလောဆယ်တော့ ကိုအောင်သူ့အငွေ့အသက်တွေက အိပ်ခန်းအတွင်းမှာ ကျန်ရှိနေဆဲဖြစ်သည်။ နှစ်ယောက်တွဲ ဓါတ်ပုံမှ အစ မျက်နှာသုတ်ပုဝါတို့၊ ဆေးစာအုပ်

အချို့တို့အထိပေ့ါ။ တဖြည်းဖြည်းတော့ ရှင်းယူရမည်။ သိပ်တော့ မလိုအပ်လှတော့ပါ။ ထိုအငွေ့အသက်တို့က အခါတိုင်းလိုမှ သန့်အတွက် စိတ်အနှောင့်အယှက် မဖြစ်စေနိုင်တော့တာပဲနော်။ ကွာရှင်းစာချုပ်ကို ကျေကျေနပ်နပ် ကြည့်နေမိသည်။ အတွေးမှာ သူနှင့် ပတ်သက်နေသေးသမျှကို အမှတ်တရတွေးကြည့်သည်။ နံဘေးမှာ သူရှိမနေတော့။ အပျိုဘဝ ညတွေကို ခုမှ ပြန်လည်ခံစားရပြီ။ အေးချမ်းလွတ်လပ်နေသော အတွေးစဉ်ကို ဘယ်လိုအရိပ်မျိုးမှ မစွန်းပေနေစေလိုကြောင်း တွေးမိစဉ်မှာ သူနှင့်ပတ်သက်သော ဆောင်ရွက်စရာ တစ်ခုကို သတိရသည်။ ဟုတ်ပါရဲ့။ သောက်နေကျ အချိန်ပါပဲ။ အိမ်ထောင်သည်သက် ဘဝတစ်လျှောက်လုံး အစဉ်တစိုက် ဂရုပြုသောက်လာခဲ့တဲ့(သူမသိအောင်လည်း ဖုံးဖိထားနိုင်ခဲ့တဲ့) ဆေးကို သတိရသည်။ မြားတန်းလေးတွေ ဆုံးသည့်တိုင် ဆေးဆက်သောက်ရမည့်တာဝန် ကျန်ရှိနေသေးသည်လေ။ ရွှေရောင် ဆေးကဒ်ကို ထုတ်အယူ မှာ အရင်အချိန်တွေကလို မလုံမလဲဖြစ်စရာ မရှိတော့တာကို တွေးမိသည်။ အကြိမ်ကြိမ် သောက်ခဲ့သမျှမှာ ဒီတစ်ကြိမ်ဟာ အချောမွေ့နိုင်ဆုံး အနေအထားနဲ့ ဆေးလုံးကလေး လည်ချောင်းပြွန်ထဲ ဝင်သွားနိုင်တဲ့ အချိန်ပါပဲ။ အရင်အချိန်တွေတုန်းကလိုလည်း ခင်ပွန်းသည်ကို သစ္စာဖောက်မိသလို ခံစားစိတ်တို့ မလုံမလဲ မဖြစ်တော့။

အတွေးအားလုံးကို မေ့ပစ်ဖြတ်တောက်ရမည်။ သန့်ခေါင်းကို အားပါးတရ ငြင်းဆန် ခါထုတ်ပစ်လိုက်သည်။ သိစိတ်ထဲမှာ ရှိခဲ့ဖူးသမျှ အားလုံး လွင့်စင်ပျောက်ကွယ်သွားတော့သည်။

မေငြိမ်း
ရုပ်ရှင်အမြုတေ၊
၁၉၈၈၊ မေလ

# တူနစ်ကိုယ်



ညနေလေးနာရီ ထိုးလုပြီဆိုလျှင် အဆောင်ရှိ မိန်းကလေးတိုင်းလိုလို ရှုံးစုရှုံးစုဖြင့် လှုပ်လှုပ်ရှားရှား ဖြစ်လာရ စမြဲပင်။ တချို့က ချစ်သူ လာတွေ့မှာမို့... တချို့က ညနေခင်းမှာ ချစ်သူနှင့် ကြည်နူးသာယာဖို့... တချို့က ခြေခင်းလက်ခင်းသာချိန်မှာ သက်သက်ကို လမ်းလျှောက်ဖို့... တချို့က မုန့်စား၊ လက်ဖက်ရည်သောက် ထွက်ဖို့... အားလုံးမှာက အကြောင်းပြချက် ကိုယ်စီနှင့်ပင်။ အဲဒီအချိန်မှာ အိပ်ခန်းတွင်းအောင်းပြီး နေချင်တဲ့သူ ဆိုတာကတော့ မရှိသလောက် ရှားပါးလှပါသည်။ ထို့ကြောင့်ပင် မသစ္စာက တမျိုးထူးဆန်းသော ရှားပါး မိန်းကလေး ဖြစ်လာရခြင်းပဲ ဖြစ်ပါလိမ့်မည်။

+++++

မသစ္စာတို့ အဆောင်၏ ညနေလေးနာရီသည် သိပ်အေးချမ်းသော ကြည်နူးသာယာဖွယ်ကြီးတော့ မဟုတ်ပါ။ အဆောင်ရှေ့ရှိ အတော်ကျယ်ပြောသော မြက်ခင်းပြင်ကြီးကသာ စိမ်းစိုနေ၍ နေရောင်အောက်မှာ လက်လက် ပြေးကာ အေးဟန် အေးရိပ်ရှိပြီး ကောင်းကင်မှာမူ နေက ညှိုးရိပ်ပင် မသမ်းသေးဘဲ ရှိနေတတ်သည်။ သို့ပေမဲ့ အဆောင်ခြံဝင်း ဥယျာဉ်အတွင်းမှာမူ သရက်ပွင့်တို့ ထုံဝေသည့် သရက်ပင်အုပ်အုပ်ကြီး၏ အရိပ်တို့ဖြင့် အေးရိပ်ရှိပြီး အဆောင်ရှေ့လမ်းမကြီးပေါ်တွင်လည်း

ပိတောက်ပင်တန်းကြောင့် အေးမြပါသည်။ ထို့ကြောင့်ပင် ပူလောင်ရိပ် မကုန်နိုင်သေးသည့် ထို လေးနာရီ ဝန်းကျင်သည် မြို့ပြထက်မှာထက်စာလျှင်တော့ မသစ္စာတို့ အဆောင်ရှိရာ တက္ကသိုလ် ကျောင်းဝင်း နေရာလေးမှာတော့ အေးမြငြိမ်သက်သည်။ သာယာသည်ဟု ဆိုရမည် ဖြစ်ပါသည်။ ပြီးတော့ ထိုအချိန်သည် မသစ္စာတို့ အဆောင်သူအားလုံး ညနေခင်း ရေချိုးပြီးစ... မွှေးပျံ့ လှပ သန့်ရှင်း ကြည်စင်နေတတ်ရာ ထိုညနေခင်းက စိတ် ကြည်လင် ချမ်းမြေ့ဖွယ်ရာ အမှန်ပဲ ဖြစ်လေသည်။

+++++

ညနေ လေးနာထိုးဖို့ ဆယ်မိနစ်လောက်အလိုတွင် မသစ္စာ၏ အခန်းဖော် မေစီ၏ "နစ်ကိုယ်ကြင်တဲ့... အကိုလင်ရဲ့.. ပျိုခင်နွဲ့... မျှော်တဲ့... လေးနာရီ" ဟူသော သီချင်းညည်းသံကို ကြားရမြဲပင်၊ မသစ္စာက "မေစီကလည်းကွယ် လင်မှမဟုတ်ဘဲနဲ့ မဆိုပါနဲ့" ဟု တားလျှင် မေစီက ပြုံးစစဖြင့် "အိုး... တစ်နေ့ကျ ဖြစ်လာမှာပဲဟာ" ဟု ပြန်ပြောတတ်၏။ မေစီက မျက်နှာတပြည့်စာ ကြည့်မှန်ကလေးကို ကြည့်လို့ပဲ မဝနိုင်။ ထိုအချိန်မှာတော့ မေစီက သူ့ရဲ့ ဒိုရူး(Dohru) မိတ်ကပ်ကို အသုံးမချဘဲ ရှင်မတောင်သနပ်ခါးတုံးကိုသာ နာနာသွေးကာ ခြေလက်ပါမကျန် ဖုန်နေအောင် လူးတတ်၏။ ပြီးတော့ နေ့တိုင်းလိုလိုပင် ပြုံးတုံ့တုံ့ မျက်နှာလေးဖြင့် "ကိုမောင်က ရှင်မတောင်သနပ်ခါးနံ့ရရင် အမောပြေတယ်တဲ့"ဟု ခပ်တိုးတိုးလေး ရေရွတ်ဟန်ဖြင့် ပြောတတ်သေး၏။ မေစီ အဲလိုပြောသည့်အခါတိုင်း မသစ္စာကတော့ မငြီးငွေ့ဘဲ မေစီ့မျက်နှာလေးကို အမြဲ ငေးမိရတတ်သည်။ အဲသည် အချိန်လေးမှာ မေစီ့ အပြုံးဟာ တွေ့ဖူးသမျှမှာတော့ အလှဆုံးနဲ့ အရှင်သန်ဆုံးပဲ ဟုလည်း အမြဲ တွေးမိရသည်။ ထိုအခါ... မေစီ၏ ချို့ယွင်းချက်ဟု သူမ အမြဲ ယူဆမိရသည့် ချစ်သူယောကျ်ားလေးအပေါ် မျက်နှာသာပေးမှုကို မသစ္စာက အပြစ်ဟု မမြင်မိဘဲ ခွင့်လွှတ် လိုက်မိရတတ်သည်။

တကယ်တော့ မသစ္စာက ချစ်သူရည်းစားမထားဖူးသော်လည်း အချစ်ကို နားလည် ခံစားနိုင်သူ၊ အချစ်များ အပေါ် ကိုယ်ချင်းစာ နာတတ်သူပါ...။ ဒါကို ဘယ်သူသိမလဲ။ သို့ပေမဲ့ တစ်ချိန်တည်းမှာပဲ မသစ္စာက အချစ်ကြီး ချစ်နိုင်သူများ (သို့မဟုတ်) ချစ်ခွင့်ရကြ သူများအပေါ် မနာလို မုန်းထား ရှိနေသည်ကိုရော ဘယ်သူ သိနိုင်မလဲ။

ခက်သည်က မသစ္စာက ကိုယ့်ကိုယ်ကို သိမြင်သောမိန်းမ ဖြစ်နေခြင်းပင်။

+++++

မသစ္စာ မှတ်ထားသလောက်တော့ အဆောင်၏ ညစ်ချိန်တွေမှာ၊ အဆောင်ရှေ့ ဥယျာဉ်ထဲမှာ ထိုင်စကားပြော ကြသော စုံတွဲက ခုနစ်တွဲရှိပြီး၊ လမ်းလျှောက်လေ့ရှိသော စုံတွဲက ခြောက်တွဲ ရှိသည်။ ပြီးတော့ သူမတို့ အဆောင်မှ လှမ်းမြင်ရသည့် စားသောက်တန်း (Canteen) မှာ လက်ဖက်ရည်သောက်ရင်း စကားပြောသော စုံတွဲက

သုံးတွဲရှိသည်။ အားလုံးပေါင်း အဆောင်မှာ ရည်းစားကို ညနေတိုင်း မျှော်စောင့်သော ကျောင်းသူ များက ၁၆ယောက်ရှိသည်။ ရည်းစားမရှိသေးသော ကျောင်းသူများကတော့ ညနေခင်း လမ်းလျှောက်ပေါ့။ ကင်တင်းထိုင်ပေါ့။ အဆောင်မှာနေကျန်သူဟူ၍ စာဂျပိုးရှစ်ယောက် နှင့် မသစ္စာသာ ရှိမြဲ ဖြစ်သည်။

မသစ္စာကတော့ ညနေခင်း လေးနာရီမှ စ၍ ရေချိုးသော ကျောင်းသူတစ်ယောက် ဖြစ်သည်။ အဲသည်အချိန် မှာဆိုလျှင် စာဂျပိုးရှစ်ယောက်မှ လွဲ၍ အခြားသော ရေချိုးသူ၊ ထမင်းစားသူ မရှိတတ်ပေ။ မသစ္စာကသာ စာဂျပိုးလည်း မဟုတ်ပါဘဲနှင့် အဲသည်အချိန်မှာမှ ရေချိုးတာ။ ပြီးလျှင်တော့ ရည်းစားနှင့် သွားတွေ့မည့် မေစီထက် နည်းနည်းမှ မလျော့သော အတိုင်းအတာလောက် မွှေးပျံ့ဖုံးလွှမ်းသည့် သနပ်ခါးတို့ဖြင့် ကိုယ့်ကိုယ်ကို ခြယ်သ၏။ ကြည့်မှန်ထဲမှာ ကိုယ့်မျက်လုံးတွေကို ကိုယ့်ဘာသာကိုယ် ပြန်စိုက်ကြည့်မိလျှင်တော့ ထိုအချိန်မျိုးမှာ ကိုသန့်စင်ကို သတိရ လာမြဲ ဖြစ်သည်။

သူက မသစ္စာရဲ့ မျက်လုံးတွေအောက်မှာ ချမ်းမြေ့သတဲ့။ မသစ္စာလည်း ချမ်းမြေ့ခဲ့တာပါပဲ။ ဒါပေမဲ့ ချမ်းမြေ့ခဲ့တာ တစ်ခုထဲနဲ့တော့ ဘဝမှာ (အထူးသဖြင့် ချစ်သူစုံတွဲဘဝမှာ) မပြည့်စုံနိုင်ဘူး ထင်သည်။ (ဒါနဲ့ပဲ... ကိုသန့်စင်ကို သူမ ငြင်းခဲ့ရတာ)။ ဒါပေမဲ့ တချို့ ညနေတွေမှာ... အဆောင်ကို သူလာလို့ ဥယျာဉ်ထဲမှာ စကားထိုင် ပြောရသည်ကိုတော့ မသစ္စာက စိတ်ချမ်းသာရပါသည်။ ဘဝထဲမှာ လှောင်ပိတ် ကျဉ်းကျပ်နေရသမျှအတွက် အမောပြေစရာ လေပြေလေညင်းကလေးကို တစ်ချက် ရှူရှိုက်လိုက်ရသလိုပေါ့။ ဘာပဲဖြစ်ဖြစ်... ကိုယ့်ကို ချစ်ခင် တန်ဖိုးထားပါသည်ဆိုသော လူတစ်ယောက်ရဲ့ ရှေ့မှာနေရတာ အားတမျိုးရှိတာတော့ အမှန်ပဲ ဖြစ်သည်။ အနည်းဆုံးကတော့ ကိုယ့်ဘက်မှ ရပ်တည်ပေးမည့် လူတစ်ယောက် ရှိလာတာပဲ မဟုတ်လား။

အဲသည် ကိုသန့်စင်ကြောင့်ပဲ မသစ္စာက ညနေခင်းတွေမှာ သနပ်ခါး မွှေးကြိုင်ခြယ်သလို့ အဆင်သင့် ရှိခဲ့တာ။ ကိုသန့်စင်က ညနေ ငါးနာရီလောက်မှ လာတတ်ပြီး ခြောက်နာရီထိုးတိတိလောက်မှာ ထပြန်တတ်သူမို့ မသစ္စာက ခပ်အေးအေးပဲ လေးနာရီထိုးကာမှ ရေချိုးတော့တာ... အလှပြင်တော့တာ။ တကယ်လို့ ကိုသန့်စင် ရောက်မလာတော့ကော...တဲ့။

+++++

ညနေလေးနာရီခွဲဆို အဆောင်ရဲ့ မျက်နှာစာ ဘယ်ဘက်ထောင့်စွန်းမှာရှိတဲ့ သူမ၏ အခန်းရှေ့ စင်္ကြံမှာ သူမကိုယ်တိုင် ချထားသည့် ထန်းပက်လက်ကုလားထိုင်မှာ ထိုင်နေပြီ။ သူတို့အဆောင်က လူသွားလမ်းနှင့် နီးပြီး အဆောင်၏ မျက်နှာစာက အုတ်ဝရံတာ မဟုတ်ဘဲ သံဇကာကွက်ဖြင့်သာ အပြည့် ကာရံထားသည်မို့ အဆောင်စင်္ကြံမှာရှိသော

လှုတိုင်းကို ရှင်းရှင်းလင်းလင်း မြင်ရနိုင်သည်။ အဆောင်ပေါ်ရှိ လူကလည်း ပတ်ဝန်းကျင် မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်ရသည်။

ညနေတွေမှာ အဆောင်ရဲ့ ဒုတိယထပ် မျက်နှာစာ စင်္ကြံပေါ်မှာ.. ထန်းပက်လက် ကုလားထိုင်တွင် ထိုင်နေသော မသစ္စာကို ကြည့်ရသည်မှာ အိပ်မက်ဆန်လှသည်ဟု ကိုသန့်စင်က ပြောဖူးသည်။ မသစ္စာကတော့ သိပ်ကို သက်သောင့်သက်သာ ရှိတာပါပဲ။ ထန်းပက်လက် ကုလားထိုင်ရဲ့ ခေါင်းမှီတန်းပေါ် ခေါင်းကို ခပ်မော့မော့မှီလျက် ကြည့်လျှင်ဖြင့် အဆောင်၏ အရှေ့တောင်ဘက် မလှမ်းမကမ်းမှာ ရှိသည့် စားသောက်တန်းမှ လူတွေ၊ သူတွေကိုပင် မြင်ရသေးသည်။

မသစ္စာတော့ ဥယျာဉ်ထဲ ဆင်းရတာထက်၊ လမ်းလျှောက်နေရတာထက်၊ ကင်တင်း သွားထိုင်ရတာထက် ခုလို ထိုင်ကြည့်နေရတာကိုပဲ ဘယ်လို မက်မောမှန်း မသိပေ။ ကိုသန့်စင် ရောက်လာခြင်း၊ မလာခြင်းကလည်း အရေးမကြီးတော့…။

ကိုသန့်စင် ရောက်မလာသော ညနေတွေမှာတော့ သက်သောင့်သက်သာ နိုင်လှစွာသော အမူအရာဖြင့် ထန်းပက်လက် ကုလားထိုင်မှာ ထိုင်ရင်း ဝေးသီနေသောမျက်လုံးများနှင့်၊ တခါတရံ ချိုမြိန်စွာ ပြုံးတတ်သော မျက်လုံးများဖြင့်၊ တခါတရံ ကြေမွသော မျက်လုံးများ ဖြင့် အနီးဝန်းကျင်ရှိ စုံတွဲတို့ကို ငေးနေသည့် မသစ္စာကို တကယ့်ကို အိပ်မက်ဆန်စွာ တွေ့ကြရမြဲဖြစ်သည်။

+++++

ရေမိုးချိုးပြီး၊ သနပ်ခါး မွှေးထုံ လိမ်းပြီး Essence ဆပ်ပြာရည်နဲ့ မွှေးထုံသည့် အဝတ်လတ်လတ်တို့နှင့် လဲလှယ်အပြီးမှာတော့ မသစ္စာက For men ဟု သေချာ ညွှန်းဆိုထားသည့် Eternity ရေမွှေး ကို သူ၏ လည်တိုင်မှာ နှစ်နေရာလောက် ဆွတ်မြဲ ဖြစ်သည်။ သူ့စိတ်ထဲမှာတော့ အဲသည် Eternity က ကိုသန့်စင်၏ ကိုယ်ပွားဟုပင် ထင်သည်။ ကိုသန့်စင်က အဲသည်ရေမွှေးကို အမြဲသုံးသူ မဟုတ်လား။ ပြီးမှ… သရက်ပွင့်နံ့တို့ သိသိသာသာ ဝေ့ဝဲပျံ့လွင့်သည့် အဲသည် နံရံကပ် ကုလားထိုင်ရှိရာမှာ လာထိုင်သည်။ ညနေ ငါးနာရီ မတိုင်မီ အထိတော့ မသစ္စာက သူ့ကို မျှော်မိသည်။ တမင် မမျှော်လိုသော်လည်း အလိုလိုပင် မျှော်မိလျက်သား ဖြစ်အောင် မျှော်ကျင့် ရနေခဲ့ပြီ။

သူ ရောက်လာလျှင်တော့ အဆောင်ရှေ့ လမ်းသွယ်လေးရဲ့ ထိပ်ဆီ သူ ရောက်လာသည်ကို လှမ်းမြင်လိုက် ကတည်းကပင် မသစ္စာက အိပ်ခန်းထဲ ပြန်ဝင်၊ မှန်ရှေ့မှာ ဆံပင်ကို တစ်ချက်နှစ်ချက် သပ်ပြီး အောက်ထပ်မှ သူငယ်ချင်းတချို့လှမ်းမအော်ခင် သူ့ကို ဆီးကြို နှုတ်ဆက်ဖို့ အဆောင်ဝင်းဝကို ရောက်နှင့်အောင် သွားမြဲ ဖြစ်သည်။ ပြီးတော့ အဆောင်ရဲ့ ဘယ်ဘက်ခြမ်းက ဥယျာဉ်ထဲမှာရှိသော ပုဏ္ဏရိပ်စည်းရိုးနှင့် ကပ်လျက် ခုံတန်းမှာ ထိုင်လို့။

ကိုသန့်စင်ပြောလေ့ရှိသော စာပေရေးရာတွေ.. ဘဝကို တစ်ယောက်တည်း ရင်ဆိုင်ရတာထက် နှစ်ယောက်ရင်ဆိုင်ရတာက ပိုကောင်းတယ်လို့ အထောက်အထား ခိုင်ခိုင်လုံလုံနဲ့ ပြောပြတာတွေကို နားထောင်မည်။ တခါတခါတော့လည်း သူပြောတာတွေကို မကြားဘဲ၊ သူမတွေးချင်ရာတွေ အကြာကြီး တွေးနေမိတာတွေလည်း ရှိတတ်သည်။

တခါတခါကျတော့ ကိုသန့်စင်က ခေါင်းကို ညင်ညင်သာသာ ခါယမ်းကာ "ကျနော်သိတယ်.. မသစ္စာ ကျနော့်ကို မချစ်ဘူးဆိုတာ။ ကျနော်က တကယ်တော့ ရှုံးနေတာပဲ...၊ ကျနော်ဟာ ကိုယ့်အနာဂတ်ကိုလည်း မသိတဲ့ ကောင်ပါ" ဟု ပြောပြန်သည်။ ပြီးတော့လည်း "တနေ့နေ့ကိုတော့ ကျနော် မျှော်နေပါရစေနော် မသစ္စာ" လို့လည်း မပြီးဆုံးနိုင်သော ဇာတ်ကို ဆက်ချင်ပြန်သည်။ သည်နေရာမှာ အတ္တကြီးသော မသစ္စာကတော့ ဇာတ်မျောထဲမှာ အသာစီးနေရာမှ နေနေရခြင်းအတွက် ပျော်စရာကောင်းသည် ဟု ခံစားရသည်။

ကိုသန့်စင် မလာသောနေ့တွေမှာတော့ မသစ္စာက ကိုယ့်စိတ်ကို ပုံသွင်းထိန်းချုပ်မှု မလုပ်တော့ဘဲ လွင့်ချင် သလောက် လွင့်ဖို့သာ လွှတ်ထားလိုက်တော့သည်။ အဲသည်အခါမှာတော့ မသစ္စာ၏ ဟန်ဆောင် ဖုံးထားသော ပင်ကိုစိတ်တို့က တကယ်ပဲ ရွှက်လွင့်တော့သည်။ ရွှက်လွင့်သော စိတ်တို့၏ ဦးတည်ရာကား ချစ်သူစုံတွဲများသာဖြစ်သည်။

+++++

အဆောင်ပေါ်မှစီးကြည့်လျှင် မြက်ခင်းပြင်ကျယ်တပြောကြီး။ ပြီးတော့ အဲဒီမြက်ခင်းရဲ့ အစပ် အနားသတ်မှာ တော့ စာသင်ဆောင်တချို့။ စာသင်ဆောင်တွေရဲ့ဘေး လမ်းသွယ်က မြက်ခင်းပြင်ကျယ်ထဲကို ဖဲ့ဝင်ကာ သူမတို့ အဆောင်ထံ ရောက်လာသည်ကို မြင်နိုင်သည်။ သည်တော့ အဆောင်ပေါ်မှ ကြည့်ရင်းဖြင့် အဆောင် ညနေခင်း ညေ့ချိန်တွေမှာ အလျှိုလျှို ထွက်သွားကြသည့် ချစ်သူစုံတွဲ အားလုံးလိုလိုကို မြင်နိုင်သည်။ အများအားဖြင့်လည်း ထိုစုံတွဲတို့က ထိုမျှသော နယ်နိမိတ်၊ ဧရိယာကို ကျော်မသွားကြောင့်လည်း ဖြစ်သည်။

မသစ္စာ၏ စိတ်တို့က မြင်ကွင်းတလျှောက် လိုက်ပါသည့်အခါ... မကြာခဏ စိတ်ကောက်နေလေ့ရှိတတ်သော နီထွေးနှင့် ကျော်ကျော်သက်တို့ စုံတွဲ၊ အမြဲချစ်ခင်ယုယစွာ အချိန်ပေါင်းများစွာကို တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သုံးပစ်လေ့ရှိသော ထားထား နှင့် နေလင်းတို့ စုံတွဲ၊ တစ်ယောက်နှင့် တစ်ယောက် သူငယ်ချင်းတွေလို နင်၊ ငါ ရိုက်ကာပြောသော်လည်း တခါမှ ရန်ဖြစ် စိတ်ကောက်တာ မတွေ့ဖူးသည့် ချော နှင့် သီဟတို့ စုံတွဲ၊ တစ်ယောက်ကို တစ်ယောက် အားပေးကာ အခုလို ရည်းစားဘဝကတည်း က ဘဝကို ရင်ဆိုင်ရုန်းကန်နေကြရသော မာလာ နှင့် ဖေလတ်တို့

စုံတွဲ၊ အနောက်တိုင်းဆန်ကာ ပွင့်လင်းလွတ်လပ် သလောက် ရည်းစားလည်းများသည့် မေစီက သူနှင့်ကျမှ အချစ်စစ်ကို တွေ့ပါသည်ဟု ကြွေးကြော်ရပါသည့် ဉာဏ်ဦး နှင့် မေစီတို့စုံတွဲ တို့ကို အထူးသဖြင့် မြင်နိုင်သည်။ ထိုစုံတွဲတို့က အလွန်ဆုံး ကျောင်း စာသင်ဆောင် လှေခါးထစ်တွေမှာ ထိုင်ရုံထက်ပို၍ ဝေးဝေး သွားလေ့မရှိရာ… မသစ္စာ၏ မျက်လုံးရှေ့သို့ အလိုအလျောက် ရောက်လာတော့သည်။

အဲသည် စုံတွဲတို့ကို မျှော်ငေးရင်း မသစ္စာက နီထွေး စိတ်ကောက်သည်ကို မျက်ရည်တလည်လည်ဖြင့် ချော့ရင်း ပြေလည်သွားတော့ ပျော်မဆုံးဟန် မခွဲနိုင်မခွာဟန် အပြည့် ရှိသည့် ကျော်ကျော်သက်ကိုကြည့်ကာ ရင်ခုန်သည်။ ထားထား နှင့် နေလင်းတို့၏ သာယာ ကြည်နူးဖွယ် အချစ်၌ မွေ့လျော်သည်။ ချော နှင့် သီဟ လို အရာရာတိုင်ပင်လို့ရသော သူငယ်ချင်းဆန်သည့် အချစ်ကို သဘောကျသည်။ မာလာနှင့် ဖေလတ်လိုလည်း ဘဝကို ရင်ဆိုင်ရဲချင်သည်။ ပြီးတော့ မေစီ နှင့် ဉာဏ်ဦး လို အရာရာကို ပြီးမြောက် ကျော်ဖြတ် ပစ်လိုက် နိုင်သည့် အရူးအမူး အချစ်မျိုးကိုလည်း ကြုံတွေ့ဖူးလိုသည်။ တကယ်တော့ ထိုစုံတွဲတို့က မသစ္စာ၏ အိပ်မက်များသာ ဖြစ်သည်။ လက်တွေ့မှာလည်း မသစ္စာက အိပ်ရာမှ နိုးထသည့်အခါ အိပ်မက်တို့ကို ပြီးဆုံး ဖြေဖျောက်ပစ်လိုက်ရသူပဲ မဟုတ်လားလေ…..။

+++++

မသစ္စာက ဘဝကို ကြောက်ရွံ့သူဖြစ်သည်။ သို့ပေမဲ့ ယင်းကို ကိုသန့်စင်ကတော့ မသိပေ။ ကိုသန့်စင်သည် သူ့ကို မသစ္စာ ဘာကြောင့် ငြင်းဆန်နေသလဲ၊ ဘာကြောင့် ခေါင်းမညိတ်သလဲ ဆိုတာကို အဖြေရှာမရပေ။ စဉ်းစားကြည့်တော့ ကိုသန့်စင် နှင့် မသစ္စာက မတူမတန်စရာဆ မလိုက်ဖက်စရာလည်း မရှိပြန်။ ကိုသန့်စင်နှင့် မသစ္စာက လိုက်ဖက်၍ပင် နေပေသေးသည်။ ကိုသန့်စင်သည်လည်း မသစ္စာလိုပင် နယ်ကျောင်းသား။ လူလတ် တန်းစား၊ ဝန်ထမ်းသားသမီး။ ကိုယ့်အား ကိုယ်ကိုး နေရသူများ။ တနည်းအားဖြင့် စိတ်ချလက်ချ လက်တွဲ နိုင်သည့် အရည်အသွေးလည်း ပြည့်သူချင်းပဲ။ ဒါပေမဲ့ မသစ္စာ တွေးသလို ဆိုရင်တော့ ကိုသန့်စင်က မသစ္စာကို နားမလည်နိုင်သေးသူ။ အကဲမခတ်တတ်သေးသူ။ အထူးသဖြင့်တော့ ကိုသန့်စင်က လောကထဲမှာ ရိုးလွန်းသူ ဖြစ်နေခြင်းပင်။ မသစ္စာအမြင်အရတော့ ဒီလောကကြီးက ရိုးသားနေဖို့ မကောင်းသောကြောင့် ရိုးသားနေလို့ မဖြစ်။ ထိုအခါ ဒီလောကထဲ တသက်လုံး နေထိုင်သွားဖို့ရာမှာ သူမကို ဦးဆောင်နိုင်သည့် ထက်မြက်ပါးနပ် သော ယောက်ျားသာ လိုအပ်သည်ဟု ယူဆလေသည်။

ပြီးတော့ မသစ္စာက ဘဝထဲမှာ တစ်သက်လုံး ရုန်းကန်ပင်ပန်းခဲ့ရခြင်းတို့ဖြင့် နှစ်ဆယ့်နှစ်နှစ် လုံးလုံး နေခဲ့ရသူမို့ ကိုယ့်ကံကြမ္မာ ကိုယ်ဖန်တီးရမည့် နောက်ပိုင်း သက်တမ်းများကိုတော့ အေးအေးသက်သာဖြင့်သာ ဖြတ်သန်း လိုတော့သည်။ ထိုအခါ

မသစ္စာက ဘဝထဲမှ ထွက်မသွားနိုင်သေးခင် အချိန်ကလေးအတွင်းမှာတော့ ဒုက္ခကို ကြောက်သူသာ ဖြစ်တော့သည်။

အခန်းဖေါ်မေစီကတော့ မသစ္စာဟာ ခုလောက် ခေါင်းအေးအေး အမြင်ရှင်းရှင်း ထားတတ်သူဖြစ်လျက်... အသည်းနှလုံးထက် ဦးနှောက်ကို ဦးစားပေးနိုင်သူလည်း ဖြစ်လျက်... ဘဝကို လောကဓံဆိုတာကို ထိုမျှ ကြောက်ရွံ့နေခြင်းမှာ အပြစ်ဟု ဆိုသည်။ မသစ္စာကတော့ မေစီ့ကို ခပ်ပြုံးပြုံးဖြင့်ပင်... "အင်းပေါ့လေ... မေစီက တော့ ပြောမှာပေါ့ တခါမှ မဆင်းရဲဖူးခဲ့ပဲကိုး" ဟု မှတ်ချက်ချသလို ပြောတတ်သည်။ "အဲလို ဦးနှောက်ကို ဦးစားပေးလို့လည်း ကျိန်းသေ ဆင်းရဲဒုက္ခကြုံရမယ်လို့ သိတဲ့ ကိစ္စမျိုးတွေကို ရှောင်နိုင်တာပေါ့" ဟု ဆက်ပြော ပြန်လျှင်လည်း မေစီက ခေါင်းတညိတ်ညိတ်ဖြင့် ထောက်ခံရပြန်သည်။

တကယ်လည်း မသစ္စာက ခုထိတိုင် အသည်းနှလုံးကို ဖုံးကွယ် လိမ်ညာထားနိုင်ဆဲ။ လိုသလို အသုံးချ၍ ရနေဆဲပဲ ဖြစ်သည်။ မသစ္စာက ချစ်သူစုံတွဲများကို ပြုံးယောင်ပြုံးတုံ့ ငေးနေဆဲမှာပင် အကွာအဝေးပေါင်း များစွာကို ကျော်ဖြတ်ကာ အများကြီး တွေးမြင် ပစ်လိုက်သူပေပဲ။ ကြည်နူးရွှင်ပြနေသော ချစ်သူတစ်စုံကို ကြည့်ရင်းမှပင် အဲဒီ စုံတွဲနေရာမှာ သူမနှင့်အတူ ကိုသန့်စင်ကိုပါ အစားထိုး ကြည့်တာ။ အဲဒီအခါ... အိမ်ထောင်ရေး နယ်ပယ်တွင်းရှိ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးဆိုင်ရာ အခက်အခဲတွေကို မြင်တော့တာ။

အိမ်ထောင်သည်ဘဝမှာ သူမ နှင့် ကိုသန့်စင်က ဘွဲ့ရပညာတတ်ဆိုတော့လည်း ပညာတတ်မာန်က ကြီးမည်။ သူများကို အောက်ကျ မခံ။ သူများ အောက်ကျို့ရမည့် အလုပ်မျိုး မလုပ်နိုင်။ ကိုသန့်စင်က ပိုဆိုးလိမ့်မည်။ သူက သူ့ပညာမှာ တော်သည့်လူ ဖြစ်သည့်အပြင်၊ မာနကလည်း ကြီးပေ့ ဆိုသည့် အစားထဲက။ "ကိုယ့်ပညာကို တစ်နည်းနည်းနဲ့ စော်ကားလို့ကတော့ ငုံ့ခံနေစရာ အကြောင်းမရှိဘူး"ဟူသော စကားမျိုးကို သူ့ထံမှ မကြာခဏ ကြားခဲ့ရဖူးသည်။ သည်တော့ ကိုသန့်စင် နှင့် သူမတို့သည် သူမတို့၏ မိဘများလိုပဲ ရိုးကုပ်စွာ ဆင်းရဲသော ဝန်ထမ်း မိသားစုမျိုးသာ ဖြစ်လာလိမ့်မည်။ ပြီးတော့ ကိုသန့်စင်က မောင်နမငါးယောက်ထဲမှာ သားအကြီးဆုံး လည်း ဖြစ်ပြန်သည်။ ခက်သည်က မသစ္စာကိုယ်တိုင် မောင်နမငါးယောက်ထဲမှာ သမီးဦး ဖြစ်နေသည့်အတွက် သားဦး သမီးဦးတို့၏ ငဲ့ညာရမှု၊ ထောက်ပံ့ရမှုတို့ကို သဘောပေါက်သည်။

ထိုအတွေးတို့ကို တွေးမိတိုင်းပင် မသစ္စာက သက်ပြင်းမှုတ်ကာ မျက်စေ့စုံမှိတ်လျက် ခေါင်းခါ ပစ်လိုက်ရမြဲ ဖြစ်သည်။ အတွေး၌ပင် ထိုဘဝကို ထိတ်လန့်၏။ ကိုသန့်စင်တို့ ယောကျ်ားတွေကတော့ မိန်းမတွေ ဂုဏ်မက်သည်ဟုသာ စွပ်စွဲမှာပေါ့။ သို့ပေမဲ့ အောင်မြင်သော အိမ်ထောင်ရေးတစ်ခုအတွက် ငွေကြေးဆိုတာ အခြေခံလိုအပ်ချက်ပဲ မဟုတ်လား။ ချစ်သူတွေ အိမ်ထောင်ဖက်တွေ ဖြစ်ကြပြီးမှတော့ ငွေကြေးအတွက်

ရန်ဖြစ်ကြရတာ ရှက်စရာကောင်းသည်မို့ ဒါကို မသစ္စာက ရှောင်ရှားလိုသည်။ ဒါပေမဲ့ ရှောင်ရှားဖို့လည်း ခက်မှာ သေချာသည်။ ထိုအခါ... မသစ္စာက ထိုသို့ ပြဿနာရှိနိုင်သည့်သူကို ချစ်သူအဖြစ်ပင် မပတ်သက် လိုတော့ပေ။ နှစ်ဦးနှစ်ဖက် အကျိုးရှိသော ဆုံးဖြတ်ချက်ဟုလည်း ထင်သည်။ မလိုအပ်ပါဘဲ ရန်သူလည်း မဖြစ်လိုတော့ပေ။ ကိုသန့်စင်ကို ငြင်းဖြစ်သည့် အဓိကအကြောင်းက ဒါပဲဖြစ်သည်ကို မသစ္စာကတော့ ဝန်ခံရဲပါသည်။

မေစီတို့ကတော့ "မသစ္စာက အချစ်ကို တန်ဖိုးမထားဘူး"ဟု ဆိုသည်။ စင်စစ်တော့ မသစ္စာကမှ အချစ်ကို တကယ် တန်ဖိုးထားသည်ဟု ကိုယ့်ဘာသာ ယုံကြည်သည်။ ကြည့်လေ... အချစ်ကို တန်ဖိုးထားလို့ပဲ၊ အချစ်ရဲ့ ပုံသဏ္ဍာန်လေး ပျောက်ပျက် မသွားအောင်လို့ပဲ အဲဒီ အချစ် ဆိုတာကို အင်မတန် လှည့်ဖျားတတ်သော၊ ပူလောင်ပြင်းပြခြင်းတို့ များပြားသော အိမ်ထောင်ဘဝဆိုတဲ့ နွံထဲ ဆွဲခေါ် မထည့်လိုတာပေါ့။

အချစ်... ဆိုတာကို သီးသီးသန့်သန့်လေး... ပြီးတော့၊ ဟိုး ခပ်မြင့်မြင့်မှာသာ ကိုးကိုး ကွယ်ကွယ် ထားချင်သည်။ အိမ်ထောင်ရေးဘဝဆိုတာထဲမှာတော့ စဉ်းစားချင့်ချိန်ခြင်းတွေ၊ တန်ဖိုးဖြတ်နိုင်မှုတွေနှင့်သာ တည်ဆောက်လို သည်။

မသစ္စာကတော့ ရင့်မာသည်ဟုပင် ဆိုဆို...။ မိန်းမတစ်ယောက်ဘဝမှာ ယောကျ်ားတစ်ယောက်ကို လက်ထပ် ယူလိုက်ရတာဟာ ကိုယ့်ဘဝကို အကုန် ပေးလိုက်ရခြင်း ဖြစ်သည်မို့ ယောကျ်ားတစ်ယောက်၏ ကိုယ်ပိုင်ကျွန်ပဲ ဖြစ်သွားသည်ဟု ထင်သည်။ သို့ဆိုလျှင် အဲသလောက် ပေးဆပ်နိုင်ဖို့ တန်ရာတန်ဖိုးတော့ လိုချင်သည်။ ထိုနေရာမှာ တန်ဖိုးသတ်မှတ်ပုံခြင်းကတော့ မိန်းမတစ်ယောက်နှင့် တစ်ယောက် ကွဲပြားနိုင်သည်ပေါ့။ မသစ္စာအတွက်ကတော့ အဲဒီ ခင်ပွန်းလောင်း၏ ကိုယ့်အပေါ် အချစ်သစ္စာရှိမှုနှင့် ငွေကြေးက တန်းတူကျစွာ တန်ရာတန်ဖိုး ဖြစ်နေသည်။ ယင်းအတွက် "ကိုယ့်ကိုယ်ကို ငွေကြေးနှင့် လဲလှယ်သူ" သို့မဟုတ် အရိုင်းဆုံး... ကြေးစားနှင့်ပင် နှိုင်းနှိုင်း၊ မသစ္စာက သူမ၏ ဆုံးဖြတ်ချက်ကို မှန်သည်ဟုသာ ယုံကြည်သည်။

ကိုယ့်ရဲ့ဘဝ ရုန်းကန် ပင်ပန်းခဲ့ရသမျှ ကိုယ့်သားသမီးတွေကိုတော့ ပြည့်စုံစေချင်သည်။ တူနှစ်ကိုယ်... တဲအိုပျက်မှာ နေရနေရ အရေးမကြီးသော်လည်း တူနှစ်ကိုယ်မက၊ သားသမီးတွေ ရှိလာလျှင်တော့ ထိုသားသမီးတို့အတွက်... ဆိုတာကို ငဲ့သင့်ပြီ မဟုတ်လား။ မသစ္စာက အဲသည်အထိ တွေးသည်။ ဘာလို့ဆို ကိုယ်တိုင် မပြည့်မစုံဖြင့် ကြီးပြင်းခဲ့ခြင်း ဒဏ်ရာ ရထားသူ မဟုတ်လား။

သည်တော့ မေစီက ပြောသည်။ "အဲလိုတွေးတာ မင်း ကိုသန့်စင်ကို တကယ် မချစ်သေးလို့ပါ။ တကယ် ချစ်ရင်တော့ အဲဒီ အယူအဆအားလုံးဟာ ပြောင်းပြန်တွေ ဖြစ်သွားမှာပဲ" တဲ့။ မသစ္စာကတော့ ငြင်းလည်း မငြင်း၊ ဝန်လည်း မခံဖြစ်ပါ။ ဒါဟာ သိပ် အရေးပါတဲ့ ကိစ္စလည်း မဟုတ်ဘဲ။

တခါကတော့ ကိုသန့်စင်ရှေ့မှာ

"အိမ်ထောင်ရေးဘဝရဲ့ အဓိကရန်သူဟာ ဖေါက်ပြန်မှုပဲလို့ ကျမထင်တယ်…။ ပြီးတော့ ငွေကြေး ချမ်းသာလွန်းတာရယ်.. ငွေကြေး ချို့တဲ့လွန်းတာရယ်။ အိမ်ထောင်ရေးဖေါက်ပြန်မှုဆိုတာမှာ ငွေကြေးချမ်းသာမှ-မှ မဟုတ်ဘဲ။ ဒီတော့ အခြေအနေတိုင်းမှာ လင်သားရဲ့ ဖေါက်ပြန်ခြင်းကို ခံရနိုင်တဲ့ မိန်းမဘဝမှာ ငွေကြေးပြည့်စုံနေတာကမှ ခံသာဦးမယ် ထင်တာပဲ။ အနည်းဆုံးတော့.. ဖဲလေး ရိုက်လိုက်၊ ဗွီဒီယိုကြည့်လိုက်၊ တီဗွီဂိမ်းဆော့လိုက်၊ ပစ်ကနစ်(Picnic) ထွက်လိုက်နဲ့ နေနိုင် တာပေါ့။ ဆင်းများ ဆင်းရဲရင်တော့ တော်တော် ချောင်ပိတ်ခံရတာမျိုး ဖြစ်မှာ။ ထမင်းငတ်တာ ပူရ… လင်ဖေါက်ပြန်တာအတွက် စိတ်ဆင်းရဲရ… သားသမီးတွေ မပြည့်မစုံနေရလို့ စိတ်ပူလောင်ရ နဲ့ လေ… "

ဟုပြောတော့ ကိုသန့်စင်က သူမ ကျေနပ်လက်ခံနိုင်လောက်သော နှစ်သိမ့်စကားမျိုး ပြန်မပြောနိုင်ခဲ့။ ခပ်ငူငူငိုင်ငိုင်ပဲ နေနေခဲ့သည်။ နောက် အတော်ကြီးကြာမှ လေသံ တွန့်ဆုတ်ဆုတ်ဖြင့် "မဖေါက်ပြန်တဲ့ ယောကျာ်းလည်း ရှိပါတယ်"ဟု ဆို၏။ "ကျမက အဆိုးဆုံးကို တွေးထားရတာပေါ့" ဟု သူမက ပြန်ဖြေတော့ လည်း"ဆင်းရဲတာကို ချစ်သူနဲ့ လက်တွဲရင်ဆိုင်ရင်ကော" ဟု မေးပြော ပြောသည်။ "ဘဝကို ကျမ ကံမစမ်းရဲ တော့ဘူး ကိုသန့်စင်"ဟု ပြောလျှင်လည်း သူက မျက်နှာတစ်ချက်ပျက်ကာ သူမကို မျက်နှာချင်းမဆိုင်ဘဲနှင့် "တကယ်တော့ မသစ္စာကို ကျနော်က တခြားသာမန် မိန်းမ တွေလို ထင်မထားခဲ့ဘူး" ဟု ခပ်မာမာ လေသံ တမျိုးဖြင့် ပြောလေသည်။

"ကျမကို ငွေမက်တယ်လို့ ပြောချင်တာမဟုတ်လား ကိုသန့်စင်။ ဟုတ်ပါတယ်…ကျမ ငွေမက်တာ ပါပဲ။ ဘာလို့ဆို ကျမတို့ မိန်းမတွေအတွက်က ဘဝမှာ အဆင်မပြေစရာဖြစ်လာရင်… ရှင်တို့လို အရက်သောက်.. ဘောလုံးပွဲသွား.. ကြေးစားမိန်းမဆီသွား.. အဲလိုထွက်ပေါက်မျိုးတွေ ဘာ တစ်ခု မှ မရှိဘူးလေ။ ကျမ ပြောခဲ့ပြီးပါပကော"

သည်အခါမှာတော့ သူက သက်ပြင်းတစ်ချက်ရှိုက်ကာ ခေါင်းကို လေးလေး ခါယမ်း၏။ မသစ္စာကတော့ ထူးပြီး မခံစားချင်တော့ပါ။ ခံစားခဲ့ရတာ များပြီ မဟုတ်လား။

+++++

တကယ်ဆိုတော့ မသစ္စာတို့ဘဝက လင်သားတစ်ဦး မဖြစ်မနေ လိုအပ်သည့်ဘဝတော့ မဟုတ်ပေ။ တစ်ခု တော့ ရှိမည်။ အိမ်ထောင်ပြုမှ ကိုယ့်အခြေအနေ တိုးတက်မည် ဆိုလျှင်တော့ လင်သားတစ်ဦး လိုအပ် သည်ပေါ့။ ထိုသို့မဟုတ်ဘဲ အိမ်ထောင်ပြုပြီးမှ ဆုတ်ယုတ်နေဆဲဆိုလျှင်တော့ မသစ္စာက မိသားစုထဲမှာပဲ တစ်ယောက်တည်း နေသွားတာ ကောင်းသည်ဟု ရွေးချယ်လိုပါသည်။

စင်စစ်တော့ မသစ္စာက ကိုယ့်အပေါ် စွဲလန်းချစ်မက်သည့်၊ ပစ္စည်းဥစ္စာလည်း ပြည့်စုံသည့် ယောကျ်ား တစ်ယောက် ရဖို့ မျှော်လင့်ခြင်းက နည်းနည်းတော့ စိတ်ကူးယဉ် ဆန်ပါသည်။ မသစ္စာက မိန်းမလှမှ မဟုတ် ဘဲ။ မိန်းမတစ်ယောက်ဟာ လှရင်လှ၊ မလှရင်တော်မှဆိုလျှင်တော့ မသစ္စာက အနည်းငယ် ထူးချွန်သည်ဟု ဆိုနိုင်သော ဂုဏ်ဒြပ်မျှနှင့်သာ ပြည့်စုံပါလိမ့်မည်။

ဒါတွေကို မသစ္စာက အတွင်းကျကျ နားလည်ထားပါ၏။ ထိုအခါ... မသစ္စာက အချစ်ဆိုတာကို အိပ်မက်လိုပဲ စိတ်ကူးယဉ် မက်ကာ လက်တွေ့ဘဝကို မေ့လျက်... နေ့ရက်တွေမှာ နေပျော်ရတော့သည်။ ချစ်သူစုံတွဲများစွာ ကို အားကျ၊ မနာလို၊ နှစ်လို၊ ဝန်တိုခြင်းများစွာတို့ လွှမ်းဆွဲသော်လည်း၊ အတက်အကျတို့ဖြင့် အသက်ဝင်သော ထိုရက်များထဲမှာ မသစ္စာ ပျော်နေတတ်ပြီ ဖြစ်ပါသည်။

+++++

သို့နှင့်ပင်... နေ့စဉ် ညနေတွေမှာ မက်နေကျ အိပ်မက်ကို မက်ယူဖို့ ကိုသန့်စင်ကို မျှော်စောင့်၊ ချစ်သူစုံတွဲများ ကို ကြည့်ငေး၊ အတွေးများနှင့် အနာဂတ်ခရီးကို ဆီးကြိုသွား၊ ပြီးတော့၊ ပျော်လိုက်.. ငိုလိုက်... နာကျင်လိုက်... ကြေကွဲလိုက်... ရန်စောင်လိုက်... မာန်တက်လိုက်ဖြင့် မသစ္စာကတော့ စိတ်ကူးယဉ်တွေကို ပျိုးမြဲ ပျိုးနေ မိတော့သည်။

မေငြိမ်း
၉၄၊မတ်လ၊
(ရှေ့ပြေးမဂ္ဂဇင်း၊ ၉၄၊အောက်တိုဘာလ၊ တွဲ ၃-အမှတ်၁)

## မောင်ထူးမြတ် ဖတ်ဖို့ ရေးတဲ့စာ



(၁)

သားကလေး ရှိမနေတဲ့ မေမေ့အိမ်ကလေးရဲ့ရှေ့က မြက်ခင်းပြင်ကလေးမှာ မေမေ ပေါင်းသင်း မွမ်းမံ နေရတဲ့ ပျိုးပင်လေးတွေကတော့ ပန်းတွေပွင့်နေပြီကော... သားရေ။

xxx

သစ္စာပန်းရောင်စုံတွေဟာ တောမြို့ကလေးရဲ့ ရာသီဥတုထဲမှာ ခပ်ရှိန်းရှိန်းပဲ ပွင့်နေကြတယ်။ လွတ်လည်း လွတ်လပ် ကြတယ်။ ဓါတ်မြေသြဇာတွေ၊ ပိုးသတ်ဆေးတွေနဲ့ ဂရုတစိုက် မစိုက်ပျိုးနိုင်ပါဘဲနဲ့တောင် သူတို့ဟာ ရအောင် ပွင့်ကြရှာတယ်။ အမေက ရောင်စုံပျိုးတော့ သူတို့ကလည်း ရောင်စုံ ပွင့်ကြတယ်။



အနီရယ်၊ အဝါရယ်၊ အဖြူရယ်၊ ပန်းရောင်ရယ် သူတို့ရဲ့ အရွက်ရှည်ရှည်တွေနဲ့ သူတို့ရဲ့ ရိုးတံ ရှည်ရှည်၊ အပွင့် ရှည်သွယ်သွယ်တွေဟာ သိပ်လိုက်ဖက်ညီတဲ့ Harmony ပဲ။ ဟာမိုနီဖြစ်တယ်လို့ပြောရင် ပိုလှမယ် ထင်ပါတယ်။ ဒါတောင် တချို့က အဖူး၊ တချို့က အပွင့်၊ တချို့က အငုံရယ်။ အဲလိုမတူတာကိုက ညီညွတ် လှပတယ် ထင်ပါရဲ့ကွယ်။ ဒါပေမဲ့ သားရေ အံ့သြစရာကောင်းတာက သူတို့တွေကို အရွယ်တော် ကိုက်ဖြတ်ပြီး လှပ ညီညွတ်

အောင် အမေက ပြင်ဆင်ပြီး ပန်းအိုးမှာ စိုက်လိုက်တော့ ပန်းတွေ ဝေဆာသွားတဲ့ မြင်ကွင်းဟာ လှလိုက်၊ သာယာလိုက်တာ သားရယ်။ ပွင့်တချို့၊ ငုံတချို့၊ ဖူးတချို့နဲ့ပဲ ပြေပြစ်လို့ သူတို့ရဲ့ ပင်ကိုအလှရယ်၊ ပန်းစိုက်အိုးရဲ့ အရှိန်အဝါရယ်နဲ့ အမေ့ရဲ့ ပြင်ဆင်ပေးမှုကလည်း သူတို့ကို ပြည့်စုံတဲ့အလှ ဖြစ်စေတာပေါ့နော် သား။ ဒါနဲ့ပဲ အမေ့မှာ ပီတိဖြစ်ရပြန်တယ်။ ဒါပေမဲ့ အမေကိုယ်တိုင် တပင်တပန်း ပျိုးခဲ့ရ တဲ့ ပန်းငုံကလေး သားကကျတော့ဖြင့် အဝေးမှာ။

အဲသည် ပျိုးပင်ပေါက်ကလေး ပန်းငုံကလေးကို ဘယ်သူ ပေါင်းသင်နေလဲ၊ ဘယ်သူတွေက မြေဆွပေး နေရသလဲ၊ ဘယ်သူ ရေလောင်းနေသလဲကွယ်...။ အဖိုးရယ်၊ အဖွားရယ်၊ အဒေါ်ရယ်၊ ဦးလေးရယ်ပေါ့... ဟုတ်လား...။ ဒါဖြင့် အဲသည်ပျိုးပင်လေးအတွက် တကယ့် တကယ် တာဝန်ရှိနေသူတွေက ဘယ်သူတွေလဲ ကွယ်...။ ကိုယ်တိုင်စိုက်ပျိုးခဲ့တဲ့သူတွေဟာ ကိုယ့်ပျိုးပင်ကလေးကို အစွမ်းကုန် ရှင်သန်ပွင့်လန်းဖို့ တာဝန် အရှိဆုံးပေါ့ကွယ်။ ဒါပေမဲ့ အမေက အဝေးမှာ...။

ခုချိန်မှာ အမေစဉ်းစားနေတာက အမေ့ပျိုးပင်ကလေးကို အမေရှိတဲ့ မြေမှာ ပြောင်းပြီး စိုက်ဖို့ပေါ့ သားရဲ့။
ကျောင်းဆရာမဆိုတဲ့ တာဝန်နဲ့ စေတနာကြောင့် ဒီမြို့ကလေးကို အမေ ရောက်လာရတော့ သားကို ရန်ကုန်မှာထားခဲ့ရတာ အမေ ဘယ်လောက်ကြေကွဲမယ် ထင်သလဲကွယ်။ တကယ်တမ်းကျတော့ သားနဲ့အမေ အတူမနေရတဲ့ အမေ့ဘဝဟာ တကယ့်ကို အဓိပ္ပါယ် မဲ့တာပါကလား။ "အမေ"ဆိုတဲ့ ဝေါဟာရ ကတောင် အမေ့ ရင်ကို ပြင်းပြင်း ရိုက်နက်နိုင်တဲ့ လက်နက်တစ်ခု ဖြစ်လို့။

အမေ့တပည့်တွေကို "မောင့်ကိုလွမ်းတော့"ဆိုတဲ့ အိုင်ချင်းကလေး သင်တော့တောင် အမေက ပြောမိသေး။

"မိကိုလွမ်းလည်း..သောက်တော်ရေချမ်းစားတော်ကွမ်းနဲ့
သွန်းတဲ့ညောင်ရေပန်းသပြေနှင့်ပြေဖူးငဲ့ရှင်..
ဖကိုလွမ်းလည်း...သောက်တော်ရေချမ်းစားတော်ကွမ်းနဲ့
သွန်းတဲ့ညောင်ရေပန်းသပြေနှင့်ပြေဖူးငဲ့ရှင့်...
မောင်ကလေး...မောင့်ကိုလွမ်းတော့
သောက်တော်ရေချမ်းစားတော်ကွမ်းနဲ့
သွန်းတဲ့ညောင်ရေပန်းသပြေနှင့်မပြေပါလို...
"သောက်တော်ရေအိုး ကျွမ်းထိုးကောင်နယ်"
ဆိုတဲ့အထဲမှာ ဆရာမ သာဆိုရင်တော့ "သားကလေးကို လွမ်းရတာပဲ အဆိုးဆုံးလို့ ပြောချင်တာပဲ"လို့ပြောရင်း မျက်ရည်ကျချင် လာခဲ့သေးတာ။

ကလေးတစ်ယောက်ရဲ့ ပထမငါးနှစ်တာဟာ မိဘနဲ့အတူ ကြီးပြင်းသင့်သတဲ့။ ခုတော့သားလေးခများ အဖေက လည်း အဝေးမှာ၊ အမေကလည်း အဝေးမှာ။ ဒါ… ဖြစ်သင့်သလားဟင်။ အမေက ဘာတွေ လုပ်နေတာလဲ။ ဘာတွေကို ရွေးချယ်နေတာတဲ့လဲ။

သူတပါးတွေစိုက်ခဲ့တဲ့ ပျိုးပင်တွေအများကြီးကို မွမ်းမံပေးဖို့အတွက် ကိုယ်တိုင်စိုက်ပျိုးခဲ့တဲ့ ပျိုးပင်ပေါက်ကလေး ကို ထားခဲ့တာ အမေ တရားရဲ့လား။ ဒါမှ မဟုတ်… ကိုယ့်ရဲ့ သွေး၊ သားကလေးကိုတောင် စွန့်ပြီး ကလေးတွေ အများကြီးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းဖို့ သူရဲကောင်းဆန်ရမှာလား…။ နှစ်ခုစလုံး မှန်လို့တော့လည်း မဖြစ်ပြန်ဘူး သားရေ…။ ဒါနဲ့ပဲ အမေရှိတဲ့နေရာကို သားကလေး ရောက်ဖို့ပဲ စဉ်းစား ပြင်ဆင်ရတော့တယ်။

(၂)

သားကလေးရောက်လာတဲ့အခါ…
အမေ နေခွင့်ရ ထားတဲ့ ခနော်နီခနော်နဲ့ ဝန်ထမ်းအိမ်ကလေးမှာ သားရဲ့ အသံတွေ ဝေလွင်ဆူညံ နေတော့ မယ်၊ အိမ်ကလေး သိမ့်သိမ့်ခါအောင် သားကလေး ခုန်ပေါက်တော့မယ်။ သေချာတာ ကတော့ အမေ့အိမ်မှာ သားအဖွားတွေရဲ့ အိမ်တွေလို တီဗွီတွေ၊ ဗီဒီယိုတွေ၊ တီဗွီဂိမ်း တွေ၊ ရေခဲသေတ္တာတွေ မရှိပေမဲ့ သားအတွက် လိုအပ်မယ်လို့ အမေယုံကြည်တဲ့ အဖေ တစ်ယောက် ရဲ့ လုံခြုံမှုမျိုးနဲ့ အမေတစ်ယောက်ရဲ့ နွေးထွေးမှုမျိုးပေးမယ့် အမေရှိတယ်။ လတ်ဆတ်တဲ့ သစ်သီးဝလံ၊ သားငါး၊ ဟင်းရွက်တွေရှိတယ်။ လတ်ဆတ်သန့်ရှင်းတဲ့ လေညှင်း ရနံ့တွေ ရှိတယ်။ သွေးသားကို စိုပြေ လန်းဆန်းစေမယ့် သစ်ပင်စိမ်းတွေ ရှိတယ်။ သားရဲ့ မျက်လုံးတွေကို တောက်ပ ကြည်လင်စေမယ့် တောတောင်ရှုခင်းတွေ ရှိမယ်၊ သားမကြားဖူးခဲ့တဲ့ သွပ်မိုးပေါ်ကျတဲ့ မိုးသံ ဝုန်းဒိုင်း တွေအောက်မှာ အမေနဲ့အတူ အိပ်ရတဲ့အခါ သားပျော်မှာလို့ အမေယုံတယ်။

တွေးရင်းနဲ့တောင် အမေ့မှာ ပျော်ရတယ်၊ မြို့ပြမဟုတ်တဲ့ ပတ်ဝန်းကျင်မှာ အနည်းဆုံးတော့ သားအတွက် ခွန်အားတွေ ပျော်ရွှင်လွတ်လပ်မှုတွေ အမေ ပေးနိုင်မှာပေါ့။ ရှေ့နှစ်ဆို သားလေး ကျောင်းနေရတော့မှာ၊ အမေ့အိမ်နားမှာ မူလတန်းကျောင်းလေး ရှိတယ် သားရဲ့…. အဆင်ပြေလိုက်တာနော်… လို့လည်း ဝမ်းသာလို့။
အတွေးနဲ့တင် အမေ့ဘဝမှာ ပြည့်စုံသွားလိုက်တာ…။

xxx

တကယ်လည်း သားကလေးက အမေ့ရဲ့ မြို့ကလေးမှာ ပျော်ခဲ့တယ်။ တကယ်တော့ အမေ့မှာလည်း ခုမှပဲ အသက်ဝဝ ရှုရဲတော့တာ။ မြို့ကြီးမှာ ကြီးပြင်းခဲ့ရတဲ့ အထူးသဖြင့်

ပြည့်စုံပျော်ရွှင်ခဲ့ရတဲ့ သားဟာ အမေ့ရဲ့ တောမြို့ကလေးမှာ မပျော်ရင်ဖြင့်ဆိုတဲ့ အတွေးက လည်း အမေ့ရင်ကို ဖိစီးခဲ့ဖူးသေးတာကိုး။

ခုတော့ သားလေးက တောအုပ်တွေမှာ အံ့သြပျော်ရွှင်၊ တောင်ကုန်းတွေဆီမှာ အံ့သြပျော်ရွှင်၊ စမ်းချောင်း ကလေး တွေမှာ အံ့သြပျော်ရွှင်၊ လယ်ကွင်းစိမ်းစိမ်းတွေမှာ အံ့သြ ပျော်ရွှင်၊ ကြာကန်ထဲက ကြာဖြူ ကြာနီတွေမှာ အံ့သြပျော်ရွှင်၊ တောင်ပေါ်ကနေ အောက်ဘက် ဝေးဝေးက လယ်ကွင်းတွေ၊ လမ်းကွေ့ကွေ့တွေ၊ သစ်ပင် အုပ်အုပ်တွေကို ငုံ့ကြည့်ရတဲ့ အရသာထဲမှာ အံ့သြ ပျော်ရွှင်၊ အုပ်ဖွဲ့ပြီး အရောင်တောက်တောက်ပပ တွေနဲ့ အလှပြိုင်နေ ကြတဲ့ တိမ်တိုက်တွေကို ကြည့်ပြီး အံ့သြပျော်ရွှင်။ သားဟာ အံ့သြပျော်ရွှင်လို့ချည်းသာ နေတော့တယ်။

ပြီးတော့ အမေ အလျှုပယ်ကျွေးတဲ့ ပုဇွန်ဆီပြန်ဟင်းတွေ၊ ကြက်သားကြော်တွေကို လည်း သားက အံ့သြတာပဲ။

အစားအစာတွေကို သားက ပလုပ်ပလောင်း စားလို့၊ အမေကတော့ မြို့ပြမှာတုန်းကလို သားကို ပုဇွန်သား ကျွေးပြီး အမေကတော့ ပုဇွန်ဆို ခေါင်းမုကြိုက်တာလို့ ဆိုရတဲ့ အခြေအနေ မဟုတ်တော့တာကိုဘဲ ပီတိ ဖြစ်နေ မိတယ်။ ကိုယ့်သားကို စားချင်သလောက် စားစမ်းလို့လည်း ကျွေးနိုင်ပြီကိုး။ အဟာရ ပြည့်ဝတဲ့၊ အစားဝလင်တဲ့ ကလေးဟာ ဦးနှောက် ဉာဏ်ရည် မြင့်တယ်၊ ကျန်းမာသန်စွမ်း တယ်၊ တောင့်တင်း ကြံ့ခိုင်ကြတယ် မဟုတ်လား ကွယ်။ ဒါဖြင့် အမေ့ သား ကလေးက ကျန်းမာသန်စွမ်း ဉာဏ်ကောင်းတဲ့ ကလေးလေးအဖြစ် ကြီးပြင်းရမှာပေါ့ ဟုတ်လား။ ဒါဖြင့် သားကလေးလိုပဲ စားသောက် နေထိုင်ခွင့် ရမယ့် အမေ့ရဲ့ ပျိုးပင်ကလေး တွေကကော....။

xxx

လူ့ဘဝဆိုတာ အကောင်းတွေချည်းပဲတော့ ပြိုင်တူ မရနိုင်ဘူးပေါ့။
အမေ့ပျိုးပင်လေးတွေဟာ ကျေးလက် ဆန်ဆန် ရှင်သန်ကြီးပြင်းခဲ့သူတွေမို့ သူတို့ရဲ့အလှ သူတို့ရဲ့ဘဝဟာ အရိုင်းတော့ ဆန်တယ် သားရယ်။ သူတို့မှာ တောက်ပတဲ့ မျက်လုံးတွေနဲ့ သွေးရောင်အပြည့် လွှမ်းတဲ့ နှုတ်ခမ်းတွေနဲ့ သန်စွမ်းကြံ့ခိုင်တဲ့ ကြွက်သား အစိုင်အခဲတွေနဲ့။ သူတို့ဟာ အင်မတန် အားကျ မက်မောစရာ ကောင်းလောက်အောင်လည်း တင့်တယ် ကြတယ်။ အဟာရပြည့်တဲ့ အမှုအရာတွေကလည်း ဖျတ်လတ်လို့။ အမေကတော့ သူတို့လေးတွေကို ကြည့်ပြီး သားအပေါ် အားထားသလိုပဲ အားထား အားကိုးလို့ ယုံကြည်လို့...။

သည်ပျိုးပင်တွေဆီက ပွင့်လာမယ့် ပန်းတွေနဲ့ ကမ္ဘာကို အလှဆင်မယ်ပေါ့။ ရန့် သင်းထုံ

ကြိုင်လှောက် စေမယ် ပေါ့။ သူတို့ မျက်လုံးတွေရဲ့ အားမာန်၊ လက်ချောင်းတွေရဲ့ အားမာန်၊ ကျစ်လျစ် ဖွံ့ထွားတဲ့ ကိုယ်ကာယရဲ့ အားမာန်၊ လွတ်လပ် ပေါ့ပါးပျော်ရွှင်တဲ့ စိတ်နှလုံးတို့ရဲ့ အားမာန်တွေကို အမေ ယုံကြည် အားထား ခဲ့တယ်။ သူတို့ ရဲ့ စိတ်နှလုံးကို နည်းနည်းလေး ပဲ့ကိုင်ပေးလိုက်တာနဲ့ သူတို့ရဲ့ ဦးနှောက် တွေက လန်းစွင့်ပြီး အမေလိုချင်တဲ့ ပန်းပွင့်တွေ ဝွားဝွားစွင့်စွင့် ပွင့်မှာပဲလို့ အမေ သေချာ နေခဲ့တယ်။



သူတို့ရဲ့ အရိုင်းဆန်မှုကိုလည်း အမေက အားထားတာပဲ။ အဲသည် အရိုင်းဆန်မှု ကြောင့် သူတို့ဟာ သဘာဝကို ရဲရဲ ရင်ဆိုင်တတ်မယ်။ (သဘာဝနဲ့ ပိုနီးစပ်တဲ့အတွက်) သဘာဝ နဲ့ တသွေးတသားတည်းကျတဲ့ သူတွေမို့ သဘာဝနဲ့ ပို ရင်းနှီး လွတ်လပ်စွာ သဘာဝကို ကိုယ်လိုသလို ဖန်တီး ပြုပြင် နိုင်စွမ်းလည်း ရှိကြမယ်ပေါ့။

"သားတို့သမီးတို့ဟာ မျက်မွေးတဆုံးလောက် အမြင်နဲ့ မတင်းတိမ် သင့်ကြတော့ဘူး။ နိုင်ငံတကာ ထိအောင် ကြည့်ရမယ်၊ ကမ္ဘာကိုမြင်အောင် ကြည့်ရမယ်၊ ကိုယ့်ဘဝ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုး တိုးတက်ဖို့ ကိုယ်တိုင်က တိုးတက်စွာ မြင်တတ် ကြားတတ် သိတတ်မှ ရမယ်၊ မင်းတို့ဟာ မြို့ပြက ကလေးတွေထက် ပိုလို့ ကျန်းမာ သန်စွမ်းခွင့် ရကြတယ်။ အဟာရပြည့်ခွင့် ရကြတယ်၊ ခေတ်မီမယ်ဆိုရင်လည်း ခေတ်ကိုလိုက်မီနိုင်တဲ့ အခွင့်အရေးတွေ ရှိကြတယ်…။ ကိုယ့်မြို့မှာ နိုင်ငံတကာလေယာဉ်ကွင်း ရှိမှ၊ ဖက်စပ်ကုမ္ပဏီတွေ ရှိမှ၊ အဲလိုမှ မဟုတ်ဘဲ သတင်းစာတွေ ရှိတယ်၊ ဗီဒီယိုတွေ ရှိတယ်၊ ဂြိုလ်တုစလောင်းတွေလည်း ရှိတယ်၊ စာအုပ်စာတမ်းတွေ ရှိတယ်၊ လူတစ်ယောက် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ အရာတွေ အားလုံး ရှိပြီပဲ။ လေ့လာကြပါ၊ စူးစမ်းကြပါ၊ ဆင်ခြင်ကြပါ၊ ကြံစည်ကြပါ၊ ကြိုးစားကြပါ၊ ကိုယ့်မိသားစု ချမ်းချမ်းသာသာနေနိုင်ဖို့ ကြိုးစားသလို ကိုယ့်လူမျိုး၊ ကိုယ့်ပြည်နယ် ကိုယ့်တိုင်းပြည်အတွက် ကြိုးစားဖို့ စိတ်ရှိမှ ဆရာမတို့ဟာ တိုးတက်တဲ့ လူမျိုးဖြစ်မယ်…။ သူများနိုင်ငံ တိုးတက်တာကို အားကျရုံသာမကဘဲ အတုယူ ကြိုးစားချင်စိတ်ပါ မွေးကြပါ။ အနာဂတ် အတွက် မင်းတို့ကို ဆရာမတို့တွေက သိပ်ကို အားကိုးပါတယ်"

မြန်မာစာသင်ရတဲ့ အမေ့ရဲ့ သင်ခန်းစာတွေနဲ့ ကြုံကြိုက်တဲ့အခါများစွာမှာတော့ အမေက သူတို့ကို အဲလို စကားမျိုးတွေ မကြာခဏ ပြောပြဖြစ်တယ်။ သူတို့ရဲ့ လန်းဆန်းတဲ့ မျက်လုံးတွေ၊ အမေအားကိုးတဲ့ မျက်လုံးတွေ ထဲကိုလည်း စူးစိုက်ကြည့်မိတယ်။ ဒါပေမဲ့ သားရယ်... သူတို့မျက်လုံးတွေဟာ အမေမျှော်လင့်ထားသလို ထူးထူး ခြားခြား တောက်ပ လာကြတာမျိုးမတွေ့ရဘူး။ ဒါထက်ပိုလို့ သူတို့ရဲ့ မျက်လုံးတွေဟာ လေးလံ ထိုင်းမှိုင်းသွား တာ၊ နားလည်ရခက်ခဲသလို ညစ်ညူးသွားတာတွေသာ တွေ့ရတယ်။ အဲသည်ထဲကပဲ အမေကတော့ အနည်းဆုံး တစုံတယောက်ကိုတော့ မျှော်လင့်မိသေးတယ်။ ဒါပေမဲ့ မတွေ့ခဲ့ရပါဘူး သားရယ်။ သည်တော့မှပဲ တစ်ခုခုတော့ လွဲမှားနေပြီလို့ အမေ တွေးနေမိတယ်။

(၃)

အဲသည်မြို့ကလေးဟာ တောင်တွေက ပွေ့ပိုက်ပြီး သူတို့ရဲ့ လက်ဖဝါးတွေပေါ် ဖြန့်တင်ပြထား သလို အခင်းအကျင်းလေးနဲ့ ရှိနေတယ်။ သူ့ရှေ့မှာ အင်မတန် ရေစီးသန်တဲ့ မြစ်တစ်စင်းကလည်း သူ့ကို အန္တရာယ် တွေ အလွယ်တကူ မကျရောက်နိုင်အောင် တားဆီး ပေးထားသလို ရှိနေတယ်။ အဲသည်မြို့လေးဟာ ကုန်းတက်ကုန်းဆင်း လမ်းတွေနဲ့ ထန်းပင်အုပ်အုပ်တွေနဲ့၊ ရေတံခွန်နဲ့၊ စမ်းချောင်းနဲ့ အင်မတန် သာယာ အေးချမ်းတာတော့ အမှန်ပါပဲ။ အထူးသဖြင့်ကတော့ အဲသည်မြေလေးဟာ သာသနာအရောင် ထွန်းလင်း ဝင်းပ တဲ့ မြေ ဖြစ်နေတာပါပဲ။

မြို့ကလေးကို ဝိုင်းအုံ ထွေးဖက်ထားကြတဲ့ တောင်တန်းတွေပေါ်မှာ ဘုန်းတော်ကြီးကျောင်းတွေနဲ့ တောမှီ ရဟန်းတွေနဲ့ ဘာသာတရား ကိုင်းရှိုင်းသူတွေနဲ့ စိုပြည် နေလေ့ရှိတယ်။ မြို့ကလေးရဲ့ ဥပုသ်နေ့တွေမှာ တစ်မြို့ လုံးလိုလို စီးပွားရေးအလုပ်တွေ နားလိုက်ကြပြီး လူကြီးသူမ အတော်များများက အေးချမ်းဆိတ်ငြိမ်မှုတွေကို သယ်ပိုးပြီး တောင်တွေပေါ် အသီးသီး တက်ကြတယ်။ ပြီးတော့ ဘုန်းတော်ကြီးတွေရဲ့ တရားပေးမှုအောက်မှာ ဗုဒ္ဓရဲ့ အဆုံးအမကို ခံယူပြီး သီလဘာဝနာ ပွားကြတယ်။ အဲသည်မြို့ကလေးဟာ ဘုန်းတော်ကြီးတွေရဲ့ အုပ်ချုပ်မှု ကို လိုလိုလားလား ခံယူထားတဲ့ မြို့ ကလေးဖြစ်တယ်။

ဒါကြောင့်ပဲ ထင်ပါရဲ့... သူတို့တွေဟာ တစ်နေ့လုပ်အားခတွေကို အကုန် သုံးပစ်ကြ တယ်။ စည်းစိမ် ချမ်းသာကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ အပြည့်အဝ ခံစားကြတယ်။ လောလောဆယ် အလုပ်လုပ်ကြမယ်။ အသက် နည်းနည်း ရလာရင်၊ ဒါမှမဟုတ် အချိန် နည်းနည်း ပိုလာရင် ဥပုသ်သီတင်း စောင့်မယ်၊ တရားဘာဝနာ ပွားများမယ်။ အဲဒါဟာ အဲသည် မြို့ကလေးရဲ့ ပစ္စုပ္ပန်ပဲ။ ပြီးတော့ အတိတ်လည်း ဖြစ်တယ်။ အဲဒါပဲ အနာဂတ်လည်း ဖြစ်တယ်။ ဒါတွေကို

အမေ တဖြည်းဖြည်းနဲ့ သိလာတယ်။ အဲသည် ပစ္စုပ္ပန်ထဲ (အတိတ်ထဲ အနာဂတ်ထဲ)မှာ အမေ့ ပျိုးပင်လေးတွေက အပျိုးခံခဲ့ရတာ၊ ရှင်သန် ကြီးပြင်းခဲ့ရတာ။

နယ်ခြား မြို့ကလေးလို ဖြစ်နေခဲ့တဲ့ အဲသည် မြို့ကလေးက မြို့သူမြို့သားတွေဟာ ပိုက်ဆံ သိပ်ရှိတဲ့အခါ ရွှေတွေ လက်ဝတ်ရတနာတွေ အများကြီး ဝယ်တယ်။ ပါတိတ်ဝတ်စုံ အကောင်းစားတွေ ဝယ်တယ်။ ဆိုင်ကယ်တွေ စက်ဘီး ကောင်းကောင်းတွေ ဝယ်စီးတယ်။ ဟင်း ကောင်းကောင်းတွေ စားတယ်။ ည ရှစ်နာရီ ဆိုရင်တော့ တီဗွီ ပိတ်၊ မီးမှိတ် အိပ်ကြရုံပဲ။ လူငယ် အများစုကတော့ ထန်းရည်မူးပြီး မှောင်ကုပ်ကုပ် လမ်း တွေ ပေါ်မှာ သီချင်း တညည်းညည်းနဲ့ လျှောက်ပြီး အိမ်ပြန်ကြတယ်။

အဲသည် ဝန်းကျင်ဓလေ့မှာ အသားတကျ နားလည်အောင် အမေ အတော် အချိန်ယူခဲ့ ရတယ် ဆိုတာကိုတော့ ဝန်ခံပါတယ်။ ရောက်စကတော့ အမေ့စိတ်ထဲမှာ အဲသည် လူတွေ ဟာ တိုးတက်ချင်စိတ် မရှိလိုက်တာ၊ ညံ့လိုက်တာ။ ဒါကြောင့်လည်း ခုလို..... ဆိုတဲ့ ဂရုဏာ ဒေါသတွေနဲ့ မောခဲ့ရတာပေါ့။ ခုကျတော့ဖြင့် အံ့သြတာ။ သူတို့ဟာ အဲသည်လောက် သက်သောင့်သက်သာနိုင်စွာ ကြီးပြင်းဖို့ ဘယ်လောက်များ ကျင့်သားရခဲ့သလဲပေါ့။ သူတို့ရဲ့ မျိုးရိုးစဉ်ဆက် ဘယ်နှစ်ဆက် ကတည်းကများ ခုလို နေကျင့် ခဲ့ရသလဲပေါ့။ သေချာတာကတော့ သူတို့ဟာ မနာလိုချင်စရာ ကောင်းလောက်အောင် အပူအပင်ကင်းနေတာပါပဲ။ အဲဒီ သစ်ပင် ပန်းပင်တွေက မလန်း တတ်ဘူး လား..။ တကယ်ဆို..

ဗိုလ်ချုပ်အောင်ဆန်း လည်း...

သခင်ကိုယ်တော်မှိုင်း လည်း...

ဇော်ဂျီ မင်းသုဝဏ်‌ လည်း..

ခင်နှင်းယု လည်း...

ဂျူး လည်း...

နယ်မြို့လေးတွေဆီကနေ ပွင့်လာခဲ့တဲ့ ပန်းတွေပဲ..။

အဲဒီအခါ အမေကတော့ အမေ့ရဲ့ ပျိုးပင်ကလေးတွေထဲမှာကော အဲသည်လို ဗိုလ်ချုပ်အောင်ဆန်း အငယ်စား လေးတွေ၊ တဂိုး အငယ်စားလေးတွေ၊ ဂန္ဒီ အငယ်စားလေးတွေ မပါနိုင်ဘူးလားလို့ မျှော်လင့်ဆဲပါပဲ။

(၄)

အမေနေရတဲ့ လမ်းသွယ်လေးရဲ့ ထိပ်မှာ စာအုပ်အငှားဆိုင်လေး တစ်ဆိုင် ရှိတယ်။ တစ်မြို့လုံးမှာ စာအုပ် အငှားဆိုင် သုံးဆိုင်ပဲ ရှိတဲ့ မြို့ကလေးမှာတော့ အမေနဲ့နီးတဲ့ အဲသည့် ဆိုင်ကလေးက အသေးဆုံး ဆိုင်ကလေး ပေါ့။ စာအုပ် အင်မတန်ကြိုက်တဲ့ အမေ့အတွက် အဲသည် စာအုပ်ဆိုင်လေးမှာ တစ်လ တစ်လ ဖတ်စရာ မဂ္ဂဇင်း ငါးမျိုးလောက်ပဲ ရှိပြီး ဝတ္ထုကျတော့ တစ်အုပ်မှ မရနိုင်ဘူးကွယ်။ အမေမသိတဲ့၊ ဆုံးတဲ့အထိလည်း မဖတ်နိုင်တဲ့ နာမည်လေးငါးလုံးနဲ့ စာရေးဆရာမတွေ ရေးတဲ့ ဝတ္ထုတွေကတော့ အဲသည် စာအုပ်ဆိုင်ရဲ့ စင်ကလေးအပေါ်မှာ အပြည့်ပါပဲ။ စာအုပ်ဆိုင်နဲ့ မျက်စောင်းထိုးက ဗီဒီယိုရုံမှာတော့ ကလေးလူကြီး အတော် များများ ရှိရဲ့။ ဒါဟာ အဲသည်မြို့ကလေးရဲ့ ရွေးချယ်မှုပေါ့။ သူတို့ တစ်နေ့တစ်နေ့ ဘယ်လိုအရာတွေကို ရယူနေကြရသလဲဆိုတာကို တဖြည်းဖြည်း သိလာရတဲ့ အမေကတော့ သူတို့ကို တစတစ ဂရုဏာသက်လာမိတော့တယ်။

ပြီးတော့ ဒါတွေကို လက်ခံယူနေတဲ့ သူတို့ကိုပဲ အပြစ်တင်ရမလား၊ ပေးနေကြတဲ့ သူတွေကိုပဲ အပြစ်တင်ရမလား မသိဘဲ အမေ တနေ့ တနေ့ စိတ်မောလာတယ်။ မင်းတို့ သည်လို စာတွေ ဖတ်ရတယ်၊ သည်လို ရုပ်ရှင်တွေ ကြည့်ရတယ်လို့ ပြောလည်း အဲသည် အများစုထဲမှာ အမေတစ်ယောက်တည်း... မချိလိုက်တာ သားရယ်။ အမေ့ ပျိုးပင်လေးတွေကတော့ ခပ်ရိုင်းရိုင်း သန့်စွမ်းဆဲ။ အမေ့ရဲ့ လက်တွေ ကတော့ သူတို့ဆီမှာ လာကပ်ညိတဲ့ ပေါင်းမြက်တွေနဲ့စာရင် တဖြည်းဖြည်းပိုမို ချည့်နဲ့ လိုက်လာသလားပဲ။

xxx

အာဟာရ ကြွယ်ဝ လတ်ဆတ်တဲ့ လေကိုရှူ လွတ်လပ် ကျယ်ပြောတဲ့ ဝန်းကျင် ထဲမှာ ကြီးပြင်းရတဲ့ သူတို့လေး တွေဟာ ဉာဏ်ရည် မြင့်မားကြမှာပဲ။ အဲသည် ဉာဏ်ရည် တွေကို သူတို့ ဘယ်မှာ အသုံးချကြပါလိမ့်။ အမေ့ရဲ့ ပျိုးပင်ကလေးတွေထဲက တစ်ပင် ကတော့ ပြောတယ်။

"ဘယ်နေရာမှာ အသုံးချရမှာလဲ ဆရာမ၊ ပြီးတော့ ဘာအတွက် အသုံးချရမှာလဲ၊ ပြီးတော့ အသုံးချခွင့်..."

သူ့ရဲ့ မဆုံးတဲ့ စကားမှာ အမေတော့ အများကြီး သိလိုက်တာပဲ။ ဒါနဲ့ပဲ ညနေ ခြောက်နာရီကျော် မှောင်စပျိုးချိန် လမ်းမှောင်ကုပ်ကုပ်တွေပေါ်မှာ သီချင်း တပိုင်းတစကို ထန်းရည်နံ့သံပါပါနဲ့ ဆိုညည်းရင်း အိမ်ပြန်မယ့် လူတွေထဲမှာ နောင်တချိန်ဆို အမေ့ရဲ့ အဲသည် ပျိုးပင်ကလေးလည်း ပါလာဦးမှာပေါ့။

"တော်ပါပြီ ဆရာမရယ်၊ အချိန်တန် ကျောင်းပြီး အလုပ် ဆက်လုပ်၊ မိန်းမယူ၊ ကလေး မွေးကြ၊ ဘဝမှာ ဒါ့ထက် ပိုရစရာမှ မရှိတော့တာ"

အမေကတော့...
"မဟုတ်သေးဘူး၊ လူ့ဘဝဆိုတာမှာ....လို့ အစချီပြီးတော့ ခေတ်ကို ဘယ်လို ကျော်ဖြတ်ရမှာ၊ စနစ်ကို ဘယ်လို ပျိုးယူရမှာ"
ဆိုတဲ့ စကားတွေကိုပဲ အတင်း မျို မျို ချနေရတယ်။ တစ်ချိန်တည်းမှာပဲ သူတို့ကလေးတွေရဲ့ ခွန်အားကိုလည်း နမြောနေမိတယ် သားရယ်။ တကယ် မချိတင်ကဲ ဖြစ်စရာ ကောင်းတာပါပဲ။

တဖြည်းဖြည်းနဲ့ ပန်းစိုက်အိုးတွေမှာ ပန်းအလှထိုးနေတဲ့ အမေ့လက်တွေဟာ နေးကွေး လေးလံလာတယ်။ သည်ပန်းအိုးကလေးတွေကို ခင်းကျင်း ပြင်ဆင်ဖို့ သပ်ရပ် လှပတဲ့ နေရာ။ ပြီးတော့ သည်ပန်းအိုးထဲက ပန်းကလေးတွေ အကြာကြီး လန်းဆန်းဖို့ လိုအပ်တဲ့ လွတ်လပ် ကျယ်ပြောတဲ့ လဟာပြင်။ ပန်းလေးတွေ လန်းစွင့်ဖို့ လိုအပ်တဲ့ လွတ်လပ် သန့်ရှင်းတဲ့ လေ။ ဒါတွေကော အမေ့ဆီမှာ ရှိသေးရဲ့လားလို့ ခုတော့ အမေ တွေးနေရပြီ။ မရှိရင်တော့ အမေက ဖန်တီး ပေးနိုင်မှာတဲ့လား...။ ပန်းကလေးတွေကတော့ ပွင့်ဆဲ။ မြေပေါ်မှာ သဘာဝ နေရောင်ကို ခိုလှုံလို့၊ လွတ်လပ်တဲ့ လေကို ရှူလို့၊ မိုးကောင်းကင်ကို မော့မျှော်လို့။

အမေကတော့...သူတို့တွေကို ချိုးယူလို့ အမိုးအကာရဲ့အောက်မှာ ပန်းစိုက်အိုးနဲ့ ချုပ်နှောင်လို့ တင့်တယ်စေမတဲ့၊ တန်ဖိုး ပိုလို့ မြင့်ရမတဲ့၊ ခမ်းနား ထည်ဝါ သွားစေမတဲ့။ ပျိုးပင် ကလေး တွေက အမေ့ဆီမှာ ပျော်မှာလားလို့.. ခုတော့ အမေ တွေးနေမိတယ် သားရေ။ ခမ်းနားခြင်း၊ တန်ဖိုးမြင့်ခြင်း၊ တင့်တယ်ခြင်း တို့ကို လွတ်လပ်ခြင်း၊ လတ်ဆတ်ခြင်း၊ နွေးထွေးခြင်း တို့နဲ့ သူတို့လေးတွေက လဲလှယ်ပါ့မလား။ ဒါတွေကတော့ သူတို့ရဲ့ ရွေးချယ်ခွင့် ပေပဲ။



အမေကတော့ လူပီသဖို့ လူ့ဘောင်ဘဝအတွက် လှပစေဖို့လို့ ရည်စူးတဲ့ တန်ဖိုးကိုသာ မျှော်လင့် သင့်တယ်လို့ ယုံကြည်တယ် သားရေ။ မြေပေါ်မှာပွင့်ရင်း အလဟဿ ညှိုးနွမ်း သေပျက်မယ့်အစားတော့ ပန်းစိုက်အိုးထဲမှာ အချုပ် အနှောင်ခံရင်း လောကကို အလှဆင်တော့မယ်။ ဒါကို အမေ့ရဲ့ ပျိုးပင်ကလေးတွေ နားလည်အောင် အမေ ဘယ်လို ပြောရမလဲ။ သူတို့ဟာ အမေ့လက်ထဲ မရောက်ခင် ဟိုး ကာလ ကာလတွေကတည်းက စနစ်တကျ ကွပ်ညှပ် ပုံသွင်း ခံခဲ့ရပြီးပြီ ထင်ပါရဲ့။ ဒါမှမဟုတ်လည်း စနစ်တကျ စွန့်ပစ်ခံခဲ့ရပြီးပြီ ထင်ပါရဲ့။

ကဲ.... ခပ်ရိုင်းရိုင်း အပွင့်တွေနဲ့ပဲ မထင်မရှား အသိအမှတ်ပြုမခံရဘဲ ညှိုးရော် သေကျေ သွားကြမှာလား...။ လှပမြင့်မြတ်တဲ့၊ ခမ်းနားထည်ဝါတဲ့ ခင်းကျင်း ပြင်ဆင် ပေးထားမှုထဲမှာပဲ (ကြည့်သူခံစားသူတွေအတွက်) အနှောင်အတည်း ခံရင်း ညှိုးရော်ကြမလား...။ သူတို့လေးတွေ ကတော့ ပုံသေ ရှင်သန်မှုထဲမှာ ငြိမ်သက်မြဲ။ အမေ့မှာသာ ကရုဏာဒေါသော မျှော်လင့်ချက်တွေနဲ့ .. နွမ်းယဲ့။

xxx

သားကလေးရေ...
သားပျော်တဲ့ သည်နယ်မြေလေးဟာ တကယ်တော့ ပန်းရိုင်းတွေသာ ပွင့်တယ်။ တောမြေမှာ လေကို လွတ်လွတ် လပ်လပ်ရှူဖို့ နေရောင်ကို ဝဝလင်လင် စားသုံးဖို့ ကောင်းကင်ကို အမြင်ရှင်းရှင်း ရှုကြည့်ဖို့ တစ်ခုတည်း အတွက် နဲ့ တော့ အသုံးချတန်ဖိုး နဲ့ ပြဌာန်းချက်တစုံတရာ မရှိဘဲ ပွင့်ရတဲ့ ပန်းကလေးဘဝကို သားကလေး အားမကျဘူး မဟုတ်လား ဟင်။

ပန်းစိုက်အိုးထဲမှာ တယုတယ ပြင်ဆင်ထားတဲ့ ပန်းတစ်ပွင့်အနေနဲ့ မြင်ရတဲ့သူတွေ စိတ်နှလုံးကို သာယာ ကြည်နူးအောင်၊ စိတ်ခွန်အားတွေရှိအောင်၊ ပတ်ဝန်းကျင်ကလေး လှပသိမ်မွေ့သွားအောင်၊ အချိန် ကာလ ကလေး နူးညံ့ပျော့ပြောင်း သွားအောင်တော့ ဆောင်ကျဉ်းပေး နိုင်သင့်တယ် မဟုတ်လားကွယ်။

ဒါဆို...အမေ့ရဲ့ သားကလေးကတော့ ပန်းစိုက်အိုးထဲက ပန်းကလေးပဲ ဖြစ်ရမယ်နော်။ အမေက စနစ်တကျ ပြင်ဆင်ပေးတဲ့အခါ သားက ရှိသမျှ ရသမျှ ခွန်အားတွေနဲ့ လန်းစွင့် မွှေးမြ ရမယ်။ အတားအဆီး အကာ အကွယ် တွေကို ခုခံ တွန်းလှန်ရင်း ရနိုင်သလောက် အာဟာရ ကို စားသုံးတတ်ရမယ်။



မြေမှာတုန်းက မတ်မတ်ရပ်နိုင်ခဲ့သလို ပန်းစိုက်အိုးရဲ့ အကာအကွယ်ကိုလည်း ယုံကြည်အားကိုး တတ်ရမယ်။ သည်အတွက်တော့ အမေ့ရဲ့ ကိုယ်ပိုင် ပန်းကလေးအတွက် အမေ စနစ်တကျ ပြင်ဆင်ရပေဦးတော့မှာ ပေါ့ကွယ်...။

xxx

အဲသည် ပန်းရိုင်းတွေကိုတော့ ထားရစ်ခဲ့ရတော့မယ် ထင်ပါရဲ့ကွယ်။ သူတို့ဟာ အမြဲ ခုလိုပဲ သန့်ရှင်း လတ်ဆတ် တဲ့ လေ၊ ခိုင်မာပြေပြစ်တဲ့ မြေနဲ့ တိမ်ကင်းစင်တဲ့ ကောင်းကင်ယံကိုသာ တွေ့နေရမယ်လို့ မျှော်လင့်နေကြတဲ့ ပန်းရိုင်းလေးတွေပဲ။

တကယ်ကျတော့ လောကဆိုတာထဲမှာ ကြမ်းတမ်း ခက်ထန်တဲ့ လေရိုင်းတွေ၊ အင်အားကြီးတဲ့ မိုးရေစက်တွေ၊ တိုက်စားခံရတတ်တဲ့ မြေတွေရှိနေတာ သူတို့က မယုံကြည် တတ်ကြဘူး။ တကယ်လို့ ကြုံလာရရင်လည်း ခေါင်းငုံ့ခံနေမယ့် အဲသည် ပန်းရိုင်းတွေရဲ့ သန်စွမ်းမှုကို နမြောတသမိစွာနဲ့ပဲ အမေကတော့ သူတို့ကို ချန်ထား ခဲ့ရတော့မယ်။

ဘဝဆိုတာ တခါတရံမှာ အချစ်တွေ၊ အပျော်တွေ၊ ရရှိခြင်းတွေကို လိုချင်လျက်နဲ့ စွန့်လွှတ်ခဲ့ရတတ်ပါတယ်။ သားလေးရေ.. အဲသည်ပျော်ရွှင်ဖွယ် တောင်တန်းတွေ၊ တောအုပ်တွေ၊ တိမ်တိုက်တွေ၊ ဟင်းလင်းပြင်တွေ၊ မြစ်ရေစီးသံတွေကို အမေတို့ ထားခဲ့ကြစို့ရဲ့။ ဟိုး ရှေ့မှာ အသက်ရှု ကျပ်တဲ့၊ ခေါင်းပါးမှုတွေ များတဲ့၊ ဒါပေမဲ့ တိုးတက်ခြင်း တွေ ရှိတဲ့၊ ယှဉ်ပြိုင်ခြင်းတွေ ရှိတဲ့၊ အနိုင်အရှုံးတွေ ပီပြင်တဲ့ မြို့ပြက

တို့ကိုစောင့်နေတယ်။

ပြီးတော့ တိုက်ခိုက် ရှင်းလင်းရင်းနဲ့ သားတက်ရမယ့် အနာဂတ်စင်မြင့်ကလည်း အဲသည်မှာပဲ သားကို စောင့်နေ တာလေ။ တက်ရမယ့် လှေကားထစ်တွေကတော့ အများသားပေ့ါ ကလေးရယ်။ ဒါမှလည်း အမြင့်ကို ရောက်တဲ့ အခါ တန်ဖိုး ပိုမြင့်လာမှာပေ့ါ။ အမေကတော့ အမေ့ရဲ့ ပွင့်လာမယ့် ပန်းကလေးအတွက် ရွှေစင်နဲ့အတိပြီးတဲ့ ပန်းအိုးကလေးကို ပြင်ရင်း စောင့်နေတော့မယ်။
အဲဒီအတွက်ကြေကွဲလက်စနဲ့ပဲ...
ပန်းရိုင်းတွေထဲက ခဏ ထွက်ပြေးကြစို့ရဲ့ သားရေ... ...။ ။

မေငြိမ်း
၉၅စက်တင်ဘာ။
အဝါရောင် မန္တလေး-၂ ဝတ္ထုတိုစု

# လွမ်းတတ်သူ



ဇင်းမယ်တက္ကသိုလ်ဝင်းထဲမှာ

တောင်တန်းစိမ်းစိမ်းတွေ နောက်ခံနှင့် တောအုပ်စိမ်းစိမ်း...၊ အဲ့ဒီ တောအုပ်ထဲ မှာ ပြန့်ကျဲနေသော အဆောက်အဦးတွေက စနစ်တကျ၊ ပုံစံတကျ။ တောအုပ်ထဲမှာ သေသပ်ညီညာသော မြက်ခင်းစိမ်းတွေ တောင်ပူစာလေးတွေလည်း ရှိသေးသည်။ ပြီးတော့ ခေတ်မီပြန့်ပြူးတဲ့ ကတ္တရာလမ်းမက အနားသတ် တိတိပပနဲ့ တောအုပ်ရဲ့ ရင်ခွင်ထဲ လဲလျောင်းလို့။ တကယ့်ကို အရောင်စုံတဲ့ ပန်းအမျိုးစုံကလည်း စနစ်တကျ ပါဝင် ခင်းကျင်းနေသေးသည်။ ပုံပြင်ထဲက ဥယျာဉ်လေးလို...။ ဒီ ဥယျာဉ်ထဲမှာတော့ လိပ်ပြာလေးတွေက တူညီဝတ်စုံ အင်္ကျီအဖြူ စကတ် ဘောင်းဘီအနက်တွေနှင့် သစ်လွင်လို့.. မြူးတူးပျော်ရွှင်လို့။ ဇင်းမယ်တက္ကသိုလ် တဲ့... တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူတွေ တဲ့...။ အဲဒီ မြင်ကွင်းတွေက ကျမရဲ့ အိပ်ချင်ယောင် ဆောင်ထားတဲ့ အလွမ်းများ ကို လှုပ်နှိုးလိုက်လေသည်။



ဇင်းမယ်တက္ကသိုလ် အဝင်ဝ

ကျမမှာလည်း တောအုပ်၊ ဥယျာဉ်လေးတွေ ရှိခဲ့ဖူးသည်။ ခုလို စနစ်တကျ မဟုတ်သော်လည်း သဘာဝ ဆန်သော စိမ်းစိုမှုတွေ.. နေရောင် လင်းပြက်မှုတွေ... ရောင်စုံ လိပ်ပြာတွေနှင့် ချစ်မက်ဖွယ်ကောင်းလှသော ထိုတောအုပ်မျိုးက ဘယ်နေရာ ပြောင်းပြောင်း ဘယ်လို ပုံသဏ္ဍာန် ပြောင်းပြောင်း ချစ်စရာကောင်းပုံကတော့ ဘယ်တော့မှ မပြောင်းလဲပါ။ ကျမကိုကပဲ ချစ်လွယ်သူ ဖြစ်နေသည် ထင်၏။ ရန်ကုန်တက္ကသိုလ်၊ လှိုင်တက္ကသိုလ်၊ ဘားအံကောလိပ်၊ မော်လမြိုင်တက္ကသိုလ်... အားလုံး ဆွတ်ပျံ့ဖွယ်ချည်းပင်။ ကျမ စိတ်ထဲမှာ ကတော့ ကျမကို ချစ်သော ကျမက ချစ်သော တပည့် လူငယ်လေး တွေ ရှိသည့် နေရာသည် ဘယ်လို အလှအပ ပြုပြင်မှုမှ မရှိလည်း သာယာလှပသော မြေသာ ဖြစ်ပါသည်။

အဲဒီ မြေတွေခမျာ... ပြုပြင်ထိန်းသိမ်း မခံရ... မွမ်းမံ မခံရ။ အုပ်ချုပ်သူ အာဏာပိုင်များက မျက်စေ့ ပသာဒဖြစ်ဖွယ်သော ပြင်ဆင်ခြင်း အနုပညာကို အာရုံမရ။ စိတ်လက် ချမ်းသာဖွယ် မြင်ကွင်းက စာသင်သား များနှင့် ပို့ချသူ ပညာရှင်တွေအတွက် ဉာဏ်ရည် ကြည်လင် တိုးပွားစေသည်ကို မမြင်တတ်၊ ကျမ တပည့်လေး တွေ... (ဒို့ထက် ကျယ်ကျယ်ပြန့်ပြန့် ပြောရရင်) အနာဂတ်ရဲ့ ခေါင်းဆောင်လောင်းတွေ ...ခမျာ စိတ်လက် ပေ့ါပါးစွာ ပညာသင်ခွင့်လေးမှပင် မရကြတာကိုလည်း ခုချိန်မှာတော့ ကျမက အလွမ်းဖြင့် နှစ်ဆ တိုးကာ ပို ခံစားရပြီ။ အနည်းဆုံးတော့ တိုင်းပြည်အတွက် အလွန်အရေးပါသော မျိုးဆက်သစ်တွေမွေးဖွားရာ တက္ကသိုလ် မြေသည် လုံခြုံ အေးချမ်းမှု... တည်ငြိမ် ရင့်ကျက်မှု၊ သာယာ စိုပြေမှုလောက်တော့ ရှိသင့်သည် မဟုတ်လား။



ဖင်းမယ်တက္ကသိုလ် အဓိပတိလမ်း

အလွမ်းထဲမှာ... ချင်းမိုင်တက္ကသိုလ်လိုပဲ တောင်တန်းတွေ နောက်ခံထားသည့် (ကျမ ငါးနှစ်တာ နေခဲ့ရသော) ဘားအံတက္ကသိုလ် ရောက်လာသည်။ ယခင်က သချိုင်း ဟောင်း

နှင့် စိုက်မြေပြောင်းတွေ နေရာမှာ ခုတော့ ထည်ဝါသော ဘားအံတက္ကသိုလ် ကျောင်းအဆောက်အအုံသစ်ကြီးက နေရာယူထားပြီ။ ခု နောက်ပိုင်း တက္ကသိုလ်အသစ်တွေက အားလုံး ပုံစံတူ။ အဲဒီ အဆောင်ကြီးရောက်ဖို့ ဂိတ်ဝကနေ မီတာ ၂၀၀-လောက် ဝေးမည် ထင်သည်။ တက္ကသိုလ် ဆိုတာကတော့ အဲလောက် ကျယ်သော ဝင်းကြီးထဲ ရှိရမည်ပေ့ါ။

သို့ပေမဲ့ အဲဒီ အဝင်လမ်း တလျှောက်ကနေ အဆောက်အဦးကြီးဆီ ရောက်သည် အထိ ဘာ သစ်ရိပ် ဝါးရိပ်မှ ရှိမနေတာတော့ ဆိုးလှသည်။ ပန်းခင်း မြက်ခင်းလည်း မရှိ။ ပြီးတော့ စာသင်ခန်းတွေမှာ ပန်ကာ မရှိ။ ပန်ကာရှိလည်း မီးက မလာ။ ကျောင်းသူ ကျောင်းသားတွေခမျာ နေပူကြီးထဲ ဖြတ်လာ.. ပူပူ လှောင်လှောင်ထဲ စာသင်..။ ဒီကြားထဲ.. သင်ရိုးတွေက သင်ကြားချိန်နဲ့ မလုံလောက်လို့ ဆရာ၊ ဆရာမတွေ သင်ကြားတဲ့ နောက်လည်း အမောတကော ပြေးလိုက်ရသေးတာ။ အဆိုးဆုံးကတော့ မောပန်း ပူအိုက်လို့မှ သောက်စရာ ရေ တောင် လုံလုံလောက်လောက် မရှိတာပါပဲ။

တက္ကသိုလ်ဆိုရင် ခန့်ညား ထည်ဝါတဲ့ မြင့်မားတဲ့ အဆောက်အဦးတွေရှိရင် ပြီးပြီ.. ဆိုတာလောက်သာ ခံယူတဲ့ အစိုးရကတော့ ဂုဏ်ယူလို့။ စာသင်သားတွေခမျာတော့ ရာသီဥတုရဲ့ အပူ၊ နေရာဒေသရဲ့ အပူ၊ ကျောင်းစာ ဖိစီးမှု အပူ၊ ကုန်ကျစရိတ် အပူ၊ လူတန်းစား မညီမျှမှု အပူ၊ ပညာတကယ်မတတ်တဲ့ အပူ၊ အနာဂတ် မရေရာမှု အပူတွေနဲ့ စစ်အစိုးရက ဂုဏ်ယူနေသမျှ... ကျမတို့ ကလေးတွေ ခမျာ ကတော့ အကုန်ပူနေရတဲ့ ဘဝပါပဲ။



သူတို့ဆီမှာတော့ ဘတ်စ်ကားက စီးမယ့်သူတောင်မရှိ။

ချင်းမိုင်တက္ကသိုလ်ထဲက ကုန်းမြေစိမ်းစိမ်းတွေနဲ့ ဓမ္မာရုံဆန်ဆန် အဆောက်အဦး တွေ

မြင်ရင်တော့ ကျွန်မက တောင်ညို တောင်တန်းတွေ ဝိုင်းနေတဲ့ မော်လမြိုင် တောင်ဝိုင်းရပ်က ကျွန်မချစ်တဲ့ မော်လမြိုင် တက္ကသိုလ်ကြီး ကို လွမ်းရပြန်သည်။ မြက်ရိုင်းတို့ သန်စွမ်းသော တောတက္ကသိုလ်ကြီးက စိုက်ပျိုးမွမ်းမံသော ပန်းအလှတို့ မရှိသော်လည်း သဘာဝ မြက်ပန်းဝါဝါတွေ... ဝါးရုံပင်အုပ်အုပ်တွေ... ကျောင်းဝင်းရဲ့ ခါးလယ်မှာ ဖြတ်စီးနေတဲ့ လျှိုပေါက်ဆီက ရေတံခွန်ကလေးနှင့် ပိတောက်၊ စိန်ပန်း၊ ခရေပင်မြင့်ကြီးတွေ အုံ့ဆိုင်းနေတာကတော့ တကယ့် အေးရိပ်တွေပါပဲ။ ကျောင်းဝင်းထဲ ဘယ်လောက် ဝေးဝေး.. တောလမ်း ခရီးသွားရသလို စိတ်အေး လက်အေး ရှိတာကလေးက ကျေနပ်စရာပါ။ စုတ်ချာလှတဲ့ စာသင်ခန်းတွေက တက္ကသိုလ်နှင့် မတူလှသလို ရိုးသားသော တိုင်းရင်းသား ကျောင်းသား ကျောင်းသူတွေကလည်း ဂုဏ်တုဂုဏ်ပြိုင် မရှိလှလေတော့ တက္ကသိုလ်ကြီးက သိပ်တော့ မထည်ဝါ။

သို့ပေမဲ့ ရိုးသားခြင်းသည် အကြီးကျယ်ဆုံးသော အလှလို့ သတ်မှတ်သော ကျမအတွက်တော့ ကျမ စာသင်ပေး သမျှ စိတ်ပါလက်ပါ လက်ခံယူသည့် ဒေသခံ တိုင်းရင်းသား လူမျိုးစု တပည့်လေးတွေရှိရာ ထို မော်လမြိုင် တက္ကသိုလ်က ကြီးကျယ်ခမ်းနားလေသည်။ ကျွန်မ၏ တပည့်အများစုသည့် ရိုးသား ပွင့်လင်းပြီး အလွန် သီးခံနိုင်ကြသူတွေ ဖြစ်သည်။ အဖိနှိပ်ခံဘဝမှာ ရိုကျိုးစွာ နေသားကျနေသူတွေ ဖြစ်သည်။ များသောအားဖြင့် ဒေါသလည်း နည်းပါးကြလေသည်။ သူတို့၏ မျက်နှာရိပ်များသည် အလွန် နားလည်ရလွယ်သော စာမျက်နှာ များပင် ဖြစ်သည်။

+++++

ဇင်းမယ်တက္ကသိုလ်ကြီးရဲ့ ပင်မ အဆောက်အဦးရှိ ရုံးခန်းတစ်ခန်းတွင် ကျမ၏ အလုပ်တာဝန်တစ်ခု ရှိနေပါ သည်။ တစ်ပတ်မှာ နှစ်ရက်လောက် အဲဒီရုံးခန်းမှာ ကျမ တစ်နေကုန် အလုပ်လုပ်ရ၏။ ထိုအခါ တစ်ပတ် မှာ ထိုနှစ်ရက်သည် ကျွန်မ၏ တောအုပ်ကလေးတွေကို လွမ်းသောအလွမ်းကို ပြင်းပြင်းပြပြ ခံစားရသော အချိန်များ ဖြစ်လာတော့သည်။ ကျမရဲ့ ဝန်ထမ်း ဘဝ နောက်ဆုံး နှစ်နှစ်ကို ဒဂုံတက္ကသိုလ် တောအုပ်ကလေးထဲမှာ ကျင်လည် ခဲ့ရသည်။

ရန်ကုန်မြို့လယ် ဆူးလေဝန်းကျင်ကနေ ရန်ကုန်မြို့၏ ကျော်ကြားလှသော ဗဟန်း၊ ဝွတ္တလစ်၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကင်း၊ တောင်ဥက္ကလာတို့ကို ကျော်ဖြတ်ပြီး မြောက်ဒဂုံ နယ်နိမိတ်ကို အစအဆုံး ဖြတ်သန်းပြီးလျှင်တော့ ဒဂုံတက္ကသိုလ်ကို ရောက်ပါပြီ။ လမ်းခရီးမှာ အနည်းဆုံး ၂-နာရီ ကြာပါသည်။ ကံမကောင်းလို့ ထိုင်ခုံမရလျှင်တော့ ဂိတ်စ ဂိတ်ဆုံးကို ကျပ်ကျပ် ညပ်ညပ် မတ်တတ်ရပ်ပြီး သွားရပါမည်။ ကျောင်းနား နီးလာရင်တော့ လယ်ကွင်းတွေ ရိုးပြတ်တွေ ကျယ်ပြန့်သော မိုးကောင်းကင်တွေက ပူပြင်း စူးရှ သော လေနှင့်အတူ ကျောင်းလာသူတွေကို

နှုတ်ဆက်လိမ့်မည်။ ဒဂုံတက္ကသိုလ်ဆိုတဲ့ ဝင်းကြီးကို တွေ့လျှင်တော့ စိမ်းစိုမှုကို စပြီး အနည်းငယ် ခံစားနိုင်ပြီ။ မြင့်မားသော သစ်ရိပ်တွေ ရှိပေမဲ့ ကျဲပါးသော အရေအတွက်က လုံလောက်သော အေးငြိမ်းမှုကိုတော့ မပံ့ပိုးပေးနိုင်ပါ။



ဖင်းမယ်မှာတော့ ကျောင်းရှေ့က ဘတ်စ်ကားဂိတ်မှာလည်း လူမရှိ။

နောက်တော့ ပုံစံတူ အဆောက်အဦးတွေ... ပျားပန်းခတ်နေသော လူငယ်တွေ... လူကြီးတွေပေါ့။ ကျောင်းဝင်း ထဲမှာပေမဲ့ တချို့က အလွန်အမင်း ပင်ပန်း နွမ်းနယ်၊ တချို့က သစ်လွင် တောက်ပ၊ တချို့က မှုးယစ် ရီဝေ၊ တချို့က လေလွင့် စိတ်ကျ၊ နေရာတကာမှာ အေးရိပ်အတုက လွှမ်းနေ၏။ မခန့်လေးစား ရယ်သံတွေ၊ လောင်းကစားဝိုင်းက အံကြိတ်သံ တွေ၊ ကော်ရစ်ဒါ ထောင့်ချိုးက ပူးကပ်နေသော နှုတ်ခမ်းတွေ၊ ဆရာ ဆရာမ တွေရဲ့ ရှက်ဒေါသ မျက်ရည်တွေ၊ ကျမ ကိုယ်တိုင် အဲဒီ တောအုပ်လေးရဲ့ ယဉ်ကျေးမှုထဲ သွေးလန့် ခဲ့ဖူး သည်။ အဲဒီ အဖြစ်အပျက်တွေမှာ အပြစ်ရှိတဲ့ တရားခံက ဘယ်သူလဲ။

ဆရာ ဆရာမ၏ တန်ဖိုးကို နားမလည်သော တပည့်များ၊ လူငယ်များ၏ စိတ် အဆာ ကို နားမလည်သော ဆရာ ဆရာမများ၊ လက်အောက်ငယ်သားအပေါ် မစာနာတတ်သော အထက်လူကြီးများသည် ထိုတောအုပ်၏ အလှအပများကို စနစ်တကျ ဖျက်ဆီး နေကြသည်။ အဲဒီ အသိက တစ တစ နှင့် မှန်ကန်လာချိန်မှာပဲ... ကျမ သွေးပျက်၊ ထွက်ပြေးခဲ့တာ။ (တကယ်က ကျွန်မလည်း သတ္တိနည်းစွာ တကိုယ်ကောင်း ဆန်သူပါ)။ ထိုအခါ ဒဂုံ တက္ကသိုလ် တောအုပ်လေးကို လွမ်းသော အလွမ်းကဖြင့် နာကျင်ကြေကွဲစရာ အကောင်းဆုံး ဖြစ်ရ တော့သည်။

ထိုအခါ....ကျွန်မရဲ့ အလွမ်းထဲမှာ... ဟိုးပြည်တွင်းထဲမှာ ကျန်ခဲ့တဲ့ ကျမရဲ့ချစ်သော ကလေးများအားလုံးကို သူတို့နှင့် သိပ် အလှမ်းမဝေးပါဘဲနှင့် အလှမ်းဝေးနေရသော ဖင်းမယ်တက္ကသိုလ်ထဲ ရွှေ့လာမည်။ ပြီးရင် လေအေးပေးစက်တပ် စာသင်ခန်းတွေထဲ

သေချာ နေရာချပေးမည်။ သူတို့အားလုံး အင်တာနက်ကမ္ဘာထဲမှာ ဝင်ဆန့် ရစေမည်။ ကျမ စာသင်လျှင် စူးစမ်းမေးခွန်းတွေ အများကြီး တုံ့ပြန်စေရမည်။ ဆိုင်ကယ်တွေ ဖယ်ရီ တွေကို သူတို့ မပင်မပန်း ဖောဖောသီသီ စီးနိုင်စေရမည်။ ပြီးတော့ ကျောင်းသားအခွင့်အရေးဆိုတာ.. လွတ်လပ်သော ပညာရေးဆိုတာ... သူတို့ရှေ့ကို ရောက်လာရမည်။ ထိုအခါ... သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စိတ်နှင့် အပြုသဘော ဝါဒီ စိတ်လည်း သူတို့မှာ ရှိလာကြလိမ့်မည်။



ကျောင်းဝင်းထဲမှာ ပြေးပေးတဲ့ ကားကလေး



အများစုက အဲလို ဆိုင်ကယ်တွေနဲ့

ပြီးတော့ သူတို့ကို ပြောပြချင်သည်။ ဇင်းမယ်တက္ကသိုလ်ထဲမှာ ပင်ကပ် သစ်ခွတွေ အဖျက်ဆီးမခံရဘဲ လှိုင်လှိုင် ပွင့်နိုင်တာ… ကျောင်းနံရံမှာ ပျားအုံကြီးကြီးတောင် လွတ်လွတ်လပ်လပ် ရှိနေနိုင်တာ… ကွမ်းတံတွေး မထွေးရ ဆိုတဲ့ ဆိုင်းဘုတ်တွေ မရှိတာ။ မြက်ခင်းပေါ် မနင်းရဆိုတဲ့ ဆိုင်းဘုတ်လည်း မလိုအပ်တာ။ ရှစ်ထပ် အဆောက်အဦး ထဲက စာသင်ခန်း ဆီ ဓါတ်လှေကားလေးနဲ့ သက်သောင့်သက်သာ သွားရခြင်းကြောင့် ခွန်အား အလဟဿ မလျော့ပါးဘူး ဆိုတာ။ ဆရာ တပည့် အပူအပင် ကင်းစွာ စာသင်နိုင်ခွင့်လည်း ရစေချင်တာ။ လိင်ကိစ္စ ဟာ ကျောင်းဝင်းနဲ့ ဘယ်လိုမှ မလိုက်ဖက်၊ မအပ်စပ်ဘူးဆိုတာကိုလည်း ခေါ်ပြချင်တာပါ။

ကျမပဲ လောဘတွေ သိပ်ကြီးနေပြီလား၊ တကယ်က… ဒါဟာ မဖြစ်နိုင်သော အိပ်မက်တွေပဲ… စိတ်ကူးယဉ်တွေပဲလို့ ကိုယ့်ဘာသာလည်း သိသိပင်။

xxx

အလွမ်းဆိုတာ…. ကိုယ့်အနားမှာ ရှိမနေတဲ့၊ တချိန်တည်းမှာပဲ ကိုယ့်အနားမှာ ရှိနေစေချင်တဲ့ တစုံတရာကို တမ်းမက်ခြင်းလို့ ကျမ ထင်ခဲ့သည်။ ထိုအခါ ကျမရဲ့ တပည့် ကလေးများကို… ကျမရဲ့ တက္ကသိုလ်ဆိုတဲ့ တောအုပ်များကို.. လွမ်းသော အလွမ်းများက တော့ "လို၍ မရသောဆင်းရဲခြင်း"တို့ဖြင့် ပူလောင်စွာ…။ ထိုအခါ… ကျမအတွက် တော့…. အလွမ်းဆိုတာက "အစားထိုးမရတဲ့ ဆုံးရှုံးမှု" လို့လည်း အဓိပ္ပာယ် ရလေသည်။

မေငြိမ်း

၂၀၀၅-ဇွန်။

သစ္စာ တော်လှန်ရေးမဂ္ဂဇင်း အမှတ်(၆)

## လွမ်းစာ



မော်ကြည့်နေတဲ့ သားရဲ့ မျက်လုံးတွေက အရောင် တလက်လက် တောက်လို့။ သားမျက်လုံးတွေထဲက ဘာသာ စကားကို ဖတ်ကြည့်တော့ 'မေမေ သားကို ချစ်ရဲ့လား' ဆိုတဲ့ အဓိပ္ပါယ်ကို ကျမ တွေ့တယ် ။ တကယ်တော့ ဒီအခြေအနေဟာ ရိုးသွား သင့်ပါပြီ။ ဒါပေမဲ့ စိတ်အားကြီးတဲ့ သားကြောင့်ပဲလား။ (ဒါမှမဟုတ်) ကျမရဲ့ စွဲတဲ့ စိတ်ကြောင့်ပဲလား တော့ မသိ။ အဲဒီ အခြေအနေ အဖြစ်အပျက်ဟာ ခုထိ ကျမနဲ့ သားကြားမှာ ဆန်းသစ်နေဆဲ ဆိုတာပါပဲ။

+++++

အဲဒီ အဖြစ်အပျက်ကလေးဟာ နံနက်ခြောက်နာရီခွဲတိတိမှာ ဖြစ်ပျက်လေ့ ရှိပါတယ်။ အဲဒီ ခြောက်နာရီခွဲဟာ ကျမ အလုပ်ခွင် ဝင်ဖို့ အိမ်က စထွက်ရတဲ့ အချိန်လည်း ဖြစ်ပါတယ်။ ကျမအဝတ်လဲပြီး ပခုံးသိုင်းအိတ်လွယ်ပြီး ဆွဲခြင်းဆွဲလိုက်တာနဲ့ တပြိုင်နက် ကျမ အမြဲတမ်း စိတ်ထိခိုက်ရတဲ့ အခြေအနေကို ရင်ဆိုင်ရတော့တာပါပဲ။ သားက သူ့ရဲ့ မော်တော်ကားတွေနဲ့ ဆော့နေရာကနေ အိမ်တံခါးပေါက်မှာ ရပ်လိုက်တဲ့ ကျမကို လှမ်းကြည့်မယ်။ ပြီးတော့ ပြုန်းကနဲ ထ၊ တောက်တောက် တောက်တောက် နဲ့ လျှောက်လာ။ နောက် ကျမရှေ့မှာ စုံရပ်။ အမေကို မော်ကြည့်။ ကျမက 'သားဖို့ မေမေ မုန့် သွားဝယ်တော့မှာနော်' လို့ ပြော။ အဲဒီအခါ... သားရဲ့ အဲသည် 'မေမေသားကိုချစ်ရဲ့လား' ဆိုတဲ့ မျက်လုံးမျိုးတွေကို ကျမ နလုံးသား အလဲလဲ အပြိုပြိုနဲ့ ရင်ဆိုင်ရတော့ပါပဲ။ အဲဒါဟာ

နေ့တိုင်းရင်ဆိုင်ရတဲ့ ကျမရဲ့ စိတ်ဝေဒနာတစ်ခု ပါပဲ။

+++++

သားက တစ်နှစ်သားကျော်ကျော်လေးသာ ရှိသေးပေမဲ့ အံ့ဩစရာကောင်းလောက်အောင် ခံစားမှုကို သိတတ် ပြီ။ သားဟာ တစ်နှစ်သားမှာပဲ အရွယ်နဲ့ မမျှအောင် သွက်လက်စွာ စကားစ ပြောတတ် နေခဲ့ပါတယ်။ အဲဒီတုန်း ကတည်းက သားက အမေကို 'မေမေ' ဆိုတာလောက်နဲ့ မတင်းတိမ်ဘဲ အမေကိုခေါ်တဲ့ အခါ 'မေမေရေ'လို့ တမ်းတမ်းတတ ခေါ်တတ်ခဲ့သူ မဟုတ်လား။

ပြီးတော့၊ သားက ခြောက်လသားအရွယ်ကတည်းမှာကတည်းက သီချင်း ကဗျာ အကနဲ့ လှုပ်ရှားမှုတွေကို အာရုံခံစားတတ်နေပြီ။ အဲဒီအခါ သူ့အမေ ကျမဟာ သားကို အဆိုတော် ပြီးတော့ တေးရေးသူဖြစ်ရင် သိပ်ကောင်းမှာပဲလို့ ရည်ရွယ်မိခဲ့ဖူးသေးတာ။ အဲဒီတုန်းကတော့ သားကလေးရဲ့ အနာဂတ်နဲ့ ပတ်သက်ရင် ကံကောင်းမှာလို့လည်း ကိုယ့်ဘာသာကိုယ် မဲပေး မိပြန် တယ်။ ဘာလို့လဲဆို၊ သားကလေးရဲ့အမေက သီချင်းတွေကို တန်ဖိုးထားသူ၊ ပြီးတော့ အဆိုပညာရှင်တွေကို မြတ်နိုးသူလေ။

သားက အမေရဲ့ စာအုပ်တွေကို ကောက်လှန်ရင်း မျက်မှောင်ကြီး ကြုတ်လိုက်ပြီး စာဖတ်ဟန် လုပ်တဲ့အခါမှာ လည်း အမေလုပ်သူက ကြံဖန်(ကြောင်တောင်နိုင်စွာ) သဘော ကျသေးရဲ့။ သားက အဖေနဲ့အမေကို တူစွာ စာဖတ် ဝါသနာ ပါမယ့် ကလေး ဆိုပြီးတော့ပေါ့။ အဲ့ဒီ သားရဲ့အမေ ကျမက မကြာခဏလည်း စိတ်ကူး ယဉ် ခဲ့ဖူး သေးတာ။

သားကို အနီးကပ် ဂရုတစိုက် ထိန်းကျောင်းရင်း အမေနဲ့သားဟာ မောင်နှမလို၊ သူငယ်ချင်း လို၊ သားအဖ လို၊ ရဲဘော်ရဲဘက် လို ချစ်ခင်ရမယ်လို့။ အဲဒီအခါ အမေဟာ သူ့ရဲ့ သံယောဇဉ်ထားရမယ့် တပည့်တွေထဲက သူချစ်တဲ့ စရိုက်တွေ သားဆီမှာ ထည့်ပေးရမယ် လို့လည်း စဉ်းစားမိပြန်တယ်။ သားရဲ့အမေဟာ တက္ကသိုလ် ကျောင်းသားကြီးတွေရဲ့ ဆရာမလည်း ဖြစ်တာကိုး။ အဲဒီဘဝကိုလည်း သူက တိတ်တိတ်လေး ဂုဏ်ယူတတ်ပြန် တယ်။ ကျောင်းဆရာ သားသမီး၊ အနုပညာချစ်တတ်သူတွေရဲ့ သားသမီးဟာ လောကမှာ ချစ်စရာ အကောင်း ဆုံး လို့လည်း အဲဒီအမေက အတ္တနဲ့ ကြွေးကြော်တတ်ပြန်သေးတယ်။

+++++

'လောကမှာ နေပျော်စရာအကောင်းဆုံးဘဝဟာ အနုပညာနဲ့ ပတ်သက်နေရတဲ့ ဘဝပဲ' လို့ အမေက ပြောတဲ့အခါ သားအဖေကတော့ သိပ် သဘောမတူချင်လှပါ။ ဒါပေမဲ့ အမေကတော့ ကိုယ့်အယူအဆကို အခိုင်အမာ ကိုင်ဆောင်မြဲ။ ရှားရှားပါးပါး

သားနဲ့နေရသမျှ အချိန်တွေမှာ အမေက သားနဲ့ကစားရင်း သီချင်းတွေကို ဖွင့် ဖွင့်ထားတယ်။ ခုဆို၊ သားကို 'သားရေ အမေ ဘာသီချင်းဖွင့်ရမလဲ'လို့ တမင်တကာ မေးလိုက်တဲ့အခါ သားက 'အိအိ'လို့ ဖြေရင် အမေက သဘောကျတယ်။ နောက်တော့၊ သားက မျိုးကျော့မြိုင်ရဲ့ သီချင်းတွေကို ကြိုက်တတ်လာတော့လည်း အမေက သားကို အမေနဲ့ တူလိုက်တာ။ အမေလို ခံစားတတ်ပြီ ဆိုပြီး ပျော်ရပြန်ရော။

စဉ်းစားကြည့်ရင်တော့၊ သားနဲ့ နေရတဲ့ဘဝဟာ ချိုမြိန်စရာချည်းပါပဲ။ သားက ပန်းချီကားတွေကိုလည်း ကြိုက်တတ်တယ်။ ဘယ်လောက် ကျေနပ်စရာ ကောင်းသလဲ။ အမေ့သားဟာ နူးညံ့သိမ်မွေ့အေးချမ်းတဲ့ လူ တစ်ယောက်အဖြစ် ကြီးပြင်းသွားနိုင်လောက်ပြီလို့ မျှော်လင့်လို့ရပြီ မဟုတ်လား။ သားနဲ့ ပတ်သက်သမျှ စိတ်နလုံး နူးညံ့ချင်စရာ အကောင်းဆုံးကတော့ သားရဲ့ အနမ်းပဲလို့ ကျမထင်တယ်။ သားက အမေကို မျက်နှာမှာ နေရာမလပ်အောင် နမ်းတတ်တာ တစ်နှစ်သားကတည်းကပဲ။ ပြီးတော့၊ သားရဲ့ အနမ်းက သိပ်ကို လှိုက်လှိုက် လှဲလှဲ။ ပန်းတစ်ပွင့်ရဲ့ ရနံ့ကို ဖိနှစ် ရှူရှိုက်သလို သိပ်ကို ခင်တွယ်စရာ ကောင်းတာပါ။

အဲဒီ သားက၊ အမေ့ရဲ့ အအိပ်ကို အနမ်းတွေနဲ့ နှိုးတတ်သူလည်း ဖြစ်ပါတယ်။ အဖေက ငေါက်လိုက်ရင် မျက်နှာငယ်လေးနဲ့ လှမ်းကြည့်တတ်တဲ့သားဟာ မယုံနိုင်စရာ ကောင်းလောက်အောင် မျက်လုံးတွေနဲ့ စကားပြောတတ်သူ ဖြစ်တဲ့အခါ ကျမဟာ 'သားဟာ အမေ့ရဲ့ နလုံးသားပဲ'လို့ သားကို ပွေ့ဖက်ရင်း မကြာခဏ ရေရွတ်ပြောဆိုမိတော့တယ်။ တကယ်လည်း သားဟာ ဘုရားရှင်က ကျမ စိတ်တိုင်းကျ ဖန်ဆင်းပေးခဲ့တဲ့ အသက် သွေးခဲပါပဲ။

ဒါပေမဲ့၊ အဲဒီ သားကလေးက ကျမကို 'မေမေ သားကို ချစ်ရဲ့လား' ဆိုတဲ့ အကြည့်တွေနဲ့ ကြည့်လာတဲ့ အခါမှာတော့ ကျမဟာ ကျမရဲ့ သားနဲ့ ပတ်သက်တဲ့ လုပ်ရပ်တွေ... ဆုံးဖြတ်ချက်တွေ.. မှားသလား မှန်သလား ဆိုတာကိုတောင် မတွေးရဲ လောက်အောင် ကြောက်တတ်လာရပြန်တော့တယ်။

+++++

ကျောင်းဆရာမတစ်ယောက်ရဲ့ တာဝန်ကို နံနက်ခုနစ်နာရီကနေ ညနေငါးနာရီအထိ ယူထားရတဲ့ သားအမေ ကျမဟာ ငါးနာရီ နောက်ပိုင်းကျပြန်တော့ ဘဝရဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ပညာဈေးသည် လုပ်ရ ပြန်ရော။ ကိုယ်အလေးချိန် ပေါင်ကိုးဆယ်ထက် ဘယ်တော့မှ မကျော်တဲ့အမေဟာ တစ်နေ့ကို ဆယ့်လေးနာရီ နီးပါး အလုပ်လုပ်ရတာ တကယ်တော့ မနိုင်ဝန်ကို ထမ်းရတာပဲ။ ဒါပေမဲ့ အဲဒါ အားလုံးဟာ 'သားရွှေအိုး ထမ်းလာတာမြင်ရဖို့' ပဲ မဟုတ်လား။

သားအတွက် လိုအပ်သမျှ အာဟာရရယ်၊ အဝတ်အထည်ရယ်အတွက် တစ်လကို ငွေနှစ်ထောင်လောက် သုံးနိုင်ဖို့၊ ဆေးဖိုးဝါးခ တစ်လကို တစ်ထောင်လောက် သုံးနိုင်ဖို့၊ အမေတို့ မိသားစုရဲ့ စားဝတ်နေမှု စရိတ်အတွက် တစ်လငွေနှစ်ထောင်လောက် သုံးနိုင်ဖို့။ အဲဒီ ငွေကြေးတွေအတွက် အဖေနဲ့အမေဟာ အချိန်တွေကို ပင်ပင်ပန်းပန်း ဖြတ်ကျော်နေကြရတာ။ တွေးကြည့်ရုံနဲ့တောင် မောစရာချည်းနော်။ စဉ်းစားကြည့်နော်.. သားရယ်၊ အသက်သုံးဆယ်တောင် မပြည့်သေးတဲ့ အမေတို့မှာ တစ်လကို ငွေခြောက်ထောင်လောက် ရအောင် ရှာဖို့ ဆိုတာ ဘယ်လောက် ပင်ပန်း ဆင်းရဲ လိုက်ကြမလဲ လို့။ ဒါပေမဲ့ အဲဒီ အမောမှန်သမျှဟာ သားရဲ့ ထူးထူး ကဲကဲ သန်မာထွားကျိုင်းမှု၊ ဖွံ့ဖြိုးကျန်းမာမှုတွေထဲမှာ ပျောက်သွားရတာပဲ။

အမေနဲ့ အဖေရဲ့ အိမ်ပြန်ချိန် ညကိုးနာရီဟာ သားရဲ့အိပ်ချိန် ရောက်ဖို့ တစ်နာရီကျော်ကျော်လောက်သာ လိုတော့တဲ့ အချိန်လည်း ဖြစ်တယ်။ သားကတော့ အဖေနဲ့အမေကို ခွင့်လွှတ်လို့ ပြုံးရွှင် ရယ်မော ကြိုတာပါပဲ။ အမေကို မွတ်မွတ်သိပ်သိပ် နမ်း။ အဖေကို တစိမ့်စိမ့် ကြည့်။ သားဟာ အသက်နဲ့မမျှအောင် ခံစားရတော့တယ်။ ပြီးတော့ သိသိသာသာ ပျော်ပြီး ခစ်ခစ်ပါအောင် ရယ်လို့။ ကိုယ့်ကိုယ်ကို လက်ညှိုးထိုးပြီး 'ဖေဖေ့ ရဲ့ ချစ်ချစ်' 'မေမေ ရဲ့ ချစ်ချစ်'လို့လည်း ပြောတတ်သေးတယ်။ အမှန်အတိုင်း ပြောရရင် အမေကတော့ အဲဒီအချိန်မှာ သားရှေ့မှာ မျက်နှာပူနေမိတာပါ။ မေမေ့ရဲ့အချစ်ဆိုတာကို မေမေကိုယ်တိုင် နားမလည်တော့လို့ပေါ့ သားရယ်။ တကယ်တမ်း သားကိုချစ်တဲ့ အမေဟာ သားအနားမှာ ရင်အုပ်မကွာ ရှိနေမှာပဲလို့ သားတွေးတတ်မှာကို စိုးရိမ်လို့ပေါ့။

သားက အမေကို ပါးကလေး ကိုင်လိုက်၊ နမ်းလိုက်နဲ့ တနေကုန် ခွဲခဲ့ရသမျှ အတိုးချပြီး အနားကပ်နေတတ်ပြန်တယ်။ အမေကတော့ အဲဒီ အချိန်ကျမှပဲ သားကို ပို လွမ်းဆွတ်မိလာတတ်တာ။ ပြီးတော့၊ အဲဒီအချိန်မှာပဲ အမြဲ စဉ်းစားမိတော့တာ။ ရင်သွေး တစ်ယောက်ရဲ့ အဓိက လိုအပ်ချက်ဟာ အမေနဲ့ နီးနီးကပ်ကပ် နေထိုင် ကြီးပြင်းရဖို့လား၊ သူ့ဘဝရဲ့ လူနေမှုစနစ်အရ ပြီးပြည့်စုံ ဖို့လားဆိုတဲ့ မေးခွန်းရဲ့ အဖြေကိုပေါ့။

+++++

အမေ တစ်ယောက်နဲ့ သားတစ်ယောက်ဟာ တစ်နေ့လုံးမှာ စုစုပေါင်း နှစ်နာရီသာ တွေ့ခွင့်ရတယ်ဆိုရင် အဲဒီ ကလေးရဲ့ဘဝ ရှေ့ရေးမှာ မိသားစုစိတ်နဲ့ နွေးထွေး ဖေါ်ရွေ ကြီးပြင်း တတ်ပါ့မလား။ စိတ်ပြည့်စုံမှု ရပါ့မလား။ ရင်မှာ အနာတရများ ဖြစ်သွားမလား။ အဲဒီအခါ ... နံနက်ခင်း ကျမအိမ်က ထွက်ခါနီးတိုင်း ကြည့်တတ်တဲ့ သားရဲ့ မျက်လုံးတွေမှာ အမေ ရဲ့ အချစ်ကို မယုံရဲတဲ့ အရိပ်မျိုးတွေ တွေ့ရတယ်ဆိုတဲ့ အတွေးက ကျမစိတ်ကို အခြောက်လှန့်နိုင်ဆုံး စိတ်ဝေဒနာ ဖြစ်လာတော့တယ်။ ဒါပေမဲ့ နောက်ဆုံးမှာလည်း... သားရဲ့အမေကတော့ 'သားကို ခွဲခွဲသွားရတာ သားရဲ့ ဘဝအတွက်ပါကွယ်' လို့ ခပ်တိုးတိုး ညည်းတွားရင်း နံနက်ခင်းတိုင်းမှာ မျက်ရည်မဲ့ ငိုရှိုက်ခြင်းတွေနဲ့ သားကို နမ်းရှုပ်

ချန်ထားခဲ့ရပြီး ဘယ်လို ရုန်းထွက်ရမှန်း မသိတဲ့ ဘဝနွံထဲကို ပုံမှန် ဆင်းသက်ရပြန်တာပါပဲ။

+++++

တစ်နေ့နေ့မှာတော့ ... အမေတစ်ယောက်ရဲ့ အချစ်ဆိုတာကို သားနားလည် လက်ခံအောင် ပြောပြနိုင်လိမ့်မယ်လို့ ကျမ မျှော်လင့်နေမိပါတယ်။

မေငြိမ်း
ရင်ခုန်ပွင့်မဂ္ဂဇင်း၊
၁၉၉၂၊နိုဝင်ဘာ။



## အလင်းပန်းတစ်ပွင့်သို့ချစ်ခြင်း

တဖျတ်ဖျတ် တောက်နေသော မျက်လုံးအစုံတွင် မျက်ရည်ကြည်တို့ ရစ်ဝိုင်းနေသည်။ မျက်ရည်ကျလိုက်လျှင် သူမ ပိုလှ သွားမည် ထင်သည်။ သိမ်မွေ့ နူးညံ့မှုနှင့် ပျော့ပျောင်းမှုများပါမှ မိန်းမတို့၏ အလှ၌ ပြည့်စုံသည်ဟု သူယူဆသည်။ သို့ပေမဲ့ ခုချိန်မှာတော့ သူမ၏ ပြည့်စုံသောအလှကို သူ တွေ့ရနိုင်မည် မဟုတ်ပါ။ "စိတ်ကို နည်းနည်းဖြစ်ဖြစ် လျှော့ လိုက် ပါလား မေရယ်" ဟုသာ သူ ရင်တွင်းမှ တတွတ်တွတ် ပြောနေမိသည်။ နှုတ်မှတော့ ဖွင့်ထုတ်နိုင်မည် မဟုတ် ပါ။ သူမ၏ စိတ်နှလုံးကို ညှိုးနွမ်းစေမည့် မည်သည့် အမူအယာကိုမှ သူ မပြုမူလိုပါ။ သူမ၏ မျက်ရည် ဝိုင်းနေသည့် မျက်လုံး တစ်စုံက ပြုံးလာသည်။ နှုတ်ခမ်းပါးတွေက တဆတ်ဆတ် တုန်ယင်နေသည်။ ခုနေ သူ နှင့် သားတို့ ကို တစုံတရာ ပြောဆိုဖို့ သို့မဟုတ် နှုတ်ဆက်ဖို့ သူမ ကြိုးစားလျှင် သူမ ငိုကြွေးဖြစ်သွားမှာ စိုးရိမ်သည်။ ခုချိန်မှာတော့ သူမကို မပျော့ညံ့ စေချင်ပါ။

"သားတို့.. လိမ်လိမ်မာမာ နေနော်၊ မေမေဟာ သားတို့ကို သိပ်ချစ်တယ်၊ သားတို့ရဲ့ ဘဝတစ်လျှောက်လုံး မေမေရဲ့ လမ်းကောင်းလျှောက်မှုတွေကြောင့် လုံခြုံမှု ရှိနေလိမ့်မယ်၊ ငါ့အမေဟာ သိပ်ချစ်ခင် ကြည်ညိုဖို့ ကောင်းတယ်လို့ ယုံကြည်ရမယ်" ဟု သူ သားတို့ကို ပြောပြတော့ သူမ၏ မျက်လုံးတို့က ပိုမို တောက်ပ လာကြကာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးရယ်ရင်း သူ့လက်ဖဝါး တွေကို ဆုပ်ကိုင် ဖျစ်ညှစ်ကာ "ကျမ ပြောချင်တဲ့ စကားတွေကို မောင်ပြောပေးတာ ကျေးဇူးပဲနော်" ဟု လှိုက်လှိုက်လှဲလှဲ ဆိုရှာသည်။ အေးစက်စက် လက်ဖဝါးတို့ ၏ အတွေ့ကို နွေးထွေးအောင် ပြုစုဖို့ သူအားထုတ်စဉ်မှာပင် "မေမေ့သားတွေ ဟာ လိမ်မာမှာပဲလို့ မေမေ စိတ်ချ နေ ပါရစေ" ဟူသော တိုးဖွဖွ စကားသံ အဆုံး၌ လှည့်ထွက်သွားသော သူမကို မတားလိုတော့ပေ။ သူ့ကို သူမ ထပ်မံ နှုတ်ဆက်မသွားခဲ့။ မကြာသေးခင်ဆီက နှုတ်ဆက်ညက ရင်တွင်းသို့ ရောက်လာသည်။



“မနက်ကျရင် မောင်နဲ့သားတို့က ကျမကို နှုတ်ဆက် ချန်ထားရစ်ပြီး သွားမှာကို ကျမ မခံစားနိုင်ဘူး။ ကျမ အရင် ပြန် မယ် နော်၊ မောင့်ကို ကျမ သိပ်ချစ်တယ်ဆိုတာကိုတော့ မောင် အမြဲ သတိတရ ရှိပါ။ ကျမဟာ မောင့်ကို ချစ်သလို ယုံကြည်ချက်နဲ့ လောက ဆိုတာ ကို ချစ်တဲ့အတွက် မောင့်ကို ချစ်ရတာ မောင့်ကို ခွဲထားခဲ့ရတာ မောင် အမြဲ နားလည်ပေး ပါနော်။ ကျမ ဘာမှ မပြောပါရစေနဲ့တော့ မောင်ရယ်၊ ကျမ ကို အမြဲ နားလည် လိုက်လျော ခဲ့တဲ့ မောင့်ကို ကျမ အတိုင်းမသိ ကျေးဇူးတင်တယ် ဆိုတာကိုပဲ ပြောချင်တော့တယ်” ပြီးတော့.. သူမ၏ ညင်သာ ယဉ်ကျေးသော အနမ်းနွေးများ၊ မျက်ရည်နွေးများ။



ကျောခိုင်းသွားသော သူမကို မြင်နေရဆဲ။ ဖြူဖြူဖျော့ဖျော့၊ ပိန်ပိန်လျလျ ထိုသူမမှာ ဘာကြောင့်များ အားအင်တွေ သည်လောက် ခိုင်မာ ပြင်းထန် နေရပါလိမ့်။ တကယ်တော့ အစကတည်းက သူ သိခဲ့သည်ပဲ။ သူမ၏ ထို ထက်မြက်မှု၊ မှန်ကန်မှုနှင့် ဗီဇစိတ်တို့၌ပင် နစ်လိုက်ကာ အတိုင်းအဆမရှိ ချစ်မိခဲ့တာပဲ မဟုတ်လား။ ပုံမှန်အနေအထား၌ နူးညံ့

သိမ်မွေ့မှု အမူအယာ တစွန်းတစ ရှာမရသည့် သူမသည် သူနှင့်တွေ့သည့် အချိန်၌ ပျော့ပြောင်းသော အပြုံးကို ဖန်တီးတတ်၏။ နူညံ့သောလေသံတိုးသက်နှင့် အဖမဲ့အမိဝေး ဘဝကို အားငယ်တတ်၏။ သူမကဲ့သို့ ထူးချွန်ပါလျှက်နှင့် အထီးကျန်နိုင်ရသူတို့၏ ဘဝကို မွမ်းမံပေးချင်ကြောင်း တမ်းတ၏။ မည်သူတစ်ဦးတစ်ယောက်၏ ရှေ့တွင်မှ ခေါင်းငုံ့ ငိုရှိုက် မနေလိုသော သူမသည် သူ၏ရှေ့မှောက် တွင်မူ အပြစ်ကင်းစင်စွာ မျက်ရည်ကျ၏။ ထိုမျှနှင့်ပင် သူမသည် သူ၏ဘဝတွင် အရေးပါအရာရောက်ဆုံး အဖော် ဖြစ်လာခဲ့သည်။ သူမ၏ ဗီဇစိတ်ကို ကူညီပံ့ပိုးပေးလိုသောသူသည်လည်း သူမအနစ်လိုဆုံးသော ချစ်သူ ဖြစ်နိုင်ခဲ့သည်။

ခုတော့ သူအတွက် ခိုင်မာမျိုးဆက်အဖြစ် သားတွေကို မွေးဖွားပေးကာ အကောင်းဆုံး ဇနီးဖြစ်ခဲ့ပြီးသော သူမက ခုတော့ သူမ၏လမ်းကို ရွေးချယ်ခဲ့ပြီ။ "ကျမမှာ ချင်ခြင်းတွေ ကျန်သေးတယ်၊ မောင်နဲ့ သားတွေကို ချစ်ချင်၊ ပြုစုချင်တဲ့ ချင်ခြင်းတွေအပြင် လောကအတွက်... ကျမရဲ့ မိဘတွေအတွက် ကျေးဇူးဆပ်တဲ့အနေနဲ့ ကျမ ယုံကြည်တဲ့ ချင်ခြင်းတွေကိုလည်း ဖြည့်ဆည်းချင်သေးတယ်"ဟု အစချီကာ မိဘမဲ့ကလေးငယ်များကို လမ်းညွှန် ပျိုးထောင်ခြင်းအလုပ်ကို သူမ အချိန်ယူ လုပ်ကိုင်လိုကြောင်း တောင်းဆို လာသည်။ "မောင်ပြောသလို ကျမ မရှိလည်း သည်အလုပ်ကို လုပ်ကိုင်သူတွေ ရှိနေဦးမှာ မှန်ပါတယ်၊ ဒါပေမဲ့ ကျမ စိတ်ထဲမှာတော့ သူတို့အတွက် သူတို့လောကအတွက် ကျမ မရှိရင် မဖြစ်ဘူးလို့ပဲ တွေးထားတယ်၊ ဒါမှ ကျမ အဆုံးစွန်အထိ တာဝန်ကျေ နိုင်မယ်၊ ဒီတော့ ခွင့်လွှတ်ပေးပါ မောင်ရယ်" တဲ့။ သည်လိုနှင့်ပင် သူမ၏ တာဝန်ရှိရာ မြို့ဆီသို့ ပြောင်းရွှေ့ ထွက်ခွာသွားခဲ့ရပြီး သူကတော့ နေရစ်ခဲ့တော့သည်၊ "မောင့်ကို ကျမ ယုံကြည်လို့ သားတွေကို ထားခဲ့တာပါ" ဟုတော့ သူမ ကိုယ် သူမ ဖြေသိမ့် နေခဲ့ရှာသည်။

ထိုစဉ်က မြင်ကွင်းက သူမ ပျောက်သွားချိန်မှာပဲ သူ ဆုတောင်းမိသည်။ အစဉ်အမြဲ ခုလို ခိုင်မာသောစိတ်နှင့် ယုံကြည်ချက် သူမမှာ မြဲမြဲနေပါစေ။

"ဒုက္ခ ပေါင်းစုံကတော့ ကြုံနေတာပေါ့မောင်၊ ကျမက မိန်းမတစ်ယောက်ဖြစ်နေတော့ တချို့က လက်မခံချင် ကြဘူး။ ကျမရဲ့ ပျိုးထောင်မှုစံနစ်က တင်းမာလွန်း ပြတ်သားလွန်းတယ် လို့ ဆိုကြတယ်၊ ဒါပေမဲ့ မောင်ရယ်၊ 'ဒုက္ခကို ခုခံရင် အရည်အချင်း တိုးတက်တယ်' ဆိုတာကို လက်ခံရမယ် မဟုတ်လား။ ကလေးတွေဟာ ကျမတို့ တုန်းကထက် အများကြီး တော်ကြတယ်၊ အဆင်းရဲခံပြီး ဘဝမှာ ကြိုးစားကြတယ်၊ တချိန်မှာ အဲဒီ လူငယ်လေး တွေဟာ သိပ်ကို တော်လာကြရမယ်။ ကျမလေ မောတဲ့အခါ အဲသည်အတွေးနဲ့ အမောပြေရတယ်၊ ကြည်နူးတယ်၊ ကျေနပ်တယ်၊ မောင်လည်း ကျမ နဲ့ ထပ်တူ ခံစားပါ၊ "

ခင်ပွန်းသည်တစ်ယောက်ထံ သူမရေးသော အလွမ်းပြေစာသည် အစီရင်ခံစာ တစ်စောင်လိုသာ ဖြစ်နေတတ် သည်။ သူကတော့ ကျေနပ်မြဲပါပဲ။ ရှည်သွယ်သွယ်၊

ခပ်သော့သော့ လက်ရေးပုံကိုက သူမ၏ ခိုင်မာသော၊ တုံ့ပြန်မှု မြန်သော သဘောကို ပြသည်ဟု သူ ထင်သည်။

"တခါတလေများ မောင့်ကို ကိုယ့်ယောက်ျားရယ်လို့ နွဲ့ပါဦးကွာ" ဟု သူက ဆိုလျှင် ရှက်ရယ် ရယ်ကာ မျက်နှာနီ လာတတ်သော သူမသည် သူနှင့် သားတို့ ရှေ့တွင် ကလေးငယ်သဖွယ်လည်း အပြစ်ကင်း၏။ စာရေးစာဖတ်ကို မပြတ် လုပ်နေတတ်သော သူမသည် ခင်ပွန်း နှင့် သားကို ထမင်းပွဲရှေ့ရောက် ပြုစုသူလည်း ဖြစ်သည်။ စာရေးစာဖတ် နေချိန်များတွင် သူမသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ မျက်ခုံးကို ပင့်ချီလျက် ကမ္ဘာလောကကြီးအပေါ် တာဝန်ကျေလိုသူ တစ်ယောက်၏ ဟန်ပန်မျိုး ရှိနေတတ်သကဲ့သို့ သူနှင့်သားတို့၏ ရှေ့တွင်မူ သားကိုသခင် လင်ကိုဘုရားဟု သတ်မှတ်တတ်သော အေးဆေး သိမ်မွေ့သည့် မိန်းမတစ်ယောက် သာ ဖြစ်နေတတ်ပြန်သည်။

ထို့ကြောင့်ပင် ဆန့်ကျင်ဘက် အားအင်များကို အောင်မြင်စွာ ထိန်းချုပ်နိုင်သော သူမသည် တစတစ ပို၍ ထက်မြက် လာသည် ဟု သူက အခိုင်အမာ ယူဆမိခြင်း ဖြစ်ပါသည်။



"ကျောင်းဆရာဆိုတာ ပန်းပုထုသူပဲ မောင်၊ ကိုယ်လိုရာ ပုံအမျိုးမျိုးကို ကိုယ့်အတတ်ပညာနဲ့ စေတနာ မေတ္တာအပေါ် မူတည်ပြီး ထုလုပ်နိုင်တာ၊ ကျမလေ သားတွေကိုလည်း ပန်းပုရုပ်လို ပုံဖော်ခဲ့တာပဲ။ ကျမ လိုချင်တဲ့ ပုံစံအတိုင်း သားတွေ ကြီးပြင်းလာတာကို သိပ်ပျော်ခဲ့တာ။ အဲသလိုသာ ပန်းပုရုပ်ကောင်းတွေ အများကြီး ပုံသွင်းနိုင်ရင်လို့ တွေးမိတော့ ကျမရဲ့ ယုံကြည်ရာ ရည်ရွယ်ချက်က ပို ပြင်းထန်လာတာ မောင်ရဲ့"

သူမ၏ စကားနှင့်အညီ သူမကတော့ တက်ကြွ ရှင်သန်စွာ လှုပ်ရှား သက်ဝင်နေသည်။ "မောင့်ကို လွမ်းတဲ့အခါ ကျမစာတွေ ရေးတယ်မောင်၊ သားကိုလွမ်းရင်တော့

ကလေးတွေကို စာသင်ရင်း၊ ပျိုးထောင်ရင်း အလွမ်းဖြေတယ်။ ဒီတော့ အလုပ်တွင်တာပေါ့ မောင်။ ကျမလည်း ခုလို အမြဲ လုပ်နိုင်မှာမှ မဟုတ်ဘဲ။ ကိုယ့်ခွန်အား ရှိတုန်းသာ၊ တကယ်တော့ မောင်ရေ... လူငယ်လေးတွေဟာလေ ကျောက်ဆစ်ပန်းပုမှ မဟုတ်ဘဲ၊ ဖယောင်းတွေသာ ဖြစ်တယ်၊ သိပ် ပုံသွင်းလို့ လွယ်ရှာတယ်။ မီးပြင်းတွေနဲ့ ဝေးဝေးတော့ ရှိရမှာပေါ့နော်၊ ကျမက မီးပြင်းတွေရဲ့ အန္တရာယ်ကို ပြောပြရင်လည်း သူတို့လေးတွေက နားထောင် လိုက်နာကြတယ်၊ သိပ်ကို စိတ်အင်အားပေးနိုင်တဲ့ ကလေးတွေပေါ့၊ စိတ်မချမ်းသာစရာကတော့ ဖျက်လိုဖျက်ဆီး လုပ်တတ်တဲ့ ပတ်ဝန်းကျင်ပေါ့ မောင်။ အဲသည်အခါမျိုးမှာတော့ ကျမ စိတ်ပင်ပန်းရတယ်။ ဒီ လူငယ်ကလေးတွေသာ ကျမရဲ့ အောင်မြင်တဲ့ ပန်းပုရုပ်ကလေးတွေ ဖြစ်သွားရင်တော့ နောင်ထုရမယ့် ပန်းပုရုပ်သစ်တွေအတွက် ကျမ မပင်ပန်းတော့ဘူးပေါ့နော်။ လောလောဆယ်တော့ ကျမရဲ့ စိတ်အမောၢ ကိုယ်အမောကို မောင်က စာပြန်ရေးပြီး အားပေးပါဦးနော်"။

သူမ၏ စာတွေထဲ လိုက်ပါမောပန်းရသမျှကို သူမ၏ မိန်းမမြတ်ပီသမှုက အမောဖြေ ပေးမြဲပါပဲ။ အောင်မြင်မှုမာန နှင့် ထက်ရှသော စိတ်ဓါတ်ပိုင်ရှင် ဖြစ်ပါလျက် ခင်ပွန်းသည် ကို အားကိုးချင်သော မိန်းမသည် မိန်းမမြတ် ဖြစ်သည်ဟု သူ ယုံကြည်သည့်အတွက် သူမသည် သူ၏တန်ဖိုးမဖြတ်နိုင်သော ဇနီးကောင်း တစ်ယောက် အဖြစ် ခိုင်မာ သေချာတော့သည်။ ထိုအခါ သူမကို သူ တမ်းတ လွမ်းဆွတ်ရပြန်သည်။

မေတ္တာတရားကို တန်ဖိုးထားတတ်လွန်းသော သူမသည် သားတို့အတွက်လည်း အစားထိုး မရနိုင်သော မိခင် ဖြစ်နေပြန်သည်။ သားတို့ ဆိုး၍ ဆုံးမသည့်အခါ သူမက သူ့ထက်ပို၍ အစွမ်းထက်တတ်သည်။ သားတို့ကို လက်ဖျားနှင့်ပင် မတို့ဘဲ "မေမေဟာ သားတို့ကို အင်မတန် ချစ်တယ်၊ သားတို့အတွက် မေမေ့ အသက် ခန္ဓာ အားလုံးကို ပုံရဲတယ်၊ ဒါကြောင့် မေမေရဲ့ အဲဒီ မေတ္တာကြောင့် သားတို့ ရှေ့လျှောက် လိမ်မာလိမ့်မယ်လို့ မေမေ လုံးလုံး ယုံကြည်တယ်" ဟု အမေတယောက်၏ အချစ်ကို ပေါ်ပေါ်တင်တင် ပြတတ်၏။ သားတို့၏ မျက်တောင်ကော့များ မေးစင်း ငြိမ်ဝပ်သွားအောင် သူမပင် တတ်နိုင်သည်။

သို့နှင့်ပင် သူ နှင့် သူမတို့၏ သားနှစ်ယောက်သည် လိမ်မာသော ကလေးများအဖြစ် ကြီးပြင်းလာခဲ့သည်။ သားတို့သည် သူတို့၏ မေမေအတွက် ကျေနပ် ဂုဏ်ယူကာ အလွမ်း ပြေရသည်။ အရာရာတိုင်းသည် သူမ၏ ယုံကြည်ချက်အတိုင်းပင် လိုက်နာ ရှင်သန် နေရသလိုပါပဲ။ သူ ယုံကြည်သည်။ သူ၏ ချစ်သော သူမသည် သူနှင့် အဝေးမှာ ရှိနေ သော်လည်း သူ၏ နှလုံးသည်းပွတ်မှ အစ ကိုယ်ခန္ဓာအလုံးစုံကို လွှမ်းခြုံ ထွေးပိုက်ထား သည်ဟု သူ အခိုင်အမာ ယုံကြည်သည်။

သားဦးကို မွေးစဉ်က သူမ မျက်ရည်ကျသည်ကို ခင်ပွန်းသည်တစ်ယောက်အနေဖြင့် ပထမဆုံး မြင်တွေ့ခဲ့ရသည်။ ထိုစဉ်က သူမ၏ မျက်လုံးနက်နက် စူးစူးရဲရဲတွေက တောက်ပ ကာ မျက်ရည်ကျ နေခဲ့သည်။ သို့ပေမဲ့ သူမ ငိုနေခြင်း မဟုတ်။ "သိပ် ဝမ်းသာစရာ

ကောင်းတာပဲမောင်ရယ်” ဟူသော စကားတခွန်းကို တကိုယ်တည်း ငြီးတွားနေသလို ဖွဖွ ရွတ်နေသည်။

သူက “မောင်ကတော့ ပျော်ပြီးသားပါကွယ်” ဟုပြောတော့ တခါမှ မကြုံဖူးစွာ သူမက နှုတ်ခမ်းကို ခပ်စုစုဖြင့် စူသယောင်ပြုပြီး တကယ့် မိန်းမငယ်လေး တစ်ယောက်ကဲ့သို့ “ဟင့်အင်း..သိပ် ပျော်ရမှာပဲ” ဟု နွဲ့လာသည်။ သူသည် သူမ၏ ထို ဟန်ပန်၌ ကြည်နူးသွားရကာ “ဟုတ်တာပေါ့ မိန်းမရာ၊ သားဦးရတာဟာ သိပ်ကို ပျော်စရာ ပေါ့” ဟု လိုက်လျော ပြောဖြစ်ခဲ့သည်။ ထိုအခါကျတော့မှ သူမသည် လှိုက်လှိုက်လှဲလှဲ သည်းသည်းထန်ထန် ရယ်မောကာ မျက်ရည်တွေ ကျလာပြန်သည်။ ထို့နောက် အရယ်ရပ်ကာ မျက်လုံးကြည့်များ ရုတ်တရက် မှိုင်းဝေလာပြီး “မေမေ နဲ့ ဖေဖေ့ကို သတိရလိုက်တာ မောင်ရယ်” ဟု တုန်တုန် ယင်ယင် ရေရွတ်သည်။ “တကယ်တော့ ကျမက သားလေးလိုချင်တာ ဖေဖေ့ကိုယ်စား အမွေအနှစ် အနေနဲ့ပါ မောင်ရယ်” ဟုလည်း ပြောသေးသည်။



သူကတော့ သူမ၏ ကြေကွဲနူးညံ့နေမှုကို နစ်လို ငေးမောနေမိခဲ့သည်။ သူမသည် သူမ၏ မိဘနှင့် ပတ်သက် လာသည့်အခါတိုင်း နူးညံ့ သေဝပ်သွားတတ်သည် မဟုတ်လား။ (သူမသည် ငယ်ငယ်လေးနှင့် ဖတဆိုး ဖြစ်ခဲ့ရ ရှာသူ ဖြစ်၏။ အရွယ်ရောက်စဉ်မှ စ၍ မိခင်နှင့် ခွဲခွာနေခဲ့ရသူလည်း ဖြစ်သည်။)

“ဖေဖေကလေ..”ဟု အစချီကာ သူမပင် ကောင်းစွာ မမှတ်မိနိုင်ပါလျှက်နှင့် သူမ မိခင် ပြောပြတတ်သည့် သူမဖခင်၏ အရည်အသွေးများ၊ ခိုင်မာစိတ်ထားများတို့ကို သူမကိုယ်တိုင် မြင်သိ ကြားခဲ့သကဲ့သို့ ခံစားကာ သူ့ကို ပြန်ပြောပြတတ်သည်။ ထိုသို့ ပြောပြနေသော အချိန်များတွင် သူမသည် နှုတ်ခမ်းပါးနီထွေးတို့ တဆတ်ဆတ် တုန်ယင်လျှက် မျက်လုံးအစုံက ရီဝေရွှန်းလဲ့လျှက်နှင့် အဝေးတစ်နေရာကို မမြင်နိုင်ဘဲလျှက် မျှော်ငေး ကြည့်ယောင်ဖြင့် ကဗျာရှည်တစ်ပုဒ်ကို ရွတ်နေသလိုပါပဲ။ သူကိုယ်တိုင်လည်း သူမနှင့်အတူ သူမကဗျာ၏ အတက်အကျ အနိမ့်အမြင့်တွင် လိုက်ပါ

စီးမျောရစမြဲ ဖြစ်သည်။ ထိုကဗျာသည် သူမဘဝနှင့်အမျှ ရင်းထားရသော သိပ်လှပသည့် ဆွတ်ပျံ့ဖွယ် ကဗျာရှည်တစ်ပုဒ်လည်း ဖြစ်သည်။

ထိုစဉ်ကလည်း မွေးကင်းစ သားဦးကို ကြည့်ကာ သူမ၏ မျက်နှာရိပ်သည် မှိုင်းလာလိုက်၊ ကြည်လာလိုက်၊ ပြုံးလာလိုက်နှင့် သူမပိုင် ကဗျာရှည်တစ်ပုဒ်ကို ရင်တွင်း၌ ဖွဲ့သီနေပြန်သည် ထင်၏။ ကြည့်စမ်းပါ... ကြည်လင် သော အသားအရည်က ဝင်းပကာ ရွှန်းလဲ့မျက်ဝန်းများ စိုလက်လို့။ မိခင်ဖွဲ့မေတ္တာတေးကို အပီအသ သီကျူး နေသော မျက်နှာအမူအယာနှင့် ကျက်သရေရှင်မလေး။ ထိုပိန်လှပ်လှပ်ဖြင့် ညှို့ငင်မှုမရှိသော မိန်းမက သူ့ကို ဆွဲဆောင် သိမ်းပိုက်ထားနိုင်ခြင်း၌ သူ မအံ့သြဖြစ်တော့ပါ။ သူမ၏ နလုံးသားမှ နက်ရှိုင်းစွဲထင်သည့် လှပ မွန်မြတ် မှုကို သူ ခံစားဖူးပြီလေ။

သူမ၏ ပေးစာများစွာ၌ သူမ၏ ကျေနပ်ပီတိများစွာကို တွေ့ရ၏။

"မနက်ခင်းမှာဆို ငှက်တွေနဲ့အတူ ကျမ လမ်းထလျှောက်ရော...မောင်။ အိမ်နောက်ဘက်ရေကန်ကို ဖြတ်တိုက်လာတဲ့ လေကလည်း အေးလို့။ ကလေးတွေကလည်း အိပ်ရေးဝ၊ အနားရတဲ့ မျက်နှာလေးတွေနဲ့။ ဘုရားရှိခိုးကြ၊ သီချင်းညည်းကြနဲ့ပေါ့။ သိပ်ကို ချမ်းမြေ့ကြည်နူးစရာပါပဲ မောင်"။

ထိုအခါက သူမ၏ အငွေ့အသက်များကလည်း အပျော်အရောင်များသာ ဖြစ်နေခဲ့သည်။ သူမ၏ စာတစ်စောင် တိုးလေ သူ့ထံ သူမ ပြန်အလာကို မျှော်လင့်ရခြင်းတို့ တစ်ဆင့်နောက်ဆုတ်လေ ဖြစ်ကြောင်း သူသိလာသည့် အခါ စိတ်ကိုသာ ကြိုးစား ဖြေသိမ့် ရတော့သည်။

တခါတလေတော့ သူမသည် မိန်းမတန်မဲ့ ခင်ပွန်းသည်နှင့် သားတို့ကို ခွဲခွာနိုင်ရန်ကော။ အသည်းမာနိုင်ရန်ကောဟု သူ စိတ်ခုချင်တတ်သည်။ သို့သော် သူမရှိရာ အရပ်သို့ သူ ခဏ ရောက်သွားစဉ်တွင် စိတ်ငြိုငြင်စရာ တစ်ဆစ်တစ်ပိုင်းမျှလောက်ပင် ရှာမတွေ့နိုင်လောက်အောင် သူနှင့်သားတို့ကို သူမက ဂရုစိုက် သည့်အခါတွင်မတော့ သူမသည် သူ နှင့် သားတို့ အပါအဝင် သူမ၏ လောကတစ်ခုလုံးကို စိတ်မငြိုငြင်အောင် ပြုစားနိုင်သူဟုပင် မှတ်ထင်ရတော့သည်။

"မောင်နဲ့အဝေးမှာ ထားထားရတာ စိတ်မချဘူး။ ကျန်းမာရေး၊ လူမှုရေး၊ အစစ အရာရာ မှာပေါ့။ ကိုယ့်မိန်းမက ခေါင်းမာတော့ ပိုဆိုးတယ်။ ကိုယ့်ကိုယ်ကိုထက် ဘာမှ အရေးမကြီးဘူး ဆိုတာကိုလည်း လက်မခံဘူး။" ဟု ခင်ပွန်းသည်တစ်ယောက်၏ စိတ်ဖြင့် သူပြောဖူးသော်လည်း သူမထံသို့ သူ ဧည့်သည်တစ်ယောက်လို ခေတ္တသွားနေစဉ်မှာပင် သူ၏ အဆိုအားလုံးကို ရုတ်သိမ်းရတော့သည်။

သူမ၏ ကလေးများစွာသည် သူမကို သူ နှင့် သားတို့က ချစ်သကဲ့ပင် ချစ်ခင်ကြပြီး ဂရုစိုက်ကြသည်ကို တွေ့ရသည်။ ထိုအကြောင်းကို သူမကို သူ ပြောပြတော့ "ကျမက ကောင်းတာ၊ မှန်တာကို လုပ်တာပဲ မောင်ရယ်၊ သူတို့ နားလည်ကြမှာပါ။" တဲ့။ ပင်ပန်း ရသမျှ၌ပင် သူမ၏ မျက်နှာသည် တနေ့ထက် တနေ့ သိသိသာသာ ကြည်စင် ဝင်းပ၍ လာသည်။ သူမ၏ အမူအရာကလည်း လန်းဆန်း သွက်လက်စွာ...။

သူမသည် သူမ၏ တောက်ပသော အပြုံးနှင့် အရာရာတိုင်းကို ဖန်ဆင်းယူနေဟန်ဖြင့် အမှုကိစ္စများစွာကို တရဲတခဲ ရင်ဆိုင်နေတတ်သည်။ ခေါင်းညိတ်ပြုံး၊ ခေါင်းမော့ပြုံး၊ ကြည်နူးပြုံး၊ ကြေကွဲပြုံး၊ ကျေနပ်ပြုံး၊ မာနပြုံးများစွာကို ဖန်တီးကာ သူမ၏ တာဝန်များ ကို ကျေပွန်နေပြန်သည်။ ထိုအခါ ထို ပါးလုပ်လုပ်၊ ပိန်ဖျော့ဖျော့ အမျိုးသမီးငယ်မျှသာ ဖြစ်သော သူမသည် အရှိန်အဟုန်ပြင်းသော အလင်းတိုင် တစ်ခုသဖွယ် သူမ၏ ဆန့်ကျင်ဘက်ရန်တို့ကို လွှမ်းမိုး ဝါးမျိုတော့မည့်နှယ် သို့မဟုတ် သူမ ဖြစ်စေလိုသမျှကို မန်းမှုတ်၍ ဂါထာရွတ်ဆိုကာ သိမ်းပိုက်လိုက်နိုင်တော့မည့် ပညာရှင်သခင်မသဖွယ် သူနှင့် တကွသော သူမချစ်သော ပတ်ဝန်းကျင်တွင် ထွန်းလင်း တောက်ပနေတော့သည်။




တကယ်တော့... သူ၏ ရောင့်ရဲကျေနပ်နိုင်မှုသည်လည်း သူမကပင် ပေးခဲ့တာ ဖြစ်သည်။ သူမသည် သူနှင့် သားတို့ အတွက် ဘဝအဆက်ဆက်တိုင် မေ့ပျောက်မရစွာ ဂုဏ်ယူ သတိရ နေစေဖို့ ရှင်သန်သူသာ ဖြစ်သည်။ ပြီးတော့ သူ့အတွက် ဆိုလျှင် သူမသည် အမြဲ မညှိုးနွမ်းနိုင်သော ပန်းတစ်ပွင့်ကဲ့သို့လည်း၊ နူးညံ့သိမ်မွေ့မှုကို ပေးကာ ဇနီးကောင်း ပီသသော အလှပွင့်ချပ်တို့ကို လှာပွင့်စေသူလေ။ ထိုပန်းတစ်ပွင့်ကို သူ ပိုင်ဆိုင်သည်။ ပြည့်စုံပြီ။

သည်တော့ သူမကို သူ မျက်ရည် မကျစေလိုတော့ပါ။ မျက်ရည်ကျရန် မလိုဘဲ သူမအတွက် အလှနိုင်ဆုံး ဖြစ်သည့် ဗီဇစိတ်ကို သူမ၏ အခြား မည်သည့် ခန္ဓာ အစိတ်အပိုင်း အလှတို့ကမှ ယှဉ်ပြိုင် တုပနိုင်မည် မဟုတ် ကြောင်းကို သူမ၏ ချစ်သော ခင်ပွန်းသည် ဖြစ်သည့် သူက ကောင်းစွာ သိနေပြီပဲ မဟုတ်လား ။ ထို့ကြောင့်ပင် သူ့အတွက်တော့ သူတို့၏လောကကို အလင်းရောင်ပေးခြင်းဖြင့် လှပစေသော (ထူးဆန်းလှသည့်) ပန်းလေး တစ်ပွင့် မှာ သူမပဲ ဖြစ်တော့သည်မှာ ခိုင်မာလှသော သေချာမှုတစ်ခုပင် ဖြစ်သည်။

မေငြိမ်း
(ရွှက်နဝေ)၁၉၉၆၊ဇန်နဝါရီလ

# တစ်နေရာစာ



(၁)

ရာသီက ခုချိန်မှာ ပိုပူလာသလိုပင်။ နွေပူလို့ ညအေးမလားဟု မျှော်လင့်သော်လည်း အပူက မလျော့။ သူမိန်းမကတော့ "ရှင်က ပို ကို ပိုတယ်။ ဒီလောက်လည်း မဟုတ်ပါဘူး။" ဟု ထုံးစံအတိုင်း ခပ်ဆောင့်ဆောင့် ပြောလိုက်လေသည်။ ဟုတ်မည် ထင်၏။ ခုလည်း သူကသာ ရာသီဥတုကို အကြောင်းပြပြီး အိပ်မပျော် ဖြစ်နေတာ.. သူမိန်းမကတော့ နှစ်နှစ်ခြိုက်ခြိုက်ကို အိပ်လို့။ တကယ်တမ်းကျတော့ သူကလွဲလို့ တအိမ်သားလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေကြတာပဲ။

အသက်ရှူသံ မှန်မှန်တွေ... သွားကြိတ်သံတွေ... ဟောက်သံသဲ့သဲ့တွေက စည်းချက်ကို ညီလို့။ သူမှာသာ အိပ်ပျော်ဖို့ ခက်နေတာ။ ခုနကပဲ ကင်းတဲဆီမှ သံချောင်း ခေါက်သွားတာ နှစ်ချက်..။ မဖြစ်ဘူး၊ အိပ်မှ.. မနက် စောစော ထပြီး ဟင်းချက်ရဦးမှာ။ သူ... မျက်လုံးကို သာမက စိတ်အာရုံကိုပါ တင်းတင်း မှိတ်ဖို့ ကြိုးစားရသည်။ ခုနက သူ သံဗုဒ္ဓေ ဆိုနေတာပဲ။ ဘယ်လို ဘယ်လို သံဗုဒ္ဓေသံ ပျောက်ပြီး အတွေးတွေ ရောက်လာပါလိမ့်။

ဪ... သားကြီးရဲ့ ညနေတုန်းကစကား... ။ ထားပါ... မေ့ပစ်လိုက်စမ်းပါ.. သူက ကိုယ်မွေးထားတဲ့သားပဲ.. ကလေးမို့ မှားတာ... ခွင့်လွှတ်ရမယ်။ အင်း... ဒါပေမဲ့ ကလေး လို့သာ ပြောတာ၊ သားက အသက်ပဲ နှစ်ဆယ် ကျော်ပြီ။ ဒါဖြင့် အဲဒီ ကလေးက မှားတာ... ဘာ့ကြောင့်လဲ... ဘယ်သူ့ကြောင့်လဲ...။ အဓိက တရားခံက သူ့မိန်းမ။ ကလေးတို့ အမေ ဆွေဆွေ မဟုတ်ဘူးလား။ သူ အံကြိတ်မိပြန်သည်။ ဘာတဲ့... သားကြီးကပြောတာ...

"အဖေ ဘာလုပ်ဦးမလို့လဲ... လက်ဖက်ရည် သောက်ဦးမလို့လား.. မနက်ကလဲ သောက်ပြီးပြီ မို့လား" တဲ့။ ဟော.. သူ မေ့လို့ မရပြန်ဘူး။ ပြန် သတိရ လာပြန်ပြီ.. သူ စိတ်ကို လျှော့ချလိုက်တော့ ညနေကမှ ဖြစ်ပျက်ခဲ့သော ပူပူနွေးနွေး မြင်ကွင်းကို သူ ပြန်မြင်ခဲ့ရပြန်သည်။

ညနေက ကိုကျော်လွင် အိမ်ကို လာလည်သည်။ ကိုကျော်လွင် နှင့် သူက အတော်ခင်သည်မို့ သူ စကားတွေ ပြောချင်နေသည်။ အိမ်မှာက သားက ဗွီဒီယိုကြည့်၊ သမီးနှစ်ယောက်က အခန်းထဲမှာ ကက်ဆက်ဖွင့်နှင့် ဆူညံလို့။ သားအမိ သားအဖ ငါးယောက်သာ ရှိသော် လည်း အိမ်ခန်းက ကျဉ်းတော့ တော်ရုံအသံဆို ဆူလှ သည်။ ကိုကျော်လွင်က "ဟေ့လူ.. ကိုစံဦး လာဗျာ.. လက်ဖက်ရည်ဆိုင် မထိုင်ရတာ ကြာပြီ" ဟု ခေါ်ခဲ့ တာ။

ဆွေဆွေကတော့ ထုံးစံအတိုင်း အိမ်ပြန် မရောက်နိုင်သေးပေ။ စာသင်ဝိုင်းတွေ တစ်ခုပြီး တစ်ခု ကူးနေ ပေလိမ့်မည်။ သူ အပေါ်အင်္ကျီ ကောက်စွပ်ပြီး ဗွီဒီယိုကြည့်နေသော သားအနားကို လျှောက်သွား လိုက်သည်။ ပြီးတော့ မကြာခဏ ကြုံရသော သိမ်ငယ်စိတ်ကို မြိုသိပ်ရင်း "သားရေ.. အဖေ့ကို ပိုက်ဆံတစ်ရာလောက် ခဏပေးစမ်းကွာ" ခပ်တိုးတိုး ပြောလိုက်သည်။ သားက မော့ကြည့်၏။ အရင်ကလိုပဲ မပြုံးမရယ်နှင့် စိတ်မသက်မသာ ဟန်ဖြင့် ပိုက်ဆံ လှမ်းပေးလိမ့်ဦးမည်။ သူ စဉ်းစားပြီး ရင်ထဲ နာလာဆဲ သားက မျက်မှောင်ကြုံ့လိုက်သည်။ "အဖေ ဘာလုပ်ဦးမလို့လဲ.. လက်ဖက်ရည် သောက်ဦးမလို့လား... မနက်ကလည်း သောက်ပြီး ပြီ မို့လား"တဲ့။

ရင်ထဲ လောင်မီးကျသည်ဆိုတာ အမှန်ပင် ရှိလေသည်။ သူ့ရင်ထဲ ပူပြင်းစွာ ချက်ချင်းပင် လည်ချောင်းဝမှာ ဝေဒနာတစ်ရပ်က အလုံးလိုက် လာဆို့သည်။ သူ ဘယ်လို တုံ့ပြန်ရမလဲ။ သား အသံက အတန်ငယ် ကျယ်၏။ သူ ရှက်တာလား၊ ဝမ်းနည်းတာလား မသိ။ ခံစားရစွာဖြင့် သားရှေ့က လှည့်ထွက်လိုက်သည်။ သူ ကျောခိုင်းဆဲ သားက "ကျွတ်"ကနဲ စုတ်တချက် သပ်၏။

"ဘာလဲ.. အဖေက မယူတော့ဘူးလား" သူ့မှာ ဖြေစရာ စကား မရှိတော့။ ကိုကျော်လွင်နှင့်သူ အတူလျှောက်ထွက်လာဆဲ ကိုကျော်လွင်က အားနာဟန်ဖြင့် ငြိမ်ဆိတ်လို့။ မှတ်မှတ်ရရ.. ထိုညနေ လက်ဖက်ရည်ဆိုင်မှာ သူတို့ ဖွယ်ဖွယ်ရာရာ မပြောဖြစ်ကြတော့ဘဲ တိတ်ဆိတ် နေခဲ့ကြသည်။

အပြန်ကျတော့မှ ကိုကျော်လွင်က .. "ဒီလိုပဲ.. ကိုစံဦး၊ ခင်ဗျားစိတ်ထဲ ကျနော့် ရှေ့မှာမို့ စိတ်မကောင်းပိုဖြစ်မှာပဲ၊ ဒါပေမဲ့ ခင်ဗျား စိတ်ဖြေသာအောင် ပြောတာမဟုတ်ဘဲ အဖေ ချင်းချင်း ပြောရရင်.. ကျနော့်မှာလည်း ခင်ဗျားထက် မလျော့တဲ့ ဝေဒနာပုံစံတူတွေ ရှိတယ် ဆိုတာပါပဲ။"ဟု ခပ်တိုးတိုးလေး ပြောလေသည်။ သည်တော့မှ သူအကြာကြီး မေ့လျော့

ထားခဲ့ဖူးသော လူသားတစ်ယောက်၏ မျက်ရည်ကို ခု အသက်ငါးဆယ် ကျမှ ပြန်ထိတွေ့တော့တာ။ တကယ်ပဲ... သူ... ညနေကတည်းက မျက်ရည်ကျခဲ့ရတာ... ပြီးတော့ တကယ်ပဲ သူ သားကို အပြစ် မမြင်ချင်လှပါ။ အပြစ်မြင်ပြီဆိုလျှင်ပင် သူက သူ့မိန်းမ ဆွေဆွေကိုသာ အပြစ်တင်မည်ဟု တွေးမိသည်။ ဒါလည်း သူ.. မလွန် ဟု ထင်၏။ အဲသည်တုန်းကတော့ ထိုအဖြစ်အပျက်က သူ့ကို မီးလို လောင်မြိုက်ခဲ့လေသည်။

(၂)

ဆွေဆွေ နှင့် သူ လက်ထပ်ကြတော့ ဆွေဆွေ အင်မတန် ပျော်ခဲ့တာကို သူ သတိရသည်။ တက္ကသိုလ်မှာ မေဂျာ မတူပါဘဲနှင့် သူနှင့် ဆွေဆွေတို့ ချစ်သူတွေ ဖြစ်ခဲ့ကြ၏။ ဆွေဆွေက ဓါတုဗေဒကျောင်းသူ။ သူက ဝိဇ္ဇာ ဂုဏ်ထူးတန်း တက်နေဆဲ။ ဆွေဆွေက သူတို့ ဘာသာရပ်ကို စိတ်ဝင်စားသတဲ့။ သူကတော့ မိန်းကလေးဖြစ်ပြီး သိပ္ပံပညာရပ်မှာ ထူးချွန်သော ဆွေဆွေ့ ထက်မြက်မှုကို သဘောကျတာ။

နောက်တော့ သူက အရင် ရန်ကုန်တက္ကသိုလ်မှာပဲ နည်းပြဆရာ အလုပ်ကို ရသည်။ အဲဒီတုန်းက လခ သုံးရာ့နှစ်ဆယ်ကို သူ နှင့် ဆွေဆွေ ပျော်ပျော် သုံးနိုင်ခဲ့ကြသည်။ ဒါနှင့်ပင် သတ္တိတွေ ရှိကာ ဆွေဆွေ ဂုဏ်ထူးတန်းတက်နေဆဲ.. မခွဲနိုင်မခွာရက် လက်ထပ်လိုက်ကြတာ။ အခက်အခဲတွေက အသေးအဖွဲ။ နောက်တော့ သူတို့ နှစ်ယောက်ဘဝက ပိုလို့ စိုပြေဖို့ ဖြစ်လာသည်။ တက္ကသိုလ်ကျောင်းဆရာ နှင့် ဆရာမ၊ နှစ်ယောက်ပေါင်းလစာ.. ခြောက်ရာကျော်က ထိုစဉ်တုန်းကတော့ မပူမပင် စားသောက်နိုင်ကြ၏။ ခြောက်မိုင်ခွဲ စံပယ်ခြံထဲမှာ အိမ်ခန်ကလေး ငှားနေတာမှ စပေါ် သုံးထောင် နှင့် အိမ်လခ က နှစ်ရာ။ သူတို့ တကယ် ပျော်ခဲ့ကြဖူးပါသည်။ သို့နှင့်ပင်၊ ဘဝဆိုတာကို ရဲရဲရင်ဆိုင်လို့ သားကြီးကို မွေးဖို့ ပြင်ဆင်ခဲ့ကြတာ။ အဲဒီ အထိက... ဟုတ်လို့။

သားတစ်ယောက်၊ သမီးနှစ်ယောက်နှင့် ပြည့်စုံလာပြီ ဆိုရမည့် အချိန်တွေကျကာမှ၊ သူတို့ရဲ့ ခေတ်ဆိုတာက ပျက်တော့တာ။ ကြောက်စရာကောင်းလောက်အောင် ကုန်ဈေးနှုန်းတွေ ထိုးတက်၊ သူတို့ နှစ်ယောက်ပေါင်း လစာငွေ သုံးထောင်ကျော်ကာမှ အိမ်လခ တွေက အနည်းဆုံး တစ်သောင်း ဖြစ်လာတာ။ သူတို့ရဲ့ ပညာရေး လောကထဲမှာ "ပိုင်း" ဆိုတဲ့ စကားလုံး ခေတ်စားလာသည်။

စာသင်ခြင်းအလုပ်ဖြင့် တစ်သက်လုံး ရောင့်ရဲ အနစ်နာခံ ခဲ့ကြသည့် ဓလေ့ရှိသည့် ဆရာ၊ ဆရာမ ပတ်ဝန်းကျင်ထဲမှာ စာသင်ခြင်း အလုပ်ဖြင့် ကားဝယ်စီး။ ကိုယ်ပိုင် တိုက်တာ ခြံမြေတွေ ရှိသူတွေ ရှိလာပြီ။ ထို့အတူ ပိုမို ဆင်းရဲ ကျပ်တည်းသွားသူတွေလည်း ရှိလာပြီ။ အလွန် လျင်မြန်သော အရှိန်အဟုန်ဖြင့် သူ နှင့် ဆွေဆွေ၏ အိမ်ထောင်ရေးဘဝထဲမှာ လိုငွေဇယားက မြင့်တက်လာသည်။ ဆွေဆွေ၏ အလိုမကျ မျက်ဝန်းတွေ၊ သူ့ရဲ့

ဖုန်တက်နေတဲ့ လက်ထောက်ကထိက တံဆိပ်ပြား။ သားသမီးတို့ရဲ့ ပူဆာသံတွေ၊ သူ့ဘာသာရပ်က ကျူရှင်ပြစား၍ မရသော ဘာသာရပ်။

နောက်တော့ ကံကောင်းသလား... ကံဆိုးသလား... သူ မပြောတတ်။ ဆွေဆွေ စာသင်ဝိုင်း တစ်ဝိုင်း ရလာခဲ့သည်။ သူတို့အိမ်ရဲ့ မီးဖိုချောင်မှာ ဆီရောင် ဖြိုးဖြ မြင်လာရသည်။ အဖြစ်အပျက်တွေက အစဉ်တစိုက် ဆိုသလိုပင်။ သူ ဝန်ထမ်းအိမ်ရာမှာ အိမ်ခန်း တစ်ခန်း ရသည်။ အိမ်ငှားဖို့ ဖယ်ဖယ်ထားရသော ငွေကလေး ပို ထွက်လာပြီ။ သား နှင့် သမီးတွေက တီဗွီ တဲ့။ ကက်ဆက် တဲ့။ ဖြည့်ဆည်းပေးနိုင်ပြီ။ တဖြည်းဖြည်းနှင့် စာသင်ဝိုင်းတွေမှာ ဆွေဆွေ အောင်မြင်လာသည်။ သူ့ဘဝထဲမှာ လူ့အသိုင်းအဝိုင်းက သတ်မှတ်ထားသည့် ရုပ်ဝတ္ထုပစ္စည်းများနှင့် ပြည့်စုံလာပြီ။ သူတို့ အိမ်ထောင်သက်ပင် ဆယ့်ငါးနှစ်ကျော်လာပြီ။

တကယ်ဆို ဘယ်လောက် ကျေနပ်ဂုဏ်ယူစရာ ကောင်းလိုက်တဲ့ ဘဝလဲ။ သူကိုယ်တိုင် စိတ်အေးငြိမ်းပြီဟု ထင်မှတ်ဆဲ... ။ ဘုရားဟောသည့် လူ့ဘောင်ထဲမှ ကိစ္စ များမြောင် တွေ က သူထံပါးကို စိတ်ဒုက္ခများအဖြစ် ဝင်လာခဲ့ကြသည်။ ပြီးတော့ တကယ့်ကို ပြင်းပျစွာသော ဆင်းရဲလည်း ဖြစ်လေသည်။

သူ့ရဲ့ ညချမ်းတွေမှာ ဇနီး နှင့် သားသမီးတွေ နှင့်။ တီဗွီ အတူကြည့်။ သူ ကူညီနိုင်သော အင်္ဂလိပ်စာပိုင်း လောက် တော့ သားသမီးတွေ ကျောင်းစာကို ဝင်ကူမည်။ ပြီးတော့ ငွေနောက်ကို လိုက်ရင်း ပင်ပန်းရရှာသော ဇနီး အပါး မှာ ယုယ စောင့်ရှောက်မည်.....။ ဒါတွေက သူ့ရဲ့ စိတ်ကူးတွေပေါ့။

သို့ပေမဲ့ လက်တွေ့ကတော့ လွဲမှားလှချေသည်။

သားသမီးတွေရဲ့ ဆူညံသော အငြင်းအခုံတွေ ခေတ်အလိုက် ဝတ်စားဆင်ယင်မှုတွေက သူနှင့်ကွာဟ။ သူနှစ်သက်သော "ကြေးမုံရိပ်သွင်" "နှောင်းခေတ်တေးမွန်"တွေကို သားသမီးတွေက မကြိုက်။ သူတို့ ကြိုက် သော တရုတ်သိုင်းကားတွေ၊ ဆူဆူညံညံ သီချင်း သံတွေကိုလည်း သူက နားမခံသာ။ ဒါပေမဲ့ မိဘတို့ သဘာဝ သားသမီးတွေကို ဦးစားပေး ရမည်။ ထိုအခါ ညချမ်းတွေမှာ သူက အခန်းအောင်းရင်း စာအုပ် တစ်အုပ် ဖတ်ကာ အိမ်ပြန် နောက်ကျရ ရှာသော ဆွေဆွေ့ကို မျှော်မိတော့သည်။ ကိုယ့်မိန်းမသာ တီးတိုးဖော်.. အပန်းဖြေဖက်။

ဆွေဆွေပြန်လာလျှင်တော့ သူ သိသိသာပဲ စိတ်ချမ်းသာသည်။ "မောလိုက်တာ"ဟု ညည်းညူလျှက် မျက်နှာ မသာယာသော ဇနီးသည်ကို စိတ်မတိုမိဘဲ သနားနေမိသေးသည်။ တခါတလေများ ဖျော်ရည်ပင် ဖျော် တိုက် သေးသည်။ သူ့စိတ်ထဲ မယားကို အောက်ကျရသည်ဟု မထင်ပါ။ သူ ဆွေဆွေ့ကို ချစ်သည်။ ဆွေဆွေ ကတော့ အလွယ်တကူ အမောပြေတတ်သူ မဟုတ်ပေ။ ခုနောက်ပိုင်းများ ပိုတောင် ဆိုးလာသလိုပဲ။

ဆွေဆွေသည် အရာရာကို မကျေမနပ်ဖြစ်ကာ အငြူအစူလည်း လွယ်လာ၏။ သူကတော့ ဆွေဆွေ့ခမျာ ပင်ပန်းရှာလို့ပဲ ဟု ဖြေပါသည်။

သို့ပေမဲ့ သား နှင့် သမီးတွေ အပေါ်မှာဆိုလျှင် သူ့အပေါ်မှာထက် ပျော့ပြောင်းသည် ဟု တော့ သူ တိတ်တိတ်ကလေး ထင်မိနေ၏။ ဒါပေမဲ့ အရေးမကြီးပါ။ သူ့ မိန်းမကို ချစ်သည်။ ထိုအခါ အိမ်အပြင်ထွက် ငွေရှာရသော မိန်းမကို ကူညီရန် သူ အိမ်အလုပ်ကို လုပ်သည်။ သူ တခါတရံ တုန်လှုပ် သိမ်ငယ် ချင်သော်လည်း ဒါက ကိုယ်ချစ်တဲ့ မိသားစုအတွက်ပဲ ဟု ဖြေသိမ့် ရသည်။ သူ ဖြေသိမ့် မရတာကတော့ တစ်ခုတည်းသာ ဖြစ်သည်။ ဒါက သူ့အပေါ် ဆွေဆွေ မချစ်တော့ဘူး ဟု ယူဆ မိနေတာကိုသာ ဖြစ်သည်။ ပြီးတော့ သူ့ အယူအဆ က မှားလည်း မမှားလောက်ပြန်ပေ။

ကြည့်လေ.. ည ည တွေ... အနှစ်နှစ်ဆယ်ကြာ အိမ်ထောင်သည်ဘဝ၏ အိပ်ယာပေါ်မှာ ဇနီးမယားကို စောင့်မျှော်မိခြင်းသည် တဏှာ ရာဂသက်သက် မဟုတ်တော့တာ သူကတော့ ကိုယ်တိုင် ယုံကြည် သိသည်။ ပင်ပင်ပန်းပန်း အိပ်ပျော်နေသော ဇနီးကို သူ ငေး ငေး ကြည့်နေခဲ့သော အကြိမ်များစွာ... ဆွေဆွေကတော့ မသိပေ။ အိပ်ယာထဲကို အလွန် ပင်ပန်းဟန်ဖြင့် ဝင်လာလျှက် သူက ကြင်နာစွာ သိုင်းဖက်လျှင် မျက်မှောင်ကျုံ့ကာ သူ့လက်တွေကို ပုတ်ထုတ်ပြီး "ကဲ.. အေးအေး နေပါရစေနော်.. ပိုက်ဆံရှာလို့ ပင်ပန်းတာက တစ်မျိုး.." ဟု အဆုံး မသတ်သော ငြူစူစကားဖြင့် တုံ့ပြန်သော ဇနီးမယား ရှေ့မှာ သူ ရှက်ရွံ့ ကြေကွဲ ရတာ လည်း ဆွေဆွေ မသိ။ "ရှင်ကတော့ အေးချမ်းတာပဲ.. သိပ် ကံကောင်းတယ်။ ကျမမှာတော့ အမောဆို့မှာတောင် စိုးရတယ်" ဟု ဆွေဆွေပြောစဉ်.. သူ မြေမှုန်ကလေးလောက်တောင် သေးငယ်လျှက်.. ပထမဆုံးအကြိမ် အဖြစ် သူ့ရဲ့ ရှားပါး မြင့်မားလှသော မဟာဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ကို မုန်းတီး သွားရတာလည်း ဆွေဆွေ သိဟန် မတူ။ သူမ၏ အချို့ သူငယ်ချင်းမများ၏ လင်ယောက်ျားများ စီးပွား အရှာကောင်းပုံကို အားပါးတရ ပြောပြီး စကားတွေ အဆုံးမှာ "သူတို့များ ကျတော့ ကံကောင်းကြတယ်" ဟု မချိတင်ကဲဟန်ဖြင့် ပြောတတ်သော သူ့ မိန်းမ ရှေ့မှာ သူ နာကျင် ကြေကွဲရတာကိုလည်း ဆွေဆွေက ဂရုမစိုက်တော့ပြီ။

တကယ်တမ်းကျတော့ သူ့မှာ ဘာအပြစ်ရှိပါလိမ့် ဟု သူ အဖြေမရခဲ့တာသာ အပြစ် ဖြစ်ပါ လိမ့်မည် ထင်သည်။ သူသည် သူတို့၏ အမှတ်ကောင်းမှ ရနိုင်သော အဓိက ပညာရပ်တွင် ထူးချွန်သော ကျောင်းဆရာ တစ်ယောက်။ သူသည် အရက်သေစာ မသောက်၊ ဖဲ မရိုက်၊ ဆေးလိပ် မသောက်၊ မိန်းမ မရှုပ်သော... ယောက်ျားကောင်း တစ်ယောက်။ မိသားစုဘဝ ကို အတတ်နိုင်ဆုံး ထိန်းသိမ်း တည်ဆောက်ကာ သားသမီးအပေါ် ဂရုစိုက်သော ဖခင်ကောင်း တစ်ယောက်။ သူသည် လူမှုဝန်းကျင်တွင် စိတ်ကောင်း စေတနာကောင်း ထားသည်ဟု နာမည်ရကာ လူချစ် လူခင် ပေါသောသူ တစ်ယောက်။ ဒါဖြင့်... သူ့မှာ ဘာ ချွတ်ယွင်းသလဲ။ ငွေ ပေါ့... ငွေ မရှာ နိုင်တာ။

တကယ်တော့ သူသည် မိသားစုကို ကြွယ်ကြွယ် ဝ ဝ မထားနိုင်သော်လည်း ဂုဏ်သိက္ခာ ရှိရှိဖြင့် အသက်ရှင် ရပ်တည်နိုင်လောက်အောင်တော့ ပြုစုနိုင်သူ ဖြစ်ပါသေးသည်။ တစ်ခုပဲ... သူ့ မိသားစုကသာ ရောင့်ရဲနိုင်ဖို့ လိုတာ။ သူက ရုန်းကန် ကြိုးစားမှသာ ဘဝအပေါ် အကောင်းဆုံး ရင်ဆိုင်တတ်ကြလိမ့်မည်ဟု ယုံကြည်ရာ.. သူ့မိသားစုက မဲ့ပြုံး ပြုံးခဲ့ကြလေသည်။

ထိုအခါ.. ထိုမိသားစုကို စွဲလန်း ချစ်မက်လှသော သူက ညနေ ကျောင်းအဆင်းမှာ လှည်းတန်းဈေးဝင်... ဟင်းလျာ နှင့် အိမ်အတွက် လိုအပ်သမျှ ဝယ်ပြီး အိမ်ပြန်။ ညနေစာ ထမင်း ဟင်း ချက်၊ ညနေတိုင်း စာအုပ်ဖတ်၊ ပုတီးစိပ်၊ တရားထိုင်၊ အိပ်။ ဘာပဲဖြစ်ဖြစ်၊ သူ ကျေနပ်ခဲ့ပါ သည်။

(၃)
ယောက်ျား တစ်ယောက်၏ ခင်ပွန်းကောင်း ပီသမှုထဲမှာ သည်းခံနိုင်ခြင်းဟူသော အရည်အသွေးက အရေးပါဆုံး ဖြစ်သည် ဟု ထင်သည်။

သမီးတွေ အရွယ်ရောက်လာတော့ သမီးတို့က ဈေးဝယ်သည်။ ပြီးတော့ သားသမီးတွေက ကျောင်းစာတွေ၊ ကျူရှင်တွေ ဖျော်ဖြေရေးများနှင့် အနားယူခြင်းတွေဆီမှာ အချိန်ကုန်။ သူက ချက် ပြုတ်၊ ဆွေဆွေက သူ့လခကို အသိအမှတ်မပြုတော့တာ ကြာပြီ။ သူ လခ အပ်တော့ "ရတယ်.. အဖေကြီးပဲ လောက်အောင်သုံး... ထပ်မပေးရရင် တော်ပြီ" ဟု ပြန်ပြောသည့် ဆွေဆွေ့ရှေ့မှာ သူ လဲကျ သေဆုံးသွားခဲ့တာလည်း ဆွေဆွေက မမြင်တတ်ပြီ။ ဒါပေမဲ့ ဆွေဆွေ့ကိုလည်း အပြစ်တင် မရပြန်ပေ။ တကယ်လည်း သူ့လခက ကားခရယ်၊ လက်ဖက်ရည်ဖိုးရယ်၊ အိမ်လခနှင့် အထွေထွေ အသုံးစရိတ် အသေးတွေထဲမှာ ပွန်း ပွန်း ကုန်ကြ၏။ လက်ညှိုး ညွှန်ပြစရာ တစုံတရာ ကြီးကြီး မားမားလည်း မပိုင်ဆိုင်ရ မမြင်ရဘဲနှင့် သူ့လခက သူ့ အသေးသုံး စရိတ်နှင့် ကွက်တိကျ၏။

သားကို ဆွေဆွေက တစ်လ သုံးထောင်မုန့်ဖိုးပေးရသတဲ့။ သား ကျူရှင်လခက ငါးထောင် တဲ့။ သူ့ လခက ထောင့် ခြောက်ရာ။ သမီး တစ်ယောက်က "ဖေကြီးလစာသာ မျှော်စားရရင် ခက်မယ်" တဲ့။ ပြောပါစေ... သူတို့က ကလေးပဲ။ တန်ဖိုးအမှန်ကို မသိလို့ ပြောတာ။ သူ သည်းခံနိုင်ခဲ့၏။ သား လူပျိုပေါက်ကလည်း "သား... အဖေ့လို ကျောင်းဆရာ ဘယ်တော့မှ မလုပ်ဘူး" ဟု မဲ့မဲ့ရွဲ့ရွဲ့ ပြောတတ်၏။ သူ စာအုပ်သာ နာနာ ဖတ်ရ၏။ ထိုရက်အတွင်းမှာ မောင်သစ်ဆင်း၏ "ကျိန်စာ"ကိုပဲ ထပ်ခါ ထပ်ခါ ဖတ်ဖြစ်ခဲ့သေးသည်။ ဆွေဆွေ အမိုက်မ က တော့ သားသမီးတွေအပြောမှာ ရယ်မောနေခဲ့သေးသည်။ တကယ်ဆို သူ့ တန်ဖိုး တွေကို ဆွေဆွေက ပြောပြ သင့်တာ။ ခုတော့ သူမကိုယ်တိုင် နှစ်လို အထင်ကြီးခဲ့သော လင်ယောက်ျား၏ အရည်အချင်းတွေကို သူမ ကိုယ်တိုင် မေ့ပစ်လိုက်ပြီ ထင်၏။ သူ့ရင်ထဲ တနုံ့နုံ့ အနာ စွဲစ ပြုခဲ့ပြီ။

သူ့ရဲ့ နေ့ရက်တို့ကတော့ တစ်ရက် ထက် တစ်ရက် အေးစက်လာကြ၏။ ဆွေဆွေကလည်း သူ့ အနား မကပ်တော့။ သမီးနှစ်ယောက် နှင့် စကားတွေ တတွတ်တွတ်။ သားကိုလည်း ဆွေဆွေက သူ့ထက် ပို ရင်းနှီး၏။ သူ နှင့် ဆွေဆွေသည် သာရေး နာရေးပွဲတွေမှာသာ ယှဉ်တွဲ နီးကပ်ကြတော့သည်ဟုပင် သူ ထင်လာသည်။ တခါက ဆွေမျိုးတွေ ဆုံရာမှာ "ခုခေတ်ထဲ ကိုစံဦးသာ အားကိုးနေရရင် ဘယ်လွယ်မလဲ။ ကျမပဲ ဦးဆောင်ရတာ။ ပိုက်ဆံရှာရတာဆိုတော့ ကျမပဲ စိတ်ပင်ပန်းရတာပေါ့။ သူကတော့ အေးချမ်းလို့" ဟု ဆွေဆွေက လင် ယောက်ျားကို အပင်ပန်းမခံစေသော ဇနီးမယားတစ်ယောက်၏ စေတနာသံမျိုးဖြင့် ပြောလေသည်။ သူ့အတွက် တော့ ရင်ထဲမှာ မုန်တိုင်းတွေ အဆင့်ဆင့် ပေါက်ကွဲ။ "ကိုယ်အေးချမ်းနေတယ်လို့ ဆွေဆွေထင်သလား.. ကိုယ့်အနာကို ဆွေဆွေ တကယ်ပဲ မမြင်ဘူးလား.. ဟိုးတုန်းကလို ရှိသမျှ ဝေစားပြီး မိသားစုတွေ ဝိုင်းဖွဲ့ ပျော်ဖို့ ကိုယ် ဘာနဲ့ လဲရ လဲရ... " " ခုဆို.. ဆွေ့သနပ်ခါးနံ့ကိုတောင်မှ မရခဲ့တာ ဘယ်လောက် ကြာပြီလဲ။ အဲဒီတော့ ဒါဟာ တဏှာ မဟုတ်ဘူး... မေတ္တာသာ ဖြစ်တယ် ဆိုတာကိုရော ဆွေ့ကို ကိုယ် ပြောပြခွင့်မရ.." " သားသမီး တွေက ကိုယ့်ကို အထင်မကြီးကြတဲ့အတွက် ကိုယ်က သူတို့ကို ဆူရ ဆဲရမှာလား...။ ကိုယ် ဘယ်လောက် တော် ကြောင်း လျှောက် ပြောပြရဦးမှာလား။ စဉ်းစားပါဦး... မိန်းမရယ်။ အဖေတစ်ယောက်ကို သားသမီးက လေးစားဖို့ အတွက် ဘယ်သူ့မှာ တာဝန်ရှိသလဲ... မင်း တကယ်မသိဘူးလား မိန်းမရယ် " "ရှင် ပိုက်ဆံလိုရင် ကလေးတွေ ဆီက တောင်းသုံးထား။ ပြီးရင်ကျမ ပြန်ပေးလိုက်မယ်" လို့ မင်းပြောတဲ့အတွက် အဖေတစ်ယောက်မှာ ဘယ်လောက် သေးသိမ်မလဲလို့ မင်း ဘာ့ကြောင့် မစဉ်းစားသလဲဟင်...။ ထို မုန်တိုင်းတွေကို သူ မျို မျို ချနေခဲ့ရ တာ ကြာပြီ။ နောက်တော့ အဲဒီ မုန်တိုင်းတွေက ရင်ဝမှာ ဆီးခံကာ သူ အိပ်မပျော် စားမဝင် ဖြစ်ခဲ့ရတာလည်း ကြာပြီ။ နောက်ဆုံးတော့ မကြာခဏ ကျိတ် မြုံ ပေါက်ကွဲ ရသော မုန်တိုင်းတို့က ငြိမ်သက်ခြင်းဖြင့်သာ သေဆုံး ရသည်ဟု သူ မြင်နေသည်။

(၄)

ခုချိန်မှာတော့ သူ ရှုံးနေပြီ ဖြစ်သည်။ (ကိုယ်တိုင် ရှုံးပစ်လိုက်တာလည်း ဖြစ်မည်။ ) သို့ပေမဲ့ ပညာတတ်မို့ ယဉ်ယဉ်လေးသာ ရှုံးတာပါ။ (ဒါဟာ ဖြေသိမ့်စရာ တစ်ခု..) သူ ဆွေဆွေ ရဲ့ ငယ်နသော အပြုံးတွေကို မြင်ယောင် သည်။ သူချီပိုးခဲ့သော သားကြီးရဲ့ သူ့အပေါ် အားကိုးခဲ့သော မျက်လုံးတွေကို မြင်ယောင်သည်။ သူ့ သားသမီး တွေရဲ့ သူ့ ကျောင်းဆရာဘဝအပေါ် ဂုဏ်ယူခဲ့ဖူးသော မျက်လုံးတွေကို မြင်ယောင်သည်။ ကိုယ်တိုင်.. ကိုယ့် ထူးချွန်မှု အတွက် ဂုဏ်ယူခဲ့ရသော နှလုံးသားကို မြင်ယောင်သည်။ ဘယ်သူ့ကိုမှ အပြစ်တင်ဖို့ မစဉ်းစားတော့။

နေ့စဉ် အိပ်ယာမှ စောစောထ.. ထမင်းအိုးတည်၊ ဟင်းနွှေး၊ ထမင်းပူး ငါးပူးပြင်၊ ပြီးတော့ ကျောင်းရောက်ဖို့ အိမ်မှ စောနိုင် သမျှ စောထွက်။ ကျောင်းမှာ အလုပ်တွေ ဖိလုပ်။ စာတွေ ဖိဖတ်။ အားလျှင် ကင်တင်းထိုင်... အိမ်ပြန်၊ ဝယ်ထားပြီး အသင့်ဟင်းလျာတွေကို ချက်ဖို့

စီမံ..။ ပြီးတော့ အိမ်ဝင်းကြီး တစ်ပတ် လမ်းလျှောက် (အဲ.. လမ်းလျှောက်စဉ်မှာ ကိုယ့်စိတ်ကြိုက် အတွေးတချို့ကို ကောက်နှုတ် ပြန်တွေး..) ညတိုင်း အိပ်ယာထဲမှာ ပုတီး စိပ်၊ တရားထိုင်.. ဘာကိုမျှ မပြောချင်တော့။ စကားမပြောဘဲ မျောလွင့်နေရခြင်းမှာ စိတ်သက်သာရာကို တွေး၏။ ပြီးတော့ တခါတရံမှာ အလစ်ချောင်းပြီး ဝင်လာတတ်သော စိတ်အနာကလေးတွေကိုတော့ ခုခံ တိုက်ခိုက်ရ သည်ပေ့ါ။ သို့ပေမဲ့ သူ အတန်အသင့်တော့ အေးချမ်းရာ ရှာတတ်ခဲ့ပြီ။

ကြည့်လေ.. သူ့မှာသာ ထိခိုက် နာကျင်သမျှ....ဆွေဆွေနှင့်တကွ သားသမီးတို့ကတော့ စိုးစဉ်းမျှပင် နားလည် ဟန် မပြတာ။ ဒါနှင့်ပင် သူ့မှာ အပူတွေ အဆင့်ဆင့် ကဲလို့။

ခုချိန်မှာတော့ဖြင့် သူ ရှုံးနေလိုက်တော့ပြီ။ မရနိုင်တော့သော အတိတ်မှာ... မဖြစ်နိုင်သော ဘဝမှာ... စိတ်ကူးယဉ် မွေ့လျော်နေသူဟာ အရှုံးတစ်မျိုးပဲဟု သူ သိသည်။

ထိုအခါ...
ဘယ်သူမှ အပြစ် မရှိတော့ပြီ။

(၅)
"သူရှုံးတို့သည် အပူ အအေး..၊ အချို အခါး..၊ အချစ် အမုန်း နှင့် အစော်ကားခံရခြင်းတို့ကို မသိဟု သူထင်၏"

မေငြိမ်း
ရွှေပုဖွန်မဂ္ဂဇင်း၊ ၁၉၉၈၊ ဇွန်

## ကြွေနေတဲ့ကြယ်



အိပ်ပျော်နေသလိုပဲ၊ မျက်ခွံလေးတွေက ဖွဖွပိတ်လို့တဲ့။ သူ သေဆုံးရခြင်းအတွက် ဘယ်သူ့ ဝေဖန်သံကိုမှ ကျမ မကြားပါ။ ကျမက သူ့ကို လွှမ်းထားသော ရုပ်အကျီအကွက် ကလေးရဲ့ ဘယ်ဘက် ရင်ဘတ်နေရာမှာ နီရဲသော သွေးတွေများ စွန်းပေနေမလားလို့ပဲ မေးကြည့်ချင်နေခဲ့တာ။ ကျမက သူ့ခမျာ နလုံးသား ကွဲအက်ရသော ဒဏ်ရာများနှင့် သေဆုံး ရ တာ ဟု ယုံကြည်ထားသူပဲ ဖြစ်ပါသည်။

+++++

ကျမအတွက်တော့ သားမိုးဟာ ကျမ ဝမ်းနဲ့ လွယ်မွေးခဲ့ရသလို ကြင်နာရသော ကလေးတစ်ယောက်ပဲ ဖြစ်ပါသည်။ သူကိုယ်တိုင်တောင် ကျမ ရဲ့ သဘောထားကို သိချင်မှ သိပါလိမ့်မည်။ ဘယ်သူတွေ ဘာပြောပြော၊ သားမိုးသည် ကျမအမြင်မှာတော့ အင်မတန် လိမ္မာ ယဉ်ကျေးသော၊ ထက်မြက် တောက်ပသော ကလေးပဲ ဖြစ်ပါသည်။ တခုပါပဲ၊ သားမိုးဟာ မဟုတ်မခံစိတ် ရှိသူမို့ ပတ်ဝန်းကျင်မှာ နည်းနည်းတော့ ကန့်လန့် ကျပါသည်။ အဲဒီအတွက်၊ ကျမက သားဘေးမှ ရပ်ကာ တိုက်ပွဲတွေ အလီလီ နွှဲခဲ့ရဖူးပါသည်။ ပြီးတော့၊ ထိုတိုက်ပွဲများမှာ လည်း သားကပဲ တကယ်မှန်ခဲ့တာပါ။ သို့ပေမယ့်၊ မတရားလေ့ရှိမြဲ လောကထဲမှာတော့၊ သားမိုးက ပြဿနာ ကောင်လေး ပေါ့။ ကျမကတော့ သားကို နားလည်နိုင်ခဲ့ပါသည်။
ဘာလို့ဆို ... ကျမကိုယ်တိုင်လည်း သားကဲ့သို့ပင် လောကကြီးကို မုန်းခဲ့ရဖူးသည်လေ။

+++++

သားက သူ့ကို ပြဿနာကလေး (Problem Child) ဟု ဝေဖန်လျှင် သိပ် ခါးသီး ရှာသည်။ ကျမကို ချစ်သော် လည်း၊ အဲသည် ပြဿနာကောင်လေးဟု သမုတ်လျှင်တော့ ပြန်လှန် ငြင်းဆန်တတ်သည်။ ဒါပေမဲ့ ၊ သားက လောက နှင့် သဟဇာတ မဖြစ်တာတော့ အမှန်ပါပဲ။ ဆန်းပြား ကောက်ကျစ်သော လောကကြီးထဲမှာ ဖြောင့်စင်း ရိုးရှင်းသည့် သားက အံဝင်ခွင်ကျ မဖြစ်။ ပရိယာယ်များလှသည့် စက်ဝိုင်းထဲက ထောင့်မှန်တစ်ကွက်က သားမိုး ပဲ ဖြစ်သည်။

သားမိုး နှင့် ကျမကြားရှိ ဆက်သွယ်နေမှုက တကယ်တော့ ဆန်းကြယ်ပါသည်။ သားမိုး နှင့် ကျမက ဆရာနှင့် တပည့်ဖြစ်သော်လည်း အစ်မကြီး နှင့် မောင်ငယ်လေး အရွယ်မျှသာ ကွာခြားပြီး၊ ကျမတို့နှစ်ယောက်၏ ခံစားချက်တွေကကျတော့ သားအမိနှင့် ပိုတူသည်ဟု ထင်ပါသည်။ သားက ကျမကို သူ၏ စိတ်တိုင်းမကျသော အမေ တစ်ယောက်လို သဘော ထားပြီး၊ ကျမကတော့ စိတ်ခံစားချက်နှင့် အမူအရာ တစ်ထပ်တည်းကျသည့် သားဆိုးဆိုး တစ်ယောက်လို သားမိုး အပေါ် ခံစားရသည်။ သားမိုးမှာ တစ်ခု ချစ်စရာကောင်းတာက ရှိသေ လေးစားထိုက်သူကို ရှိသေရကောင်းမှန်း သိခြင်းပဲ ဖြစ်ပါသည်။ ဒါကြောင့်ပင်၊ သူနှင့် ကျမ ဆက်ဆံရေးက ပြေလည်လို့ ရနေတာလည်း ဖြစ်မည် ထင်ပါသည်။

ကျမကတော့ သားမိုး နဲ့ ပတ်သက်ရင် တော်တော် သိသည် ဟု ကိုယ့်ကိုယ်ကိုတော့ ထင်ပါသည်။ သားက စကား ဝေဝေဆာဆာ မပြောသော်လည်း သူ့မျက်လုံးတွေမှာ အဖြေရှိနေတတ်တာ ကျမတွေ့သည်။ သားမိုးရဲ့ စိတ်ညစ် နေတဲ့ မျက်လုံး၊ စိတ်ဓါတ်ကျနေတဲ့ မျက်လုံး၊ ထွက်ပေါက်ရှာနေတဲ့ မျက်လုံး၊ ပြီးတော့ သူ့ချစ်သူ ကောင်မလေး ကို ချစ်တဲ့ မျက်လုံး၊ ပတ်ဝန်းကျင်ကို နာကျည်း စိတ်ပျက်နေတဲ့ မျက်လုံး၊ အရွဲ့တိုက်တဲ့ မျက်လုံး၊ ပြီးတော့… လမ်းများ လျှောက်တဲ့ မျက်လုံးတွေ။ တော်တော် များများ သော သားရဲ့ စိတ်ခံစားမှုတွေကို ကျမ တွေ့ဖူးပါသည်။ ဒါကို ကျမ ပြောပြလျှင်တော့ သားက ဝန်မခံချင်သော မာန နှင့် ခပ်ရိရိ ပြုံးရယ် တတ်သည်။ လှောင်သလိုလည်း ခပ်ဟဟ ရယ်တတ်သည်။

သားရဲ့ နှလုံးသားကိုတော့ သူရေးသော သီချင်းတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေ နှင့် ပြောစကားတွေမှာ တွေ့ရသည်။ တကယ်တော့ သားမိုးက အနုပညာ သန္ဓေမျိုးစေ့ မှာ ရှင်သန် အောင်မြင်သူပင်။ သူ့ရဲ့ ဝတ္ထုတစ်ပုဒ်၊ ကဗျာတစ်ပုဒ်ကို ဖတ်ပြီး ကျမက "သိပ်ကောင်းတယ်"ဟု ပြောလျှင် သူက မျက်မှောင်ကြုတ်ကာ ခပ်မဲ့မဲ့ ရယ်တတ်သည်။ သားက အရာရာကို မယုံလိုသူ။ တခါက၊ ဟိုအဝေး ရေခြား မြေခြားကနေ ကျမထံ စာလှမ်း ရေးတော့ သားက ဝတ္ထုတိုလေးတစ်ပုဒ်ပါ ထည့်ပေးခဲ့သည်။

ဝတ္ထုထဲမှာ လူငယ်လေး တစ်ယောက်က မတ်စောက် မဲမှောင်တဲ့ လှေခါးတစ်စင်းရဲ့ ထိပ်

ပြတင်းတစ်ခု ကနေ လောကထဲကို လှမ်းကြည့်ရင်း အသက်ကြီးရင့်သွားတဲ့အကြောင်း၊ အဲဒီ လူငယ်လေးရဲ့ အချိန်ကာလထဲ စီးမျောသွားတဲ့ အတွေးတွေ၊ ခံစားချက်တွေထဲမှာ ကျမ ဖျားသွားဖူးသည်။ အဲဒီအချိန်မှာ သားက အသက်အစိတ် ပင် မပြည့်တတ်သေး။ ကျမ ကိုယ်တိုင်ပင် မဟာဝိဇ္ဇာတန်း သင်ရိုးထဲက Modern Literary Theory တွေထဲ လက်ပစ်ကူးဆဲ။ Time and Space ဆိုတဲ့ သဘောတရားကို ခပ်ဝါးဝါးသာ သိဆဲ။ သားရဲ့ စာက ကျမကို ဖျားသွား စေခဲ့တာ။ သားမိုးကို ဗီဇသန္ဓေကိုက ထူးချွန်တဲ့ ကလေး ဟု ကျမ တိတ်တိတ်ကလေး သမုတ် ခဲ့ရပါသည်။

သားက Composer ကောင်းကောင်း ဖြစ်ချင်တာတဲ့။ သူ့စိတ်ကူးနှင့် သူ့အသက်ရွယ်ကလေးနဲ့ လိုက်တောင် မလိုက်။ ကိုနေဝင်း တို့ ကိုရဲလွင် တို့ စိုင်းခမ်းလိတ် တို့၊ ခင်ဝမ်း တို့ ခင်မောင်တိုး တို့ကို သားက အင်မတန် ချစ်တာ။ လေးစားတာ။ တခါ တခါ စိတ်ကူး ပေါက်ရင် အဲဒီ လူတွေက သူ့ရဲ့ Second God လို့လည်း ပြောတတ် သေးသည်။ သူ မကြိုက်လျှင်လည်း သားက တူးတူး ခါးခါး။ ကျမက သူ မကြိုက်သောသီချင်းတွေကိုမှ ကြိုက်သည် ဆိုလျှင်လည်း ရှုံ့မဲ့ ကဲ့ရဲ့တတ်သည်။ တကယ်တော့၊ သားမိုးက ကျောက် ကောင်း တစ်စေ့လည်း ဖြစ်ပါသည်။ သူ့ဆီမှာ ကျမပင် စွဲလန်းရသော ကဗျာတွေ၊ သီချင်းတွေ ရှိ၏။ သို့ပေမဲ့ ထိုကျောက်ကလေးက ရွှံ့နွံတို့ဖြင့် ထူထပ် ဖုံးလွှမ်း ခံရရှာသည်။ "ပတ္တမြား မှန်လျှင် နွံမနစ်" ဟူသော အဆိုကို သား နှင့် အတူပင် ကျမလည်း လက်မခံနိုင်ပါ။ မယုံချင်ပါ။

+++++

သားမိုး ရဲ့ စိတ်လိုလက်ရ ရှိသော ပကတိ ခံစားချက်ကို သားရဲ့ ချစ်သူ နှင့် အတူ ရှိနေချိန်များမှာတော့ တွေ့ရ ပါသည်။ ထိုအချိန်တွေမှာတော့ သားက တကယ့်ကို နုးညံ့ပျော်ရွှင်လို့။ သာမန် လူငယ်လေးတွေလိုပဲ သဝန်တို လို့၊ စိတ်တိုလို့၊ ကျေနပ်လို့။ ထိုအခါများမှာဆိုရင် ကျမပင် သူတို့နှစ်ယောက်နှင့်အတူ လိုက်ပါ ပျော်ရွှင်မိ သေးသည်။ သားကိုယ်တိုင်လည်း အပူအားလုံး ငြေငြိမ်းနေသည် ထင်၏။ ထိုအခါ ကျမသည် သားကို သာမန် လူငယ်လေးသာ ဖြစ်စေချင်မိပါသည်။ သာမန်ပဲ၊ ရည်းစားနှင့် လျှောက်လည်၊ လက်ဖက် ရည်ဆိုင်ထိုင်၊ စာကျက်၊ ပိုက်ဆံဖြုန်း၊ ဒါမှမဟုတ်၊ အလုပ် တစ်ခုခုလုပ်၊ တော်ပြီပေါ့။ သားမိုးကို အဲဒီလောက်လေးပဲ ဖြစ်စေချင်ပြီ။

ဘာမှ မတတ်နိုင်တဲ့အဆုံးမှာတော့ ... တော်ပြီ၊ ကိုယ်ပိုင်သံစဉ်တွေလည်း မရှာနဲ့တော့၊ သီချင်းတွေ ကဗျာတွေ လည်း မရေးနဲ့ တော့၊ ဘာတန်ဖိုးမှ မရှိသူတွေရဲ့ ဆိုင်းဘုတ် အကြီးကြီးတွေအတွက်လည်း စိတ်မပျက်နဲ့တော့၊ နွံအောက်က ပတ္တမြားတွေအတွက်လည်း ကိုယ်ချင်းစာ နာမနေနဲ့တော့၊ "လုပ်ခွင့်" ဆိုတဲ့ စကားလုံးကိုလည်း မေ့ထားလိုက်တော့... မွန်းကျပ်တဲ့ခေတ် ဆိုတာကိုလည်း

မတွေးနဲ့တော့။ လွတ်လပ်ခွင့် ဆိုတာကိုလည်း မသိချင်နဲ့တော့ ဆိုတာတွေပဲ သားကို ပြောချင်သည်။ သူ့ချစ်သူ ကောင်မလေးကိုပင် သိပ်ချစ်လျှက်နှင့် သားက "ချစ်သူကို ချစ်တာတောင် ဥပက္ခာစိတ်နဲ့ တစ်ဝက်သာ ချစ်နိုင်ခဲ့တယ်" ဆိုတဲ့ "ဗားတော့ဗရက်" လို ဖြစ်နေခဲ့တာ။ ခုတော့လည်း၊ အဲဒီ ဥပါဒါန်ကပဲ သားကို သေဆုံးစေခဲ့သလားလို့ ကျမ တွေးမိ ရပြီ။

ဟန်လုပ်တာတွေကို မုန်းသောသားအတွက် ဟန်လုပ်မှအောင်မြင်သည့်လောကမှာ နေရာ မရှိ။ အကောင်းနှင့် မတန်သူတွေ အတွက် သားမှာ ပေးစရာမရှိ။ သားခမျာ ထွက်ပြေးသော်လည်း မလွတ်မြောက်နိုင်ခဲ့ပါ။ ဖြစ်ချင်တော့၊ ကျမ ကိုယ်တိုင်သည်လည်း အဲဒီ ကာလတစ်ခုမှာ သားကဲ့သို့ပင် ထွက်ပြေး နေရသည်။ သားကဲ့သို့ ပင် လောကကို မုန်းနေ ခဲ့သည်။ ပူလောင် ပြင်းပြလှသည့် ရက်များပါပဲ။ သား ထွက်ပြေးနေတာကို ကျမ မသိပါ။ ကျမ ထွက်ပြေးနေတာကိုလည်း သား မသိနိုင်ပါ။ ထိုအချိန်တွေမှာ၊ သား နှင့် ကျမ အကြာကြီးပဲ ဝေးသွား ခဲ့ကြ သည်။ လူချင်းရော၊ စိတ်ချင်းရော။ ထိုအချိန်တွေသည် ကျမအတွက်တော့ ကျမဘဝထဲကနေ လှီးထုတ် ပစ်လိုက် ချင်သော ကာလ အစိတ်အပိုင်း ကြီး တစ်ခုလည်း ဖြစ်ပါသည် ။ ဒါဖြင့်၊ သားမိုးက ကျတော့ ရော...။

သား နှင့် သူ့ ချစ်သူ ကောင်မလေးတို့ ကွဲသွားကြသည်။ ကျမကတော့ နားလည် လိုက်ပါသည်။ စိတ်ကူးယဉ် ဆန်သော လူငယ်လေးနှင့် လက်တွေ့ကျသော မိန်းမငယ်လေးတို့၏ ဖြစ်ရိုးဖြစ်စဉ်ဟု ။ သို့ပေမဲ့ သားကတော့ "ကျားနာ" ကလေး ဖြစ်သွားခဲ့ပြီ။ တလောကလုံးမှာ သူ့အပေါ် နားလည်သူ ဟူ၍ လက်ငါးချောင်းတောင် မပြည့်ရသည့်အထဲ တကယ့် သွေးကြော လက်မတစ်ချောင်း ပြုတ်ပဲ့သွားသလို သားက ဒဏ်ရာ ရသွားခဲ့သည်။ မျော်လင့်ချက်တွေကို လွှင့်ပစ်လိုက်ရသလို ဒဏ်ရာဒဏ်ချက်တွေ အထပ်ထပ်ရ။ ကောင်းကင်အပေါ် မော့ကြည့် လေလေ… တွယ်ရာမဲ့ လွင့်သွားသလို ခံစားရလေလေ…တဲ့။ ထိုအချိန်မှာ သားမိုး သည် ဘဝဆိုတဲ့ ပိတ်ကားချပ် ပေါ်မှာ မထင်ရှားသော အမှုန်ကလေး ဖြစ်သွားသည်။ အစက်အပြောက် ကလေးဆိုရင်တောင် နေရာ တစ်နေရာ ရယ်လို့ ရဦးမှာ။

အဲဒီ အချိန်တွေမှာမှ ကျမကလည်း လုပ်သမျှမဖြစ်ရတဲ့ ဘဝထဲမှာ အလဲလဲ အကွဲကွဲ စုတ်ပြတ်သတ်။ သားက ကျမကို အမြင်မှာ မျက်ရည်လည်ခဲ့သေး၏။ ပြီးတော့ လူကြီးလေးလို "ဒီအချိန်မျိုးက အရေးကြီးတယ်၊ ခုလို အချိန်မျိုးမှာ စိတ်ကို တော်တော် ထိန်းနိုင်မှဖြစ်မှာ"ဟု ပြောသေးသည်။ နောက်ကျတော့၊ သားက ကျမနဲ့ အဝေးမှာ တမင် နေ နေ ခဲ့သည်။ အမှန်အတိုင်းဝန်ခံရလျှင်၊ထိုအချိန်မှာ ဒဏ်ရာရထားသော ကျမကလည်း သားကို အကြောင်းတခုကြောင့် စိတ်နာနေခဲ့သည်။ တကြိမ် လမ်းမှာ မတော်တဆ ဆုံမိတော့ သားက ကျမကို သူစိမ်းပြုံး ပြုံးပြခဲ့သည်။ ကျမက ဒုက္ခရောက်ကာမှ နဘေးမှ ထွက်ပြေးသွားသော ရဲဘော်တစ်ယောက်လို သားမိုးအပေါ် စိတ်နာနေခဲ့၏။ သား နှင့်

ကျမက ထိုကာလကလေးမှာ အယူအဆတွေလည်း အတော်များများ ဆန့်ကျင်နေပြန်သည်။ ငြင်းခုံကြတော့လည်း အခါများစွာကလို ရဲဘော်ရဲဘက် မဆန်တော့။ အဲဒီတုန်းက သားက ကျမကို ပွဲကိုင်မပါလည်း "တက်"နှင့်ပင် လိုရာရောက်အောင် သွားရဲသည့် ပင်လယ် ခရီးသွား လှေသမား လို သတ္တိကောင်း စေချင်တာ။ ကျမကကျတော့ ကိုယ့်လှေမှာ ပွဲကိုင်တော့ပါမှ ဖြစ်မည်ဟု အားကိုး ချင် နေသူ။

သားမိုး နှင့် ကျမ မတွေ့တော့တာ ဘယ်လောက်ကြာသွားသလဲ၊ ကျမ မမှတ်မိပါ။ သားသတင်းကို ကြားတော့ အိပ်မက်ဆိုးထဲက လန့်နိုးသူလို ကျမ တုန်လှုပ်လျက်မှ ယောင်အအ ဖြစ်နေခဲ့သည်။ ဝမ်းနည်း ဆို့နင့်သော်လည်း ကြေကြေကွဲကွဲကြီး မဖြစ်မိတာကိုပင် ကိုယ့်ဘာသာ အံ့သြ နေမိသေး၏။ (သားအပေါ် စိတ်ခုနေမိခဲ့တာ ကြောင့်လည်း ဖြစ်ပါလိမ့်မည်။) ပြီးတော့၊ သားကိုယ်တိုင်လည်း ကျမက ကျမရဲ့ လှေကလေးအတွက် ပွဲကိုင်အသစ် ရှာတွေ့မှုအပေါ် မကျေနပ်လေတော့ ထိုကာလတွေမှာ ကျမက သားမိုးနဲ့ ပတ်သက်တဲ့ ခံစားချက်မှာ ထုံပေပေဖြစ်နေခဲ့တာ။

နောက်မှ၊ တဖြည်းဖြည်း ကိုယ်တိုင်ဘဝထဲ တည်ငြိမ်လာမှ...။ တိုက်ဆိုင်တာတွေ အတွေ့ မှာ သားကို သတိရ-ရ တော့တာ။ ကျမဆီမှာရှိနေတဲ့... အနည်းစုသာဖြစ်သော်လည်း တန်ဖိုးရှိလှတဲ့... သားရဲ့ ကဗျာတစ်စ၊ ဝတ္ထုတစ်စ၊ သီချင်းတစ်စတွေကို ပြန်ဖတ်မိရာက သားကို လွမ်းဆွတ်ရတော့တာ။ ထွက်ပြေးခဲ့ဖူးသူချင်းအတူတူ ကျမက ကံကောင်း ထောက်မစွာ လမ်းမှန်လေးကို ရှာတွေ့ခဲ့ရပြီး၊ သားကတော့ ကံဆိုးလှစွာ လမ်းမှားကို ဝင်သွားမိတာ ခုထိတိုင်၊ တွေးမိတိုင်း ရင်နာဆဲ။ ကျမမှာရော အပြစ် ရှိခဲ့ပါသလား။

ထိုအခါကျမှ သားမိုးမရှိတော့ခြင်းကို ကျမက ကြယ်လေးတစ်ပွင့် ကြွေသွားသလို ခံစားရတော့တာ။။ အဲဒီ ကြယ် ကလေးဟာ သူ့ကောင်းကင်မှာ အလင်းနိုင်ဆုံး တောက်ပသွားခဲ့တဲ့ ကြယ်ကလေးတစ်ပွင့်လည်း ဖြစ်ပါ တယ်။

+++++

သားမိုးရဲ့နောက်ဆုံးခရီးမှာ....သားက အိပ်ပျော်နေသလိုပဲတဲ့။
သား ရဲ့ ဘယ်ဘက်ရင်ဘတ်ပေါ်က နှင်းဆီနီနီရဲရဲ အပွင့်ကြီးဟာ စွန်းနေသော နှလုံးသွေး တွေကို ဖုံးထားတာများ မဟုတ်ဘူးလား ရှင်။ သားဟာ သူ့ရဲ့အနုပညာ သန္ဓေကို ကိုယ်တိုင် တွင်းတူး မြေမြှုပ်ခဲ့ရလို့ နှလုံး ကွဲအက်ခဲ့သူပါ။ နာကျင်စရာ ဘဝပေးထဲ အမြဲလူးလိမ့် ခံစားရင်း နှလုံး ကွဲအက်ခဲ့သူပါ။ ချစ်လှစွာသော ကောင်မလေးရဲ့ ပစ်ခွာသွားမှုကြောင့် နှလုံး ကွဲအက်ခဲ့သူပါ။ အမေလို ချစ်ရတဲ့ မိန်းမတစ်ယောက်ရဲ့ စိတ်ဓါတ် ပျော့ညံ့မှုကြောင့် ကြေကွဲနှလုံးမှာ ဒဏ်ရာရ သွားဖူးသူပါ။ လူတွေရဲ့ အ-မနာပတွေကို စက်ဆုပ် ရွံရှာရင်း

နလုံး ကွဲအက်ခဲ့သူပါ။ နွေးထွေးတဲ့ စုံမက်ခြင်းမျိုးကို ရှာမတွေ့လို့ နလုံးမှာ ဒဏ်ရာ အထပ်ထပ် စွဲခဲ့ရသူပါ။ ကျမယုံပါတယ်။ ကျမအတွက်တော့ သားဟာ နလုံးကွဲတဲ့ ဒဏ်ရာနဲ့ ကြွေလွင့်ခဲ့ရတယ် ဆိုတာ။ ဘယ်သူတွေ ဘယ်လိုမေ့မေ့ သားရဲ့ ဒဏ်ရာတွေထဲ တစ်ချက် အပါအဝင်လို့ ကိုယ့်ကိုယ်ကို သတ်မှတ်ထားတဲ့ ကျမကတော့ သားကို မေ့ပျောက်မရနိုင်တဲ့ အမေ တစ်ယောက်ပါပဲ။ ကျမနဲ့အတူ အယူအဆတွေကို ထက်မြက် ရှင်သန်စွာ ပြန် ပြန် ငြင်းတတ်တဲ့ သားနဲ့ ခဏလေးဖြစ်ဖြစ် စကားပြောခွင့်ရရင် ခုချိန်မှာ တော်တော် အလွမ်းပြေမှာ။ အဲဒီအခါ သား နဲ့ ကျမ စိတ်ခုဖူးခဲ့ကြတဲ့ အဖုအထုံး လေး ကိုလည်း ပြန်ဖြေ ပေးချင်သေးတာ။ ဒါပေမဲ့.....။

+++++

ဟောဟိုမှာ ကြယ်လေးတစ်ပွင့်၊ အစွမ်းကုန် လင်းလက် တောက်ပလို့။ မိုးကုတ်စက်ဝိုင်းရဲ့ အောက်နား အဆုံးဆီမှာ။ ဒါပေမဲ့ သူ့ရဲ့အလင်းဟာ စကြာဝဠာထဲမှာတော့ မှိန်ပျပျသာ။ ဟော... ကြည့်ရင်းနဲ့ပဲ ကြွေသွားပြီ။ အဲဒါဟာ... သားမိုးပါပဲ။ ဒါဆိုရင်... ကျမအတွက်တော့ အဲဒီ ကြယ်ကလေးက ကြွေသွားတာ မဟုတ်။ ကြွေနေတာပါ။

"ကြယ်ပွင့်ကလေးကစကြာဝဠာထဲလွင့်မျောရင်း.....
အဆုံးအစမရှိထင်နေဆဲ၊ဝဲနေဆဲ၊
ပျောက်ပျက်မသွားနိုင်တော့သလို......"

++++++

"ကောင်းကင်ရဲ့
အနောက်ဘက်အကျဆုံးမှာ
အလင်းနိုင်ဆုံးလင်းပြီး
တပွင့်တည်းသီးသန့်ရှိနေခဲ့တဲ့
ကြယ်ကလေးဟာ....
မင်းပါ...ကလေးရယ်...။
နိုင်သမျှအစွမ်းကုန်လင်းပါလျှက်နဲ့
ကမ္ဘာမြေနဲ့ဝေးရလို့မို့
အသိမှတ်ပြုမခံရရှာ....။
ဘယ်သူနဲ့မှမနီးဘဲ....
ဟိုးဝေးဝေးမှာ...
သူရှိနေတာကို
သိနေတဲ့သူတွေတော့ရှိပါရဲ့
ဒါပေမဲ့...သူတို့ကိုယ်တိုင်က

အင်အားချိနဲ့ရှာ...
ဒါနဲ့ပဲ...ကြယ်ကလေးကို
မှတ်တမ်းမျှပင်မတင်နိုင်ခဲ့။
ခုတော့...
အဲလိုမထင်မရှားနဲ့ဘဲကြွေခဲ့
ဖြည်းဖြည်းညင်းညင်း။
သူ့ခမျာ
ကမ္ဘာမြေနဲ့လည်းမပတ်သက်လှတာမို့
ဘယ်လိုမှတ်တမ်းမှတ်ရာမှလည်း
မကျန်ရစ်...။
ဒါပေမဲ့...
အဲဒီကြယ်ကလေးကိုကြင်နာသူတွေကတော့
မှတ်မှတ်ရရ
သူ့ရဲ့လင်းလက်ခဲ့ဖူးသမျှကို...တသသ။
သူ့ကိုကြည့်ရင်း
သီးသန့်ရပ်တည်ရဲခဲ့မှု
အတတ်နိုင်ဆုံးထွန်းလက်ခဲ့မှုနဲ့
အေးချမ်းငြိမ်သက်ခဲ့မှုတွေအတွက်
ဂုဏ်ပြုခဲ့ဖူးသူတွေလည်းရှိခဲ့ဖူးပါတယ်။
ဘာပဲဖြစ်ဖြစ်...
သူဟာကြယ်လေးတစ်ပွင့်..
စစ်ခဲ့ပါတယ်။
ခြေရာလေးမျှပင်မကျန်ရစ်လည်း
စကြာဝဠာရဲ့သမိုင်းတနေရာမှာတော့
အသေအချာတင်ရှိခဲ့ပါတယ်။
အဲဒီအခါ....
သူဟာအသိအမှတ်ပြုသူတွေရဲ့ရင်ထဲမှာ
မပြီးဆုံးနိုင်အောင်.... ကြွေ နေ တဲ့....ကြယ်.... "။

မေငြိမ်း
ကလျာမဂ္ဂဇင်း၊
၂၀၀၂၊ဇန္နဝါရီလ

# အမေတစ်ယောက်ရဲ့ အနာ



(ပန်းချီဇော်မောင်ရဲ့ မူရင်း သရုပ်ဖော်ပုံပါပဲ)

မြင်ရဲ့မဟုတ်လား....
တြိဂံတွေထဲက ရွာချလိုက်တဲ့
မိုးတွေ
မြစ်တို့ သန်မာစွာ စီးဆင်းနိုင်ဖို့လေ။
ဟောဒီမှာ
တောင်တန်းတွေလို ခိုင်ခံ့တဲ့
အနစ်နာတွေ
ရေတံခွန်တွေလို သန့်စွမ်းတဲ့
စေတနာတွေ
သစ်တောတွေလို ထူထပ်တဲ့
ကရုဏာတွေ
ပန်းကလေးတွေ လန်းရင် ပြုံး
ပန်းကလေးတွေ နွမ်းတော့ နဲ့လို့
အမုန်းတရားကင်းတဲ့
ကျောက်ဆောင်တွေပေါ့။
သင်ပုန်းတွေပေါ်မှာ
ပွန်းပဲ့တိုက်စား ခံနေရတာ
မြေဖြူတွေ မဟုတ်ဘူး
ဆရာတို့ရဲ့ ဘဝတွေပါ။
ဒါတွေဟာ ဆရာတို့စပ်တဲ့ ကဗျာ
ကောင်းကင်ပြာလို တည်တံ့ခိုင်မြဲ
(တပည့်တို့ ရင်ထဲ)

ဦးနှိမ်ဝပ်တွား ပူဇော်လျက်ပါပဲ။
( ညလယ်မိုး-အနန္တတိဂံကဗျာ)

+++++

ရင်ထဲရှိ ထုထည် အစိုင်အခဲတို့ တစစီ ပြိုကွဲ ကြေမွလာကြသလို ခံစားရ၏။ လက်ထဲမှ ကိုယ်ရေးဆိုင်ရာ အချက်အလက်များ ဖြည့်စွက်ထားသည့် စာရွက်များက မျက်လုံးအမြင်မှာ ဝေဝါး။ နှုတ်ခမ်းကို ဖိကိုက် မျိုသိပ် ထားသည့်ကြားမှပင် ရှိုက်သံ တိုးတိုး ထွက်ချင်သေး၏။ **'ကျမသည် ကျန်းမာရေး မကောင်းတော့ပါ သဖြင့် ရန်ကုန်တက္ကသိုလ် မြန်မာစာဌာန၏ လက်ထောက် ကထိက ရာထူးမှ နုတ်ထွက်ခွင့် ပြုပါရန်'** မျက်လုံးထဲက မျက်ရည်တွေကို ကျမ အလွယ်တကူ မတားဆီးနိုင်တော့ပါ။ ရေးလက်စ ဖေါင်တိန်ကို အဖုံးပိတ်ကာ ကျမ အားပါးတရ ရှိုက်ငင် ငိုကြွေးပစ်လိုက်မိတော့သည်။

အဲဒီအချိန်မှာတော့ ကဗျာရေးဖက် သူငယ်ချင်း **ညလယ်မိုး** ၏ ကဗျာကလည်း ကျမရင်ကို နာကျင်အောင် ထိုးနက်သော လက်နက်များလို....။ ပြီးတော့ ကဗျာထဲက စကားလုံးတွေကလည်း ပြေးထွက်လာပြီး အပြိုင် အဆိုင် ရှိုက်ငင် ငိုကြွေးကြသေးသည်။ ဘယ်သူ့ကို တောင်းပန်ရပ့်မလဲ။ "ကျမကို ခွင့်လွှတ်ပါ".....။

+++++

ပြုံးရယ်ရွှင်ပျလျက် ပေါ့ပါးဖျတ်လတ်သော မျက်လုံးများစွာ၏ ရှေ့မှောက်မှာ ကျမ ပျော်ခဲ့ရဖူးတာ ဆယ်နှစ် ဆယ်မိုး...။ စာသင်ရလို့များတော့ ကျမမှာ မောတယ် ပန်းတယ် ဆိုတာ မရှိဖူးခဲ့။ ကျမ ပြောချင်တာတွေ၊ သိစေ ချင် တာတွေ.... **"ကလေးတွေရေ 'ကဗျာ'ဆိုတာ စေတနာတွေကို သာယာနာပျော်ဖွယ် စကားလုံးတွေနဲ့ တည်ဆောက်ထား တဲ့ 'အလှတရား' တစ်ခုပါပဲ။ ကဗျာ ဆိုကတည်းက စေတနာဆိုတဲ့ ဂယက်အနက်က တွဲ ပါ ပြီးသားပဲ။ လောက ကောင်းကျိုး၊ ဘဝ ကောင်းကျိုး၊ အနည်းဆုံးတော့ လူတစ်ယောက် အတွက် ကောင်းကျိုးဆိုတဲ့ စေတနာတွေကို ကဗျာတွေက ပြဋ္ဌာန်းတယ်။"**

အမေးအမြန်းထူ(ထက်မြက်)တဲ့ ကလေးမျိုးတွေနဲ့ ရင်ဆိုင်ရရင် ကျမရဲ့ စာသင်ချိန်တွေက ပိုတောင် ပျော်စရာ ကောင်းသေး။ စာ အင်မတန် မေးတတ်တဲ့ ကျမနဲ့၊ ဆရာ ပေးသလောက်ကို လက်ပိုက် ခံယူရတာထက် ပိုလို ချင်တဲ့ ကလေးတွေရဲ့ တုံ့ပြန် ဆွေးနွေးမှုတွေနဲ့ဆို ကျမရဲ့ စာသင်ချိန်တွေက ဝေစည်မြဲ။

တခါတလေများ **'ဟီရိ နဲ့ သြတ္တပ္ပ'** ဆိုတဲ့ စကားလေး နှစ်လုံးတည်းနဲ့တင် စာသင်ချိန် လေးဆယ့်ငါးမိနစ်စာ ကုန်လောက်အောင်၊ ကလေးတွေက အမေးအမြန်း ထူတတ်သေး တာ။ **'မကောင်းမှုကို လုပ်ဖို့ ရှက်ခြင်း၊ ကြောက်ခြင်း'** ဆိုတဲ့ အဖြေကို သာဓကတွေ ဥပမာတွေနဲ့ သေချာ ရှင်းပြကာမှ သူတို့က ပြုံးရယ်ရွှင်ပျနဲ့ ကျေနပ်ကြတာ။ အဲဒီ အချိန်တွေမှာ ကျမ ဘယ်လောက် ကြည်နူးခဲ့ရဖူးသလဲ။ တကယ်ပဲ၊ တတ်နိုင်သလောက် အင်အားနဲ့ ကျမ ရွာချ ပေးခဲ့ဖူးတာ... မိုးရေစက်များစွာ... မြစ်တို့ သန်မာစွာ စီးဆင်းနိုင်ဖို့လေ။

အဲဒီအခါ 'မကောင်းမှု' ဆိုတာကို၊ 'ဟီရိ' ဆိုတာကို၊ 'သြတ္တပ္ပ' ဆိုတာကို ခွဲသိသွားတဲ့ ကလေးတွေက လောကထဲမှာ ကောင်းမှုကို ရှာဖွေကျင့်ကြံဖို့တော့ မြင်တတ် သွားကြမှာ ပဲဆိုတဲ့ ပီတိကို ကျမ စားသုံးခဲ့ပါတယ်။ ပြီးတော့ **"မကောင်းမှု ကျူးလွန်နေတာကို ဘာအကြောင်းကြောင့်ပဲဖြစ်ဖြစ် လက်ပိုက် ကြည့်နေမယ်ဆိုရင် အဲဒါဟာ မကောင်းမှုကို အားပေးရာ ရောက်တယ်"** လို့ သူတို့ကို ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး နောက်ဆက်တွဲ ဆုံးမ တဲ့ အခါလည်း သူတို့ မျက်နှာလေးတွေက တည်ကြည် လေးနက်လို့။ ကျမမှာတော့ ကျမ ရဲ့ "မြစ်" တွေ သန်မာ အားကောင်းပြီရယ်လို့ အားတက် ပျော်မွေ့ ။ အနာဂတ်ရေတွေကို မေ့လို့။

အဆုပ်ရောဂါ နဲ့ ကျောင်းဆရာအလုပ်ဟာ ငယ်ပေါင်းကြီးဖော်တွေပဲလို့ ကျမပြောတော့ တပည့်အချို့က ငိုချင်သတဲ့။ ကျမကတော့ ဆေးရုံက ဝယ်ခိုင်းတဲ့ တီဘီဆေးတွေရဲ့ ဈေးနှုန်းတွေကို သိရကာမှ ငိုချင်။ ဒါပေမဲ့ 'ချောင်းဆိုးသွေးပါ' အဆင့်မှ မဟုတ်သေးပဲလေလို့ ပေခံ။ တစ်လ တစ်လ စားစရိတ်၊ သားလေးရဲ့ ကျောင်း စရိတ်၊ အထွေထွေ အသုံး စရိတ်၊ ကျမမှာ ပေါင်နှံ ရောင်းချစရာ မိဘအမွေ မရှိ။ လက်ဖြန့် တောင်းခံစရာ လင်သား မရှိ။ ဆရာသိန်းဖေမြင့် ကတော့ **' ဒုက္ခကို ခုခံရင် အရည်အချင်း တိုးတက်တယ်** ' တဲ့ ။

စာသင်ရင်း မောပန်း။ ညနေ ညနေ... အဖျား။ အားအင် ကုန်ခန်း။ အသံခြောက်ခြောက် ချောင်းမျိုး ဆိုးလာ ချိန်မှာတော့ သားလေး အနားပင် ရဲရဲ မကပ်ဝံ့ပြီ ။ တဖြည်းဖြည်း ဖြူဖျော့ နွမ်းလျလာတဲ့ ကိုယ့်ကိုယ်ကို ကြည့်ရင်း အံကို နာနာခဲ။ ခုတော့၊ ညနေတိုင်း ရှိနေကျ ကိုယ်ပူချိန် ၁၀၀ ဒီဂရီ ဖါရင်ဟိုက်ကိုပဲ ကိုယ့်ရဲ့ ကိုယ်ပိုင် အပူချိန်လို့ ကိုယ့်ဘာသာ သတ်မှတ်ရင်း ခုတော့ ထုသား ပေသား ကျ။ အသည်းနှလုံးတို့ မာကျော၊ အစာအိမ်တို့ မာကျော။

စာသင်တာကလွဲလို့ ဘာမှမလုပ်ချင်တဲ့ မိန်းမတစ်ယောက်အတွက်.. တပည့်တွေအတွက် ငါရှိမှ ဖြစ်မယ်လို့ ထင် တဲ့ ဘဝင်ခပ်မြင့်မြင့် မိန်းမတစ်ယောက်အတွက်... ဒါဟာ

ကိုယ်နိုင်တဲ့ ကုသိုလ်ပြုခြင်း တစ်မျိုးပဲလို့ ကျေနပ် ချင်တဲ့ ဆရာမတစ်ယောက်အတွက်...။ လူငယ်တွေရဲ့ အနာဂတ် အဆောက်အအုံထဲက အုတ်တစ်ချပ် ဖြစ်ချင်တဲ့ မိန်းမအတွက်....
ဟော့ဒီမှာ... တောင်တန်းတွေ...
ရေတံခွန်တွေ....
သစ်တောတွေ....
အဲဒီ မာမာကျောကျောမိန်းမက တပည့်တွေနှင့် ပတ်သက်တဲ့ ခံစားချက်တွေထဲမှာတော့ အလွန် ပျော့ညံ့စွာ မျက်ရည်ကျတတ်လေသည်။

"ကျနော် လိုချင်တာ ဘွဲ့လက်မှတ်တစ်ခု မဟုတ်ဘူး ဆရာမ... ၊ အသိပညာကို လိုချင်တာ" (မျက်ရည်ကျ)
"ကျနော်တို့က မှတ်စုကိုပဲ လိုချင်တာ။ ရှင်းပြမနေပါနဲ့ ဆရာမရယ်၊ မောပါတယ်" (မျက်ရည်ကျ)
"ဓမ္မပဒ ကို သေသေချာချာ ပြဋ္ဌာန်းရင် ပြဟ္မစိုရ်တရား ထွန်းကားမှာပဲနော် ဆရာမ။ အဲဒါဆို ကျနော်တို့လို ငမွဲ တွေ တော်တော် အသက်ရှူ ချောင်မယ်"
(မျက်ရည်ကျ)
"တကယ်တော့ မြန်မာစာဟာ Social Studies ပဲဆိုတာ ကောင်းကောင်း သဘောပေါက်တဲ့ အချိန်မှာ တာဝန်ကလဲ သိပ်ကြီးလာတာပဲနော် ဆရာမ"
(မျက်ရည်ကျ)
"ပညာတတ်တာ မကောင်းပါဘူး ဆရာမရယ်... အမြင်ကျယ်လာတော့ ပို ငတ်တတ်လာတယ်"
(မျက်ရည်ကျ)
"ဘွဲ့ရ ပြီးလဲ ကားမောင်းရမှာပါပဲ ဆရာမရယ်...ဒါမှမဟုတ် ကုန်ကူး။ ဘာပဲဖြစ်ဖြစ် ဘွဲ့တစ်ခု ရထားတော့ သူများ နဲ့တော့ ယှဉ်နိုင်တာပေါ့ ။ ဆရာမပြောသလို ကျနော်တို့ခေတ်မှာ တက္ကသိုလ် ဘဝ၊ တက္ကသိုလ် အရသာ ဆိုတာ ကို သိပ်မခံစားရလည်း Society ကိုတော့ ပိုသိသွားတာပဲ"
(မျက်ရည်ကျ)

"ဘာပဲဖြစ်ဖြစ် ဘဝဆိုတာထဲမှာ ကြံ့ကြံ့ ခံနိုင်ဖို့ပါပဲကွယ်...ဆရာဇော်ဂျီရဲ့ ကဗျာတွေထဲမှာ ဗေဒါလမ်းကဗျာဟာ မင်းတို့နဲ့ လက်လှမ်းမီတဲ့ ကဗျာတွေထဲမှာ အားမာန်အတွက် အထင်ကရအဖြစ်ဆုံး ကဗျာပဲ။ မင်းတို့အတွက် ဆရာမတို့ ပေးနိုင်တာ ခွန်အားပါပဲ။ အသိဉာဏ်ပညာဆိုတာ ခွန်အားပဲလေ..."

အဲသည်တုန်းကတော့ ကျမကိုယ်တိုင် အားမာန် အပြည့်။ စာတွေ အော်ဟစ်သင်ရင်း ရင်ခေါင်းထဲက နာလည်း အပြုံး မပျက်။ တပည့်တွေက ဆရာမကို မြင်ရရင် စိတ်ထဲ

သိပ်တက်ကြွပြီး သိပ်အားရှိတာပဲ တဲ့။ ဒါနဲ့ပဲ ကျားကန် ပြုံးရယ်..။
ပန်းကလေးတွေ လန်းရင် ပြုံး
ပန်းကလေးတွေ နွမ်းတော့ နုံးလို့။

+++++
သင်ပုန်းတွေပေါ်မှာ
ပွန်းပဲ့တိုက်စားခံနေတာ
မြေဖြူတွေမဟုတ်ဘူး
ဆရာတို့ရဲ့ ဘဝတွေပါ...။

အမြဲ ကြည်လင်နေတဲ့ အပြုံးနဲ့ ၊ ကြင်နာတဲ့ မျက်လုံးတွေနဲ့ ၊ တိုက်ပုံ နွမ်းနွမ်း ဝတ်စုံ နွမ်းနွမ်းနဲ့၊ အဝတ်အစား နွမ်းနွမ်းလေးတွေနဲ့၊ စာသင်တဲ့အခါမှာ လန်းဆန်းနေကြတဲ့ ကျမတို့ရဲ့ ဆရာ ဆရာမတွေကို မကြာခဏ လွမ်း..လွမ်းနေမိပြီ။ ပြီးတော့ ကိုယ့်ဘာသာ ကိုယ် အားဖြည့်။ ဒါပေမဲ့ ချောင်းဆိုး ရက်တွေ စိပ် စိပ် လာပြီ။ သွေးပေါင်ချိန်က မယုံနိုင်စရာ ကောင်းလောက်အောင်ပဲ... ၈၀-၆၀ တဲ့။ ဆေးကုသ စရိတ်က အနည်းဆုံး သုံးရာ။ ရတဲ့ လခက ထောင့်ခြောက်ရာ။ သားကလေးက မကြာခဏ နှုတ်ခမ်းစူ။ သား မုန့်ဖိုး မှာ ခြောက်ကပ်။ အမေနဲ့ သား မုန့်ဖိုး က ပုံတူ။

"မေမေ... ပိုက်ဆံတွေကို ဝယ်လို့ရလားဟင်"။
သားရဲ့ မေးခွန်းအဆုံးမှာ ကျမ ဖုန်းဖုန်း လဲကျ။ ကျမရဲ့ သားလေး ခများမှာတော့ ကျမလို ပီတိကို မစားတတ်ရှာ။ အဲဒီ သားလေးကို မွေးစဉ်က ကျမ ဘယ်လောက် စိတ်ကူးယဉ်ခဲ့သလဲ။ အဆင့်မြင့်မြင့် ကျောင်းမှာ အဆင့်မြင့်မြင့် ထားဖို့ ...။ သားရဲ့ စိတ်ခန္ဓာ ကိုယ်ခန္ဓာ ကျန်းမာဖို့ ။

နှစ်ယောက် သုံးယောက် မွေးလျှင် သားသမီးတွေ မပြည့်မစုံ ကြီးပြင်းရမှာကို စိုးရိမ်စိတ်နဲ့ သားကို တစ်ဦးတည်းသော သား အဖြစ်သာ မွေးယူခဲ့တာ။ ခုတော့ သားခများ မွေးချင်း မောင်နှမက အစ... အစစ အရာရာ အဆုံး၊ ချို့တဲ့။ ဘယ်သူ့မှာ တာဝန်ရှိသလဲ။ ကျမရဲ့ အမေးထဲ ကျမ ဘာသာ အကျဉ်းကျ။

သိပ် ခက်တာပါပဲ။ သင်ခဲ့တဲ့ ပညာ တစ်လှေကြီးကို ပြန်လည် လက်ဆင့်ကမ်း ဖြန့်ဝေဖို့ ကျမ မှာ အချိန်ပင် မလောက်ငှနိုင်သေး။ ကိုယ်တိုင် ပညာတွေ စုဆောင်းဆဲ။ ပြီးတော့ သားကို ထိန်းကျောင်းဖို့ ။ အချိန်က အစ ဆင်းရဲလှသည်။ ဘာအတွက်လဲ၊ ဘယ်သူ့ အတွက်လဲ၊ အကျိုးဆက်တွေက ဘာလဲဆိုတာတွေကို စဉ်းစားမိ လျှင်တော့ တင်းထား သော လက်သီးဆုပ်တို့က ပြေလျော့ချင်လာပြီ။

"မြန်မာစာဆိုတာ ဖတ်တတ်ရင် ရတာပဲ၊ အတန်းတက်ဖို့ မလိုပါဘူး "
"ပိုက်ဆံပေးသင်ရင် တစ်လနဲ့ ပြတ်တယ်"
"မှတ်စုပဲ ပေးပါ ဆရာမ၊ ရှင်းမပြနဲ့ "

အံကို နာနာကျိတ်၊ 'သွားရင်း' တို့ပင် ပွဲကြွေလုပြီ။ အဲဒီ ရက်တွေထဲ ကိုယ့်သွေးကို ပြန်ဖောက်သောက်ကြတဲ့ လူတွေကို မကြာခဏ အိပ်မက်။ ရင်ခေါင်းထဲမှာ နာ၊ လည်ချောင်းနာ၊ အာရုံကြောတွေ နာ၊ မျက်လုံး အကြည့် တွေ နာ၊ အသည်းနှလုံး နာ၊ အစာအိမ် နာ… စတဲ့ အနာတွေ အများကြီးနဲ့ ရင်း။

တကယ်တော့ မြေဖြူတွေဟာလည်း ဆရာတွေနဲ့ ငယ်ပေါင်းကြီးဖော်..။ သေဖော် သေဖက်။ အတူတူ ပွန်းပဲ့.. လွင့်ကြွေ.. ကုန်ဆုံး… နောက်ဆုံး။

+++++

စာသင်ခန်းတွေထဲမှာ လူတွေ ကျဲပါး။ ဘယ်သူဘယ်ဝါဟု မသေချာသော ကလေးတွေကို ကျမ လွမ်းလိုက်တာ။ ဟိုး အရင်က ကျမနဲ့ စကားအပြိုင် ဆွေးနွေး ငြင်းခုန်ခဲ့ကြတဲ့ ကလေးတွေကိုတော့ အလွမ်းဆုံးပေါ့။ ကျမ ပြင်ဆင် ရှာဖွေခဲ့သမျှ သင်ခန်းစာတွေ၊ အတွေအကြုံတွေကို ဘယ်သူ့ ပေးရပါ့။ ဘယ်နှစ်ယောက်ကို ပေးရမလဲ။ ဘယ်နှစ်ယောက်ကို ပေးနိုင်မလဲ။ ဘယ်နှစ်ယောက် ရသွားမလဲ။ ခုတော့ ကျမရဲ့ ရှေ့မှာ မျက်လုံးတွေက အရောင်မဲ့။ အသည်းနှလုံးတွေ နာ လိုက်တာ။ ဒါဟာ၊ အဆုတ်နာထက် ဆိုးပါတယ် ကလေးတို့ရယ်…။

"ကျမ ပေးချင်တာတွေကို ယူမယ့်သူတွေ ရှိနေသရွေ့တော့ ကျမ ကျောင်းဆရာမ ဆက်လုပ်နေဦးမှာပါ။" ဆိုသော ကိုယ်တိုင်ပြောခဲ့ဖူးတာကို ပြန်သတိရတော့ စိတ်ထဲမှာ မွတ်သိပ်ကာ နှုတ်ခမ်းတွေပင် ခြောက်သွေ့ လာ သည်။

ဟိုး အရင်ကလို အတန်းလုံး ပြည့်နေတဲ့ ကလေးအများကြီးကို လည်ချောင်းကွဲလုမတတ်၊ မျက်လုံးတွေ ပြာဝေ သွားတော့မတတ်၊ အော်ဟစ် သင်ပစ်လိုက်ချင်တာ။ အသက်နှစ်ဆယ် နီးပါး၊ ကျောင်းသား ကျောင်းသူတွေဟာ ကျမ ရှေ့မှောက်မှာတော့ တကယ့် ကလေးငယ်လေးတွေလို သူတို့ရဲ့ မျက်လုံးတွေက လောကကို ဖတ်ရှုချင် စိတ်တွေနဲ့ တောက်ပလို့ ရှိခဲ့ ဖူး ပါတယ်။

ခုတော့ဖြင့် ပျင်းရိ လေးကန်သော မျက်နှာများနဲ့ မျက်လုံးတွေကလည်း အရောင် အမျိုးမျိုး စွန်းပေလို့။ တက္ကသိုလ်ပညာဟာ ခိုးယူလို့ ရသတဲ့ လား။ ပြင်ပမှာ ဝယ်ယူရတာကမှ ပို

တန်ဖိုး ရှိသတဲ့လား။ ကိုယ့်လမ်း ကို ကိုယ်ပဲ ပြဌာန်းကြတာပါ ကလေးတို့ရေ...။ တကယ်ဆို၊ လူ ဆယ်ယောက်စာ တစ်ဝိုင်းလောက်ကိုပဲ စာသင် တတ်တဲ့ အကျင့် ရှိရင် တောင် ဆရာမမှာ အနည်းဆုံးတော့ အဆုတ်နာရောဂါ မဖြစ်ဘဲ နေဦးမှာ။ ကျမအတွက်တော့ မိုးခါးရေဟာ ခါးနေဆဲပါပဲ။

++++

ကျမရဲ့ သားကလေးကတော့ဖြင့် မတွန့်မဆုတ်ဘဲ ကြီးပြင်း လာခဲ့လေသည်။ သားရဲ့ မျက်လုံးတွေက တနေ့တခြား ကျယ်ပြော တောက်ပ။ သား နှုတ်ခမ်းတွေကလည်း တနေ့ ထက် တနေ့ ရှည်လျား ဆန့်ထွက်။ သားရဲ့ နလုံးသားကလည်း အသံ စုံစုံ မြည်တတ်ခဲ့ပြီ။ သားရဲ့ လိုအပ်ချက်တို့က ပကာသန မပါသော လိုအပ်ချက်စစ်စစ် တွေလည်း ဖြစ်နေပြန် သည်။ ထိုအခါ၊ သား၌ အပြစ် တစုံတရာ မရှိ။ သားလေးမှာ တောင်းဆိုခွင့် ရှိသည်။ ဘာလို့ ဆို သူက ကျမရဲ့ ဖန်တီး ခေါ်ယူမှုကြောင့် ဒီလောကထဲ ရောက်လာရ လေသူ။ သူ့ခမျာ ရွေးချယ်ပိုင်ခွင့် မရှိ။ သားမှာ အပြစ် မရှိ။ ဒါဖြင့်၊ ကျမမှာရော အပြစ် ရှိနေ သလား..။

+++++

"သားရဲ့ သူငယ်ချင်းတွေက ကွန်ပျူတာနဲ့ ဆော့တယ် မေမေ... အဲဒီ ကွန်ပျူတာက အင်္ဂလိပ်စာလည်း သင်ပေးတယ်တဲ့၊ သားလည်း လိုချင်လိုက်တာ.." (ဒါဟာ ရှိသင့်တဲ့ အသုံးချ ပစ္စည်းတခု ဟု ကျမ လက်ခံသည်။)\
"သားရဲ့ သူငယ်ချင်းတွေ အင်္ဂလိပ်စာသင်တာ သီချင်းတွေ၊ ကာတွန်းတွေနဲ့တဲ့ မေမေ၊ ပျော်စရာကြီး။ သူတို့ ဆရာမက အင်္ဂလိပ်လိုပဲ ပြောတဲ့ ကျူရှင်တဲ့။ သားလည်း တက်ချင်တယ် မေမေရာ" (ဒါဟာလည်း လိုအပ်သော အခြေအနေ တစ်ရပ်ပင်) "သားရဲ့ ကျောင်းအင်္ကျီတွေ ဝါနေတာ ခဏ ခဏ ဝတ်လို့ဆို ဟုတ်လား မေမေ...၊ သား သူငယ်ချင်းတွေရဲ့ အင်္ကျီတွေကျတော့ ဖြူဖွေးနေတာပဲ။ သူတို့မှာ ကျောင်းအင်္ကျီတွေ အများကြီး ရှိတာတဲ့။"
(ကျမရဲ့ ချွတ်ယွင်းချက် ညံ့ဖျင်းချက်ကြောင့် သားမှာ ခုလို မပြည့်မစုံ ခံစားရတာ။ ကျမ အနေဖြင့် ခုလို ကျောင်းကြီး ကျောင်းကောင်း မှာ ထားသင့် သလား၊ မထားသင့် ဘူးလား၊ ခုထိ မဝေခွဲတတ်သေးတာ ကျမရဲ့ ညံ့ဖျင်းချက်ပေါ့)

သို့ပေမဲ့၊ ကျမကတော့ (မိုက်မဲသည် ဆိုရမလား။ ဒါမှမဟုတ်၊ တော်သည်ဟု ချီးမွမ်းသည် ကိုပဲ ခပ်မဲ့မဲ့ ပြုံးနေသင့်သလားတော့ မသိ)
တောင်တန်းတွေ...
ရေတံခွန်တွေ...
သစ်တောတွေ...လို

တန်ဖိုး မြင့်မားချင်စိတ် ရှိနေစမြဲ။ ခပ်လျော့လျော့ လက်သီးဆုပ်ကို ဖြေလျော့ မပစ်နိုင်ဘဲ ရှိဆဲ။ နေကတော့ ညို လုပြီ ဖြစ်သည်။

ရုတ်တရက် မူးမိုက် လဲကျ မသွားခင် အချိန်ကလေးထိ ကျမ သတိမလစ်အောင် ထိန်းထားခဲ့သေးသည်။ သို့ပေမဲ့၊ နောက်ဆုံးတော့ ကျမရဲ့ စိတ်ခွန်အားက ခန္ဓာကိုယ်ကို အရှုံးပေး လိုက်ရတော့၏။

ထို သတိလစ်သွားစဉ် အခိုက်အတန့်လေးမှာ အမှောင်ထု၏ ဖိစီးမှုက ငြိမ်းတော့ ငြိမ်းအေးလှသည်။ ဝေဒနာ မရှိ။ သတိရလာချိန်မှာတော့ဖြင့် ချက်ချင်းပဲ အနာတွေက ပြန်ရောက်လာပြီ။ အနားမှာ သားကလေးက ထိတ်ထိတ် လန့်လန့် ငိုလို့။ သေချာပြီ။ ကျမ ရှုးချင်ယောင် ဆောင်နေလို့ မရတော့ပြီ။ ကျမရဲ့ ကျန်းမာရေးက ကျမကို မီးနီ ပြ နေပြီ။ ကျမ လက်လျှော့ လိုက်ရတော့မှာလား။ မျက်လုံးကို စုံမှိတ်လိုက်စဉ်မှာ မျက်ရည်ပူတွေ စီးကျ လာသည်။ ကျမ၏ ပိုက်ဆံအိတ်ထဲမှာ ငွေစက္ကူကလေး သုံးလေးရွက်သာ ရှိတော့တာကို သတိရ ဖြစ်အောင် ရ၏။ ပြီးတော့ ခုလောက်ထိ ပညာသင်ပေးခဲ့သော မိဘတွေကို သတိရ၏။ တပည့်ကလေးတွေရဲ့ မျက်လုံးတွေကိုလည်း သတိရ၏။ ကျမ တယောက်ယောက်ကို ဒါမှမဟုတ် တလောကလုံးကို တောင်းပန်ချင် လာပြန်ပြီ။ "ကျမကို ခွင့်လွှတ် ပါ။ "

သားလေးက ငိုလို့။ သူဟာ ကျမ တကူးတက ခေါ်ယူထားသော သူကလေး။ အဲဒီအတွက် ရှိနေတဲ့ တာဝန်၊ သူဟာ ကျမရဲ့ မျှော်လင့်ချက်ကလေးလည်း ဖြစ်သည်။ သူ့ကို တောက်ပ ဝင့်ကြွား စေချင်သည်။ ကျမ ဘာလုပ် နိုင်မလဲ။ ကုမ္ပဏီတစ်ခုမှာ ဝင်လုပ်လျှင်ဖြင့် အနည်းဆုံး ဒ့ါထက် ဝင်ငွေ နှစ်ဆ ရမည်။ အဆင်ပြေ မှာပဲ။ ဒါပေမဲ့ ကျမက အဲဒီမှာ ဘယ်သူ့အတွက်၊ ဘာ့အတွက် အလုပ် လုပ်ပေးနေရမှာတဲ့လဲ။ အဲဒီ ကုမ္ပဏီမှာ ကျမရဲ့ ရပ်တည်မှု တန်ဖိုး က ဘာလဲ..။ ဟင့်အင်း... အကောင်းတွေကိုချည်း လိုချင်လို့တော့ မဖြစ်ပါ။

ထိုခဏ ၊ ကျမ ဘဝရဲ့ သက်ရှိ အားလုံး သေဆုံးသွားကြ၏။ ဟိုး... ဟိုးတုန်းက နာခံတတ်သော ကလေးတွေ နေရာမှာ သားကလေးကသာ ခွန်အား ဖြစ်တော့မည်။ ဒါဖြင့်၊ ကျမရဲ့ တန်ဖိုး တည်ရာ၊ တန်ဖိုး တည်ခွင့်ဟာ.. ဘယ်နေရာမှာလဲ..ဟင်။ ကျမရဲ့ ဆင်ခြင် ဉာဏ်တွေ ... လွှင့်ပစ်။ မှတ်ဉာဏ်တွေကိုသာ.. ပျိုးထောင်။ ဒါက တော့... စက်ရုပ် ပဲ။

ဘဝ့ရဲ့ ပညာတတ်တွေကို မွေးထုတ်ဖို့ မဖြစ်နိုင်တဲ့ အဆုံး၊
ဘဝ့ရဲ့ (ပညာမတတ်)တွေကို ကျောခိုင်းဖို့သာ ရွေးချယ်နိုင်ရလိမ့်မည်။

(တုန်လှုပ်..)
ကျမစာသင်ချင်တယ်။ တရားတဲ့လမ်းတွေ ညွှန်ပြချင်တယ်။
တတ်စွမ်းသလောက် မွေးမြူ ပေးချင်ပါတယ်။
(ငိုကြွေး..)
ရက်များစွာ ကျမက လွမ်းဆွတ်။
ကျမကိုရော ဘယ်သူက လွမ်းဆွတ်နေပါ့မလဲ။
ကျမက ကမ္ဘာမြေတစ်ခုလုံးစာအတွက် လွမ်းဆွတ်ပါတယ်။

ဒါဟာ၊ အင်မတန် ဘဝင်မြင့်တဲ့ (ဆရာမ ပီပီသသ ကြီးကျယ်ချင်တဲ့) ခပ်ရှုးရှုး ကျောင်းဆရာမတစ်ယောက်ရဲ့ ကျဆုံးခန်းပါပဲ။ ပြီးတော့... စားစရာ ပီတိမျှပင် မရှိတော့ပြီ ဟု ခြေကုန် လက်ပန်းကျ။

အဲဒီ ကာလထဲမှာပဲ... ကျမကို "ညလယ်မိုး" ရဲ့ "အနန္တ တြိဂံ" ကဗျာက ရိုက်ပုတ် ကန်ကျောက်တော့တာပဲ။ နောက်တော့.. ညည ချောင်း တဟွတ်ဟွတ် ဆိုး၊ သားလေး အိပ်မောကျနေတာကို ထိုင် ထိုင် ငေးရင်း... မျက်ရည်ကျ။

ထို့နောက်မှာတော့ တာဝန်မှ နှုတ်ထွက်ခွင့် ပုံစံ တွေကို လေးလေးကန်ကန် ဖြည့်၊ အိပ်မက်တွေနဲ့ ကယောင် ချောက်ချား။ မီးပြတိုက်လေးတွေကို ထင်ယောင် မြင်မှား...။ ကံ၊ ကံရဲ့ အကျိုးကို မျှော်လင့်၊ (ကျမ ကောင်းမှုကို သာ အမြဲ လုပ်ခဲ့ပါတယ် )။

သားရဲ့ အတန်းပိုင်ဆရာမလေး ဒေါ်ချောချောက သိပ်ကို စိတ်ထား ဖြူစင်တာပဲ။ ပြီးတော့ ၊ ကျမရဲ့ ရှေ့ဆောင် လမ်းပြ ဆရာ ဆရာမ တချို့။ အို... လောကမှာ ငါ တစ်ယောက်တည်းတော့လည်း မဟုတ်သေးဘူး..ပဲ။ အဖော်တွေ ရှိပါသေးတယ်။ နောက်ထပ် ဘယ်နှစ်ယောက် ရှိဦးမလဲ။ (အများကြီး ရှိနိုင်တာပဲ နော်)။

"ကဗျာဟာ အနည်းဆုံး လူတစ်ဦး တစ်ယောက်အတွက်ပဲ ဖြစ်ဖြစ် စေတနာပါတယ်" လို့ ကျမ ကိုယ်တိုင် ယုံကြည် လက်ခံတာပဲ။ ဒါဆို... ကျမ သင်ပေးနေတဲ့ ကဗျာတွေဆီက တဆင့် အနည်းဆုံး တစ်ယောက်တော့ ကျမတို့ ပေးချင်တဲ့ တရားကို ရမှာပဲ.. နော်။ တစ်ယောက် ကနေ အစ တချိန်မှာတော့ ကျမတို့အတွက် ဘက်တူ လူငယ်တွေ အများကြီး ရှိလာနိုင်တာပဲ။

ရွှာချလိုက်တဲ့မိုးတွေ..
မြစ်တို့ သန်မာစွာစီးဆင်းနိုင်ဖို့ လေ...
ကျမတို့ ပို့ချသမျှ တချိန်မှာ
**မြစ်တွေ၊ ပင်လယ်တွေ ဖြစ်ရမယ်။**

**ကျွန်းတွေ၊ သောင် တွေ၊ ကျောက်ဆောင် တွေ၊ တောင်တန်း တွေ ဖြစ်ရမယ်။ မြက်ပင်တွေ၊ ကိုင်းပင်တွေ၊ သစ်တောတွေဖြစ်ရမယ်။**
**နောက်ထပ်...**
**နောက်ထပ် မမြင်နိုင်တဲ့ သယံဇာတ တွေ...ဖြစ်လာရမယ်။**

"သင်ပုန်းပေါ်မှာ
ပွန်းပဲ့တိုက်စားခံနေရတာ
မြေဖြူတွေမဟုတ်ဘူး
ဆရာတို့ဘဝတွေပဲ။"

အနည်းဆုံးတော့၊ ကျမဟာ အတိုက်စား ခံနေတဲ့ မြေဖြူ တစ်ချောင်း ဖြစ်တယ်။ ဒါဟာ သစ္စာ။ မှန်ကန်တဲ့ သစ္စာတရား အတွက် သက်သေပြချက် မလို။ အကျိုးခံစားခွင့် မလို။ ပြယုဂ် မလို။ လုံလောက်တဲ့ အချိန် အတိုင်းအတာ မှတပါး ဘာတစ်ခုမှ မလို။ ဒါဟာ၊ ဆရာတို့ စပ်တဲ့ ကဗျာ.... ကောင်းကင်ပြာလို တည်တံ့ခိုင်မြဲ....။

ကဗျာ အဆုံးမှာ မျက်ရည် ကျတော့၊ သည်တကြိမ် ကျသော မျက်ရည်က ကြက်သီး ချမ်းမြ ထ ကာ ချိုမြလျှက် ရှိလေသည်။

+++++

လက်သီးတွေကို ပြန်ဆုပ်လိုက်မိသည်။ အတတ်နိုင်ဆုံး တင်းတင်း ကျစ်ကျစ်။ သား ကလေးကိုတော့ အတတ်နိုင်ဆုံး ထွေးပိုက်ရမည်။ ဒါဟာ အမေက ပေးနိုင်သော အင်အား။ တဖြည်းဖြည်း အရွယ်ရောက်လာသည့် အထိတော့ မေတ္တာတရား နဲ့ ငွေကြေး၊ စေတနာနဲ့ ငွေကြေး၊ သစ္စာနဲ့ ခံနိုင်ရည်အား ဆိုတာတွေရဲ့ အားပြိုင်မှုတွေကို သား နားလည်အောင် ပြောပြ သွားရ ပါလိမ့်မည်။ သားနှင့် သူ့ သူငယ်ချင်းတွေရဲ့ အနာဂတ် ကာလမှာတော့ ကျမ ကိုယ်တိုင် ပြဟ္မစိုရ်တရား အကြောင်း၊ သုံးဆယ့်ရှစ်ဖြာ မင်္ဂလာရဲ့ အနှိုင်းမဲ့ အသုံးဝင်မှု အကြောင်း၊ ခန္တီပါရမီအကြောင်း၊ သွေးကြောတွေရဲ့ စီးဆင်းမှုမှာ စိတ်အင်အားက လွှမ်းမိုးထားကြောင်းနဲ့ ဗုဒ္ဓ ရဲ့ ဖွဲ၊ လုံ့လ အကြောင်းတွေကို သင်ပေးခွင့် ရနိုင်မည်ဟုလည်း မျှော်လင့် လာပြန်သည်။

ခုလောလောဆယ်တော့ သားကို တင်းတင်းပွေ့ကာ လောကထဲ အလိုက်သင့် နေတတ်ဖို့ "ဓမ္မပဒ"ကို သား နားလည်အောင် ပုံပြောသလို ပြောပြရမည်။ အနည်းဆုံးတော့ အမေ ဆရာမအတွက် ဂုဏ်ယူတတ်စွာ အမေနဲ့ အတူ လောကဓံကို ရင်ဆိုင်ရဲသည့် သားကလေး ဖြစ်ဖို့တော့ ကြိုးစား မွေးမြူ ရပါဦးမည်။ ဒါထက် ပိုလို့ သတ္တိကောင်း နိုင်လျှင်တော့ဖြင့်

အလုပ်မှ နုတ်ထွက်စာကို ယတိပြတ် ဆွဲစုတ်ကာ ခပ်မာမာ မျက်နှာထားဖြင့် ခေါင်းမော့ ပြုံးပြနိုင်ချင်လှပါသည်။

မေငြိမ်း
မဟောသီ(၁၉၉၇)။

# ရင်ကွဲနာ




(ဉဒါန်းမဂ္ဂဇင်းထဲက သရုပ်ဖော်ပုံပါ)

(၁)

ကျမကတော့ စိမ်း၏ဇာတ်သိမ်းကို စိတ်ထိခိုက် ကြေကွဲရသည့်ကြားမှပင် ကျေနပ်ချင်ချင် ဖြစ်မိပါသည်။ ဒါဟာ... လွတ်မြောက်ခြင်းပဲဟုလည်း ယုံကြည်နေသေးသည်။ အများ ကတော့ ဘယ်လို ခံစားကြမည်မသိ။ ဖြစ်နိုင်ခြေကတော့ ငယ်ငယ်လေးနှင့် ဘဝ ဇာတ် သိမ်းသွားရသည့် စိမ်းကို နမြော တသ ကြမှာပဲ ဖြစ်သည်။ ကျမ ကတော့ စိမ်းကို ရင်းနှီး သိကျွမ်းသည်နှင့်အမျှ စိမ်းနှင့် ခံစားချက်တူ၊ ဘဝတူ၊ ခံယူချက်တူသူမို့ ခုချိန်မှာ စိမ်းနှင့် တသဘောတည်းသာ ခံစားရသည်ဟု ယုံကြည်ပါသည်။

ထိုအခါ... စိမ်း၏ ဇာတ်သိမ်းအတွက် စိမ်းကို ခွဲခွာရခြင်းအတွက် လွမ်းဆွတ်ရခြင်းမှ လွဲလျှင် ကျေနပ်ရခြင်းကို သာ ကျမ ခံစားရတော့သည်။

+++++

(၂)

ကျမအတွက်တော့ စိမ်းက အိပ်ပျော်နေသလိုပါပဲ။ စိမ်း အိပ်ပျော်နေသည်ကို ကျမ အမြဲ မြင်တွေ့ခဲ့ရဖူးတာပဲ။ စိမ်းက ပိန်လှပ် ဖြူဖျော့ကာ မျက်တွင်းညို ၊ ပါးရိုးကျသူမို့ စိမ်း အိပ်ပျော်နေလျှင်(မပြောကောင်း၊ မနိူင်းကောင်း) လူသေကောင်နှင့် တူနေတတ်သည်။ ဒါကို စိမ်းကိုယ်တိုင်လည်း ရယ်ပွဲဖွဲ့ ပြောတတ်၏။

"ငါသေလို့များ လူတွေက အိပ်နေသလိုပဲလို့ ပြောရင်တော့ ငါ ဝိဉာဉ်ဘဝမှာ ရယ်ချင်မှာပဲ။ ဘာလို့ဆို ငါ အိပ်ပျော်တာကလည်း သေနေတာနဲ့ တူနေတာကိုး" ဟု ရယ်ဟဟ ပြောတတ်သည်။ အဲဒီ ရယ်သံရဲ့ အဖျားမှာ တုန်ယင်သံတော့ အနည်းငယ် အဖျားခတ် ပါသွားတတ်တာ ကျမကတော့ သိသည်။ ဘဝအပေါ် နာကျင်သော တုန်လှုပ်သံပေါ့။

စိမ်းက အင်မတန် ငြိမ်သက်သည်။ ကျမက "နင်က ငြိမ်လွန်းအားကြီးတယ်။" ဟု ဝေဖန်တော့ "ငါ့မှာ ပြောစရာ စကားတောင် မချမ်းသာတော့ဘူး ထင်ပါရဲ့ဟာ" ဟု စိမ်းက ခပ်တိုးတိုးကလေး ပြန်ပြောတတ်သည်။ သို့ပေမဲ့၊ တခါတရံမှာတော့လည်း စိမ်းက ငြိမ်သက်နေရာမှ "ငါ အသက်ရှူကျပ်လိုက်တာဟာ..."ဟု အထပ်ထပ် အခါခါ ရေရွတ်တတ်သည်။ တကယ်တမ်း၊ အသက်ရှူရ ကျပ်ခြင်းတော့ မဟုတ်ပါ။ စိမ်းမှာ ဖိစီးနေကျ စိတ်ဆင်းရဲဒဏ် တွေ ရောက်လာပြန်ပြီ ထင်၏။

ခုနောက်ပိုင်းကျတော့ စိမ်းက "ခုနေများ ငါသေသွားရင် ဆိုးခဲ့တဲ့အတိတ်ကံတွေက ခုဘဝမှာ ကုန်ပါ့မလားဟင် အငုံ၊ ခုဘဝမှာတော့ ငါ ဘာတစ်ခုမှ မကောင်းတာ မလုပ်ခဲ့ဖူးသေးတာ သေချာပါတယ်။ "ဟုလည်း မကြာခဏ ညည်း တတ်လာသည်။

မှတ်မှတ်ရရ၊ အဲဒီနေ့မှာ စိမ်း ချောင်းဆိုးတော့ သွေးစတချို့ ပါလာတာကို ကျမ တွေ့ခဲ့ရတာ ဖြစ်သည်။ စိမ်းက တော့ မထူးဆန်းသလို ပါပဲ။ သူ့ မျက်နှာက သေလို့။ တကယ်က အဲဒီ မျက်နှာရဲ့ အရောင်ကိုက ဘာမထီ ထုံပေ အေးစက်သော မျက်နှာဆိုတာ ကျမကတော့ သိနေခဲ့သည်။

"စိမ်း နင် ဆေးခန်းပြမှ ဖြစ်မယ်" ကျမ၏ အသံက တောင်းပန် တိုးလျှိုးဟန် ပေါက်နေသည်။ စိမ်းက တစ်ချက် ပြုံး၏။ ပြီးတော့၊ မျက်လုံးတွေက တဖျတ်ဖျတ်တောက်ကာ ဆေးဖိုး မပါသေးပဲနဲ့တင် ၊ ဆရာဝန်စမ်းသပ်ခက တစ်ရာ တဲ့ အငုံ ရဲ့။ ငါ ဘာကို ရွေးရမလဲလို့တောင် မေးစရာမှ မလိုဘဲ အငုံရယ်။ အသက်နှစ်ဆယ့်ရှစ်နှစ်အရွယ် အလုပ်လည်း ပင်ပန်းတဲ့ မိန်းမတစ်ယောက်ဟာ တစ်နေ့ကို ထမင်းတစ်နပ်တော့လည်း စားရမှဖြစ်မယ် မဟုတ်လား.. ဟု ပြောတော့ စိမ်းအသံတို့က မာနေပြန်သည်။ ပြီးတော့ စကားအဆုံးမှာ အံကိုပင် ကြိတ် လိုက်သေးသည်။

ကျမကတော့ "ငါတို့ဝိုင်းပြီးထောက်ပံ့..." ဟူသော စကားတစ်ခွန်းကို အတွေး၌ပင် အပြည့်မတွေးရဲဘဲ ရှိနေခဲ့၏။

+++++

(၃)

တက္ကသိုလ်က နည်းပြဆရာမဘဝမှာ အငုံ့ဆိုသောကျမ နှင့် စိမ်းတို့က ဘာသာရပ်ဌာနချင်း မတူသော်လည်း အပြင်ဆောင်မှာနေကြရစဉ်မှာ တစ်ခန်းတည်း ဆုံခဲ့ကြသည်။ စိမ်းကတော့ ကျမတို့၏ တိုက်ဆိုင်မှုကို တအံ့ တဩ ရှိခဲ့၏။ "ဒီတခါ ကံကြမ္မာက ငါ့ဘက် လိုက်သေးသား"ဟု မျက်လုံးတွေဝိုင်းပြီး ပြုံးရယ် ပြောဆိုခဲ့သေးသည်။ စိမ်း နှင့် ကျမက သိပ်ကို အသွင်တူ ဘဝတူကိုး။ စိမ်းက ကျမထက် အရင် အဆောင်ကို ရောက်နေခဲ့သည်။ အဆောင်ဝင်သည့်နေ့မှာ ကျမရတဲ့အခန်း၏ တံခါးကို ဖွင့်ဝင်လိုက်စဉ်မှာပဲ မျက်နှာကျက်ကို မျက်လုံးငေးများဖြင့် တွေကြည့်နေသော စိမ်း နှင့် ကျမ စတွေ့ခဲ့ရခြင်း ဖြစ်သည်။

အမှန်အတိုင်း ပြောရလျှင်တော့ ကျမ၏ အခန်းဖော်ကြောင့် ကျမ ပျော်သွားခဲ့ရပါသည်။ အခန်းထဲမှာ တစ်ယောက်အိပ် ကုတင်သေးသေးလေးနှစ်လုံးကို နံရံတဘက်စီ ကပ်ထားပြီး အလယ်မှာ စားပွဲတစ်လုံး ချထား သည်။ ထိုစားပွဲပေါ်မှာတော့ စာအုပ် သုံးအုပ် ထပ်ထား သည်ကလွဲလို့ ဘာမှ ရှိမနေပါ။ ပြီးတော့၊ အခန်းဖော်ရဲ့ ကုတင်ပေါ်မှာလည်း ဖျာတစ်ချပ်၊ ခေါင်းအုံးတစ်လုံး၊ စောင်ကြမ်းတစ်ထည် နှင့် ခြင်ထောင်တစ်လုံးမှအပ မွေ့ရာ၊ ဖက်ခေါင်းအုံးတို့ပင် ရှိမနေပါ။ ပြီးတော့၊ ခုတင်ရဲ့ ခြေရင်းဘက်မှာ သံသေတ္တာ တစ်လုံး၊ ကုတင်ခေါင်းရင်းဘက် မှာ ထင်းရှူးသေတ္တာ တစ်လုံး။ အဲသည်ကတည်းကပင် စိမ်း နှင့် ကျမ တို့က တူညီခဲ့ကြတာ ဖြစ်သည်။ တကယ်လို့ များ ကျမ၏ အခန်းဖေါ်က ကျမထက် ပြည့်စုံကြွယ်ဝခဲ့လျှင် ကျမ အနည်းအကျဉ်းပင်ဖြစ်စေ စိတ် ဆင်းရဲရ နိုင်သည် မဟုတ်လား။

ဘယ်လောက်ပဲ ပတ်ဝန်းကျင်ကို ဂရုမစိုက်ဘူးဆိုသော်လည်း အခြေအနေ ကွာခြားမှုကို အနီးကပ် ခံစားရလျှင် တော့ဖြင့် ကျမ တာရှည် စိတ်ခိုင်မာနိုင်ဖို့ မလွယ်ပါ။ ကျမ ကြည့်နေဆဲ စိမ်းက ကျမကို ပြုံးပြလိုက်သည့် အခါမှာတော့ ကျမက စိမ်းကို ညီအစ်မအရင်းလို ချစ်ခင်မိ သွားတော့သည်။

+++++

ကျမက စာရေးစားပွဲရှေ့က နံရံမှာ စာရွက်တစ်ရွက် ကပ်လိုက်ပါသည်။
ဆန် -၁၃ဝိ
စားအုန်းဆီ - ၂ဝိ
အဆောင်လခ -၄ဝဝိ
အထွေထွေသုံး -၂၅ဝိ
(ကိုယ်တိုက်ဆပ်ပြာ၊ အုန်းဆီ၊ သနပ်ခါးတုံး၊ ထီး၊ ဖိနပ်၊ ကားခစသည်...)တစ်လ ပျမ်းမျှ - ၈ဝဝိ
အသားတင် လစာ -၁၃ဝဝိ
မဖြစ်မနေ အသုံးစရိတ် - ၈ဝဝိ
ဟင်းလျာဝယ်ရန် - ၅ဝဝိ

စိမ်းက ဖတ်ရင်း ရယ်ပြန်ပါသည်။ ပြီးမှ ထုံးစံအတိုင်း သူ့အသံ တိုးတိုးကလေးဖြင့် "အဲဒီ ငါးရာလုံးကို အငုံက ဟင်းချက်စားမယ်ပေ့ါ၊ ဟုတ်လား" ဟု ရယ်သံတဝက်ဖြင့် ပြော၏။ သည်တော့ ကျမပင် ရှက်သွားမိသေးသည်။ "အမယ်... စိမ်းကလဲ၊ ခုဆို ဆပ်ပြာတို့ ဖယောင်းတိုင်တို့ကလည်း ဂျီအီးစီက ရနေတာပဲဟာ"ဟု ရှက်ရမ်းသော အသံဖြင့် ပြန်ပြောမိ၏။ စိမ်းကတော့ ရယ်ဟန်မဖျောက်ဘဲ "သာရေး၊ နာရေးကိုကျတော့ အငုံ မထည့်တော့ ဘူးတဲ့လား"ဟု ဆက်ပြောသည်။

ကျမကတော့ အဲဒီအချိန်လေးမှာ "စိမ်းကတော့ စိတ်ညစ်ရတာတွေထဲ မလွတ်နိုင်ဘဲ နစ်သထက် နစ်လာတာ များလွန်းလို့ မငိုချင်တော့ဘူး၊ ရယ်ပဲ ရယ်ချင်တော့တယ်။ ဒါပေမယ့် အငုံရယ် ရယ်ရတာကိုက ရင်ထဲမှာ နာလိုက်တာ.." ဟု ပြောဖူးသော စိမ်းရဲ့ အသံကလေးကိုပဲ ပြန်ကြားယောင်နေမိသေးသည်။

ခဏကြာတော့ စိမ်းက ငြိမ်သက်သွားပြန်ကာ "အဲဒီ ပိုက်ဆံနဲ့ အငုံက ဘာဟင်းတွေများ ချက်စားမှာလဲကွယ်" ဟု လူကြီးတစ်ယောက်က ကလေးတစ်ယောက်ကို ချစ်စနိုး ကျီစယ်သော အသံဖြင့် ပြောပြန်သည်။ သည်တော့ လည်း ကျမကပင် အလေးအနက်ဖြင့် "အဲဒီ ၅ဝဝိ မှာ ၂ဝဝိ ကို မုန့်ဖိုးဖယ်လိုက်ကွာ၊ ကျန်တဲ့ ၃ဝဝိ ကို ငုံ နဲ့ စိမ်း နှစ်ယောက်ပေါင်း ၆ဝဝိ နဲ့ဆို မဆိုးပါဘူး စိမ်းရဲ့။ ဘဲဥဆို နှစ်လုံး ချက်မယ်လေကွာ။ လေးခြမ်း၊ မနက်တစ်ခြမ်း၊ ညတစ်ခြမ်း၊ ဘဲဥနှစ်လုံးက ၁၅ ကျပ်၊ ကြက်သွန်နစ်ဥက ၃ ကျပ်၊ အချိုမှုန့် နဲ့ ဆိုမှ ဟင်းတစ်အိုးကို နစ်ဆယ်၊ အစိတ် လောက်ပဲ ကျမှာ။ အဲဒါဆို တစ်ရက် အစိတ်နဲ့ဆို အကိုက်လောက် ကျမှာပဲ" ဟု စိမ်းကို ဖြေရင်း ပြောပြ၏။ စိမ်းက ကလေး တစ်ယောက်ဟန်ဖြင့် နှုတ်ခမ်းကို စူလိုက်ပြီး "တခါတလေများ ကြက်သားလေး၊ ငါးလေး မစားရဘူးလား အစ်မရယ် "ဟု နောက်၏။

"ကြက်" ကျမ ရေရွတ်တော့ စိမ်းက ရယ်လိုက်ပြန်သည်။ "ကြက် ဆိုရင်တော့ အစိတ်သားမှ ဈေးသည်က ရောင်းမှာအေ့၊ အဲဒါဆို ကြက်သားဖိုးကချည်း ကိုးဆယ်နား နီးနေပြီ၊ မေ့ပစ်လိုက်အချစ်ရေ... မေ့ပစ်လိုက်တော့ အချစ်ကလေးရေ..." ဟု ကျမက တွက်ရင်း သီချင်းအော်ဆိုတော့ စိမ်းက မျက်ရည်ပင် လည်လာခဲ့သေးသည်။ ထိုအခါ ကျမက သူ စိတ်ထိခိုက်တာကို ပေ့ါပါးသွားစေ လိုလာပြန်သည်။

"ဟေ့ စိမ်းရဲ့.. ကြက်နဲ့ ကုလားပဲက အင်အားဖြစ်စေတဲ့နေရာမှာ သိပ်မကွာပါဘူးကွ" ဟု ဆိုလိုက်တော့ စိမ်းက မျက်ရည် တလည်လည်နှင့်ပင် ခေါင်းတဆတ်ဆတ် ညိတ်ပြတတ်၏။ "ကုလားပဲ နဲ့ အာလူးကို ကုလားဟင်းလို မဆလာနိုင်နိုင်နဲ့ ချက်ရင် ကြက်သားဟင်းနံ့ ထွက်တယ်" ထိုသို့ ကျမက ဆက်ပြောသည့်အခါမှာတော့ စိမ်းက နှစ်နှစ်ခြိုက်ခြိုက် ပြုံးကာ ကျမပါးကို လှမ်းဖျစ်တော့သည်။

+++++

တကယ်တမ်းကျတော့ ကျမတို့၏ ဘဝဆိုတာကိုက စနစ်ဖယား ချမရသော ဘဝသာ ဖြစ်ခဲ့ပါသည်။ ကျမတို့၏ မုန့်ဖိုး ၂၀၀ကျပ် သည် တစ်ပတ်ပင် မသုံးရဘဲ ကုန်သွားတတ်ပါသည်။ စာသင်ပြီး မောသည့်အခါ သောက်ရ သည့် သံပုရာရည်ကိုက တစ်ဆယ် မဟုတ်လား။ ပြီးတော့ ဂျူတီကျသည့် နေ့တွေဆို မနက်ခင်းမှာ မုန့်ဟင်းခါး လောက်တော့ စားချင်သေးတာ။ မုန့်ဟင်းခါးတစ်ပွဲကလည်း ရှစ်ကျပ်ပဲ။ အဲဒီနေ့ဆို မုန့်ဖိုးကိုက နှစ်ဆယ် ဖြစ်နေ ပြီ။ ပြီးတော့ သာရေး၊ နာရေးတွေ.... ။

နှစ်ယောက်ပိုင်ဈေးဖိုးကလည်း ဘယ်နေရာတွေမှာ ကုန်မှန်းမသိ။ နှစ်ဆယ်ရက်နေ့ဆို မရှိချင်တော့၊ စာရင်းလုပ် လိုက်တော့လည်း အံကိုက်ပင်။ ငါးမူး၊ တစ်ကျပ်ပင် စာရင်း မပျောက်။ ငါးပိတစ်ဆယ်သား တစ်ဆယ်ကျပ်ကိုပင် ကျမတို့နှစ်ယောက်ကလည်း တစ်ပတ်သာ စားရသည်ကိုး။ တို့စရာက အနည်းဆုံး သုံးကျပ်ဖိုးမှ ရသည်။ ငါးပိ၊ တို့စရာ မှ မကူရင်လည်း ကျမတို့အတွက် ဟင်းက မလောက်နိုင်တော့ပါ။

အဲဒီ နောက်မှာတော့၊ တစ်ဆယ်သား ခြောက်ကျပ်ပေးရသော ထန်းလျက်က ကျမတို့ အတွက်တော့ ကျန်းမာရေးအတွက်ပါ အထောက်အကူပြုသော ဟင်းလျာ ဖြစ်လာတော့သည်။ ဒါပေမဲ့ စိမ်းရော ကျမပါ ဘဝထဲ မှာ စိတ်ညစ်ခဲ့ကြရပေမဲ့ ဘဝကို စိတ်မပျက်ခဲ့ကြသေးပါ။ တကယ်တမ်းကျတော့ ကျမတို့က ဘဝ၌ စိတ်ပျက်လာ ကြတာ မဟုတ်ဘဲ တုန်လှုပ် ဝမ်းနည်းလာကြတာသာ ဖြစ်သည်။

တကယ်တော့ ကျမတို့နှစ်ယောက်က ငယ်ရွယ်သော မိန်းကလေးများသာ ဖြစ်ကြသည်ပဲ။

လောကခံမှာ တုန်လှုပ်တာ... ပြစ်တင် ကဲ့ရဲ့စရာတော့ မဟုတ်ပါ။ အထူးသဖြင့်တော့ စိမ်းထက်စာလျှင် သတ္တိနည်းသော ကျမ၏ တုန်လှုပ်မှုက ပိုများခဲ့ပါသည်။

+++++

အသက် နှစ်ဆယ့်ငါးနှစ်မှာ မိသားစုကို နယ်မှာ ခွဲထားခဲ့ရပြီး ရန်ကုန်လို မြို့ကြီးမှာ လခ ကျပ်ထောင့်သုံးရာမျှဖြင့် ရက်များကို ဖြတ်ကျော်နေသော ကျမတို့ကတော့ ကိုယ့်ကိုယ်ကို သူရဲကောင်းဘွဲ့ပင် ပေးချင်သေးသည်။

စိမ်းကတော့ မိသားစုကို မေ့ထားချင်သည်ဟု ပြောဖူးသည်။ ဘာကြောင့်လဲလို့မေးတော့ စိမ်းက အဝေးကြီးကို ငေးသော မျက်လုံးများဖြင့် "ရှက်လို့" ဟု မပွင့်တပွင့်ဖြေသည်။ ကျမက နားမလည်နိုင်ဘဲ စိုက်ကြည့်နေတော့မှ "စဉ်းစားကြည့်ပေ့ါ အငုံရယ်... မိသားစုက အပင်ပန်းခံပြီး တို့တတွေကို ကျောင်းထားပေးခဲ့ရတယ်။ တို့က ကံဆိုးစွာ စာတော်တော့ သူတို့ခမျာ တို့ကို ဘွဲ့လွန် ဂုဏ်ထူးတန်းထိ ကျောင်းထားဖို့ ဆယ့်ခြောက်နှစ်တောင် ရုန်းကန်ကြရရော။ တို့က ကံကောင်းပြီး တက္ကသိုလ်ကြီးက ဆရာမ ဖြစ်ရော။ ဒါပေမဲ့ ကိုယ့်စားဝတ်နေရေး တစ်ကိုယ်စာကိုတောင် မနည်း ဖြေရှင်းနေရတော့ အိမ်ကို ပြန်မကြည့်နိုင်တဲ့အပြင် တခါတခါ အိမ်ကနေတောင် အကြော်အလှော် ပို့ရတာနဲ့ အဝတ်အစား ဝယ်ပေးရတာနဲ့....။ ကိုယ့်မိသားစုကလည်း ကိုယ့်လို ရရစားစား ဝန်ထမ်းပဲ။ ဒီတော့ စိမ်း စိတ်မကောင်းဘူး၊ ရှက်တယ်"ဟု ပြောသည်။ ကျမ သည်တစ်ကြိမ်မှာတော့ စိမ်းကို ဆန့်ကျင်ခဲ့သည်။

"ဒါ ရှက်စရာမဟုတ်ပါဘူး စိမ်းရဲ့၊ ရိုးသားမှုပါ"။ ထိုအခါ စိမ်းက ကျမကို တောက်ပ လွန်းသော မျက်လုံးများဖြင့် စူးစူးကြည့်ကာ "ဘာရိုးသားမှုလဲ အငုံ၊ အငုံက ကျူရှင်မပြလို့ အပိုဝင်ငွေမရှိတာကို ရိုးသားမှုလို့ ဆိုလိုတာလား။ ဒါဆိုရင်တော့ အငုံမှားပြီ။ ကျူရှင်ပြတယ်ဆိုတာ ကိုယ့်ဝမ်းစာ ပညာနဲ့ ရိုးရိုးသားသားပဲ လုပ်စားရတာ၊ ပြီးတော့ ဘယ်လောက် ပင်ပန်းသလဲ။ တို့တွေ ကျူရှင်မပြတာ အဲဒီ အလုပ်ကို ခိုးလုပ်ရမှာမို့၊ သမ္မာအာဇီဝအလုပ်ကို ခိုးလုပ်တယ်လို့ အသတ်မှတ်ခံရမှာဆိုတော့ တို့မလုပ်ဘူး။ အဲဒါပါ အငုံရဲ့"ဟု အတန်မာသော လေသံဖြင့် ပြောခဲ့သည်။ ကျမကတော့ ထုံးစံအတိုင်း စိမ်းကို အမီမလိုက်နိုင်၊ နားမလည်နိုင်ခဲ့။

"ဒီမှာ အငုံ ကျူရှင်ပြချင်လို့ အတန်းမှာ လျှော့သင်ရင်သာ အဲဒီ ဆရာ၊ ဆရာမက မရိုးသားတာ။ ပြီးတော့ အဲလို ဆရာမျိုးကိုကော ဘယ်သူက ကျူရှင် သင်ခိုင်းမှာလဲ အငုံရယ်။ ခုခေတ်ကလေးတွေက တို့တွေထက် ထက်မြက်ပါတယ်။ တကယ် စေတနာရှိတဲ့ ဆရာ၊ ဆရာမကို သူတို့ ရွေးချယ်တတ်ပါတယ်" ကျမကတော့ စိမ်းကို ဘာတစ်ခုမှ

မတုံ့ပြန်ဖြစ်ခဲ့ပါ။

စိမ်းကတော့ သူ့ရဲ့ ငါးထည်သော ပင်နီအကျီနှင့်၊ ဈေးချိုသည့် ငါးထည်သော တိုင်းရင်းဖြစ် ယက်ထည် လုံချည် မျှဖြင့် နုတ်ခမ်းပါးပါးတို့ကို တင်းတင်းစေ့ကာ ပိန်လှပ်သော ခန္ဓာကိုယ် နှင့် မလိုက်ဖက်သော မျက်ဝန်း တောက်တောက် တို့ဖြင့် သွက်လက်စွာ စာသင်ဆဲ။ အဲဒီ မိန်းကလေးဟာ သူချစ်သော အငုံ့ရှေ့မှာတော့ မကြာခဏ မျက်ရည်ဝေတတ်သူဟု ဘယ်သူက ယုံမလဲ။

စာမေးပွဲနီးသည့်အခါ ကျူရှင်လာအပ်သော ကလေးတို့ကို ပိုက်ဆံတစ်ပြားမှ မယူဘဲ စာသင်ဆဲ။ "ငါ့မှာ အတိတ် ကံ မကောင်းလို့ ဒီဘဝ ဆင်းရဲရတာ၊ ဒါပေမဲ့ ပညာတတ် ဖြစ်ရတာကြောင့်တော့ ကျေနပ်ပါတယ်။ ဒါကြောင့်၊ နောင်ဘဝ ချမ်းသာဖို့ ဒီဘဝမှာ ပစ္စည်းဥစ္စာ လှူစရာ မရှိတဲ့ အတူတူ ပညာတတ်ကလေးတော့ ဆက်ဖြစ်ရအောင် ပညာဒါန လုပ်ရတာ" ဟုလည်း ပြောတတ်သည်။ ကျမကိုလည်း သူ့လိုပဲ ပညာလှူဖို့ တိုက်တွန်း သေးသည်။

ဒါပေမဲ့၊ တခါတခါ အဝတ်အစား အဆင်အပြင် ထည်ဝါမှုကိုသာ တန်ဖိုးထားသည့် ကျောင်းသား ကျောင်းသူ တွေနှင့် တွေ့ရလျှင်တော့ဖြင့် စိမ်းက စိတ်ထိခိုက် နေတတ်ပြန် ပါသည်။ သို့သော်၊ စိမ်း၏ ထို ထိခိုက်မှုကို ဘယ်သူ မှ မသိ မမြင်ခဲ့ရပါ။ ကျမတောင် စိမ်း ရဲ့ မျက်လုံးတွေကို ဖတ်တတ်လွန်းလို့။ စိမ်းက ကျိတ်မှိတ် မျိုသိပ် ခံစားတတ်သူ ဖြစ်သည်။

+++++

ကျမကတော့ အဲဒီအချိန်တွေမှာ အကြိမ်များစွာ တုန်လှုပ်နေခဲ့ပြီ။ "ဆရာမ ကျူရှင်အတွက် Fees ဘယ်လောက် ပေးရမလဲ" ဟု ဈေးဝယ်နေသည့် မျက်နှာပေးဖြင့် မေးတတ်သော ကျောင်းသား ကျောင်းသူတွေ ရှေ့မှာ တုန်လှုပ်..။ နှစ်ရာတန်အုပ်လိုက်ကို ဖြုတ်သုံးနိုင်သော ကျောင်းသား ကျောင်းသူတို့ ရှေ့မှာ ခြောက်သွေ့ ထမင်းပူးကို ဖွင့်စားဖို့ တုန်လှုပ်...။ ဒါပေမဲ့၊ အဲဒီ ကျမက ကျောင်းသား ကျောင်းသူတို့ ပေးသော ကျူရှင်ဖိုး ယူဖို့ကိုလည်း တုန်လှုပ်ပြန်သည်။

အဲဒီအခါမှာတော့ ကျမက စိမ်းရဲ့ရှေ့မှာ "စိမ်းရယ်... ငါတို့ဘဝက အောက်တန်းကျလိုက် တာ" ဟု မကြာခဏ ညည်းတွားဖြစ်လေသည်။ စိမ်းကတော့ ငိုင်တွေတွေ နားထောင်လျက် ဘယ်လိုမှတ်ချက်မျိုးမှလည်း မပေးခဲ့။

တခါတခါတော့ ကျမက စိမ်းထံမှာ ဝန်ခံရတာ များ၍ပင် ကိုယ့်ဘာသာကိုယ် ရှက်လာမိကာ “စိမ်းရယ်... ငါနင့်လို အားလုံးကို လျစ်လျူရှု နေနိုင်ရင် သိပ်ကောင်းမှာပဲ” ဟုပင် ပြောမိသေးသည်။ စိမ်းကတော့ အဲလို ကျမ ပြောလျှင် ပြုံးလိုက်ကာ ထိုအပြုံးကလည်း မဲ့သလို ဖြစ်နေပြန်သည်။

ဒါပေမဲ့၊ စိမ်း သိသိသာသာ စိတ်ထိခိုက်ရသည့် တစ်ချိန်ကတော့ ရောက်လာခဲ့ပါသည်။ ပြီးတော့ ထိုသို့ စိတ် ထိခိုက်ရသည်ကလည်း ကျမအတွက်ပဲ ဖြစ်ခဲ့ပြန်သည်။



ကျမရော စိမ်းပါ ခုတလော အလိုလိုနေရင်း ခြေကုန်လက်ပန်းကျသလို မောဟိုက် ပင်ပန်း နေတတ်ကြသည်။ စာသင်ချိန် နှစ်ချိန် ဆက်လိုက်လျှင် သိသိသာသာပင် မောကာ နှုတ်ခမ်းတွေပင် ခြောက်လာသည်။ ထိုအထဲ ကျမကတော့ ပိုဆိုးသည်။ အာခေါင်တွေ ခြောက်ကာ မူးနောက်နောက်ဖြစ်ခြင်းကို နေ့စဉ် အချိန်များစွာ ခံစားနေရသည်။ သို့ပေမဲ့ တက္ကသိုလ်တွေ စာမေးပွဲနီးချိန်မို့ ကျမ နားဖို့ အခွင့်အရေး မရ ခဲ့။

နောက်ဆုံး၊ ပိန်လှီလှသော ခန္ဓာကိုယ်လေးကိုပင် မသယ်ချင်လောက်အောင် အားအင်ကုန်ခြင်းကို ခံစား လာရ တော့သည့် အခါတွင်မူ ကျမ ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်။ ငါ ဘာဖြစ်ပြီလဲ ဟူသော မေးခွန်းက ကျမကို ခြောက်လှန့်လှသည်။ တွေးမိသည့် ရောဂါများလည်း အစုံပင်။ တိုက်ဖွိုက်နှင့် ငှက်ဖျားက စလို့ အေအိုင်ဒီအက်စ် အထိ ရောက်သည်။ အခါများစွာ ငိုကြွေး မောဟိုက်ပြီးမှပင် ကျမ နှင့် စိမ်း တို့ နှစ်ဦး သဘောတူ ဆုံးဖြတ်ချက်ဖြင့် ကျမ ဆရာဝန်ပြဖို့ ဆုံးဖြတ်ရတော့သည်။ သို့ပေမဲ့ ထိရောက်သော ဆေးကုသမှုက ဆေးခန်းတွေမှာသာ ရှိသည် မို့ ဆေးခန်းတစ်ခုမှာ အထွေထွေရောဂါကု သမားတော်ကြီးနှင့် ပြရသည်။

နောက်တော့၊ ဆီးစစ်၊ သွေးစစ်၊ ဓါတ်မှန်ရိုက်။ ကျမလက်ထဲက ပိုက်ဆံတွေ အများကြီး (တကယ်တော့ ခြောက်ရာသာ)။ နောက်ဆုံးကျတော့ တီဘီ ဆပ်စပက်(TB Suspect) တဲ့။ အဲဒီထိတော့ ကျမက တုန်လှုပ်ရ ကောင်းမှန်း မသိသေး။ စိမ်းကတော့ သိသိသာသာပင် မျက်နှာပျက်ရှာသည်။ ဆရာဝန်ကြီးက ဆေးဝါးညွှန်ပြီး ဆေးဖိုးဝါးခ ရှင်းပြတော့မှ စိမ်း မျက်နှာပျက်ရခြင်းကို ကျမ ရိပ်မိတော့သည်။

တစ်ပတ်စာ ဆေးဖိုး နှင့် ဆေးကုသခ ခြောက်ရာ့ ခြောက်ဆယ်ကျပ်။ ကျမ လခကမှ ထောင့်သုံးရာ မပြည့်။ ကျမ သည် ဒူးတွေပင် တဖျတ်ဖျတ် တုန်လာသည် ထင်၏။ နီညိုရောင် ဆေးတောင့်များ၊ အဖြူရောင် ဆေးလုံးများ၊ အဝါရောင် ဆေးပြားကြီးများ။ ဆေးပေးသူက အားဆေးနှင့်တွဲသောက်ပါ... တဲ့... ။ ဘာ အားဆေးသောက်ရမလဲ ဆိုတော့ အဲဒီမှာ Vitron အားဆေး ထည့်ပေးထားတယ်၊ တစ်ပတ်စာတဲ့။ ပြေစာကို ကြည့်တော့ အဲဒီ Vitron ဆို တဲ့ ဆေးက တစ်ကဒ်ကို ၁၇၀ ကျပ်တဲ့။ တစ်လုံးကို ဆယ့်ခုနစ်ကျပ် ပေါ့။

အိမ်အပြန် ဘတ်စ်ကားပေါ်မှာ ကျမ မျက်ရည် ကျိတ် ကျ ဖြစ်ခဲ့သည်။ စိမ်းက ကျမ လက် တွေကို တင်းတင်း ဆုပ် တော့ သူ့လက်တွေက အေးစက်လို့။ ဆရာဝန်ကြီး၏ အမှာစကားက ကျမနားထဲမှာ ငလျှင်သံလိုပဲ။ မပြီးနိုင် မဆုံးနိုင်အောင် ဘဝဂ်ထိ ညံနေသလိုပါပဲ။

**"အဲဒီ ဆေးတွေက သိပ်မူးတယ် သမီး၊ အနားယူရမယ်။ အားရှိတဲ့ ဥတွေ၊ နွားနို့တွေ သောက်ရမယ်..."** တဲ့ ။

+++++

အဲဒီ တစ်ပတ်အတွင်းမှာ နေမကောင်းသော ကျမထက်ပင် နွမ်းနယ်၍ ပိန်ကျသွားသူက စိမ်းပဲ ဖြစ်သည်။ ကျမက အိမ်ကို ပြောပြရရင် ကောင်းမလားဟု တိုင်ပင်ကတည်းက စိမ်း နွမ်းနယ် ဖျော့တော့ သွားခဲ့တာ။

"နေပါဦး အငုံရယ်၊ တို့နှစ်ယောက်တည်း ကြိုးစားကြည့်ကြရအောင်၊ နင့်လခကို ဆေးကု၊ ငါ့လခကို စားကြမယ်၊ ဘယ်လိုလဲ"
"မဖြစ်နိုင်လိုက်တာ စိမ်းရယ်။ အဆောင်လခ ပေးဖို့တောင် ငါ့မှာ မရှိတော့တဲ့ဟာ"
"နင်ကလဲ အငုံရာ၊ နောက်ဆို ဆေးဖိုးသက်သက်ပဲ ကုန်ရမှာပါ၊ ခုဟာက စမ်းသပ်ခတွေ ကုန်လို့ပါ"
"စိမ်းရယ်.. ဆေးက ခြောက်လတောင် ဆက်သောက်ရမှာလေ"

နောက်ဆုံးတော့ ဆေးရုံမှ ဆေးခွင့် တစ်လ ယူပြီး ကျမ အိမ်မှာ ဆေးသောက်ရင်း ပြန်နားဖို့ ဆုံးဖြတ်ချက် ကျသည်။ ကျမကတော့ အနာသိကာမှ၊ ဆေးရှိကာမှ ပို၍ ခြေကုန် လက်ပန်းကျ အားပြတ်ကာ အိပ်ယာပေါ် ပုံကျ တော့သည်။ စိမ်းကတော့ ကျမရဲ့ ဆေးခွင့် အတွက် ဆရာဝန်ကြီးဆီ အသိပေးစာရဖို့ ကိစ္စတွေနှင့် ပြေးလွှားလို့။

"ငါ့ပုံစံက ဘယ်လောက်ပဲ စုတ်ပြတ် စုတ်ပြတ်၊ ငါ့ရဲ့ ပညာဂုဏ်အရ ငါဟာ တက္ကသိုလ်က ဆရာမ တစ်ယောက် တော့ ဖြစ်နေပါသေးတယ် အငုံရယ်..၊ ပြီးတော့ တကယ် နေမကောင်း လို့ ဆေးခွင့်တင်တယ်ဆိုတာ ငါ သေချာ ပြောပြပါတယ်.. သူ လုပ်ပုံက လူနာ သေရမယ့် ကိန်း၊ ပညာရဲရင့် ပွဲလယ်တင့်တို့၊ ပညာဂုဏ်ရောင် ထွန်းလင်း ပြောင် တို့ဆိုတာတွေက ဟာသပဲ၊ သိလား... အငုံ"

တနေ့တော့၊ ဆေးခွင့်ကိစ္စ အဆင်မပြေခြင်းအတွက် စိမ်း ဒေါသထွက် နေခဲ့သည်။ ကျမလည်း ခံပြင်းမိသည်။ အထူးသဖြင့်၊ အလုပ် အပေါ် အမြဲ စေတနာထား တာဝန် ကျေပွန်သူများမို့လည်း ခုလို အဆင်မပြေ ဖြစ်ရခြင်း အပေါ် ပို၍ စိတ်ထိခိုက်ရသည်။ ကြည့်ပါဦး... လူနာ ကိုယ်တိုင် လာရမတဲ့။

တကယ်တော့၊ ဆေးရုံက ကျမတို့နေထိုင်ရာ အဆောင်နှင့် ကားနှစ်မှတ်တိုင်စာသာ ဝေးတာမို့ ကျမ ချက်ချင်းပဲ စိတ်မြန်လက်မြန် အဝတ်လဲကာ စိမ်းလက်ကို အားပြုတွဲလို့ ထွက် လိုက် လာခဲ့သည်။
"ခွင့် တစ်ပတ်ပဲရမယ်"

ပြောထွက်သော အဲသည် တာဝန်ကျ ဆရာဝန်မကြီး၏ မျက်နှာကြီးကိုကြည့်ရင်း ကျမ မျက်ရည်တွေ ဝဲလာသည်။ အဲဒီ တစ်ပတ်ကလေးနဲ့ ကျမရဲ့ အားအင်တွေကို ဘယ်လို စုဆောင်းရမှာလဲ။ ပြီးတော့၊ ရန်ကုန်မှာ ကျမ တစ်ယောက်တည်း စားသောက်စရိတ်ကော၊ ဆေးကုသစရိတ်ရော ဘယ်လိုမှ မရနိုင်။ သူ့ရှေ့က လှည့်အထွက် မှာ ကျမ မျက်ရည် ကျခဲ့ရသည်။

+++++

သို့ပေမဲ့၊ အမြဲတမ်း လူ့လောကအပေါ် စေတနာထားခဲ့မှု အကျိုးကြောင့်ပဲ ဖြစ်ပါလိမ့်မည်။ နောက်ရက်တွေကို လည်း ဌာနခွဲမှူးထံ လုပ်သက်ခွင့်တင်၍ နားပြီး၊ သိပ်မကြာခင်မှာ ကျောင်းပိတ်ရက်ရှည် ခံစားခွင့်ရလာသည်။

ကျမ၏ ချစ်သော ကျေးလက်လေးရှိရာကို ပြန်ပြေးရတော့ဖြင့် စိတ် ချမ်းသာ လိုက်တာ။ ရိုးပြတ်ရနံ့၊ မြေနံ့၊ တောတန်းနံ့၊ လေပြေနံ့နှင့် ပူပြင်းသောနေကပင် ကျမ ကိုယ်ထဲက

တီဘီပိုးတွေကို အငွေ့ပျံ ပျောက်ကွယ် စေလိမ့်မည်ဟု ထင်လေတော့သည်။ အစ်ကိုကြီး မြို့တစ်ခေါက် တက်လျှင် ကျမအတွက် ကုန်လာခဲ့သော ဆေးဖိုးတွေကိုလည်း မသိချင်ယောင် ဆောင်နေ၍လည်း ရပြန်သည်။ ပြီးတော့ ကျမက တစ်သက်လုံး ပျော်နေခဲ့သော ရန်ကုန်ကိုပင် ခုချိန်မှာ စိတ်နာချင်ချင်ဖြစ်ကာ ကျီထဲက ဝမ်းစာစပါးတွေ လျော့တာ ကျမရဲ့ ဆေးဖိုးကြောင့်များလား ဆိုတာမျိုးကိုလည်း တမင် မတွေးဘဲ နေနေမိသည်။



ဖြစ်နိုင်လျှင်... ကျမသာ ပြတ်သားနိုင်လျှင်... ရန်ကုန်ဆီက မွန်းကျပ် လှောင်ပိတ်သော သားရဲတွင်းကို ပြန်ပင် မသွား ချင်တော့ပြီ။

+++++

ကျောင်းပိတ်ရက်ရှည် ခံစားခွင့်တို့ ကုန်ဆုံး၍ အလုပ်ခွင် ပြန်ဝင်ရသည့် အချိန်မှာမှပဲ ကျမက ရန်ကုန်ကို စိတ်ပြန်ရောက်တော့သည်။ ကျမ ပင်ပန်းတကြီး သင်ယူခဲ့ရသော ပညာများနှင့် ကျမ ငယ်စဉ်ကတည်းက အိပ်မက် မက်ခဲ့ရသော တက္ကသိုလ်က ဆရာမဘဝကို တကယ်တမ်းကျတော့ ကျမ မစွန့်နိုင်ပါ။

ကျမ မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်း ပြုရဦးမည်။ မဟာဝိဇ္ဇာဘွဲ့ ယူရဦးမည်။ ထိုအခါမှာတော့ အိမ်မှာ တစ်လကျော် နားလိုက်ရသောကြောင့်လားတော့ မသိ။ ကျမ အားအင်တွေ ပြည့်ဖြိုးလာပြန်သည်။ အဲဒီတော့မှပဲ ဆင်းရဲဖော်၊ လက်တွဲတိုင်ပင်ဖော် စိမ်းကို ပြန်သတိရ တော့သည်။

စိမ်းက ကျမကို ပြုံးကြည့်ရင်း "နင်ဝလာတယ်"ဟု ပြော၏။ ကျမကတော့ အံ့သြစရာ ကောင်းလောက်အောင် ပိန်သွားသော စိမ်း ကို ကြည့်ရင်း စိတ်ထဲမှာ ထိခိုက်လာခဲ့သည်။ စိမ်းတို့ မိသားစု စီးပွားရေး သိပ်ကျပ်နေပြီ ထင်ပါရဲ့။ ဝန်ထမ်းမိသားစုချည်းပင် ဖြစ်သော်လည်း ကျမတို့ မြို့ကလေးက ကျေးလက် ဆန်သည်မို့ ဆန်နှင့် ဟင်းသီးဟင်းရွက် မရှားလှပါ။ စိမ်းတို့မြို့ကတော့ မြို့ပြဆန်သည်မို့ အစစ အရာရာ ရှားပါးလှသည်။ သို့သော်၊ သည်တစ်ကြိမ် အိမ်အပြန်မှာလည်း စိမ်း၏ မိသားစုကတော့ အရင်ကလိုပဲ မြေပဲဆန် ဘာလချောင်ကြော်တွေ၊ ဂျုံး မြစ်ဘာလချောင်ကြော်တွေ၊ ငါးခြောက်ထောင်းကြော်တွေ

လုပ်ပေးလိုက်သားပါပေ။

အိမ်မှ ပြန်ရောက်စကတော့ ကျမတို့ ပျော်ရမြဲ ဖြစ်သည်။ စိမ်းအိမ်က လုပ်ပေးလိုက်သမျှ ဟင်းတွေက ကျမအကြိုက် ဖြစ်ပြီး ကျမအိမ်က စီမံပေးလိုက်သော ဆတ်သားခြောက်ကြော်၊ အမဲခြောက်ထောင်းကြော်၊ ငါးပိကြော် စပ်စပ်၊ ပုဇွန်ခြောက်ကြော် နှင့် ပဲအမျိုးမျိုး အကြော်အလှော်တွေကိုလည်း စိမ်းက ကြိုက်လေ့ ရှိသည်။

သို့သော်... ကျမတို့ရဲ့ ပုံမှန်နေ့တွေ ပြန်လည် လည်ပတ်ချိန်မှာတော့ ကျမတို့၏ သားရဲတွင်းက ပြန်လည် သရုပ်ပေါ်လာမြဲသာ ဖြစ်ပါသည်။



+++++

စိမ်းက တနေ့တခြား ဖြူလျော် ပိန်ကျလာသည့်အချိန်မှာ ကျမကတော့ တီဘီဆေးတွေ ဖြတ်လိုက်ရပြီး ကျန်းမာရေး ကောင်းလာချိန် ဖြစ်သည်။ သို့ပေမဲ့ တကယ် စိတ်ကျ ရတာကတော့ ကျမပဲ ဖြစ်ခဲ့သည်။ ကျမတို့လောကထဲမှာ ကျောင်းသား ကျောင်းသူတွေက တစ်နှစ်ထက် တစ်နှစ် ပိုလို့ တော်လာ တတ်လာ၊ ထက်မြက်လာတာနှင့်အတူ ပိုလို့ ချမ်းသာ ပြည့်စုံလာကာ ဆရာ၊ ဆရာမတွေအပေါ်လည်း ပိုလို့ မခန့်လေးစား နိုင်လာကြသည်။ အထူးသဖြင့်တော့ ညှိုးလျော် နွမ်းပါးသော ဆရာဆရာမတွေကို အပေါ်မှ စီးကြည့်သော မျက်လုံးများပါပဲ။ အဲဒီ ဒဏ်ကို ကျမက မခံနိုင်ခဲ့ပါ။

ကျမ၏ အဝတ်အစားတို့ကို ကြည့်ကာ သူတို့ မျက်လုံးတွေက လှောင်ပြောင်သည်ဟု ကျမ သိသည်။ ပြဌာန်းစာအုပ်ဖိုး ငွေသုံးဆယ်ပေးဖို့ကို ကျမရှေ့မှာ နစ်ရာတန်အုပ်မှ ဖြတ်ပေး၍ ပေးတာကိုလည်း ကျမကို သရော်သည်ဟု ထင်သည်။ ပြီးတော့ ကျမကို လှိုက်လှဲ နစ်လို

မရှိသော၊ တန်ဖိုးထားခြင်း မရှိသော မျက်လုံးတွေကိုလည်း ကျမ နာကျည်းသည်။

စိမ်းကတော့ အပြုံးမပျက် နေနိုင်ဆဲ။ ကျမ ဒေါသနှင့် ပြောပြသမျှကို ခေါင်းကို ခပ်ပျော့ပျော့ ခါယမ်းရင်း တည်ငြိမ်စွာ နားထောင်နိုင်ဆဲ။ ဒါပေမဲ့ စိမ်း၏ မျက်လုံးတွေကတော့ အားယုတ် သထက် ယုတ်လာခဲ့ပြီ။ ပြီးတော့ စိမ်းက ခုတလော အဝတ်လျှော်တာလောက်နှင့်ပင် မောနေတတ်သည်။ စိမ်း နှုတ်ခမ်းတို့ကတော့ တင်းတင်း စေ့ သထက် စေ့ လာခဲ့သည်။ မာနရိပ်ကို စိမ်းမျက်နှာမှာ ပို တွေ့လာရသည်။

"စိမ်းရေ ငါတော့ အိမ်ကို ငွေမှာလို့ မဖြစ်တော့ဘူး ထင်တယ်"ဟု ကျမ ပြောသည့်နေ့မှာတော့ စိမ်း၏ နူးညံ့သော မျက်လုံးတွေကို ပြန်လည် မြင်တွေ့ခဲ့ရသည်။

"အငုံ့ အိမ်က ပို့နိုင်မယ် ဆိုရင်တော့ မှာပေ့ါကွယ်၊ ဒါပေမဲ့ ငုံ့အိမ်က ငွေပို့ရင်တော့ စိမ်းနဲ့ ထမင်း တစ်အိုးတည်း စားလို့ မဖြစ်တော့ဘူးနော်၊ စိမ်းက ငွေမမှာဘဲ ထုံးစံအတိုင်း လောက်အောင် ချွေတာ စားမှာ "

စိမ်း၏ မျက်လုံးတို့က အဝေးကြီးကို ငေးနေကြပြန်သည်။ သည်တစ်ကြိမ်မှာတော့ ကျမက ဆင်းရဲဒဏ်ကို တစ်ယောက်တည်း တေပေ ငုံ့ခံနေသော စိမ်းကို နည်းနည်း စိတ်တိုချင် လာခဲ့သည်။

"စိမ်း... သူတို့က နယ်မှာနေတာ၊ ပြီးတော့ ဆွေ နဲ့ မျိုး နဲ့ မိသားစုလိုက်၊ တို့က တစ်ယောက်တည်း၊ သူစိမ်းတွေနဲ့"
စိမ်းက ကျမရဲ့ စိတ်တိုသံအကြားမှာ အံ့သြဟန်ဖြင့် လှည့်ကြည့်၏။

"ဘယ့်နယ် အငုံရယ်၊ မိသားစုလိုက် ဝေ်တာ သက်သာတယ်လို့များ ပြောချင်တာလား ဟင်။ ပြီးတော့ ဘယ်တုန်းကများ ဆွေမျိုးတွေရဲ့ အထောက်အပံ့ကို မျှော်လင့်လို့ ရခဲ့ဖူးလို့လဲ။ ရက်စက်ပါပေ့ကွယ်... စိမ်းက တော့ .. ကိုယ်ပဲ အငတ်ခံမယ်၊ ပြီးတော့၊ အဲဒါကို မိသားစု မသိစေရဘူး"

စကားအဆုံးမှာတော့ စိမ်းက အံ့ကြိတ်၏။ ပြီးတော့၊ ကျမကိုလည်း ကျောပေးပစ်လိုက်၏။

ကျမကတော့ စိတ်တို မပြေချင်သေးဘဲ ရှိသည်။

"ဒီမှာ စိမ်းရဲ့၊ ငါလည်း နင့်လောက်တော့ သတ္တိကောင်းပါတယ်။ ခုဟာက မဟာဝိဇ္ဇာကျမ်း ပြုဖို့၊ Thesis လုပ်ဖို့အတွက် ပြောတာ။ ဘယ်မှာလဲ Thesis လုပ်ဖို့ ပိုက်ဆံ။ အဲဒီအတွက် လိုအပ်တဲ့ ဓါတ်ပုံတွေ ရိုက်ဖို့၊ အကူအညီတောင်းရမယ့် လူတွေကို ကန်တော့ဖို့၊ လိုအပ်တဲ့

ခရီးစရိတ်တွေ၊ Thesis ငါးအုပ် ရိုက်ဖို့တွေ၊ အဲဒီအတွက် လိုတဲ့ငွေ တစ်သောင်းလောက်ကို ငါ အိမ်က မတောင်းရင် ဘယ်က ရမှာလဲ စိမ်း”

သည်တော့မှ စိမ်းရဲ့ မျက်နှာက သွေးဆုပ်သလို ဖြူလျော်သွားတော့သည်။ ကျမကို ငေးကြည့်နေသော်လည်း မမြင်ရသလို မျက်လုံးတို့က သေနေခဲ့သည်။ ခဏကြာမှ သူ့နားက နားကပ်ကလေးကို ကိုင်ပြီး “ငါ့အဖွားပေးတဲ့ အမွေနားကပ်က အဲလောက်တော့ ရမှာပဲ။ ခုပေါ်နေတဲ့ Fancy နားကပ်လေးတွေ ပန်မှာပေါ့ ငုံရဲ့၊ အဖွားကလည်း ငါ့ပညာရေးအတွက် သူ့နားကပ်ကလေး ရင်းလိုက်ရတာကို ဟိုဘက်ဘဝကနေ သိမှာပါ ဟာနော်”ဟု ခပ်ဆဆ ပြော၏။ ကျမက တမင်ပဲ အသံထွက်အောင် ရယ်ပစ်လိုက်ပြီး “နင်ကလေ… တော်တော် တရားတယ်၊ ငါ့မှာက အဲ့လို ရောင်းစရာ မရှိဘူးဟဲ့၊ ”ဟု ပြောတော့ စိမ်းကပါ လိုက်ရယ်ကာ ကျမတို့ နှစ်ယောက်လုံး မျက်ရည်တွေ ကျလာခဲ့ ကြသည်။

ပြီးတော့၊ ထိုမျက်ရည်တွေက ရယ်လွန်းလို့ ကျရတာပဲဟု နှစ်ယောက်စလုံးက တက်ညီလက်ညီ ယုံကြည်ပစ်ခဲ့ ကြသည်။




+++++

အဲဒီ နောက်ပိုင်းမှာတော့ ကျမ နှင့် စိမ်းတို့သည် စိတ်ကူးယဉ်နှင့် လက်တွေ့ မည်မျှ ကွာခြားသည်ကို ပို၍ ပို၍ သိလာကြရတော့သည်။ စိမ်း နားကပ် ရောင်း၍ ရသော ငွေက ခြောက်ထောင်ကျော်ပဲ ရရာ ထိုငွေကလေးက ဆင့်ပါးစပ် နှမ်းပက်သလိုသာ ဖြစ်ခဲ့ပြီး ကျမကိုယ်တိုင်ကတော့ အိမ်ကို ငွေအလုံးအရင်းနှင့် မမှာရဲ၍ အလီလီ မှာရတာကိုလည်း အားနာကာ ကျမတို့ နှစ်ယောက် အမောပင်လယ်ထဲ လက်ပစ်ကူးဆဲ။

တစ်ရက်မှာတော့ စိမ်း ချောင်းဆိုးရာမှ ထွက်လာသော သွေးစကို ကျမ ပထမဆုံးအကြိမ် မြင်တွေ့ခဲ့ရသည်။ ကျမက မျက်နှာပျက်ကာ တုန်တုန်ယင်ယင် ဖြစ်လာချိန်မှာ စိမ်းက ခပ်လျော့လျော့ ပြုံးနိုင်ဆဲ။ ကြည့်စမ်း၊ ခုမှ ကျမ ရိပ်မိလာသည်။ ခုလို သွေးစတွေ စိမ်း ဘယ်လောက် များများ တွေ့ပြီးနေခဲ့ပြီလဲ။

"စိမ်း.. ဆရာဝန် ပြရမယ်" ကျမ အသံက ငိုသံ ပေါက်နေသည်။
စိမ်း မျက်နှာ တင်း လိုက်သည်။
"ဆရာဝန်ပြတယ်ဆိုတာ ရောဂါ မသိလို့၊ ဆေးကုဖို့ အငုံရဲ့။ ငါ့ရောဂါ ငါ သိတယ်။ တီဘီ ပဲ ဖြစ်မှာပေါ့။ ပြီးတော့၊ ငါက ဆေးကုမှာမှ မဟုတ်ဘဲ။ တစ်လကို ငါ့ရောဂါအတွက် ငွေနှစ်ထောင်နဲ့ အနည်းဆုံး ခြောက်လ သုံးဖို့ ဘယ်လိုနည်းနဲ့မှ ငါ မတတ်နိုင်ဘူး အငုံ"

ကျမ ကြက်သီးတွေ ဖြန်းကနဲ ထသွားသည်။ အမယ်လေး.. သတ္တိကောင်းလိုက်တဲ့ မိန်းမ.. လို့ ပြောလိုက်ရမလား၊ ဒါမှမဟုတ် မိုက်မဲလိုက်တဲ့ မိန်းမ.. လို့ပဲ ညည်းတွား ရမလား၊ ကျမပင် မဝေခွဲတတ်တော့။

နောက်တော့၊ သိပ်မြန်တာပါပဲ။ စိမ်းက စာမသင်နိုင်လောက်အောင် မောပန်း အားကုန်ခဲ့ပြီ။ ဟန်မလုပ်နိုင် လောက်အောင် နေမကောင်းသည့် ရုပ် ပေါက်လာခဲ့ပြီ။

"ငါ အလုပ်ထွက်စာ တင်တော့မယ် အငုံ။ နောက်ဘဝမှာ ပညာတတ်မဖြစ်တာထက် အူမ မတောင့်တဲ့ ခု ဘဝဒဏ်ကို ငါမခံနိုင်တော့ဘူး"

ကျမမှာ စိမ်းကို တုံ့ပြန်စရာ စကားမရှိတော့။ နင် ဘာလုပ်မလဲ ဆိုတာပင် မမေးဖြစ်တော့။ စိတ်ထဲမှာ... "ဆရာ ဆရာမတွေနဲ့ အဆုတ်ရောဂါဆိုတာ မိတ်ဆွေအရင်းကြီးတွေပဲ" ဟူသည့် သူငယ်ချင်း ဆရာဝန်တစ်ယောက်၏ ဟာသစကားကိုပင် သတိရ နေသေးသည်။ သို့ပေမဲ့ ဆရာ ဆရာမတွေအတွက် အဲဒီ အဆုတ်ရောဂါကိုဖို့ အကူ စရိတ်တွေ၊ အထူး ဆေးရောင်းပေးခြင်းတွေ၊ အခမဲ့ ဆေးကုသခွင့်တွေ ရှိသင့်တယ် ဆိုတာကိုတော့ သူငယ်ချင်းက ဆက် ပြော မသွားခဲ့ပေ။

တကယ်ပဲ စိမ်းက အလုပ်ထွက်စာ တင်ခဲ့သည်။ အဲဒီ ရက်တွေမှာ စိမ်းမျက်နှာက သနားစရာ ကောင်းသလို ခြောက်ခြားစရာလည်း ကောင်းနေခဲ့သည်။ တမင် လုပ်ရယ်ထားသော မျက်နှာဖြင့် "ငါအသုတ်စုံ ကောင်းကောင်း လုပ်တတ်တာပဲ အငုံရယ်... အသုတ်ရောင်းပြီး Thesis ဆက်လုပ်မယ်။ တစ်နေ့ကို အောက်ထစ် တစ်ရာလောက် အမြတ် ကျန်ရင်တောင် တစ်လကို သုံးထောင်တော့ ရမှာပဲ။ ပြီးတော့ ရုံးချိန်လောက်တောင် လုပ်စရာ လိုမှာ မဟုတ်ဘူး။ ပြီးတော့၊ ငါက သူများထက် သာမှာကွ၊

ခင်ခင်စိမ်း၊ အမ်အေ၊ သီးဆစ်၊ အသုတ်စုံလို့ ဆိုင်းဘုတ် တပ်ရမှာ မဟုတ်လား”ဟု ပြောတတ်သော်လည်း သူဘယ်လောက် ကြေကွဲ နေရသလဲ ဆိုတာ ကျမ ကတော့ သိနေခဲ့သည်။

အဲဒီ ရက်ပိုင်းမှာပဲ ထွက်စာကိစ္စတွေ အမောတကော လိုက်လုပ်နေရင်း ဖြုန်းကနဲ စိမ်း အိပ်ရာထဲ လဲသွားခဲ့သည်။ အဲဒီ မနက်မှာ “ငါ မူးလိုက်တာ အငုံရယ်။ ဘယ်လိုမှ မထ နိုင်တော့ဘူး၊ ငါ ကြွေးကျန် ကိစ္စ တွေအတွက် ဝန်ထမ်းရေးရာကို သွားဖို့ရှိတယ်”ဟု ပြောပြီး မျက်စိမှိတ်ကာ ငြိမ်သွားခဲ့သည်။ ပြီးတော့ စိမ်း အိပ်ပျော်သွားချိန်မှာပဲ ကျမကလည်း ကျောင်းလာခဲ့ရသည်။ သိပ်လည်း စိတ်မပူမိ။ ခုလိုပဲ မူးရင်း မောရင်း.. စိမ်း ကျင်လည်ခဲ့တာ ကြာပြီမို့ ကျမ အဖို့ ရိုးပင် နေပြီ။

အဲဒီနေ့က၊ ကျောင်းမှာ ကျူတိုရီရယ်အမှတ်တွေ ဖြည့်ဖို့ ကျန်နေတာပင် မလုပ်တော့ဘဲ ကျမ အတန်းပြီးချိန် လေးနာရီ ခွဲ မှာ အဆောင်ကို ပြန်ခဲ့သည်။ စိမ်း နေမကောင်းတာ ဘယ်လို နေပါလိမ့်။

အဆောင်က တိတ်ဆိတ်လို့ နေသည်။ လူစုံ ပြန်ရောက်သေးဟန် မတူ။ ကျမတို့ အခန်းရှိရာ အဆောင်ရဲ့ အစွန်ဆုံးဘက်မှာ ခပ်မှောင်မှောင် ဖြစ်နေ၏။ စိမ်း အိပ်နေပြန်ပြီ ထင်ပါရဲ့။ အခန်းတံခါးကို တွန်းဖွင့်တော့ ကျမ ထွက်လာစဉ်က အတိုင်းပဲ အခန်းက ပြတင်း ဖွင့် လျှက်။ ခန်းဆီးလေးပင် စိမ်းက လုပ် မတင်ခဲ့။ စိမ်းက အိပ်နေဆဲ။

ရုတ်တရက် ကျမ အာရုံတို့က လွန့်ကနဲ ဖြစ်သွားသည်။ ကျမ ထွက်သွားစဉ်ကတည်းက စိမ်း ဒီပုံစံအတိုင်းပဲ အိပ်နေသတဲ့လား....။ ရုတ်တရက် ကျမ လက်တို့ အေးစက်ကာ ရင်တွေ တဒိုင်းဒိုင်း ခုန်လာသည်။ မယုံရဲစွာ စိမ်းကို ကြည့်ရင်း “စိမ်းရေ” ဟု ခေါ်မိချိန် မှာ တော့ ကျမ အသံက တုန်ယင် လွန်းနေပြီ။
စိမ်းရေ....
စိမ်းရေ.....
ကျမ သေချာသွားခဲ့ပြီ။ စိမ်းရေ... လို့ အာခေါင်ခြစ် အော်လိုက်မိချိန်မှာတော့ ကျမ ကိုယ်တိုင် ကြမ်းခင်းပေါ် လဲပြိုကာ အားလုံးကို မေ့သွားခဲ့ပြီ။

ကျမ သတိလည်လာချိန်မှာတော့ စိမ်းကို ဆေးရုံကားက လာသယ်သွားပြီတဲ့။ ကျမ နံဘေးမှာလည်း အဆောင် ဖော်တွေ ဝိုင်းလို့ ။ အငိုမျက်လုံး တစ်စုံ နှစ်စုံကိုလည်း တွေ့သည်။ ကျမကတော့ ငိုမရဘဲ ကြောင်အ နေခဲ့သည်။ ပြီးတော့ ငိုရမှာလားလည်း မသိ။

“စိမ်း တကယ်ပဲ... မရှိတော့ဘူး မဟုတ်လား ဟင်”
ကျမ အသံက တိုးတိုးလေး ထွက်လာပေမဲ့ သေချာမှုတွေနှင့် မြဲမြံနေခဲ့သည်။

ဘေးခန်းမှ သီတာဆိုသော ညီမကလေးထံမှ ငိုရှိုက်သံ တစ်ချက်၊ အင့်ကနဲ ထွက်လာသည်။ အဆောင်ပိုင်ရှင် အန်တီအေးက ကျမ လက်ဖဝါးတွေကို ကိုင်ဆုပ် လိုက်သည်။ အန်တီအေး လက်တွေက အေးစက်လို့။ ပြီးတော့ သူ့မျက်လုံးတွေလည်း အေးစက်လို့။ ကျမကတော့ မျက်နှာကျက်ကိုပဲ ငေးနေမိတော့သည်။ စိမ်းရယ်... နင်ငါ့ကို ထားခဲ့တာတော့ ရက်စက်လွန်း၊ မြန်ဆန်လွန်းပါတယ်။

ဒါပေမဲ့... စိမ်းအတွက်တော့ အငုံ ကျေနပ်ပါတယ်ကွယ်။ ဒါပေမဲ့... လွမ်းတော့ လွမ်းတယ် စိမ်းရယ်... အငုံ့မှာ ဖက် ငိုစရာ၊ တိုင်ပင် ရင်ဖွင့်စရာ၊ ဖြေသိမ့်စရာ အဖော် မရှိတော့ဘူး မဟုတ်လား။ ပြီးတော့ စိမ်းထွက်သွားခဲ့တာ မယုံနိုင်စရာ ကောင်းလွန်းလှတယ်.. ညင်သာလွန်းလှတယ်ကွယ်။

+++++
ဆရာဝန်ရဲ့ မှတ်ချက်က နှလုံးရောဂါ တဲ့။ အသက်နှစ်ဆယ့်ရှစ်နှစ်သာ ရှိသေးတဲ့ မိန်းကလေးတစ်ယောက်က နှလုံးရောဂါကြောင့် အိပ်ယာထဲမှာ အိပ်နေရင်း အသက် ထွက်သွားခဲ့ရသတဲ့။ အငုံကတော့ တိုးတိုးကလေး ရေရွတ်နေမိတယ်။ ဟုတ်ရဲ့လား.. ဆရာရယ်... နှလုံးရောဂါလား...၊ စိတ်ရောဂါလား... သေချာရဲ့လား ရှင်။ ဒါပေမဲ့ အတူတူပါပဲနော် ဆရာ။ စိတ်ဆိုတာဟာလည်း နှလုံးသည်းပွတ်က ဖြစ်တာပဲမဟုတ်လား။



ဒါပေမဲ့ ဘယ်သူတွေ ဘာတွေပြောပြော... စိမ်းကတော့ ငြိမ်းအေးရာ ရောက်သွားပြီ။ အင်မတန် လျှို့ဝှက် သိပ်သည်းပြီး တိတ်တိတ်ကလေး ခံစားတတ်တဲ့ စိမ်းက

တိတ်တိတ်ကလေးပဲ ထွက်သွားခဲ့ပြီ။ အမြဲ ညည်းညူလို့ ငိုကြွေးရတဲ့ အငဲ့မှာသာ ဘဝရော ...နာမ် ရော... အားလုံး ပုံ လဲလို့ စိမ်းရဲ့ နောက်ကို တရွတ်တိုက် လိုက် နေရ ဦးတော့မှာပါ။

ခုတော့... ကျမက ဟိုး ရှေးရှေး ပုံပြင်တွေထဲကလို စိတ်သောက ရောက်လို့ ရင်ကွဲနာ ကျပြီး သေဆုံးသွား ရတယ် ဆိုတဲ့ ဇာတ်လိုက်တွေ နေရာမှာ စိမ်းကိုပဲ မြင်ယောင် နေမိပါ တော့သည်။ ။

ဂျီအီးစီ မဂ္ဂဇင်း၊ မေလ ၊ ၁၉၉၄

# မြို့သူ



စမ်းရေစီးသံကို နားထောင်မှ ...
ပန်းရနံ့တွေကို ရှူရှိုက်မှ...
ငှက်ကလေးတွေ မြူးတူးနေတာကို တွေ့ရမှ...
တိတ်တဆိတ် တွေးနေရမှ...
ကျန်းမာရေးကောင်းတတ်တဲ့ ခပ်ဖျော့ဖျော့ မိန်းမတစ်ယောက်ဟာ..
မြို့ကြီး ကို ဘယ်လို ရင်ဆိုင်မလဲ။
တကယ်ဆို အဲဒီ မြို့ကြီးမှာပဲ.. သူ့အဖေကို ပြာချခဲ့တာ..
အဲဒီ မြို့ကြီးမှာပဲ သူ့ကို မွေးခဲ့တာ....
အဲဒီ မြို့ကြီးမှာပဲ သူ့ဘ၀ ဖြစ်ခဲ့... ပျက်ခဲ့ဖူးတာ...
အဲဒီ မြို့ကြီးမှာပဲ သူ့ကို အင်မတန် စောင့်ရှောက်တဲ့ အမေ ရှိနေတာ...
အဲဒီ မြို့ကြီးမှာပဲ သူ့ရဲ့ သွေးသားတော်စပ်တဲ့ သူစိမ်းတွေလည်း ရှိနေကြတာ...။
ဒါဖြင့်.. ဘာကြောင့်များ အဲဒီ မိန်းမက မြို့ကြီးကို စိမ်းသက်နေရတာလဲ။
ဒါနဲ့ပဲ အဲဒီ မိန်းမက သူ့ရဲ့ အဝေးရောက် ချစ်သူဆီ စာရေးတဲ့အခါ...
မြို့ကြီး နဲ့ သူ့ရဲ့ ပတ်သက်မှု အများကြီးကို ရေးပြရင် စာတစ်ကြောင်းပဲ ရလေတယ်။
"မပျော်ဘူး" တဲ့ လေ။

+++++

နှစ်ပေါင်းများစွာ သူ ထိတွေ့ခဲ့တဲ့ လူသံဆူညံ လမ်းမကြီးပေါ်မှာ တိုးဝှေ့ တွန်းတိုက် လျှောက်နေသည့်ကြားမှပင် အဲဒီ လူရေစီးထဲမှာ သူ အလိုက်သင့် ပျော်ဝင် မျောပါ မသွားနိုင်ခဲ့။ ပြုံးနေတဲ့သူတွေရဲ့ မျက်နှာတွေကို သူ ရဲရဲ မကြည့်ဝံ့။ မျက်လုံးထဲမှာ အက်ကြောင်းတွေကိုပဲ မြင် မြင် နေသည်။ နာကျင်မှုများနှင့် တဖျစ်ဖျစ် မြည်နေသော အက်ကြောင်းများ၊ သူ့လိုပဲ ချစ်သူ နှင့် ခွဲရသော အလွမ်းကြောင့် ထင်သည့် အက်ကြောင်းတွေလား...။ ဒါမှမဟုတ် ပင်ပန်း ချွေးစီးကြောင်းတွေ တိုက်စားခံရသော အက်ကြောင်းတွေလား။ ထို မိန်းမကတော့ အဲဒီ လူတွေရဲ့ နှလုံးခုန်သံတွေကို အကြားမှာ အာဖရိက တောတွင်းက အရိုင်း ပုံသံတွေလား ဟု ထင်မှတ် မှားမိ ခဲ့ သေးသည်။ ထို ပုံသံမှာ စည်းချက် အလိုက် က နိုင်ပြီ ဆိုလျှင်တော့ မြို့သူ ဘဝ မှာ သူ အောင်မြင်တော့မည် ထင်သည်။

မိဘ ဆိုတဲ့ အမည်နာမအပေါ် တာဝန်ကျေဖို့အတွက် သူတို့မိသားစုက စိမ်းစို လန်းဆန်းသော တောင်ကုန်း လွင်ပြင်ကို ကျောခိုင်းခဲ့ ကြရသည်။ သူ အမုန်းဆုံး.. အာတီဖစ်ရှယ်တွေကို လက်ဆွဲ နှုတ်ဆက်ဖို့။ တကယ်ဆို သူက ဟန်ဆောင် ပန်ဆောင်တွေ အပေါ်မှာ အော်ဂလီဆန် တတ်သူ။ သို့ပေမဲ့ ခုတော့လည်း ဟုတ်လို့.. ပြုံးလို့။ အပြုံးရာ အက် ကြောင်းတွေ ကြားမှာတော့ ထားခဲ့ရသော လွင်ပြင်တောင်ကုန်း ဒေသဆီကို လွမ်းသော မျက်ရည်တို့က စီးလို့။



အဲဒီတုန်းက... လွင်ပြင်မှာ သူတို့ ပျော်ရွှင် လန်းဆန်း ခဲ့ကြတာ။ တပ်ငြိစရာ များများ ရှိ မနေသော ပတ်ဝန်းကျင် က ရိုးစင်း ရှင်းလင်း လွန်းလှသည်။ သူတို့ နှစ်ခြိုက် ပျော်ဝင်လျက် တကယ့် အချစ် ဆိုတာကို သူတို့ မိသားစု ယုံကြည် ခံစားခွင့်

ရခဲ့ကြပါသည်။

ထိုအခါ... သား နှင့် သမီး ထံမှာ ယုံကြည်ချက်တွေနှင့်၊ ရောင့်ရဲ နှစ်သိမ့်ခြင်းတွေနှင့်၊ လုံလောက်သော စိတ် သက်သာရာရမှုတွေ နှင့်၊ လူကောင်းလေးတွေ ဖြစ်လာဖို့ မျှော်လင့်ချက်များ နှင့်။ သားသမီးက အဆင့်တစ် ဖြစ် ရန် မလို။ ဆင်ခြင်တုံတရား ရှိဖို့သာ လိုအပ်သည်ဟု သူ တွေးဆဲ... အရွယ်ရောက်လာသည့် သားက၊ ခေတ်မီ တိုးတက် ဖို့... တဲ့။ အမြင်ကျယ် ဖို့... တဲ့။ နည်းပညာသစ်တွေ အတွက်... တဲ့။ လူငယ်တို့ရဲ့ နေရာ... တဲ့။

သို့နှင့်ပင် သွေးသား မတော်စပ်ခဲ့၊ ချက် မမြှုပ်ခဲ့ရပါဘဲနှင့် ချစ်မက်ရပါသော တောမြို့လေးကို ကျောခိုင်းရချိန် ရောက်လာသည်။ သူ လွမ်းဆွတ် ကြေကွဲစွာ မျက်ရည်ကျလျှက်... သူတို့၏ မြို့လေးကို ချန်ထားရစ်ခဲ့ရပါသည်။ သား နှင့် သမီး တို့ကတော့ ပျော်လို့။ ခုမှ ကိုယ့်မြေကို ပြန် နင်းရသတဲ့ လေ။ သူကတော့ စိမ်းသက်သော ရန်နံ့ ကိုသာ ရှူရှိုက် ရလေသည်။

+++++

စိမ်းသက်သောရန့်က တောရိုင်းလည်း ဆန်သည် ထင်၏။ သူ့ အမြင်ထဲမှာ ခုန်ပေါက် ပြေးလွှား မြူးတူးသည့် သမင်ပျို့မ အရိုင်းတွေ၊ မာန်ဖီနေသော ကျားသစ်ပေါက်တွေ၊ ဟန်ထည်သလောက် ရက်စက်မည့် ခြသေ့်တွေ၊ နိမ့်ချ ကြောက်ရွံ့သော ယုန်ကလေးတွေ၊ အလစ် တွယ်တတ်သော ခွေးအ တွေ၊ အပေါ်စီး မှ ခြေကုပ်ယူမည့် သိမ်းစွန်ရဲတွေ....။ အဲလို တောတွင်းဆန်သည့် အငွေ့ အသက်၊ အရောင်၊ အနံ့တွေ.... သူ ညီလာသည်။ တောင်ကုန်း လွင်ပြင်ဆီမှ ရိုးသား ကြိုးစားသော နွားလေး တွေ၊ လေဟုန်စီးသော ပျံလွှား တွေ၊ လူးလာခပ်သော လိပ်ပြာတွေ နှင့် ပန်းစုံတောကို ပြန် လွမ်းမိသည့်အခါမှာတော့ "ကြည်အေး" ရဲ့ "နှောင်တ နောက်ကျ ရပြန်သည်" ဆိုတာလေးက ရင်ထဲ ရောက်လာသည်။ "နှောင်တ"ဟာ အရှုံး ဆိုပဲ။ ဒါဖြင့်... ထပ်မရှုံးချင်သူ အတွက်တော့ နှောင်တ ကို မေ့ပစ်လိုက်ရလိမ့်မည်။ အဲဒီ နှောင်တကို မြှုပ်ပစ်ဖို့ တွင်းနက်နက် တူးစရာ မြေကွက်လပ်ကရော သူ့ရဲ့ မြို့ကြီးမှာ ရှိနေပါ့မလား.... ။ သူမသိပါ... ။

+++++

သား နှင့် သမီး၏ အပြုံးတွေကတော့ လတ်ဆတ် တောက်ပ လာကြလေသည်။ အဲဒီအတွက် မိဘနှစ်ပါးကတော့ နွမ်းရိ...။ သားသမီးတွေကို ရင်အုပ်မကွာ ထားရမှာလား။ လိုအပ်လှသော ငွေကြေးကိုပဲ အချိန်ပေး ရှာဖွေ ပေးရမလား...။ အဖြေပင် မသဲကွဲခင် ဦးစီး

နတ်ကြီးခများ မိုင်များစွာ ဝေးကွာသော နေရာကို သွားခဲ့ရပြီ။ သား နဲ့ သမီး အတွက်... တဲ့။ အဲဒီ ဆုံးဖြတ်ချက်က မှန်သလား... မှားသလား... သူတို့ နှစ်ယောက် ဝေခွဲခွင့် မရခဲ့ပါ။ သား ဆိုတာ... အဖေကို စံပြု ထားတာတဲ့။ ဒါဖြင့်... စံပြဖြစ်တဲ့ အဖေက အဝေးမှာ ဆိုရင် ဘယ်လိုလုပ်မလဲ...။ သား လူပျိုပေါက်ကို အဖေ နဲ့ အမေက ရင်ကြားစေ့ ထိန်းသင့်သတဲ့။ ဒါဖြင့်... သားအတွက် ရုပ်ဝတ္ထု လိုအပ်ချက်များကို ဘာနဲ့ ဖြည့်ဆည်းမှာလဲ။ သူကတော့ ကံကိုသာ အပြစ်တင်တတ်တော့သည်။ သို့နှင့်ပင်... သား နှင့် သမီးတို့ အပြုံးတွေ တောက်ပလေလေ... အဖေ နှင့် အမေ ခများ နွမ်းရိလေလေ...။ အဲဒီကြားမှာပင် တစ်ယောက်ကို တစ်ယောက် အားပေးလို့ ခိုင်မာစေရတာ။ သူတို့နှစ်ယောက် ဘဝအတွက် တရားခံ ရှာမရပါ။

ဘာပဲဖြစ်ဖြစ်... သားသမီးအတွက်တော့ အဖေ နှင့် အမေဟာ လှေခါးထစ်တွေပါပဲ။ ဟိုး အပေါ်အထိ ပင့်တင် ပေး ရမှာလေ...။ အဲဒီအတွက် အနင်းခံရခြင်း၌ တရားခံ မရှိပါ။ စေတနာသာ ရှိပါသည်။

+++++

မြို့ကြီးဆီမှာတော့ တိုက်တာ အဆောက်အဦးတွေက အစ အမြင့်နိုင်ဆုံး မြင့်ကြတာ။ အမြင့်ဆုံး အထိ တက်နိုင် မှပဲ အပေါ်စီးကနေ ကြည့်ခွင့်ရကြမှာ... လွတ်လပ်တဲ့ လေကို ရှူခွင့် ရမှာ... ကံကောင်းလျှင် မိုးကုတ်စက်ဝိုင်း ဆီ ထိ လျှောက်သွားနိုင်မယ့် သက်တံ တံတား နှင့်ပင် မျက်နှာချင်း ဆိုင်နိုင်ဦးမှာ...။ ပြီးတော့ အရာရာ တော်တော် များများကို ကိုယ့်ထက် အနိမ့်မှာ ထားခဲ့ရမှာ။ အဓိက ကတော့ သား နှင့် သမီးကို လွတ်လပ် မျောလွင့် ခွင့် ရစေ ချင်တာပါ။

တောမြို့လေးဆီမှာတုန်းကတော့... ကိုယ်က တောင်ကမူသာသာလောက် အမြင့်မှာရှိလျှင်ပင် တော်တော် ဟုတ်ပြီ။ ကိုယ့်ထက် မြင့်စရာ သစ်ပင် တချို့သာ ရှိ၏။ ကမူကလေးပေါ်မှာ ပက်လက်လှန်ပြီး ကောင်းကင်ကို မော့ကြည့်တော့ အုပ်မိုးနေသော ကောင်းကင်အောက်မှာ လုံခြုံ လှသည်။ ဗျိုင်းဖြူအုပ်တွေကတောင် သူ့ ပိုင်နက် ကို စွန့်ခွာ ပြန်ပြေး သွားကြရတာ။ ဟောဒီ လောကမှာ သူရယ်.. သူ့မိသားစုရယ်.. သူတို့ဘဝရယ်.. သူတို့ အဖြစ် အပျက်တွေရယ်.. သူတို့ ပျော်ရွှင်မှုတွေရယ်... အဲဒါတွေက လွဲလို့... ဘာမှမရှိ၊ ဘာကမှ အရေးမကြီး။



ဒါပေမယ့် သားတို့အဖေက ဟိုး ခပ်ဝေးဝေးက မြင့်မားလှတဲ့ တိုက်ကြီးတွေဆီ မျှော်ကြည့်ခဲ့လေသည်။ ဘဝထဲမှာ မိုးကောင်းကင်ရယ်၊ မြက်ခင်းစိမ်းစိမ်းတွေရယ်၊ လိပ်ပြာတွေ ဖျိုင်းဖြူတွေရယ် ထက်မကသော မြင်ကွင်းကျယ် ကြီးတွေ ရှိသေးကြောင်း သားသမီးတွေကို ပြရမတဲ့။ ပြီးတော့ အဲဒါကမှ သူတို့ ဇာတိတဲ့ လေ။ သို့နှင့်ပင် လှေခါးထစ်တွေ အနာခံပြီးဆင့်။ မြင့်သထက် မြင့်ဖို့ တဲ့။ မြို့ကြီးက လှတော့ လှပါပေသည်။

+++++



ဘာပဲဖြစ်ဖြစ်၊ ခုမှတော့ အသက်ဝဝ ရှူပြီး အမြင့်ဆီ ဆက်တက်ရတော့မည်။ ခြေသလုံး ကြွက်သားတွေကတော့ ခိုင်မာ တောင့်တင်းရဲ့လား။ သူ တွဲခေါ်တက်ရမည့် လက်တွေက သုံးစုံ။ အဲဒီ သုံးစုံလုံး ကိုယ်နဲ့မကွာပါလာဖို့ရာ သူ့ လက်တွေက အားပြည့်မှ ဖြစ်ဦးမှာ။ ရှေ့ဆုံးမှ လက်ဖဝါးကြီးမှာတော့ ပင်ပန်းချွေးတို့ ရွှဲနစ် စေးထန်း။ ဒါပေမယ့် ဟန်လုပ် ပြုံးတတ်နေခဲ့တာ ကြာပြီ။ သားသမီးတို့ ရှေ့မှာဆို မမောဟန်လည်း ဆောင် တတ်ခဲ့ပြီ။ ဒ့ါထက် ပိုကောင်းသော ရလဒ်ကတော့ အရာရာကို သည်းခံနိုင်စွမ်းတွေ ပို မြင့်လာခြင်း

ပါပဲ။

ခုတော့.. မြို့သူဘဝမှာ အတော် နေသားကျပြီ။ အသက်ကြီးကြီး၊ ရာထူးကြီးကြီး ဆရာမတစ်ယောက်ဖြစ်သော ကိုယ့်ကို သားသမီးအရွယ် တပည့်ကလေးက ပခုံးချင်းတိုက်ပြီး ရင်ကော့သွားတဲ့အပေါ်မှာလည်း ပြုံးနိုင်ပြီ။ လိုင်းကားပေါ်က ယာဉ်မောင်းရဲ့ ပျစ်ပျစ်နစ်နစ် ဆဲရေးသံကြားမှာလည်း မေတ္တာသုတ် အရွတ်မပျက် နေတတ်ပြီ။ စပယ်ယာက "တုန်ချည့် တုန်ချည့် လုပ်မနေနဲ့" လို့ ငေါက်တာကိုလည်း နာခံတတ်ပြီ။ ညနေတိုင်း ဥပုသ်စောင့် ရင်း ကုသိုလ်လည်း ရ သားသမီးဝမ်းလည်း ဝ ဆိုတဲ့ ဆိုရိုးတောင် ထွင်တတ်နေပြီ။ နောက်ဆုံး အနှစ် နှစ်ဆယ် ကျော် ရင်းနှီးပေးဆပ်ခဲ့ရတဲ့ ပညာတွေကိုတောင် ဘီရိုထဲ သော့ခတ်သိမ်းပစ်ဖို့ ဝန်မလေးတော့ပြီ ထင်၏။

သား လူပျိုပေါက်ကတော့ သံစဉ်များနှင့်အတူ ပေါက်ပေါက်ကွဲကွဲ ရင်ဖွင့်ခွင့် ရလေသည်။ ဟစ်ဟော့ ပဲ ဖြစ်ဖြစ်... ရက်ပ် ပဲ ဖြစ်ဖြစ်... အောလ်တာနေးတစ် ပဲ ဖြစ်ဖြစ်... သေချာတာကတော့ ရင်ထဲ ပေါ့သွားစေတာ အမှန်ပဲ... တဲ့.. သားက။ ငါးနှစ်အရွယ် သမီးကလေးကလည်း ကက်ဝေါ့(Catwalk) လျှောက်တယ်တဲ့... သူ့မျက်နှာလေး ပြုံးပြုံး ပြုံးပြုံးနဲ့... ဟုတ်လို့။ သူ့ အဖေကတော့ သမီးကလေးရဲ့ အမူအယာမှာ စိတ်ပူချင်သတဲ့။ တော်ပြီ... သူ့အဖေကို ခေတ်ထဲ သိပ်မခေါ်ဘဲ ချန်ထားမှ ဖြစ်မည်။ နေပေ့စေ.. သူ့အလုပ်တွေနှင့် သူ ဖိစီး နေပါစေ။ ပြီးတော့ သူ့အဖေ ကို အစစ ပြည့်စုံသောဘဝလည်း မရစေချင်သေးဘူးလေ။

အစစပြည့်စုံတဲ့အခါ လူ့စိတ်တွေ ဖေါက်ပြန်တယ်ဆိုတဲ့ အယူအဆကို ယုံသည်။ ဒေါ်ကြည်အေး ပြောသလို အလှာ ကွာသွားတဲ့ သူငယ်ချင်းတွေကြားမှာ "အရင်ကလို"ဆိုတဲ့ စကား မရှိနိုင်တော့ဘူး ဆိုလား...။ အဲဒီ စကား ကိုလည်း ယုံသည်။ လူတွေက ပိုက်ဆံကို ဝတ်ပြီး ပိုက်ဆံကို စားကာ ပိုက်ဆံကိုပဲ ပေါင်းသင်းနေကြတာကိုလည်း ယုံသည်။ ပြီးတော့ လူတွေက ဈေးနှုန်း နှင့် တန်ဖိုးကိုပင် ခွဲခြား မသိတော့လောက်အောင် ညံ့ ညံ့ လာတာကို လည်း ယုံသည်။ "အပြုံး"ဆိုသော ဝေါဟာရကပင် တွန့်လိမ်လာတယ် ဟု ယုံသည်။

အဲဒီ ကာလမှာပဲ ... ကဗျာဆရာ သစ်ကောင်းအိမ် က ရေးတယ်။

ကမ်းခြေတိုင်းဟာအပန်းဖြေစခန်း ဖြစ်လာ ...<br>
ဘစ်ကားပေါ်က ထိုင်ခုံ တစ်နေရာ ဇိမ်ခံပစ္စည်း ဖြစ်လာ...<br>
နည်းပညာက အိပ်ယာထဲထိ ရောက်လာတယ်...<br>
တတိယလှိုင်းဟာ တတိယကမ္ဘာကို ရောက်လာတယ်...<br>
လိင်စိတ်ဟာ ဆန်းလာတယ်...

စစ်ပွဲဟာ ဆန်းလာတယ်...
သေခြင်းတရားတွေကလည်း အဆန်းတကြယ်...
သမိုင်းဟာ နိဂုံးချုပ်ခဲ့ပြီ။
လူတွေကရော နိဂုံးချုပ်ဖို့လား...
သြော်...
လပေါ် လုတက်ရာက မေတ္တာတော်နဲ့ ဝေးခဲ့ကြ၊
ကမ္ဘာကြီးက ရွာဖြစ်ခဲ့ပြီ.... ။

"ကြောင်စုန်း" ဆိုတဲ့ အဲဒီ ကဗျာကို ဖတ်ပြီး မြို့သူ ဟာ အားရပါးရ ပြုံးတယ်။ ခဏကြာတော့ မျက်ရည်ကျတယ်။ ပြီးတော့ သူ့ရဲ့ ရေးလက်စ စာမူကို ဆုတ်ဖြဲပြီး အောက်ခြေမှာ ပြီးပြီလို့ ရေးပြီး လက်မှတ်ထိုးတယ်။ သူ့မှာ ဆက်ရေးစရာ မရှိတော့ဘူး။

+++++

မောင် ပြန်လာရင်တော့ အရွယ်ရောက်လာမယ့် သမီး ကို တောင်ပံတွေ အောက်မှာ လုံလုံ သိမ်းဝှက်နိုင်မယ့် တောင်ကုန်းလွင်ပြင်ဆီ ပျံပြေးကြဖို့ စိတ်ကူးမိသည်။ မောင်က သဘောတူမှာလား...။ အရင်ကလိုပဲလေ... တောအုပ် နဲ့ မနီး မဝေး၊ ပင်လယ် နဲ့ မလှမ်း မကမ်း၊ ရေချိုမြစ် နဲ့ အနီး အပါး၊ ပန်းခင်းတွေလည်း သန်စွမ်းရာ....။ ခပ်ဝေးဝေး တစ်နေရာကိုလေ...



မြို့လူ အချို့ကတော့ ခပ်ဖွဖွ ဟားလိမ့်မည် ထင်သည်။ သူ့ကို ဘယ်လို "ခရေစီ" လို့ နာမည်တပ်ကြဦးမလဲ မသိ။ သူကတော့ ခပ်ဖွဖွ ပြုံးပါမည်။ ကိစ္စ မရှိပါ...။

သူ့အတွက်ကတော့ ဘဝမှာ အရေးကြီးဆုံးက သူတို့ရဲ့ ကမ္ဘာကလေး ပျော်ရွှင်သာယာရေးသာ ဖြစ်ပါသည်။ ပြီးတော့ အေးချမ်း ရောင့်ရဲစွာ သဘာဝဝန်းကျင်ထဲ တိုးဝင်ခိုလှုံဖို့၊ လတ်ဆတ် သန့်ရှင်းတဲ့ လေပြေကို လွတ်လွတ်လပ်လပ် ရှူရှိုက်ဖို့၊ ပြီးတော့ ဟင်းသီး ဟင်းရွက် စိမ်းစိမ်း စိုစိုတွေ ဝဝ စားသုံးဖို့၊ ပြီးတော့ ဇနီးမောင်နှံ နှစ်ယောက် ပွင့်လင်း ရိုးသားစွာ စွဲလန်း ချစ်ခင်နိုင်ဖို့ ဆိုတာတွေကတော့ ပူးတွဲ လိုအပ်ချက်တွေ ဖြစ်မည်။

သူ လောဘများကြီးမိ လေသလား၊ မဟုတ်ပါ။ သူတို့ နေခဲ့ဖူးရာ တောမြေ လွင်ပြင်ဆီမှာတော့ ထိုအရာတို့ကို လွယ်လင့်တကူ ရနိုင်သည်...။ တစ်ခုတော့ ရှိသည်။ ထိုတောမြေ အရပ်ကလေးက "မြို့" ဖြစ်မသွားသေးဘူး... ဆိုရင်ပေါ့လေ။

လောလောဆယ်မှာတော့ ဒီ မြို့သူမ က မျက်နှာမှာ အကောင်းစား ကရင်မ်တွေ လိမ်း၊ နှုတ်ခမ်းနီ ပါးနီ အထပ်ထပ် ဆိုး..။ ရေမွှေး အဖိုးတန်တွေ နာနာဆွတ်လို့ ။ အလှဆုံး ပြုံးရင်း နေ့တိုင်း နေ့တိုင်း ကြောင်စုန်းတွေနဲ့ လက်ဆွဲ နှုတ်ဆက်ကာ ချစ်သူ ပြန်အလာကို စောင့်မျှော် နေလေသည်။

မေငြိမ်း

၂၀၀၄ ၊ မေလမဟောသီမဂ္ဂဇင်း။

# တောသူ

ခုတလော ကြည့်မှန်မှာ အသားညိုညို မျက်နှာပြဲပြဲနှင့် ကိုယ့်ကိုယ်ကို ကြည့်ကာ "တောသူ" ဟု အံကြိတ်ပြီး ခဏခဏ ပြောမိလေသည်။ ကြည့်လေ… လတ်ဆတ်သော လေကိုရှူ၊ လတ်ဆတ်သော အသီးအရွက်တို့ကို စား၊ လတ်ဆတ်သော မြင်ကွင်းတို့ကို ကြည့်၊ နေရောင်နှင့် မိုးစက်တို့သည်ပင် ကျမထံပါးမှာ ထူးထူးကဲကဲ လတ်လတ်ဆတ်ဆတ် ခံစားရလေတော့ ထိုလတ်ဆတ်မှုများကို စားသုံးခွင့်ရသော ကျမက အသားတွေက ညို၊ ခန္ဓာကိုယ်ကပင် ဝဖြိုး တုတ်ခိုင်လျှက်၊ တကယ့်ကို ကိုယ့်ကိုယ်ကို "ကင်ပွန်းတပ်" ထားသလို၊ ကျမက တောသူမကြီးလို လန်းဆန်း စိုပြေနေသည်ဟုပင် ထင်၏။ ပြီးတော့ စိတ်နှလုံးတို့မှာလည်း လန်းဆန်း ကြည်လင်လျှက်၊ ဘယ်လို လောဘမှလည်း ရှိမနေတော့ပြီဟု ယုံချင်သည်။

အဲဒါဟာ အမှန်ပဲလား…။ ပြီးတော့… အဲဒါဟာ အဆိုးလား၊ အကောင်းလား။ ကိုယ်တိုင်လည်း ဝေခွဲမရပါ။ ဒါပေမဲ့ သေချာတာကတော့ အဲဒီလို "တောသူ" ဘဝမှာ ကျမ ဘာကိုမဆို မေ့ချင်ဟန် ဆောင်နေလို့ ရတာတော့ အမှန်ပင် ဖြစ်ပါသည်။

ကျမရဲ့ ရှေ့မှာ ပင်ကူအိမ်တွေ ဖုံးလွှမ်းနေသော မြင်ကွင်းတို့ ရှိသည်။ ထိုအခါ ရှေ့ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်ရ။ ဟိုဘက်ဆီကလည်း ကျမကို မြင်နိုင်မှာမဟုတ်ဟု ထင်ချင်သည်။ ချောင်းကြည့်တော့လည်း ဝိုးတဝါး သာ။ တကယ်ဆို တိုးထွက် ဖေါက်ဝင်သွားဖို့လည်း အလွယ်ကလေးပဲ။ သို့ပေမဲ့ ခုအတိုင်းပဲ နေချင်သည်။ အနည်းဆုံးတော့ မပတ်သက်သလို ဟန်ဆောင် ကျောခိုင်းထား၍ ရသည်။ ပြီးတော့ တိတ်တဆိတ် ကြိတ် ငို နိုင်သည်။ ဟိုတဘက်က မြင်ကွင်းတွေကို မြင်ရရက်နှင့် တိတ်တခိုး ပုန်းခိုရတာ စိတ်လှုပ်ရှားစရာလည်း ကောင်း သည်။ တခါတခါ ကျမ ခင်ပွန်းက ကျမကို တောခိုနေတာဟုပင် စွပ်စွဲ တတ်သေးသည်။



ကျမရဲ့ အိမ်ခန်းကလေးရှေ့မှာ ခင်ပွန်းဖြစ်သူ စိုက်ပျိုးထားသည့် အပင်ကျိုးကျဲလေးတွေ ပြည့်နေသည့် မြေကွက်လပ်လေး ရှိသည်။ ဒန့်သလွန်ပင်ပျိုလေးတွေက အရွက်ဖားဖား ဝေမယ်မှ မကြံခင် အပွင့်တွေ ဝေ၏။ ပြီးတော့ သူ့အလိုလို ပေါ်လာသော လေးကျွန်းကြာခိုင် နှင့် နှင်းပန်းရုံတွေ၊ တောနှင်းဆီ၊ တောစံပယ်တွေ။ အရင် အဆက်ဆက်လူတွေ စိုက်ပျိုးခဲ့သော မျိုးစေ့ အကြွင်းအကျန်များ ဖြစ်လိမ့်မည်။ အဟောင်း..အကြွင်းအကျန်ပေမဲ့ ပေါင်းသင် ရေလောင်း မွမ်းမံလိုက်တော့လည်း အသစ်တွေ လန်းပွင့် လာတာပဲ။ အိမ်အတက်အဆင်း လှေခါးနံဘေးမှာတော့ Morning Glory ပန်းတွေက ဖွေးလှုပ်လို့။ ကျမစိတ်ထဲ ပန်းတွေကို ကြည့်ရတာ အသက်ရှူ ဝ သည်။ ရင်အေးသည်။ ဒါနဲ့ပဲ မောင်က ကျမကို အိမ်ရှေ့မှာ ပန်းတောအုပ်ကလေး ဖြစ်အောင်ကို ဖန်တီးပေးဦးမှာ တဲ့။ ဒါဆို ကျမ ပျော်ရပြီလား။

ကျမကတော့ သစ်ပင် ပန်းပင်တွေရဲ့ အရိပ်အောက်မှာ ဘာကိုမှ မမြင်ရအောင် ပုန်းခိုလို့ ရရင် တော်ပြီ။ အနည်းဆုံးကတော့ စိတ်ထဲ အေးမြ လုံခြုံ၏။ တခါတခါ မောင့်ပန်းတောအုပ်ကလေးနှင့်ပင် မလုံလောက် တော့ဘူးလို့ ခံစားရလျှင်တော့ အိမ်ဝင်းနှင့် မဝေးလှသော နေရာမှာ ကိုယ့်ကို အုပ်မိုး ငုံ့ကြည့်နေသလို ရှိသော တောင်ဝိုင်းဆီက တောအုပ်ပျပျတွေဆီကိုပဲ အားကိုးတကြီး ကြည့်ရပြန်သည်။

တကယ်တမ်းကျတော့ ခဏခဏပင် ကျမက အဲဒီ တောင်ညို တောင်ဝိုင်းဆီ လှမ်းမျှော်ရင်း "မုန်းတယ်" ဆိုတာကို တီးတိုး တိုင်တည် ရင်ဖွင့်ရတာပါပဲ။
မုန်းတယ်။
အချစ်ဝတ္ထုတွေကို မုန်းတယ်။
အပြုံးတွေကို မုန်းတယ်။
ကဖေးဆိုင် ယဉ်ကျေးမှုကို မုန်းတယ်။
ခေတ်ရေစီးကြောင်းကို မုန်းတယ်။

အမျိုးအမည် သတ်မှတ်ထားတဲ့ အနုပညာ ဆိုတာတွေကို မုန်းတယ်။
မျက်လုံးတွေ တော်တော်များများကို မုန်းတယ်။
ဘဝ ဆိုတာကြီးကိုလဲ မုန်းတယ်။



(ဒါဖြင့် ကျမက စိတ်ချမ်းမြေ့နေတာ မဟုတ်ဘူးတဲ့လား) တကယ်က ကိုယ်တိုင်လည်း ဒေါသသင့်နေသူ။ ပေါက်ကွဲ ဒေါသရော၊ မြိုသိပ် ဆုတ်နစ် ဒေါသရော။ ကိုယ်ထဲမှာ ပီတိဆိုတာပင် ရှိတတ်သေးရဲ့လား မသိ။
တဖြည်းဖြည်းနှင့်ပင် နလုံးတို့ ကျုံ့ဝင်ကာ .....
ကာလတစ်ခုမှာတော့ ကျမက အိမ်ရှေ့ဆီက ခရေပင်လေးရဲ့ အခေါင်းပေါက် သေးသေးလေးထဲမှာ ခဲရာခဲဆစ် ပုန်းခိုတွယ်ကပ် နေသော မှိုပွင့်ကလေး ဖြစ်သွား တတ်ပြန်သည်။

မှိုပွင့်ကလေးဆိုတော့လည်း ထိလွယ် ရှလွယ် ကြေမွလွယ်ပြန်သည်။ အကာအကွယ်ယူဖို့ အားမွေးတော့ ဝန်းကျင် မှာ ကလေးတွေကိုပဲ အားကိုးတကြီး ရှာတွေ့သည်။ သူတို့ကို သင်ကြားပေးဖို့ ပြုစုပျိုးထောင်ဖို့ဆိုတာ ကျမ အတွက်တော့ စိတ်သက်သာရာ ရစရာ သက်မွေးဝမ်းကြောင်းလည်း ဖြစ်သည်လေ။
ကလေးတွေကိုသင်ဖို့ ဝတ္ထုရှည်သင်ရိုးအတွက် စာအုပ်တွေရှာ၊ နာနာဖတ်။ "ဂန္ထဝင်စာပေစာတမ်းများ၊ အတ္ထုပတ္တိစာပေစာတမ်း၊ ရသစာပေအဖွင့် နှင့် နိဒါန်း၊ ဓါး သံလျက် နှင့် ပန်းပွင့်၊ ကြာပန်းရေစင်၊ ကျွန်တော် ဆက်၍ ရေးချင်သောဝတ္ထုများ၊ Modern Literary Theory များ၊ စာပေရေးရာ ဆောင်းပါးများ" ဒါပဲလား။ ဒါနဲ့ပဲ လုံလောက်ပြီလား။ ကျမ ဘဝ တစ်လျှောက်လုံး သုံးဆယ့်ငါးနစ်ထိတိုင် စာဖတ်ခဲ့သမျှသော အတွေ့အကြုံများ။ အများကြီးဖြစ်နိုင်မည်..။သေချာတာကတော့ ကလေးများအတွက် အဆိပ်တော့ မသင့်စေရပါ။

သူတို့တတွေကို အများကြီး ပေးချင်သည်။ ယူကြမှာလား။ တံခါးတို့ကတော့ ပိတ်ထားကြ၏။ "တကယ်တော့ ဝတ္ထုဆိုတာ ဖန်တီးသူရဲ့ အသည်းနှလုံးကို ဦးနှောက်နဲ့ စီခြယ် မွမ်းမံ ပြထားတာပါ"။ "ဆရာမတို့က သူတို့ အသည်း နှလုံးရဲ့ အရောင်၊ အနံ့၊ အရသာကို မြင်အောင်ကြည့်ကြမှာ၊ ပြီးမှ ကိုယ်သိဖူးတဲ့ ကိုယ် လေ့လာထားတဲ့ ပေတံတွေနဲ့ သူ့ဆီက နည်းပညာ ဆိုတာကို ရှာရမှာ။ ဆရာမကတော့ သူ့နှလုံးသားကို ရှာဖို့ပဲ ပို စိတ်ဝင်စားတယ်။ နည်းပညာကိုတော့ သိပ်စိတ်မပါဘူး။ ဒါပေမဲ့လည်း သီအိုရီအရ...." ။ ကျမရဲ့ Lecture တွေက အဲဒီ နည်းပညာပိုင်းရောက်လျှင် နည်းနည်းတော့ ပျင်းစရာ ကောင်းသွားတတ်သည်ဟု ထင်သည်။

ပိတ်ထားသော တံခါးရွက်တို့က ဖွင့်ရခက်၏။
ကျမ သိသမျှ ချပြသမျှထဲက ကလေးတွေက လိုသလို ကောက်ယူတတ်လျှင် ကောင်းမည်။ တခါတလေတော့ ပုံသေကားချ နည်းစနစ်တွေကို မသိချင်ဟန် ဆောင်ချင်သည်။ အသက်ရှူ မဝ ဖြစ်ရပြန်သည်။ ထိုအခါ ကျမက တောအုပ်ကလေးတွေဆီ ပြန်ပြေးရ၏။ ပြီးမှ ခပ်တိုးတိုး ရင်ဖွင့်ရသည်။ မုန်းလိုက်တာ.........။

ပင့်ကူမျှင် အထပ်ထပ်တွေရဲ့ တဘက်မှာ တံခါးရွက်တို့ အလုံးစုံပွင့်နေသော ကမ္ဘာတခြမ်းကို လှမ်းတွေ့ရ သည်။ အဲဒီမှာ နေရောင်တွေ လင်းပွင့် ပြိုးပြက် ၊ ပန်းတွေ စုံညီပွင့်၊ ပြုံးရယ်ရွှင်ပျ လွတ်လပ်ခိုင်မာ မျက်နှာတွေနှင့် ။



တန်ဖိုးမရှိသော ငြင်းခုန်သံများလည်း မရှိ။ စာမျက်နှာ ဖြန့်းတီးမှုတွေ မရှိ။ တီထွင်ကြံဆခွင့်များသာ ရှိလေသည်။ သို့နှင့်ပင် ကျမရဲ့ ကြိတ်မှိတ် တို့သုတ်ရသော မျက်ရည်များတို့ကဖြင့် ပူလောင်ကြလေသည်။
ကျမ ဘာကို လိုချင်နေတာလဲဟင်....။

လိုချင်တာတွေကတော့ဖြင့် အများကြီးပါပဲ။ လွတ်လပ်သော မြို့ပြတစ်ခု၊ ပြီးတော့ အေးချမ်း

ဆိတ်ငြိမ် ရဦးမည်။ မနာလို ဝန်တိုခြင်းတွေလည်း မရှိရ။ လေ့ခါးထစ်တွေကိုတော့ လိုချင်သည်။ ဟိုး.... မိုးအမြင့်ထိ မြင့်ပစေ။ လောလောဆယ်တော့.... ကျမရဲ့ ချိုင့်ဝှမ်းထဲမှာ တောအုပ်တို့သာ အထပ်ထပ် ရှိလေသည်။

------

တကယ်ကျတော့ဖြင့် မောင့်ရဲ့ ကျေးလက်တောအုပ်ကလေးထဲမှာလည်း ကျမ မပျော်နိုင်ပါ။ ကိုယ့် ကိုယ်ကိုလည်း တောသူလို့ ညာယူလို့ မရ။ ကျမ မျက်လုံးများကို ဖုံးကွယ်ထားလို့မှ မရဘဲ။ ကျမက လတ်ဆတ်သော လေကို၊ တသွင်သွင် စီးသော ချောင်းရေကို၊ ဝေဆာသော ပန်းတွေကို၊ သာယာစွာသော ကျေးငှက်သံတို့ကိုသာ ချစ်ခဲ့ တာပါပဲ။ ရိုးအ သော်လည်း မရိုးသားကြသော၊ လောဘနည်းပြီး ပျင်းရိသော၊ ကိုယ့်ကိုယ်ကို ထက် သူတစ်ပါးကိစ္စကို ပိုစိတ်ဝင်စားကာ အဆိုးမြင် လွယ်သော၊ ရွံ့နွံရနံ့ ထုပြောလျက်မှ ဟန်များလှသော နယ်မြို့ကလေးကို တကယ်မှာတော့ ကျမ မချစ်နိုင်ခဲ့ပါ။ ဒါဖြင့် အေးချမ်း ရိုးသားခြင်းနှင့် ဖွံ့ဖြိုး တိုးတက်ခြင်းကို ကျမ အတူတွဲ မရနိုင်တော့ပြီ ထင်သည်။

ထိုအခါ... ကွန်ပျူတာရဲ့ ကြွက်ကလေးကို ကိုင်ရင်း ဖျောက်ချင်ရာရာ အစိတ်အပိုင်းတွေကို ခဏခဏ Auto- hide လုပ်ရင်း ကိုယ့်ကိုယ်ကိုလည်း အဲလို ခဏခဏ ပုန်းပစ်လို့ ရရင် သိပ်ကောင်းမှာပဲဟု စိတ်ဖြေဖြစ်ပြန် သည်။

ကဲ... ကျမ ကိုယ်တိုင်ကရော မညံ့ပါလား...။ ရင်ဆိုင်ခြင်းထက် ရှောင်ပြေး ပုန်းခိုခြင်းကိုပဲ ရွေး ရွေး နေရတာ။ ပြီးတော့ တလောကလုံးက ကိုယ့်ကို နားလည် လက်ခံ စေချင်ကြတာတဲ့။ ကိုယ်တိုင်ကျတော့ဖြင့် ဘယ်သူ့ကိုမှ နားမလည်သူ။

-------

တခါက ကျမ မြတ်နိုးသည့် အနုပညာရှင်ကြီးတစ်ယောက်က အသုဘပွဲတစ်ခုကို ချည်စောင်ကြားကြီး တစ်ထည် ခြုံကာ တက်ရောက်ခဲ့ဖူးသည်။ သူက စွယ်စုံရ အနုပညာရှင်။ နေပူပူ၊ လူထူထူထဲ သူ့ကို ကြည့် ကာ လူတချို့က တီးတိုး ဆို၏။ ကြိတ် ရယ်ကြ၏။ နှာခေါင်း ရှုံ့၏။ ကျမကတော့ မရယ်မိ။ ဒါ သူ့ လွတ်လပ်ခွင့်။ ပြီးတော့ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှလည်း မထိခိုက်စေပါ။ သူ့ရဲ့လွတ်လပ်သော ဖန်တီးမှု၊ လွတ်လပ်စွာ ဖန်တီးခွင့်။

တချိန်ထဲမှာ ကျမ တွေးနေသည်။ တကယ်လို့များ သူသာ အနောက်တိုင်း တနေရာဆီက ဖြစ်ခဲ့လျှင်တော့ အခု ရယ်ကြ၊ နှာခေါင်းရှုံ့ကြသူတွေကပဲ 'ဒါဟာ.. ပါဖေါမင့် အနုပညာ

(Performance Art) ' ဟု အမည်တပ် ကြဦးမည် ထင်သည်။ ခု.... ကိုယ့် အချင်းချင်းကျတော့ ကျိတ်ရယ်ကြလေသည်။ မုန်းလိုက်တာ.........။

ဒါကြောင့်ပဲ ကျမက မျက်လုံးတွေကို မုန်းတော့တာ။ အနုပညာဖန်တီးသူအတွက် အမည် ပညတ် သတ်မှတ်ချက် မလို။ ဆိုင်းဘုတ် မလို ဟု ကျမ ယုံသည်။ လွတ်လပ်စွာ ယုံကြည်၊ လုပ်ပိုင်ခွင့် ရှိသည် ဟုလည်း ယုံသည်။

ထိုအခါ ကျမ၏ အသည်းနှလုံးဆီမှာ ဂန္ထဝင်(Classics) မရှိ၊ မော်ဒန် အနုပညာ(Modern Art) မရှိ။ ဘာ သတ်မှတ်ချက်၊ ဘာ ပုံစံ၊ ဘာ Ism မှ မရှိ။ မလိုအပ်။ တစ်ခုပဲ လိုသည်။ ရင်ထဲ၊ ဦးနှောက်ထဲဆီက တားမနိုင် ဆီးမရ၊ ပွင့်ထွက်လာသော ဖန်တီးလိုမှု စစ်စစ်သာ လိုသည်ဟု ကျမ ရင်ဖွင့်ချင်ပါသည်။

-----------

ထိုနေ့ နေ့လယ်ခင်းမှာ ပန်းတွေ ပွင့်လှ၏။ လေ ငြိမ်ပြီး နေက လင်းလွန်းသည်။ ကျမရဲ့ အိမ်ခန်းကျဉ်းထဲမှာတော့ အေးမြသား။ သမီးလေးက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေခဲ့သည်။ ကျမကတော့ သီချင်းတစ်ပုဒ် နားထောင် နေသည်။ အသည်းကွဲတေးတစ်ပုဒ်ပေမဲ့ စကားလုံးတို့က ဆန်းသစ် လေးနက်၏။ အဆိုတော် လူငယ်လေး၏ ခံစားမှုအားကိုလည်း သီချင်းအသံထဲမှာ ကြားရသည်။ ညည်းတွားလိုက်၊ ကြေကွဲလိုက်၊ နာနာ ကျည်းကျည်း အော်ဟစ်လိုက်။ သံစဉ်တွေက မညီညာ။ အတက်အကျ ပြင်းပြင်း၊ ဘေ့စ်သံ ရိုက်ချက် ကလည်း ပြင်းပြင်း။ ကျမ နှလုံးတို့ပင် အညီအညွတ် လိုက်ခုန်သည် ထင်၏။ ခုန်ပေါက် စီးဆင်းသော တေးသွားထဲမှာ သီဆိုသူ ရဲ့ ရင်ခုန်သံ ကိုပါ ကြားရသည်။ သမီးလေးက မနိုး။ ကြားနေကျ ငြိမ့်ညောင်းသံစဉ် မဟုတ်ပါဘဲနှင့် သမီးက ငြိမ့်ငြိမ့် အိပ်၏။ သမီးလေးကရော အဲဒါကို ဂီတလို့ လက်ခံတယ်လား ဟင်။

ခင်ပွန်းက ကျမကို ပြောသည်။

"မင်း ဒီသီချင်းကို နားထောင်လို့ ရသေးတယ်။ တောသူ မဖြစ်သေးဘူး" တဲ့။
ကျမ လက်ခံ ပြုံးလိုက်ပါသည်။
"ဟုတ်တယ်။ ဒီ သီချင်းမျိုးကို ကြိုက်တယ်" ။
သူက ခေါင်းညိတ်ပြပြီး
"အဲဒါကို Alternative လို့ ပြောကြတာပဲ"တဲ့။
(သွားပြီ။ စိတ်ပျက်လိုက်တာ ကွယ်။ ကျမ ခံစားနေတာ ရင်ခုန်သံ တစ်ခုကိုပါ။ ပစ္စည်းတစ်ခုကို မဟုတ်ပါဘူး။ အမျိုးအမည် တစ်ခုခုလည်း မဟုတ်ပါဘူး။) ကျမ Stop

ခလုတ်ကို နှိပ်လိုက်မိတော့သည်။ ခင်ပွန်းက နားမလည် နိုင်သော အကြည့်ဖြင့် ကြည့်၏။ ကျမ သက်ပြင်းသာ ရှိုက်လိုက်သည်။ သူ့ကိုလည်း မဆွေးနွေးချင်တော့ပါ။ ကျမ နှင့် အတူရှိနေသူကို ကျမနှင့် တသားတည်းကျသော နလုံးသား ရှိရမည်ဟု သတ်မှတ်ရန် မလွယ်ပါ။ ဒါကိုတော့ ကျမ နားလည် လက်ခံ ရပါလိမ့်မည်။

ကျမက ကိုယ်တိုင် ဖန်တီးသော အနုပညာကို ကိုယ့်ဘာသာ နာမည်တပ်ခြင်းမျိုး။ ဒါမှမဟုတ် နာမည်တပ် ပြီး သား အနုပညာ ပုံစံတစ်ရပ်၏ နောက်က လိုက်ခြင်းမျိုးကို မကြိုက်။ သည်တော့ ကျမ တတ်နိုင်သမျှကို ကျောခိုင်း။ အဲ့ဒီ နေ့လယ်ပူပူမှာ ပန်းပင်တွေကိုပဲ ပေါင်းသင် မြေဆွ ရတော့သည်။ ပန်းပင်တွေ မြင့်မားကာ ကျမ မြင်ကွင်းတွေကို ပိန်းပိတ် ကာကွယ် သွားမည်ဆိုလျှင် ဘယ်လောက် ကောင်းလိုက်မလဲ။ ပန်းပင်တွေ ပွင့်ဝေနိုင်ဖို့လောက်တော့ဖြင့် ကျမ ဖန်တီးနိုင်မည် ထင်ပါသည်။

-----------

မနေ့တနေ့ပင် ဒေါက်တာသန်းထွန်းရေးသော စာထဲက "နိုင်ချင်လို့ အရှုံးခံတယ်" ဆိုတာလေးကို ဖတ်ပြီး အရှုံးခံ ခဲ့တာ များပြီး အနိုင်မရနိုင်လွန်းတဲ့ ဘဝကို ကြေကွဲမိသေးသည်။ ပြီးတော့ တိတ်တိတ်လေး ရှက်နေမိပြန်၏။ ခုထိ လွမ်းစရာမရှိဘဲ နာစရာများသော ကိုယ့်သမိုင်းကို Auto-hide လုပ်ချင်သည်။ (အရှုံးပေးလွန်းရာ ကျမှာကို လည်း စိုးသေး၏)။ ထိုအခါ.... ပိတ်ထားသည့် တံခါးရွက်တွေကို နာတတ်သော အနာက ထပ်နာ ပြန်သည်။

မဂျူး ရဲ့ "ချစ်သူရေးတဲ့ ကျမရဲ့ ညတွေ" ကိုလည်း ဖတ်မိပြန်သည်။ သည်တော့လည်း နလုံးတို့ ဆတ်ဆတ် တုန်ခါကာ ပင့်ကူမျှင်တွေကို ယောင်ယမ်း ဆွဲဖယ်မိတော့မလို ဖြစ်မိသေး၏။ မဖြစ်နိုင်ပါ။ ကျမ၏ လက်တို့က တောအုပ်ထဲ၌ နေသားကျကာ ရေညှိအထပ်ထပ်ဖြင့် လေးလံ စွဲမြဲနေခဲ့ပြီ။ မဂျူးပြောတဲ့ ပန်းချီကားတွေကို မြင်ယောင်တော့ မျက်ရည်ပင် လည်ချင်သည်။ သို့ပေမဲ့ အမည်သတ်မှတ်ချက်တွေ နည်းပညာ ရှင်းလင်းချက် တွေကိုတော့ ကျော်လွှား သွားမိသည်။ နလုံးသားတွေကိုပဲ တွေးယောင်ကာ လွမ်းနေရတာ ကျေနပ်လှသည်။

ထိုအခါကျမှပဲ အိပ်မက်မှ လန့်နိုးသူလို ယောင်ယမ်း ထကြည့်မိတော့ ပင့်ကူမျှင် အထပ်ထပ်တွေရဲ့ နောက်မှာ ရိန္စမ်းနေသည့် မှိုပွင့်ငယ်ငယ်လေးကို သနားစဖွယ် တွေ့ရလေသည်။

တောအုပ်တွေ နောက်ကွယ်က စပါးပင်တွေအကြားမှာ ကျမက သမီးလေးနှင့်အတူ စိတ်နှစ်ပြုံးရယ်တော့ မောင်က ကြည်နူးစွာ ပြုံးရင်း မျက်ရည်လည်သည်။ သူကတော့

စိတ်ချမ်းသာရာသည်။ သူ့ကို ကြည့်ပြီး ကျမ မျက်ရည်ကျတော့ ငယ်ငယ်ကတည်းက စပါးပင်တွေကြားထဲမှာသာ ကြီးပြင်းခဲ့ရသော သူက ကျမ မျက်ရည် များကို နားမလည်ရှာ။ (ကျမကပဲ လူတော်ကို မလိုချင်ဘဲ၊ လူကောင်းကိုသာ ရွေးချယ်ခဲ့တာလေ။ ဒါကို ကျမ ကျေနပ် နိုင်ရမည်။)

ထိုအခါ သမီးလေးကို ခပ်တင်းတင်း ပွေ့ဖက်ရင်း အံခဲကာ ဟိုးအဝေးကြီးက မိုးကုတ်စက်ဝိုင်းဆီ မျှော်ကြည့် တော့ မျက်ရည်တို့ဖြင့် ဝေဝါးကာ လက်လှမ်း မမီနိုင်လောက်အောင်ပင် ဝေးလံလှသည်ကို မြင်ရလေသည်။

ကျမ ကျောခိုင်းထားတဲ့ နောက်ဘက်ဆီမှာတော့ ကိုယ်တိုင်ပင် စိုက်ပျိုးယူခဲ့သော တောအုပ်တို့က ရေညှိပင် တွေ၊ ပင့်ကူအိမ်တွေ၊ အထပ်ထပ်နှင့် ကျမကို ဖုံးကွယ်ထားသလို နီးနီးကပ်ကပ် ရှိနေကြသည်။ ထို တောအုပ် များကကျတော့ မျက်ရည်များကြားမှာပင် ထင်ရှား ပြတ်သားလို့။ ပြီးတော့ ကျမ နှင့် သူတို့ အကြားမှာ ဖြတ်တောက်ဖို့ မလွယ်သော အမြစ်တို့က တောထ လို့.......။



၂၀၀၀၊မေလ၂၂ (ရွှေအမြုတေ၊နိုဝင်ဘာ၊၂၀၀၀)

# ပိတောက်တွေ မျောနေတဲ့အလွမ်း

ကျမအတွက်တော့ ၂၀၀၄-ခုနှစ်မှာသင်္ကြန်မကျပါ။

ပိတောက်ပန်းတွေလည်း မပွင့်။ ချစ်သော ပင်လယ် ကမ်းခြေများကလည်း ဟိုးဝေးဝေး နယ်နိမိတ်စွန်းတွေဆီ ရောက်နေကြလိမ့်မည်။ ခုချိန်မှာ…"ပိတောက်တွေ ရွှေရည်လူးခဲ့ပေါ့လေ.. ပုလဲငုံ စပယ်ဖြူ ဖူးခိုက် ဝေဝေ ပန်းမျိုးစုံ ရာသီကုန် ကူးခဲ့ပေါ့လေ.. ချစ်သူကို ရည်စူး ခူးတဲ့လို့ ချွေ… ကိုယ်တိုင် လှရာရာ ရွေးလို့ ဆင်မပေးရ ဆံမြ ညာကေ"ဆိုတဲ့ သီချင်းတစ်စကိုလည်း မေ့ထားရမည်။ ပြီးလျှင် ဖော်ဖော်အောင်ရဲ့ "ပင်လယ်ထဲက ညသည် ပိတောက်ပန်း ဖြစ်၏"ဆိုတဲ့ ဝတ္ထုတိုရယ်၊ ကိုယ်တိုင်ပဲ ရေးခဲ့လျက်နဲ့ "အချစ်အကြောင်း ပြောရအောင်" လုံးချင်း ဝတ္ထုရှည်ကိုလည်း စာအုပ်စင်ရဲ့ ဟိုး နောက်ဘက်ဆုံးဆီ ထိုးထည့် သိမ်းထားလိုက်ရမည်။

ခုအခါမှာ… အချိန်ရာသီမှန်မှန် ဆိုက်ကပ်နေကျ ရထားတွဲဟာ သူဆိုက်ကပ်နေကျ ပိတောက်တွေ ဝေနေတဲ့ ပင်လယ်ကမ်းခြေ ဘူတာ တစ်ခုခုဆီကို ရောက်မလာနိုင်သေးတာ သေချာနေမှတော့လေကွယ်။ ဒါဖြင့်.. လှိုင်းခေါင်းဖြူတွေ တဝုန်းဝုန်းနဲ့ အဲသည် ဘူတာလေးတွေကရော.. သူတို့ဆီ ရယ်မောပျော်ရွှင်သံတွေ ဝေဝေ စည်စည်နဲ့ ရောက် ရောက် လာနေကျ ရထားတွဲလေးကို မျှော်နေမှာလား… သတိရနေမလား ဟင်… ဘယ်လောက် လွမ်းစရာကောင်းလိုက်သလဲ မောင်ရေ…

ပိတောက်ပန်းတို့ တည့်တည့် ပွင့်သော နွေလယ်ရဲ့ သင်္ကြန်တတွင်းမှာပဲ ရထားတွဲလေး တစ်တွဲရဲ့ သမိုင်း စ ခဲ့တာ ပါ။ အဲဒီ သမိုင်းထဲမှာ ပင်လယ်ကမ်းခြေဟာလည်း အရေးပါတဲ့ စာမျက်နှာဖြစ်ခဲ့ရဲ့။ အဲဒီ သမိုင်းဟာ သန်မာတဲ့ လက်ဖဝါးတစ်ခု။ တွဲအိမ်ငါးခုပါတဲ့ ရထားတွဲနှင့်လည်း တူပါသေးသည်။ မောင်က မိသားစုကို လက်ငါးချောင်း ပြည့်စေချင်တာတဲ့။ သားကြီးရယ်၊ သမီးလေးရယ်၊ ခုတော့ သားငယ် ထွေးလေးရယ်.. အဖေနဲ့အမေရယ် ပေါင်း တော့ ငါးချောင်းပြည့်ပြီပေါ့တဲ့။ လက်ငါးချောင်းလည်းစုံရော.. အဲဒီလက်ဖဝါးရဲ့ ခွန်အားအတွက်တဲ့။ ရထား ခေါင်းတွဲကြီးခမျာ.. တပြည်တရွာ ဟိုးအဝေးကြီးကို ထီးတည်း ခုတ်မောင်းသွားရ ရှာရဲ့။ အနာဂတ်အတွက် တဲ့ လေ..။ ဘယ်လောက် နာကျင်စရာကောင်းလိုက်တဲ့ ဘဝလဲ။ ခွန်အားတွေ.. လောင်စာတွေအပြည့်နဲ့ ပြန်လာ ခဲ့မှာတဲ့။ ပြီးရင်.. နေရောင်ခြည်တွေ လင်းသစ်ရာဆီ တွဲအိမ်ငါးလုံး အတူ ချိတ်ဆက်ပြီး ခုတ်မောင်းကြမယ် တဲ့။



မီးရထားတွဲလေးအပြည့်အစုံ

အင်မတန်ချိုမြိန်တဲ့ မောင့်ရဲ့အိပ်မက်ထဲမှာ ရောင့်ရဲခြင်းနဲ့ ပြည့်စုံပျော်ရွှင်ရသော မိသားစုဘဝလေးက သိပ်ကို လင်းပြက် တောက်ပတယ်။ ဒါနဲ့ပဲ ခု ခဏ ခွဲရတာ...။ သုံးနှစ်ဆိုတာ သိပ်ကို ချစ်ခင် နွေးထွေးတဲ့ မိသားစု အတွက်တော့ သိပ်ဆွေးမြေ့စရာကောင်းတဲ့ သုံးကမ္ဘာစာ လိုပါပဲ။ ဒါပေမယ့်.. ကျမတို့နှစ်ယောက် အတူ ပျိုးခဲ့တဲ့ ပန်းပင်ကလေးသုံးပင် တက်ညီလက်ညီ သန်စွမ်း ပွင့်ဝေလာဖို့အတွက် ဆိုရင်တော့.. အဲသည် သုံးကမ္ဘာစာကို ကျမတို့ အားခဲ ဖြတ်ကျော်ရမှာပေါ့နော်။

ဒီနွေမှာ ကျမနဲ့ မောင်တို့ အတူ လက်တွဲ ကျော်ဖြတ်ခဲ့တာ ရှစ်နွေ တိုင်ခဲ့ပြီ။ အဲသည့် ရှစ်နွေကို ကျမ တစ်ခါမှ အလွမ်းနှင့် သောကနှင့် မဖြတ်သန်းခဲ့ရဖူးပါ။ မောင်က ကျမ သောက ခံစားရမှာကို အလွန် ပူပန်သူ။ စိတ်ကူး အင်မတန် ယဉ်တတ်သော ကျမရဲ့.. သင်္ကြန်နွေကို ပင်လယ်ကမ်းခြေတွေမှာသာ ကုန်လွန်စေလိုသော ဆန္ဒကို သူ အမြဲ ဖြည့်ဆည်းပေးနေကျ...။

ထိုအခါ...ကျမက ၂၀၀၄-ခုနှစ်မှာ နွေလယ်တန်ခူးရဲ့ ပွဲတော်ဆိုတာကို မသိချင်တော့ပါ။ အင်မတန်ပူသော တန်ခူးနွေကို သည်တစ်ကြိမ်မှာ ကျမ ဘယ်လို စိတ်အေးချမ်းခြင်းမျိုးနှင့် ဖြတ်ကျော်ရမှာလဲ...။ လွန်ခဲ့သော နွေ က ဖြင့် ကျမကို စိတ်အေးချမ်းခြင်းနှင့်သာ ပြီးပြည့်စုံစေခဲ့ပါသည်။

+++++

အထူးသဖြင့် နွေပူပူတွေရဲ့ အားလပ်ရက်တွေမှာ အဲသည် ရထားတစ်တွဲက သူတို့ အိမ်ခန်း ကျဉ်းကျဉ်းလေးထဲ လုံးထွေး ပျော်မြူးလို့သာ နေနေကြတာ။ ရယ်သံတွေ... စိတ်ကောက်ငိုသံတွေ... စည်ဝေလို့..။ သားရယ်၊ သမီးရယ်၊ အဖေရယ်၊ အမေရယ်ဆိုတဲ့ အသိဟာ သိပ်ကို ချိုမြိန်လှပါသည်။ လူ့ဘဝရဲ့ ပြည့်စုံတဲ့ အပျော်ဆိုတာ သာယာတဲ့ မိသားစုဘဝထဲမှာပဲ ရှိတယ်လို့ မောင်က ယုံသည်။ ဒါကို ကျမလည်း ယုံသည်။ သားသမီးတွေလည်း ယုံစေရမည်။ ထိုယုံကြည်ရခြင်းက ရင်ထဲမှာ အေးမြလှသည်။ လက်တွေ့ဘဝထဲမှာ ဘယ်လောက်မှ အခက်အခဲ မကြုံရလျှင်တော့ မိသားစု နည်းနည်းလေးမှ အဝေးမခံဘဲ နေသွားချင်ခဲ့တာပါ။

အဲသည်တုန်းကတော့ ဝန်းကျင်ထဲက နွေအပူအောက်မှာ ကျမတို့ရဲ့ အိမ်ခန်းကလေးကဖြင့် ပြတင်းပေါက်မှာ နွယ်ကျနေသော ဆင်ဂမုန်းအစိမ်းက အစ အေးရိပ်ဆင်သည်။ အဲသည်မှာ... အိမ်အဝင်ဝက ခန်းဆီး အပျော့ လေး လေအတိုက်မှာ လွင့်သည်ကပင် အေးလို့...။ သားအဖတတွေ ပူးပေါင်းပြီး ကျမ စိတ်တိုအောင် စကြသည် က ပင် အဲသည် အေးရိပ်တွေနဲ့ ဟာမိုနီဖြစ်လှ၏။



ကျမတို့ရဲ့ မော်လမြိုင်တက္ကသိုလ်ကပေးတဲ့ အိမ်ခန်းလေးရဲ့ ပြတင်းပေါက်လေးပါ။ သူငယ်ချင်း မိုချော့က ပန်းချီရေးထားတာပါ။

ဘယ်သူ ဘာပြောပြော... ကျမတို့အတွက်တော့ အဲသည် သစ်ပင်အုပ်တွေကြားက ကိုယ်ပိုင်မဟုတ်သော ပေ၂၀ ပတ်လည် အိမ်ခန်းကလေးမှာ သိပ်ကို ကြီးကျယ် ခမ်းနားခဲ့ပါသည်။

+++++

နောက်ထပ် သေချာတာတစ်ခုကတော့ ခုလို ကျမ လွမ်းနေချိန်မှာ မောင်လည်း ကျမလို လွမ်းနေချိန်မှာ မောင်လည်း ကျမလို လွမ်းနေလိမ့်မည် ဆိုတာပါပဲ။ ကျမ ယုံကြည်သည်၊ ခုထိ... ဆယ်စုနှစ်တစ်စုနီးပါး ခရီးမှာ ကျမနှင့် မောင် တစ်ကြိမ်တစ်ခါမှ အကြီးအကျယ် သဘောကွဲလွဲခြင်းမျိုး မရှိဖူးခဲ့။ ကျမတို့နှစ်ယောက်ကြားမှာ ရှိသောကြိုးက အပြန်အလှန် ငဲ့ညှာမှုပဲဖြစ်သည်။ အဲသည်ကြိုးက အံ့သြစရာ ကောင်းလောက်အောင် တင်းမာသည်။ ခိုင်ခံ့ဖို့ကိုတော့ ကျမတို့နှစ်ယောက် စိတ်ရှည်ရှည်နှင့် ကြိုးစား ထိန်းသိမ်းကြရမှာပေါ့။ နောက်တစ်ခု မောင်နှင့် ကျမ၏ တူညီတာတစ်ခုက ကျမတို့နှစ်ယောက် ဆုံဆည်းရခြင်းအတွက် အပြန်အလှန် ကျေးဇူးတင်နေမိခြင်းပင် ဖြစ်သည်။ အထူးသဖြင့် လင်ယောက်ျား အပေါ် စွာလောင်လောင် တုံ့ပြန်တတ်သော ၊ ပွစိပွစိလုပ်တတ်သော မိန်းမတစ်ယောက်မဟုတ်သည့်အတွက် မောင်က ကျမကို ကျေးဇူးတင်သလို.. ဇနီးမယားကို ဆဲရေး တိုင်းထွာ မလုပ်တတ်သော၊ အကြမ်းမဖက်တတ်သော.. စိတ်ရှည်သော မောင့်ကိုလည်း ကျမက အမြဲ ကျေးဇူးတင်ရပါသည်။(အဲသည်လို မိသားစုမျိုးကျကာမှ ခွဲရလေတယ်)။ ဝမ်းရေးအတွက်.. တဲ့။ လွမ်းရေးထက် ဝမ်းရေးခက်ခဲ့ပြီ။

ကျမက မကြာခဏဆိုသလို "ခုနေ မောင် ကိုယ့်ကို ထားသွားရင်တောင် ရပြီ။ မောင့်ကျေးဇူးတွေ ကိုယ့် အပေါ်မှာ ခုဆို သိပ်များနေပြီ" လို့ ပြောမိတတ်သည်။ အဲသည်အခါဆို... မောင်က ခပ်တည်တည်ဖြင့် ကျမကို စိုက်ကြည့်တတ်သည်။ ဘာမှလည်း ပြန်မပြော။ အံ့သြစရာကောင်းတာက အဲသလို ဘယ်တော့မှ တစုံတရာ ပြန် မဖြေရှင်းသည့် ခင်ပွန်းကို.. သူ့မျက်လုံးတွေအောက်မှာ နေနေရရုံသက်သက်ဖြင့် ကျမက အရာရာကို ယုံကြည်ခြင်းပင်။ အဲသည် ယုံကြည်ရခြင်းလေးက ကြာရှည်မခံဘူးဆိုလျှင်တောင်မှပဲ ကျမ ကျေနပ်နိုင်ပါသည်။

မောင်နှင့်ဘဝမှာ ခုလောက်ဆယ်နှစ်တာ ပြည့်စုံသော စိတ်ချမ်းသာခြင်းရခဲ့ဖူးခြင်းက ကျမအတွက်တော့ တစ်ဘဝစာ တန်ပါပြီ။ အဲသည်အသိနှင့်ပင်... ကျမဘဝမှာ လုံခြုံပြီ... စိတ်မှာ အင်အားတွေရှိပြီ။ ဒါပေမယ့် မောင်... ယုံကြည်ခြင်းနှင့် လွမ်းဆွတ်ခြင်းကတော့ဖြင့် သီးခြားစီသာ ဖြစ်သည်။ မတတ်သာလွန်းလို့ ခွဲနေကြ ရတဲ့ အချိန်တွေထဲမှာ ကျမ မောင့်ကို မပျော်တတ်တော့လောက်အောင် လွမ်းဆွတ်ပါသည်။

+++++

တကယ်တော့ လွမ်းတယ်ဆိုသော စကားကိုပင် ပေါ့တန်လှသည်ဟု ထင်သည်။ "သူများပျော်လို့ မပျော်နိုင်၊ ရည်းစားပျောက်လို့ မှိုင်"ဆိုသော သကြံ့န်သံချပ်ကလေးက

ခုနေ့မှာတော့ ကျမကို မြားတစ်စင်းလို အသေအချာ ထိမှန်လိမ့်မည်။ အဲသည်အခါ အရင်ကလို ပြုံးနိုင်ပါ့မလား။ အနားမှာ မောင်အတူမရှိတဲ့ သင်္ကြန်မှာ ကျမ ပြုံးရယ် နိုင်ဖို့ မလွယ်ပါ။ မိသားစုနဲ့ ဝေးဝေးမှာ (အလုပ်ခွင်ထဲ ရောက်နေချိန်လည်း ဖြစ်နိုင်ပါသည်) မောင်တစ်ယောက် တည်း ရှိနေခိုက် မိသားစုကြီးရဲ့ ဘဝရပ်တည်ရေးအတွက် တပြည်ခြားမှာ ပင်ပင်ပန်းပန်း နေနေရခိုက်မှာ ကျမ မပျော်ရက်ပါ ။ ကျမအတွက်တော့ အချစ်ဆိုတာ ကိုယ်ချင်းစာ ငဲ့ညှာမှုတစ်မျိုးလည်း ဖြစ်သည်။

+++++

သင်္ကြန်အကြိုဆိုရင်... ကျမတို့ နေခဲ့သော မြို့ကလေးမှာ အမြဲလို... ပိတောက်တွေ အချိန်ကိုက် ဖူးတတ်သည်။ ကျမတို့နေသော ပန်းစုံတောအုပ်ကလေးမှာလည်း သင်္ကြန်ပန်းရနံ့တွေ သင်းပျံ့လာမြဲ။ အဲဒီအချိန်ဆို ကျမတို့ ရထားတွဲလေးဟာ လှုပ်နိုးခံလိုက်ရသလို မြို့ကလေးရဲ့ အနီးဆုံး ပင်လယ်ဆီ ဦးတည် ခုတ်မောင်းတော့သည်။ သားကြီး နဲ့ သမီးက စင်ရော်လေးတွေလို ပင်လယ်လှိုင်းတွေဆီမှာ ပျော်သည်။ ပင်လယ်ရေဟာ ပက်လို့မကုန်တဲ့ သင်္ကြန်ရေပဲ..။ ပင်လယ်ရဲ့ မနက်ခင်းမှာဆို ပိတောက်ကြွေတွေကလည်း လှိုင်းတွေစီးလို့ ၊ နေရောင်ခြည်က ပိတောက်ပွင့်တွေကို ရွှေရောင် ပိုရင့်စေပြီး လှိုင်းတွေကိုကျတော့ သက်တံ့ရောင် ဆိုးသည်။ အဲသည် မြင်ကွင်းတွေဟာ ကျမတို့အတွက်တော့ ဘယ်တော့မှ ငြီးငွေ့စရာ မကောင်း။ ပိတောက်တွေကို မောင်ကိုယ်တိုင် အပင်ပေါ် တက်ခူးပြီး အခန်းလေးထဲ ဝေနေအောင် ထားပေးလျှင် အဲသည် ပိတောက်တွေကမှ အမွှေးဆုံး ဖြစ်သည်။ ရင်ထဲထိ အေးစေတဲ့ မွှေးရနံ့ဟာ သိပ်လည်း လတ်ဆတ်သည်။ တကယ်တော့ အဲဒါဟာ နှစ်စဉ် မောင် ပေးနေကျ မေတ္တာတွေပဲ မဟုတ်လားကွယ်။ ထိုအခါ တစ်နှစ်မှ မပျက်ကွက်ဖူးသော ပိတောက်ဦးတွေ က ပင် လျှင် မောင့်ကို လွမ်းချင် လွမ်းနေနိုင်ပါ သေးသည်။

+++++

လူတွေက ပျော်လို့။ ညံလို့၊ သွက်လို့၊ သင်္ကြန် ကျပြီတဲ့။ သားကြီးက "ရေပက်မကျွပ် သွားမယ်နော်မေမေ" တဲ့ ။ သမီးကတော့ "အိမ်ရှေ့မှာပဲ ရေစည်ချပေး" တဲ့။ သားငယ်ထွေးလေးကတော့ လက်တွန်းလှည်းလေးထဲမှာပဲ တခစ်ခစ်ရယ်နေမှာပေါ့။ မေမေကတော့ သည်အတိုင်းပဲ ကလေးတွေကို ထိုင်စောင့်မှာပေါ့ကွယ်။ သားကြီးက နောက်တတ်ပြီ။ 'မေမေကို ဒီနှစ်တော့ သားပဲ ရေလောင်းမယ်' လို့ ပြုံးစစနဲ့ ပြောတတ်ပြီ။ သမီးကတော့ 'ဖေဖေရှိရင် သမီးကို ရေပိုက်ဆင်ပေးမှာ' လို့ သတိရရှာတယ်။ ပိတောက်ပန်းတွေ တွေ့တော့ လိုချင်လိုက်တာ တဲ့။ မေမေကတော့ မလိုချင်ပါဘူးကွယ်။ သမီးဝယ်လိုက်တဲ့ ပိတောက်ပန်းတွေက အဝါဖျော့လိုက်တာ။ ရနံ့က လည်း လျော့သေး။ ဟိုး နှစ်တွေတုန်းက ပိတောက်တွေကဖြင့် သင်္ကြန်ရက် ကုန်တာတောင် သူ့ရနံ့က ဝေ့ဝဲ လွင်ပျံ့ ကျန်နေသေးသလို။ ခူးပေးတဲ့သူကြောင့် ပိုမွှေးတာ ဖြစ်မှာနော်။

လတ်ဆတ်တဲ့ရနံ့က လေပြေနှင့်အတူ မျောလွင့်လာသည်။ သမီးက ပိတောက်တွေ ရွှေကစား။ ရေစည်ထဲမှာ ပိတောက်ပွင့်ကြွေတွေ… ရေဘောင်ဘင်ထဲမှာ ဝေလို့။ လှိုင်းခေါင်းဖြူသံ တဝုန်းဝုန်းကို ကြားသည်။ ပိတောက် ပွင့်ကြွေတွေက တငြိမ့်ငြိမ့် တလိမ့်လိမ့်။ ကိုယ့်ဆံပင်ပွပွမှာ ပိတောက်ခက်တွေ ထိုးစိုက်ပေးတတ်တဲ့ လက်အစုံ ကို သတိရတယ်။ ဟော သမီးလေးရဲ့ ခိုးခိုးခစ်ခစ် ရယ်သံ။ မောင့်ခမျာလည်း လွမ်းရှာမှာပဲ။ ဟော… သားကြီးက ဖေဖေရေ သောင်ပြင်မှာ ဘောလုံးလုအောင်… တဲ့။ သားငယ်လေးကတော့ အဖေ့လက်ကို အားကိုးတကြီး ဖမ်းဆုပ်ရင်း လှိုင်းကြားမှာ ရာဘာလှေကလေး စီးလိမ့်မည်။ သုံးနှစ်အတွင်း သားသမီးတွေ အဖေကို စိမ်းသွား မှာလည်း စိုးတယ်တဲ့။ 'အားတင်းထားနော်… မောင်ရယ်။ နှစ်နှစ်ပဲ ကျန်တော့တာပါ' ကျမ ဘယ်သူ့ကို နှစ်သိမ့် နေတာလဲ။ မောင့်ကိုလား။ သားသမီးတွေကိုလား။ ဒါမှမဟုတ် ကိုယ့်ကိုယ်လား။ အမှန်အတိုင်း ဝန်ခံရလျှင်တော့ အားငယ်စွာ ငိုကြွေးပစ်လိုက်ချင်တာပါ။

ဟော… ပိတောက်တွေ လတ်ဆတ်သောမွှေးရနံ့နဲ့ မိုးစက်တွေ စိုစွတ်နေသလို လန်းလို့။ အရွက်စိမ်းတွေက ဖားဖား ဝေဝေ ဝန်းရံလို့။ မောင်က ပိတောက်ဆို အရွက်စိမ်းတွေ တွဲနေမှ လှသတဲ့။ ခေါင်းတွဲ ရှိမနေသေးတဲ့ ရထားတွဲလေးကရော ပြည့်ပြည့်စုံစုံ လှပါ့မလား ……

အို… ကျမ ရင်ထဲကို ပိတောက်စိမ်းစိမ်းတွေ အဆုပ်လိုက် အခဲလိုက် ဘယ်သူ ပစ်ထည့်လိုက်တာလဲ…ဟင်။ အဲသည့် အချိန်လေးမှာ ခေါင်းတွဲလာ မချိတ်သေးတဲ့ ရထားအိမ်ကလေး လေးတွဲကတော့ အချင်းချင်း တင်းကျပ် သိပ်သည်းအောင် ချိတ်လို့ ပကတိ ငြိမ်သက်စွာ…။

+++++

အသေချာဆုံးကတော့ ကျမအတွက် ၂၀၀၄ ခုနှစ်မှာ သင်္ကြန် မကျပါ။

မေငြိမ်း
Empress မဂ္ဂဇင်း။

၂၀၀၄-ဧပြီလ ။

# အဖေ



(မူရင်းဝတ္ထုတိုက Illustration ပါ ။ ကိုမောင်မောင်သိုက်လက်ရာပါ)

အဖေ့ကို နောက်ထပ် ဘယ်တော့မှ တွေ့ခွင့် မရတော့ဘူး ဟူသည့် ခံစားချက်ကတော့ တကယ့်ကို ဆွေးမြှေ့ ကြေကွဲစရာ ဖြစ်ပါသည်။ သားသည် အဖေ့ နောက်ဆုံးခရီးကို ငေးကြောင်ကြောင်သာ ကြည့်နေမိသည်။ အမြဲတမ်း သားကသာ အဖေ့ကို ခွဲချန်ထားခဲ့နေကျ ဖြစ်သော်လည်း ခုတစ်ကြိမ်မှာတော့ အဖေက သားကို ချန်ထားခဲ့တာ။ ပြီးတော့ ဘယ်တော့မှ ပြန်မလာတော့သော သွားခြင်းမျိုး။ အမှန်အတိုင်း ဝန်ခံရလျှင်တော့ ခုချိန်မှာ သားက အမေ့ကို ဖက်ပြီး ငိုချင်ပါသည်။

တကယ်တော့ သည်အချိန်ကို သား မျှော်လင့်ထားပြီးသားပါ၊ ကြိုသိပြီးသားပါ၊ ကြိုပြင်ဆင်ထားပြီးသားပါ။ အဖေကိုယ်တိုင်လည်း ကြိုသိ ပြင်ဆင်ခဲ့တာပဲ။ ပြီးတော့ ဒါက အဖေကိုယ်တိုင် ဖော်ယူ ရွေးချယ်ခဲ့တဲ့ လမ်း။ သားသည် အဖေ့ကို နမြောစွာ သတိရမိသည်။ သားအတွက် အဖေက နွေးထွေး ချစ်ခင် လိုက်လှဲမှုမျိုးတွေ မရှိခဲ့သော်လည်း သားကတော့ အဖေရဲ့ ပန်းချီတွေ၊ ကဗျာတွေ၊ ဝတ္ထုတွေ…။ နောက်ဆုံး အဖေ့လက်ရေး စာလုံးတွေအထိ ချစ်မက်ခဲ့တာ။ အဖေသိပ္ပါ့မလား။

သားကတော့ ဝန်ခံပါသည်။ သားသည်… ပြီးတော့ မေမေသည် ဖေဖေ့ကို ဖေဖေ့နလုံးသားကို မသိခဲ့၊ မမြင်ခဲ့ကြဘူး ဆိုတာ။ သိလိုက် မြင်လိုက်ချိန်ကတော့ သိပ်ကို နှောင်းခဲ့ပြီ ဖြစ်သည်။

+++++

"အဖေ"ဆိုတာကို သား ထဲထဲဝင်ဝင်သိရ၊ လက်ခံရချိန်မှာ သားက တော်တော် သိနားလည်တတ်သော အသက်ရွယ်နှစ်သား ရှိနေပြီ။ ဒါ သားအဖေ တဲ့။ မေမေ့ထက် ရုပ်ရည်ပြေပြစ် သပ်ရပ်သော၊ ညင်သာ တည်ငြိမ်သော အဖေသည် သားနှင့်တော့ စိမ်းသက်၏။ အဖေ့ကို ကျွမ်းဝင်ရမှာလားလဲ သားမသိ။ ထိုအချိန်မှာ သားနှင့် အဖေတို့အတွက် ကံမကောင်းတာ တစ်ခုက သား ဘဝထဲမှာ မေမေ ခေါ်လာခဲ့ပေးသော "ဖေဖေ" ဆိုသည့် ဒုတိယ လူတစ်ယောက်က ရောက်နှင့်ပြီး ဖြစ်နေခဲ့တာပါပဲ။

အဖေ့ကို ကောင်းကောင်း မသိခင်ကတည်းက သားက အိမ်ထောင်ကွဲ မိသားစု ဆိုတာကို ခံစားနေခဲ့ရပြီ။ မေမေနဲ့အတူ ရုန်းကန် ပင်ပန်း ဆင်းရဲ၊ မေမေ့ မျက်ရည်တွေကိုတော့ သားက ရင်းနှီး၏။ နောက်တော့ လူမမာ မေမေ၊ နောက်တော့ လူငယ်လေး တစ်ယောက်၊ သားနဲ့ မေမေရဲ့ ဘဝထဲကို ကျွမ်းကျွမ်းဝင်ဝင် ရောက်လာ၊ သားသည် ထိုလူ၏ အပြုအစုကို ခံယူရ၏။ သူက မေမေ့ကိုလည်း ဂရုတစိုက် ပြုစုရ၏။

နောက်တော့ မေမေ့ကို ငဲ့ညာပြီး သားက သူ့ကို လက်ခံလိုက်တော့သည်။ သားကိုယ်တိုင် မမျှော်လင့်တတ်ခဲ့ သော်လည်း ထိုဒုတိယလူက သားအပေါ် အဖေ တစ်ယောက်လို ဂရုစိုက်သောအခါ အဖေ တစ်ယောက်အပေါ် မချစ်ဖူးသေးသော သားက ထိုလူကို သိပ်မပင်ပန်းဘဲ "ဖေဖေ"ဟု ခေါ်နိုင်ခဲ့သည်။

နောက်မှ သားကိုယ်တိုင် သိရှိသိခဲ့ဖူးသည့် အဖေ့ကို သားက တွေ့ရတော့တာ။ သား စိတ်မကောင်းတာ တစ်ခုက အဲသည် တကယ့်အဖေကို "အဖေ"ဟု ခေါ်ဖို့တော့ သား နည်းနည်း ကြိုးစားခဲ့ရတာကိုပဲ ဖြစ်သည်။

+++++

သားအတွက်တော့ အဖေက အဖေနဲ့သိပ်မတူဘဲ သူငယ်ချင်းနှင့် ပိုတူနေသည်ဟု ထင်သည်။ အဖေက သားကို စကားပြောရင် သူငယ်ချင်းကို ပြောသလိုပဲဟု မေမေ့ကို ပြောပြတော့ မေမေက မဲ့ပြုံးပြုံးပြီး သူက ဒီလိုပါပဲဟု ပြန်ပြော၏။ သားစိတ်ထဲမှာတော့ မေမေက သွက်လက် ဆူပူပြီး အဖေကတော့ လေသံပျော့ပျော့နှင့် အေးစက် မာကျောသော စကားလုံးတွေကို သုံးတတ်သည်ဟု ထင်သည်။ အဖေတကွဲ အမေတကွဲ ဘဝကို ဝမ်းနည်းသော်လည်း အဖေနှင့် မေမေ့ကို အတူပေးနေလို့ ဘယ်တော့မှ မဖြစ်နိုင်ဘူး ဆိုတာကိုလည်း သားသိသည်။ အဖေရဲ့ မာနနှင့် အမေရဲ့ မာနက ပမာဏ အတူတူပဲဆိုတာလည်း သားက အသိဆုံးလေ။ ပြီးတော့ မေမေ့မှာက အနားမှာ အစားထိုးသူရှိခဲ့ပြီ။

ဘာပဲဖြစ်ဖြစ် သားအနေနှင့် သိပ်သိပ်သည်းသည်း မတွယ်တာလှသော်လည်း မေမေ့ဘေးက အဲဒီ ဖေဖေ့ကို သဘောကျ လက်ခံနိုင်ပါသည်။ ပြီးတော့ မေမေ စိတ်ချမ်းသာလာတာကို သားကျေနပ်သည်။ ဒါဖြင့်.. အဖေ့အတွက်ရော...။

သား သိသလောက်မှာတော့ အဖေက သီချင်း တအေးအေးဖြင့် ရုပ်ရှင်တွေကြည့်၊ ပန်းချီတွေရေး၊ အရုပ်တွေရေး၊ သူ့ရဲ့ တစ်ကိုယ်တည်း ဘဝမှာ ပျော်လို့ပါပဲ။ မေမေ့ အပြောအရတော့ အဖေက အနှောင်အတွယ် မကြိုက်သူတဲ့။

မေမေကတော့ "သားအဖေကို လက်ရှိဘဝမှာ စိတ်ချမ်းသာစေချင်ပါတယ်" တဲ့။ ဘာပဲဖြစ်ဖြစ် နှစ်ယောက် တစ်ဘဝကနေ တစ်ယောက်တစ်ဘဝ ဖြစ်သွားပြီး နောက်မှာ မေမေက အဖေ့ကို တကယ် ပျော်နေစေချင်တာ... အဖေ ယုံမလား။"ဘာပဲဖြစ်ဖြစ် သူဟာ မေမေကြိုက်တဲ့ ကဗျာဆရာ၊ ပန်းချီဆရာ၊ စာရေးဆရာ၊ ပြီးတော့ သားရဲ့ ဖေဖေတော့ ဖြစ်နေပါသေးတယ်"ဟု မေမေ ပြောဖူးတာလည်း သား အဖေ့ကို ပြန်မပြောပြဖြစ်ခဲ့ပါ။

သားသည် တိတ်တိတ် ကြေကွဲတတ်သူ မဟုတ်သော်လည်း ခုတော့ တွေးနေမိပြီ။ သား ဝန်ခံပါတယ် အဖေ။ အဖေ သားကို ချစ်တတ်ရဲ့လားလို့ တွေးခဲ့ဖူးတာ ဝန်ခံပါတယ်။
+++++

မေမေကလည်း နည်းနည်းတော့ အနိုင်လိုချင်စိတ်ရှိသူဟု သားထင်ပါသည်။ ပြီးတော့ ဒေါသကြီးတာ၊ အပြောဆိုးတာ။ ဒါပေမဲ့ မေမေ့မှာ နူးညံ့တဲ့စိတ်တွေလည်း အများကြီးရှိတာ သားသိသည်။ ဒါဖြင့် အဖေကတော့ မသိခဲ့ဘူးလား။ အဖေနဲ့ မေမေ့ကြားမှာ လွဲချော်မှုတွေ ဘာကြောင့် ဒီလောက် များခဲ့သလဲ။ အဓိက ကတော့ မာန လို့ပဲ သားထင်ပါတယ်။ ဒါပေမယ့် တကယ်ချစ်ရင် လျှော့ကြတာပဲ မဟုတ်လား။ ဒီတော့ အဖေနဲ့ မေမေက တကယ် မချစ်ခဲ့ကြတာလား။ သားရဲ့ အသိဉာဏ်လေးထဲမှာတော့ အဖေရော မေမေရော အပြစ် ရှိကြသည်ဟု တွေးမိပါသည်။

ခက်တာက၊ သားရဲ့ အတွေးကို မေမေက ထောက်ခံသည်။ "မေမေတို့ နှစ်ယောက်လုံး ဆိုးခဲ့ကြတာ အတူတူပါပဲ။ တစ်ခုပဲ... အဲဒီ အဆိုးကို မေမေက ပြင်ချင်ပေမယ့် သားအဖေက မပြင်ချင်ခဲ့ဘူး။ နောက်ဆုံး မေမေ ဆုံးဖြတ်ရ တာ သားအတွက်ပဲ။ သားအတွက် မေမေ့ ဘဝကြီးကို ပစ်ချလိုက်တာ" တဲ့။ အဖေကတော့ဖြင့် ဒီနေ့ထက်ထိကို သူ ဆိုးသည်ဟု ဝန်မခံခဲ့ပါ။ ဒါနဲ့ပဲ သားက အဖေ့ အချစ်ကိုလည်း မသိတတ်ခဲ့တာပါ။ သားက ငယ်သေးတော့ ချစ်ကြောင်းကို ထုတ်ဖော်ပြမှပဲ မြင်တတ်တာပါ။

ဒါပေမဲ့ မေမေ... အဖေဟာ ကြိတ်ခံစားတတ်သူလားလို့ သားရော မေမေပါ တခါမှ မတွေးခဲ့ကြဘူး မဟုတ်လား နော်။

+++++

အဲဒီနေ့က ဖွန်လရဲ့ နောက်ဆုံးရက်။ သား ကျောင်းက ပြန်လာတော့ အဖေ့ကို ရုပ်ကလာပ်အဖြစ်သာ တွေ့ရ တော့သည်။ တာရှည် နာမကျန်းခဲ့သော ဒဏ်က အဖေ့ကို ရုပ်ပြောင်းစေခဲ့ပြီ။ သား စိတ်ထဲ ခုမှပဲ မယုံနိုင်သလို ခံစားရသည်။ အမေ့ကိုလည်း သတိရသည်။ သားသိသည်၊ အမေငိုမှာပဲ။ အင်မတန် ဒေါသကြီးသလောက် အင်မတန်မှ စိတ်ပျော့တဲ့ မေမေက ငိုမှာပဲ။ ဘာပဲဖြစ်ဖြစ် မေမေက အဖေ့ကို သနားတာ။ "သားအဖေ သိပ် ခံစားနေရလား" ဟု ခဏခဏ မေးသူ။ အချစ် မဟုတ်တော့သော်လည်း မေမေက ငဲ့ညှာသူ။ ခုချိန်မှာ အဖေ မေမေ့ကို တွေ့ရင် ပို စိတ်ကျမှာ။ ဘာပဲဖြစ်ဖြစ် မေမေရဲ့ အခုလက်ရှိ အနေအထားဟာ သူ့အတွက်တော့ စိတ်ကျစရာ ဖြစ်လိမ့်မယ်ဆိုပြီး...။ ပြီးတော့ ခုချိန်မှာ အဝေးရောက်နေသော မေမေ့ရဲ့ ခင်ပွန်းအတွက် ဂုဏ်သိက္ခာတို့ကို ငဲ့လို့ အဖေ့ကို မေမေ မတွေ့လိုက်ရ။

သားကတော့ ရောဂါဝေဒနာကို အံကြိတ် ခံစားနေရသော အဖေ ဘာတွေ တွေးနေမလဲလို့ပင် မစဉ်းစားတတ်ခဲ့။ အသက် ဆယ့်သုံးနှစ်ရှိတာတောင် ကောင်းကောင်း မရင့်ကျက်သေးတဲ့ သားက ကွန်ပျူတာနဲ့ နပန်းလုံးဖို့ကိုပဲ အာရုံရှိနေခဲ့တာ။ အဖေ့ရဲ့ နာကျင် ခံခက် စကားတွေကိုပင် စိတ်ညစ်ညူးမိခဲ့သေး၏။ တချိန်က အဖေ့အပေါ် နာကြည်းခဲ့ဖူးသည့် မေမေက ခွင့်လွှတ် မြင်ပြသည်မှာပင် သားက လိုက်ပါ မခံစားတတ်ခဲ့။ သားစိတ်ထဲမှာ အဲသည်အချိန်ထိ အဖေ့ရဲ့ အခန်း ကဏ္ဍက သိပ်နေရာမယူခဲ့တာ။ ဘာပဲဖြစ်ဖြစ် အဖေ အဲသည်တုန်းက စိတ်ထိခိုက်နေသလားလို့ ခုမှ သား တွေးမိတော့တာပါ။

+++++

တခါတလေတော့ မေမေ ပြောတတ်သည်။ မေမေ မွေးခဲ့တာ သားကို မဟုတ်ဘဲ သားအဖေ လိုချင်တဲ့ သမီးကလေး ဖြစ်ခဲ့ရင် မေမေတို့ ခုလို ဖြစ်ပါ့မလားလို့ တွေးမိတယ်တဲ့။ သားလည်း တခါတလေ တွေးမိသည်။ အဖေက သမီး မိန်းကလေး လိုချင်ခဲ့တာတဲ့။ သူနှင့်တူလျှင် အသား ဖြူဆွတ်ဆွတ်၊ ဆံပင် ညိုညိုလေးတွေနှင့် တော်တော်လေး လှမယ့် သမီးကလေးလို့လည်း အဖေက စိတ်ကူး ယဉ်တတ်သေးသတဲ့။ သို့ပေမဲ့ အဖေ ကံမကောင်းခဲ့။ ပြီးတော့ မေမေရော သားရော ကံမကောင်းစွာ မွေးကတည်းက အရပ်အမောင်း နှစ်ဆယ့်နှစ်လက်မရှိသော၊ အလေးချိန် ရှစ်ပေါင်ခွဲ ရှိသော၊ သားက ဖြူဖွေး စင်ကြယ်စွာ မွေးလာခဲ့သော်လည်း အဖေက မလိုက်လှဲခဲ့ဘူးတဲ့။ မေမေ့ ရင်ထဲ စွဲတဲ့ သံမှိုထဲမှာ အပြင်းဆုံး စွဲချက်ကတော့ အဖေက သားကို ချစ်ခင် ယုယ

မဆက်ဆံခြင်း၊ နွေးထွေး နူးနူးညံ့မှု မရှိခြင်းအတွက် ခံစားရသော သံမှိုဟုဆိုသည်။

ဒါပေမဲ့ သား နဲ့ အဖေ စတွေ့ချိန်၊ သား မှတ်မိချိန်မှာတော့ အဖေနှင့် ဆက်ဆံရေးက အဆင်ပြေသားပင်။ ပြီးတော့ သိပ်လည်း မထူးခြားလှဘူးဟု သားထင်သည်။ ပြီးတော့ သားနှင့် အဖေက အယူအဆချင်း တူတာများ၏။ သားက မေမေနှင့်ပင် တော်တော် ကွဲလွဲသေးတာ။ အဖေ့ဆီမှာ သားကြိုက်သော ပုံပြင်တွေ၊ အတွေးအခေါ်တွေ အများကြီး ရှိတာတော့ သား သဘောကျသည်။ မေမေ့စာတွေ၊ ကဗျာတွေကျတော့ သားက ပျော့နွဲ့လွန်းသည်ဟု ထင်တာ။

သားက အဖေ့ရဲ့ ကိုယ်ပိုင်ဟန်ရှိသော စုတ်ချက်တွေ၊ လက်ရာတွေကို ကြိုက်သည်။ သရော်ဟန်ပါသော အတွေးတွေကို ကြိုက်သည်။ အဖေ့ကို အဖေအဖြစ် သား ကျေနပ်ပါသည်။ ဒါကိုရော အဖေ သိရဲ့လား။ သားက ဒုတိယ ဖေဖေကိုသာ ချစ်သည်ဟု အဖေက မခံချိမခံသာ ပြောခဲ့ဖူး၏။ သား မငြင်းမိခဲ့ပါ။ တကယ်လည်း သားက အဖေ နှစ်ယောက်လုံးကို လက်ခံနိုင်ပါသည်။ အဲသည်နေရာမှာလည်း အဖေ ကျေနပ်အောင် သား မတတ်နိုင်ခဲ့ပါ။ တကယ်တော့ သားကိုယ်တိုင်လည်း အဖေ ဘာကို ကျေနပ်သလဲ၊ ဘာကို မကျေနပ်သလဲ ဆိုတာ တကယ် မသိခဲ့တာပါ။

+++++

စာရေးဆရာမင်းလူရဲ့ "ငှက်ကလေး" ဝတ္ထုကို ဖတ်တော့လည်း သားကတော့ အဖေနဲ့ မေမေနဲ့ သားနဲ့ တစ်မိသားစု အတူတူ နေချင်လိုက်တာလို့ မတွေးမိခဲ့ပါ။ ဘယ်လိုမှ မဖြစ်နိုင်မှန်း သားသိသည်။ အဖေ့ဒဏ်ကို မေမေ ခံနိုင်မှာ မဟုတ်သလို မေမေ့ဒဏ် ကိုလည်း အဖေ ခံနိုင်မှာ မဟုတ်တာ သားက အသိဆုံးပေါ့။ ဘဝတွေ ခြားသွားပြီဆိုတာ တကယ်ပဲလေ။

အမေက အပူပန်ကြီးသလောက် အဖေက အေးငြိမ်းလွန်းသည့်အခါ သားသည် အမေ့အတွက်သာ ထည့်တွေးမိတာလည်း အမှန်ပါပဲ။ အဖေက သားအပေါ် ဘယ်လို ခံစားချက်၊ မျှော်လင့်ချက်၊ နောက်ဆံတင်းမှုမျိုး ရှိနေမလဲလို့လည်း တစ်ခါမှ သား မတွေးခဲ့ပါ။ သား သိသလောက် အဖေက သားနဲ့ ပတ်သက်လို့ ကြီးကြီးမားမား ပတ်သက်ခဲ့တာ စွက်ဖက်ခဲ့တာ။ အဲဒါတစ်ခုပဲ အမှတ်တရက မေမေ အရှုံးပေးလိုက်ရသော သားရဲ့ နာမည်ပေါ့။ သားကို အဖေက မောင်ထူးမြတ် တဲ့။ အမေက မောင်ကောင်းသစ် တဲ့။ အဲဒီမှာ မေမေက အဖေ့ကို အနိုင်ပေးလိုက်သည်။ မောင်ထူးမြတ်တဲ့။

အဲဒီ နေရာမှာတော့ သားအပေါ် ထူးခြား မြင့်မြတ်စေလိုသော အဖေ့ စေတနာကို တွေ့ရသားပင်။ ဒါ့ထက်တော့ သား ပို မတွေးတတ်ခဲ့ပါ။

+++++

သား သိခဲ့ဖူးသမျှ ဖတ် မှတ် ခဲ့ဖူးသမျှမှာ အဖေဆိုတာ မေတ္တာ၊ စေတနာကြီးစွာနဲ့ သားအပေါ် စောင့်ရှောက်သူ၊ မျှော်လင့်သူ တဲ့။ သားရဲ့ အဖေကတော့ဖြင့် အေးတိအေးစက် ဟု သားက သတ်မှတ်ခဲ့မိတာ။

+++++

အဖေ ဆုံးမယ့်နေ့မှာ အဖေ သိသိသာသာ ဆိတ်ငြိမ်လာသည်။ စကားလုံးတွေ၊ အစားအစာတွေ ဘာတွေကိုမှ သိပ်လက်မခံတော့ဘဲ တစတစ ချည့်နဲ့လာဆဲ။ ရုတ်တရက် အိပ်နေရာကနေ တစ်ချက် စူးစူးဝါးဝါး "မောင်ထူးမြတ်"လို့ အော်ခေါ်ခဲ့သတဲ့။ အဲဒီနေ့မှာပဲ အဖေဆုံးသည်။

ခုချိန်မှာ အဖေ သားအတွက် ထားခဲ့သော စုတ်တံတွေ၊ ပန်းချီဆေးတွေ၊ စာအုပ်တွေ၊ နားကျပ်ကက်ဆက်လေးနဲ့ သီချင်းခွေတွေ၊ ရုပ်ရှင်ကားတွေ အားလုံး သား မြတ်နိုး မက်မောသမျှမှာ တန်ဖိုးအရှိဆုံးတစ်ခုကို ခုမှ သား သိတော့သည်။ အဲဒီအတွက် မေမေ့ကိုလည်း ကျေးဇူးတင်ပါသည်။ နောက်ဆို သားအရင်က သိပ်မကြိုက်ခဲ့သော ထိုအရာကို သား မြတ်နိုးတော့မှာ သေချာသည်။ ကျေးဇူးတင်ပါတယ် အဖေ။ သားဆီမှာ "မောင်ထူးမြတ်" ဆိုတဲ့ နာမည်ရှိနေတာ၊ ပြီးတော့ အဲဒါဟာ အဖေတစ်ယောက်ရဲ့ မေတ္တာလည်း ဖြစ်တယ်ဆိုတာ.....။

မေငြိမ်း
၂၀၀၄။ရွှေအမြုတေ။